THE
MIST
STEPHEN KING
မြူ
လင်းခန့်
WHISPER OF WORDS

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝမရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့် ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံးဝ(လုံးဝ)အသုံးမပြုပါ။

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစုံတရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် လည်းကောင်း linkတွင် ကြော်ငြာများခံကာ တင်ထားသော အခြားတနေရာရာမှ ရရှိခဲ့သော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

အခမဲ့ စာအုပ် အသစ်များ တင်တိုင်း သိရှိနိုင်ဖို့ Telegram Channel ကို subscribe ထားနိုင်ပါသည်။

W P S

Subscribe Telegram Channel
https://t.me/TheBookR

မိတ်ဆက်

ယခုဝတ္ထုကို ၁၉၈၀ တွင် ထုတ်ဝေခဲ့သော Dark Forces အမည်ရှိ စာရေးဆရာ ၂၅ ယောက် ပါဝင်ရေးသားခဲ့သည့် ဝတ္ထုတိုစာအုပ်တွင် ပထမဆုံး ဖော်ပြခဲ့သည်။ ထို့နောက် စတီဖင်ကင်း၏ Skeleton Crew အမည်ရှိ ဝတ္ထုတိုပေါင်းချုပ်စာအုပ်တွင် ထပ်မံဖော်ပြခဲ့သည်။

ထိုစာအုပ်ရှိ မှတ်စုထဲတွင် သည် ဇာတ်လမ်းအား သူ၏ ကိုယ်တွေ့ ကို အခြေတည်၍ ရေးသားခဲ့သည် ဟု ဆိုသည်။ ဇာတ်လမ်းအစတွင် ပါရှိသည့် မုန်တိုင်းထန်သော အဖြစ်အပျက်အား ထိုစဉ်က သူကိုယ်တိုင် ကြုံခဲ့ပြီး နောက်တစ်နေ့၌ မြို့ထဲရှိ စူပါမားကတ် တစ်ခုကို သားငယ်နှင့် အတူ သွားခဲ့သည်။ ဆိုင်ထဲတွင် မုန့်ဝယ်နေရင်း ဇာတ်လမ်းထဲတွင် ပါဝင်သည့် သတ္တဝါများကို စိတ်ကူးကြည့်နေရာ ငွေရှင်းရန် တန်းစီသော အချိန်၌ ဇာတ်လမ်း ကျောရိုးကို ရရှိသွားလေသည်။ ဇာတ်လမ်းထဲရှိ အချို့ သော ဇာတ်ကောင်များမှာ ၁၈၈၈ ခုနှစ် မတ်လ ၁၁ ရက်မှ ၁၄ ရက်နေ့ အတွင်း အမေရိကန်ပြည်နယ် မြောက်ပိုင်း၌ အမှန်တကယ် ဖြစ်ပွားခဲ့သော နှင်းမုန်တိုင်းကြီး ကို ကြုံခဲ့ရသည့် လူများ ၏ အဖြစ်အပျက်ကို အခြေခံကာ ရေးဖွဲ့ခဲ့သည်။

၂၀၀၇ ခုနှစ်တွင် ၎င်းမူရင်းအမည်နှင့်ပင် ရုပ်ရှင်ရိုက်သောအခါ ဒါရိုက်တာ ဖရန့်ခ်ဒါရာဘွန့် က ဇာတ်သိမ်းခန်းကို အသစ်ထပ်မံ ထည့်သွင်းခဲ့သည်။ စတီဖင်းကင်းမှာ ထိုဇာတ်သိမ်းခန်းကို သဘောကျသဖြင့် ခွင့်ပြုပေးလိုက်သော်လည်း ဝတ္ထုကိုတော့ မူရင်းအတိုင်း မပြောင်းလဲဘဲ ထိုနှစ် အောက်တိုဘာလတွင် သီးသန့် လုံးချင်းဝတ္ထု အနေဖြင့် ထုတ်ဝေခဲ့သည်။

အဓိက အချက်မှာ ရုပ်ရှင်သည် ဝတ္ထုကို အကျယ်ချဲ့၍ ဖြုတ်ပယ်ခြင်း၊ ဖြည့်စွက်ခြင်းများ ပြုလုပ်ထားသည့် အတွက် နှစ်ခုလုံးကို အရသာ တစ်မျိုးစီ ခံစားလို့ ရပါကြောင်း ပြောလိုရင်း ဖြစ်ပါသည်။ စတီဖင်ကင်း၏ ကိုယ်ရေးအကျဉ်းကိုတော့ "ကမ္ဘာကျော်တို့၏ ဝတ္ထုတိုများ" စာအုပ်တွင် အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်။

စတီဖင်ကင်းကို ၁၉၄၇ ခုနှစ် စက်တင်ဘာ ၂၁ ရက်နေ့တွင် အမေရိကန်နိုင်ငံ မိန်းပြည်နယ် ပေါ့တ်လန်းမြို့တွင် မွေးသည်။ ရစ်ချတ်ဘာ့ခ်မန်း ဟူသော ကလောင်ခွဲနှင့် လည်း ဝတ္ထုများ ရေးသည်။ သူသည် သည်း ထိတ်ရင်ဖိုနှင့် လျှို့ဝှက်ဆန်းကြယ် ဇာတ်လမ်းများ ရေးသားရာ၌ အလွန် နာမည်ကြီးသဖြင့် "သည်းထိတ်ရင်ဖို ဘုရင်" ဟု ပင် တင်စားကြသည်။ ကမ္ဘာတစ်ဝှမ်း၌

သူ့စာအုပ်များကို ကော်ပီပေါင်း သန်း ၃၅ဝ ကျော် ရောင်းချခဲ့ရသလို သူ့ဝတ္ထုတို၊ ဝတ္ထုရှည် အများအပြားကို ရုပ်ရှင်များ၊ တီဗွီဇာတ်လမ်းများ၊ ရုပ်ပြများ အဖြစ် အသက်သွင်းခဲ့ကြပြီး ဖြစ်သည်။

နှစ်နှစ်သား အရွယ်တွင် သူ့အဖေသည် စီးကရက်ဘူး သွားဝယ်မည် ဆိုကာ အိမ်မှ ထွက်သွားရာမှ ပြန်မလာတော့ဘဲ မိသားစုကို စွန့်ပစ်ခဲ့သည်။ မိခင်ဖြစ်သူက သူနှင့် သူ့အစ်ကို ဒေးဗစ်ကို ငွေကြေး ကျပ်တည်းစွာဖြင့် ပြုစုပျိုးထောင်ခဲ့ရပြီး ဝစ္စကိုဆင်၊ အင်ဒီယားနား၊ ကွန်နတီကတ် အစရှိသော မြို့များ သို့ ပြောင်းရွှေ့နေထိုင်ခဲ့ရသည်။

ငယ်စဉ်က စာရေးဆရာကြီး အိတ်ချ်ပီလပ်ဖ်ခရက် ၏ The Lurkers in the Shadows အမည်ရှိ ဝတ္ထုတိုပေါင်းချုပ်ကို ဖတ်မိရာမှ သည်းထိတ်ရင်ဖိုဇာတ်လမ်းများကို ဖန်တီးရန် စိတ်ကူးရခဲ့သည် ဟု အင်တာဗျူး တစ်ခုတွင် ဖြေခဲ့သည်။ ဇာတ်လမ်း အများစုကို သူ၏ မွေးရပ်မြေ မိန်းပြည်နယ်တွင် အခြေခံ ရေးသားလေ့ရှိသည်။

အခန်း (၁)
မုန်တိုင်းကျလာခြင်း

နယူးအင်္ဂလန် မြောက်ပိုင်း၏ သမိုင်း၌ အဆိုးဝါးဆုံး အပူလှိုင်းကြီး ဖြတ်သွားသည့် ညသည် ဇူလိုင် ၁၉ ရက်တွင် ဖြစ်ပေါ်ခဲ့သည်။ မိန်းပြည် နယ် အနောက်ပိုင်း တစ်ခုလုံး၌ မိုးကြိုးမုန်တိုင်းများ ဝင်းဝင်းလက်နေသည် မှာ မြင်ဖူးသမျှထဲ ကြောက်စရာ အကောင်းဆုံးပင်။

ကျွန်တော်တို့ က လောင်းလိတ်မြို့မှာ နေသည်။ ရေပြင်ကို တိုက်ခတ်လာသော မုန်တိုင်းများကို ပထမဆုံး မြင်မိသော အချိန်က သိပ်တော့ မမှောင်သေး။ လွန်ခဲ့သော တစ်နာရီကပင် လေက ငြိမ်ချက်သား ကောင်းနေသည်။ လှေအိမ်လေး ထိပ်ရှိ အလံတိုင်မှ အမေရိကန် အလံ ပင် တလူလူ လွင့်မနေဘဲ ငိုက်စိုက်ကျနေသည်။ ထိုလှေအိမ်လေးကို အဖေက ၁၉၃၆ ခုနှစ်တွင် ဆောက်ခဲ့သည်။

အပူဒဏ်သည် အစိုင်အခဲ တစ်ခုအလား။ မွန်းလွဲပိုင်းလောက်ကပင် ကျွန်တော်တို့ မိသားစု သုံးယောက် ရေဆင်းကူးလိုက်ကြသေးသည်။ ရေနက်ပိုင်းထိ မငုပ်လျှင် အေးသည့် အရသာကို မခံစားရ။ သို့သော် သားလေး ဘီလီက မငုပ်နိုင်သောကြောင့် စတက်ဖီရော ကျွန်တော်ပါ ရေမငုပ်ကြ။ သူက အခုမှ အသက် ငါးနှစ်သာ ရှိသေးသည်။

ညနေ ငါးနာရီခွဲလောက်ကျတော့ ဆိပ်ခံတံတားပေါ်၌ ဝက်ပေါင်ခြောက် အသားညှပ်မုန့်နှင့် အာလူးသုပ်ကို အဆာပြေ ထုတ်စားကြသည်။ သို့သော် သံပုံးနှင့် ရေခဲစိမ်ထားသော ကိုလာ သောက်ဖို့ ကလွဲပြီး ဘာမှ သိပ်မစားချင်ကြ။

စားသောက်ပြီးတော့ ဘီလီက လက်လွှဲတန်းမှာ ခဏ သွားကစားသည်။ စတက်ဖီနှင့် ကျွန်တော်က စကားသိပ်မပြောဖြစ်ပဲ ဆေးလိပ်သောက်ရင်း ကန်ရေပြင်ကို ထိုင်ငေးနေမိကြသည်။ ကန်ရေပြင် ဟိုးတစ်ဖက် ဆုံးရှိ ဟာရစ်ဆင်န် မြို့ဘက်ခြမ်းတွင် စက်တပ်မော်တော်လေးများ ဟိုသည် မောင်းနှင်နေကြသည်။ စိမ်းမြနေသော အဝေးရှိ မြင်ကွင်းသည် တဖြည်းဖြည်း မှုန်ဝါးလာသည်။ အနောက်အရပ်တွင် ခရမ်းရင့်ရောင် တိမ်လိပ်ကြီးများက စစ်တပ် တစ်ခုလို တဖြည်းဖြည်း စုဝေးလာသည်။ တိမ်စိုင်များ ထဲ၌ လျှပ်ပန်းလျှပ်နွယ်များ ပြိုးပြက်နေသည်။

ဟိုဘက်အိမ်က ဘရန့်နော်တန်၏ ရေဒီယိုမှ ဂန္ထဝင်တေးသွားသည်

လျှပ်စီးကြောင့် တဂျစ်ဂျစ် မြည်သံ ကျယ်လောင်စွာ ထွက်လာသည်။ ရေဒီယိုလိုင်းကို ဝါရှင်တန်တောင်ထိပ်မှ ထုတ်လွှင့်နေခြင်း ဖြစ်သည်။ နော်တန်သည် နယူးဂျာစီမှ ရှေ့နေ တစ်ယောက် ဖြစ်သည်။ သူက နွေရာသီကျမှ လောင်းလိတ်မြို့မှာ လာနေလေ့ရှိသည်။ လွန်ခဲ့သော နှစ်နှစ် က ခြံနယ်နမိတ်ကိစ္စ အငြင်းပွားရာမှ သူနှင့် ကျွန်တော် မြို့နယ်တရား ရုံးသို့ ရောက်ခဲ့ဖူးသည်။ အမှုကို ကျွန်တော် နိုင်သည်။ သူက နယ်ခံ မဟုတ်၍ ကျွန်တော် နိုင်ခြင်း ဖြစ်သည် ဟု နော်တန်က ပြောသည်။

ယင်းမှ လွဲ၍ ကျွန်တော်တို့ နှစ်ယောက်ကြားမှာ အခင်အမင် ပျက်စရာ မရှိချေ။ စတက်ဖီက သက်ပြင်း တစ်ချက်ချကာ ဘော်လီကြိုးကို ဆွဲတင်သည်။ ကျွန်တော်က

"အတော်ကြမ်းမယ့် မုန်တိုင်း လာနေပြီ ထင်တယ်။ မင်းကို လန့်အောင် ပြောတာ မဟုတ်ဘူးနော်"

ဟု ပြောလိုက်သည်။ သူမက ကျွန် တော့်ကို မယုံသင်္ကာ ကြည့်ကာ

"မနေ့ညကရော တစ်နေ့ညကပါ မိုးတွေ ခြိမ်းတာပဲ ဒေးဗစ်ရဲ့။ မုန်တိုင်းက ပြီးသွားပါပြီ"

ဟု ပြောသည်။

"ဒီညတော့ မိုးခြိမ်းရုံတင် မဟုတ်ဘူး"

"မခြိမ်းတော့ဘူးပေါ့"

"ပိုဆိုးလာရင်တော့ အောက်ထပ်ဆင်းနေရမှာနော်"

"ဘယ်လောက်မှာ ဆိုးမှာ မို့လို့ လဲရှင်"

ဒီရေကန်နားမှာ ပထမဆုံး အိမ်ဆောက်နေသူက ကျွန်တော့်အဖေဖြစ်သည်။ အဖေနှင့် သူ့ညီအစ်ကို တစ်တွေက နွေရာသီ အပန်းဖြေစခန်း အဖြစ် သည်အိမ်ကို ဆောက်ခဲ့ကြသည်။ အိမ်လေးသည် ၁၉၃၈ ခုနှစ်တွင် နွေရာသီ မုန်တိုင်းတစ်ခုကြောင့် အုတ်နံရံပါမကျန် ပြိုကျခဲ့ပြီး လှေအိမ်လေးသာ ကျန်ရစ်ခဲ့သည်။ ထိခိုက်ပျက်စီးရသည့် အကြောင်းရင်းမှာ သစ်ပင်များကြောင့် ပင်။ သစ်ပင်များက အိုလှပြီဖြစ်၍ လေကြမ်းသည် နှင့် လဲကုန်ကြသောကြောင့် ဖြစ်သည်။ ဒါသည်ပင် မိခင်သဘာဝတရားကြီး၏ ရှင်းလင်းရေး လမ်းစဉ် တစ်ခု ဖြစ်မည်။ တစ်နှစ်ကြာပြီးနောက် အဖေက အိမ်ကြီး တစ်လုံး ပြန်ဆောက်သည်။

မုန်တိုင်းကြီးများ အကြောင်း ဇာတ်လမ်းပေါင်း သုံးဆယ်လောက်

ကျွန်တော် ကြားဖူးသည်။

"မုန်တိုင်းက ဘယ်လို လာမလဲတော့ မသိဘူး။ အခုလောလောဆယ် ရေကန်ကို ဖြတ်တိုက်လာတဲ့ လေကတော့ အမြန်ရထား ဖြတ်သွားသလိုပဲ”

ခဏလောက်ကြာတော့ ဘီလီ ပြန်ရောက်လာသည်။ လက်လွှဲတန်း ခိုရတာ ပျော်စရာလည်း မကောင်းဘူးဟု ဆိုသည်။ ကျွန်တော်က သူ့ခေါင်းကို တစ်ချက် ပွတ်ကာ ကိုလာ တစ်ပုလင်း ပေးလိုက်သည်။လျှပ်စီးများ လက်နေသော တိမ်လိပ်များ သည် ကောင်းကင်ပြာကို မောင်းထုတ်ကာ ကျွန်တော်တို့ နား နီးလာသည်။ အခုတော့ မုန်တိုင်း ကျတော့မည်ကို သံသယ ဖြစ်စရာ မလိုတော့။

နော်တန်က ရေဒီယို ပိတ်လိုက်သည်။

ဘီလီက စတက်ဖီနှင့် ကျွန်တော့်ကြားတွင် လာထိုင်ကာ ကောင်းကင် ကို မော့ကြည့်၍ အံ့သြနေသည်။ မိုးခြိမ်းသံ တဂျိန်းဂျိန်းက ရေကန်ကို ပဲ့တင်ထပ်၍ ထွက်ပေါ်လာသည်။ တိမ်စိုင်အလိပ်များက တွန့်လိမ်လျက် ခရမ်းရင့်ရောင် ပြောင်းလိုက်၊ နက်မှောင်သွားလိုက်ဖြင့် ရေကန်ပေါ် တဖြည်းဖြည်း အုပ်မိုးလာသည်။ ဟိုးအဝေး၌ ရွေ့ပြေးမိုးစက်လေးများ တဖွဲဖွဲ ကျလာသည် ကို ကျွန်တော်တို့ စောင့်ကြည့်နေကြသည်။

လေ ခပ်ကြမ်းကြမ်း စတိုက်လာသဖြင့် အလံက လွင့်သွားလိုက် ပြန်ကျသွားလိုက် ဖြစ်နေသည်။ ထိုလေသည် ချွေးစိုနေသော ကျွန်တော်တို့ ခန္ဓာကိုယ်များကို လန်းဆန်းသွားစေသည်။ သို့သော် မကြာမီ စိမ့်အေး လာသည်။ မိုးဖွဲဖွဲ ကျလာသဖြင့် ရေကန်ကို ငွေပုဝါ ပါးပါးခြုံလိုက်သည့်နှယ်။ ဟိုးအဝေးရှိ စက်တပ် မော်တော်ယာဉ်လေးများကို မြင်ကွင်းမှာ မတွေ့ရတော့။ ဘီလီက ခုံမှာ ထိုင်နေရာမှ ထ၍

"ဖေဖေ ဟိုမှာ ကြည့်စမ်း"

ဟု ပြောသည်။ ကျွန်တော်က မတ်တတ် ထကာ သူ့ပခုံးကို ဖက်၍

"အထဲဝင်ကြရအောင်"

ဟု ပြောလိုက်သည်။

"ဖေဖေ တွေ့လား။ အဲဒါ ဘာလဲဟင်"

"ရေဝဲကလေးပါ သားရဲ့။ အထဲဝင်ကြစို့နော်"

စတက်ဖီက ကျွန်တော့်မျက်နှာပေးကို ဖျတ်ခနဲ ကြည့်ကာ

"ကဲပါ ဘီလီရယ်။ ဖေဖေ ပြောသလို လုပ်လိုက်နော်" ဟု ပြောသည်။

ကျွန်တော်တို့ ဘေးတိုက်လျှောတံခါးကို ဖွင့်ကာ ညှော်ခန်းထဲ ဝင်လိုက်ကြသည်။ ကျွန်တော်က တံခါး ပြန်မပိတ်မီ အပြင်ကို တစ်ချက် ကြည့်လိုက်မိသည်။ ငွေပုဝါသည် ရေကန်၏ လေးပုံသုံးပုံကို ဖုံးထားလေပြီ။ မည်းမှောင်သော ကောင်းကင်သည် တအိအိ နိမ့်ဆင်းလာပြီး ကန်ရေပြင်က ခဲရောင်ပေါက်လာသည်။ ရေကန်သည် သမုဒ္ဒရာလို အသည်းထိတ်ဖွယ်ရာ လှိုင်းတံပိုးထန်လာသဖြင့် ဆိပ်ခံတံတားကို ရိုက်ခတ်သွားသော လှိုင်းခေါင်းဖြူတို့မှာ အမြုပ် တစီစီ ထကျန်ခဲ့သည်။

ရေလယ်ခေါင်တွင် ဝိုင်းလာသော ရေဝဲကတော့ကို ကြည့်ရင်း စိတ်ညှို့အိပ်မွေ့ချခံရသလိုလို။ လျှပ်စီးတစ်ပြက် ဝင်းခနဲ လက်သွားစဉ် ဓါတ်ပုံရိုက်ခံလိုက်ရသည့် အလား မျက်လုံးထဲတွင် စက္ကန့်သုံးဆယ်ခန့် ပြာဝေသွားသည်။ တယ်လီဖုန်းမှ ကလင်ခနဲ တစ်ချက် ထမြည်သည်။ ဇနီးသည် နှင့် သားကို လှမ်းကြည့်တော့ မှန်ပြတင်းပေါက်ကြီးမှ တဆင့် အပြင်ဘက်သို့ မတ်တတ်ရပ်ကာ လှမ်းကြည့်နေသည် ကို တွေ့ရသည်။ သူတို့ နေရာမှ ဆိုလျှင် ရေကန်၏ အနောက်မြောက်ဘက် မြင်ကွင်းကို တိုက်ရိုက် မြင်နေရပေမည်။

သူတို့ ကြည့်နေသည့် နေရာအား အကယ်၍ မိုးကြိုးများ ပစ်ချလိုက်လျှင် ဟူသည့် အတွေးကြောင့် ကျွန်တော် ထိတ်လန့်တုန်လှုပ်သွားသည်။ ယင်းသို့ဆိုလျှင် မှန်ကွဲစများက ဇနီးသည်၏ ဝမ်းဗိုက်ဗလာနှင့် သားငယ်၏ မျက်နှာ၊ လည်ပင်းတို့ဆီ မြားနှင့် ပစ်လွှတ်လိုက်သကဲ့သို့ စိုက်ဝင် နေချေတော့မည်။ ကျွန်တော်က သူတို့ နှစ်ယောက်စလုံးကို ပြတင်းပေါက်မှ ဝေးရာသို့ ခပ်ကြမ်းကြမ်း ဆွဲခေါ်၍

"ဘာလုပ်နေကြတာလဲ။ အဲဒီနားက ဝေးဝေးနေလေ"

ဟု ပြောလိုက်သည်။

စတက်ဖီက ကျွန်တော့်ကိုအလန့်တကြား ကြည့်သည်။ ဘီလီက အိပ်မက်မက်နေရာမှ လန့်နိုးသွားသလို ဆတ်ခနဲ မော့ကြည့်သည်။ ကျွန်တော်က သူတို့အား မီးဖိုချောင်ထဲ ခေါ်သွားသည်။ မီးခလုတ်ကို ဖွင့်လိုက်စဉ် ဖုန်းမှ ကလင်ခနဲ ထမြည်ပြန်သည်။

လေကြမ်းလာချေပြီ။ အိမ်ပေါ်သို့ ဘိုအင်းလေယာဉ်ကြီး ဆင်းသက်လာသယောင် ဝေါခနဲ အသံကြီး ထွက်လာသည်။ မိုးသံလေသံတို့ သည် အသက်မရှူဘဲ ဆက်တိုက် လေချွန်နေသလိုလို၊ တစ်ခါတစ်ရံတွင် စူးရှစွာ အော်ဟစ်နေသည့် အလား။ ကျွန်တော်က စတက်ဖီကို

"အောက်ထပ်မှာ ဆင်းနေ" ဟု ပြောရသည်။

ထိုစကားလေး ကြားရဖို့ ကိုယ့်ဘာသာ မနည်း အော်ပြောနေရသည်။ အိမ်အပေါ်တည့်တည့်သို့ ဂျိန်းခနဲ မိုးကြိုးပစ်ချလိုက်သံ ထွက်လာသောအခါ ဘီလီက ကျွန်တော့်ခြေထောက်ပေါ် ကျုံ့ကျုံ့ကလေး လာမှီသည်။ စတက်ဖီက

"ရှင်လည်း လိုက်ခဲ့လေ"

ဟု ပြန်အော်ပြောသည်။

ကျွန်တော်က ခေါင်းညိတ်ပြကာ သွားသာသွား ဟူသော အမူအယာ လုပ်ပြလိုက်ပြီး ဘီလီကို ခြေထောက်မှ ခွာထုတ်၍

"မေမေနဲ့ လိုက်သွား သား။ မီးပျက်ရင် ထွန်းဖို့ ဖေဖေ ဖယောင်းတိုင် သွားယူလိုက်ဦးမယ်"

ဟု ပြောရသည်။

ဘီလီ သူမနှင့် လိုက်သွားတော့ အံဆွဲများကို လိုက်ဖွင့်၍ ဖယောင်းတိုင် လိုက်ရှာရသည်။ ဖယောင်းတိုင်ဆိုသည် ကလည်း လိုချင်လျှင် ဘယ်တော့မှ ရှာမတွေ့။ လေးခုမြောက် အံဆွဲထဲ လက်နှိုက်ရှာတော့ လွန်ခဲ့သော လေးနှစ်က စတက်ဖီနှင့် ကျွန်တော် ဝယ်ထားသည့် ဆေးခြောက်ရွက်များကို စမ်းမိသည်။ အော်ဘန်နော့ဗက်တီဆိုင်မှ ဘီလီ ဆော့ဖို့ ဝယ်လာသည့် အံကပ်သွားတု အရုပ်ကိုလည်း စမ်းမိသည်။

ဓါတ်ပုံစာအုပ်ထဲ ကော်ဖြင့် ကပ်ရန် စတက်ဖီ မေ့ကျန်နေသည့် ဓါတ်ပုံဟောင်း အထပ်လိုက် ကိုလည်း စမ်းမိသည်။ ကတ်တလောက် စာအုပ်အောက်ကို ကြည့်သော်လည်း ဖယောင်းတိုင်ကို မတွေ့။ ဖရေးဘတ် ဈေးရောင်းပွဲတော်၌ သစ်သားပုလင်းများကို တင်းနစ်နှင့် ပစ်၍ နိုင်လာသော ထိုင်ဝမ်လုပ် ကလေးအရုပ် အနောက်ကို ကြည့်လိုက်မိတော့မှ မှန်ကြည်စက္ကူ ထုပ်လျက်သားနှင့် ကိုယ်တော်ချော ဖယောင်းတိုင်များ ကို အခန့်သား တွေ့ရသည်။

ကျွန်တော် ဖယောင်းတိုင်ထုပ်ကို လှမ်းယူလိုက်စဉ်မှာပင် မီးပျက်သွားသည်။ လျှပ်စစ်ဟူ၍ ကောင်းကင်မှ လျှပ်စီးများသာ ရှိတော့သည်။ မီးဖိုချောင်သည် လျှပ်စီးလက်သောကြောင့် ဓါတ်ပုံ တဖျပ်ဖျပ် အရိုက်ခံနေရသကဲ့သို့ တစ်ချက် တစ်ချက် လင်းချင်းသွားသည်။ အောက်ထပ်ကို ဆင်းရန် ပြင်လိုက်စဉ် ဘီလီ၏ ငိုသံသဲ့သဲ့နှင့် စတက်ဖီ ချော့မော့နေသံကို ကြားရသည်။ မုန်တိုင်း အခြေအနေကို နောက်တစ် ခေါက်လောက်တော့ တက်ကြည့်မှ ဖြစ်မည်။

အပြင်ဘက်ရှိ ရေကန်ဆီသို့ ကိုက်နှစ်ဆယ်လောက်အထိသာ မြင်ရသည်။ ကန်ရေပြင် တစ်ခုလုံး ဖြောင်းဆန်နေသည်။ ဒေါသလှိုင်း ထန်နေသော မိုးနှင့်လေကြောင့် ဆိပ်ခံတံတား တစ်ခု တစ်စစစီ ပြောင်းပြန်လ န်ကာ ရေထဲသို့ ကျိုးပျက်နစ်မြုပ်သွားသည်ကို တွေ့လိုက်မိသည်။ ဂျက်ဆာမိသားစု၏ ဆိပ်ခံတံတား ဖြစ်မည် ထင်သည်။

ကျွန်တော် အောက်ထပ် ဆင်းလာတော့ ဘီလီက ပြေးလာပြီး ခြေထောက်မှာ ကပ်နေသည်။ ကျွန်တော်က သူ့ကို ဆွဲမ၍ ချီထားလိုက်ပြီး ဖယောင်းတိုင် ထွန်းသည်။ အောက်ထပ်သည် ကျွန်တော် ပန်းချီဆွဲလေ့ရှိသော စတူဒီယိုခန်းလေး ဖြစ်သည်။ ဖယောင်းတိုင်မီးဝါလေး တယိမ်းယိမ်းဖြင့် တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ကာ အိမ်ကို စိတ်တိုင်းကျ ထုနှက်နေသော မုန်တိုင်းသံကို ထိုင်နားထောင်ကြသည်။ မိနစ် နှစ်ဆယ်လောက်ကြာတော့ အနီးအနားရှိ ဝက်သစ်ချပင်ကြီး တစ်ပင် ဂျိုးဂျိုးဂွါတ်ဂွါတ် မြည်ကာ လဲကျသံကို ကြားလိုက်ရသည်။ ထို့နောက် မိုးသံလေသံတို့ စဲလာသည်။ စတက်ဖီက "ပြီးသွားပြီလား မသိဘူး" ဟု မေးသည်။

"ဟုတ်မယ်။ ခဏ ငြိမ်သွားတာ ဖြစ်မယ်"

ကျွန်တော်တို့ ဖယောင်းတိုင် တစ်ယောက် တစ်တိုင် ကိုင်၍ အပေါ်ပြန်တက်သည်။ မသိလျှင် ဆီမီးပူဇော်မည့် ဘုန်းကြီးများ လိုလို။ ဘီလီကတော့ ဖယောင်းတိုင် ကိုင်ရသည် ကို ဂုဏ်ရှိဘိအလား ဂရုတစိုက် ကိုင်ရှာသည်။ သူ့အဖို့ မီးညှိထားသော ဖယောင်းတိုင်ကို ကိုင်ရသည်မှာ ရတောင့်ရခဲ အခွင့်အရေး တစ်ခုနှယ်။ ယင်းသို့ ကိုင်ရသောကြောင့် ကြောက်နေသည် ကိုပင် သူ မေ့နေသည်။

အိမ်နားပတ်လည်မှာ ဘာတွေ ဖြစ်ကုန်သည်ကို ကြည့်ဖို့ မှောင်လွန်းလှသည်။ ဘီလီအိပ်ချိန်ကိုပင် ကျော်နေသော်ငြား သူ့ကို ဘယ်သူမှ အိပ်ဖို့ မတိုက်တွန်းမိကြ။ ကျွန်တော်တို့ ဧည့်ခန်းထဲမှာ ထိုင်၍ မိုးသံလေသံကို နားစွင့်ကြည့်ကြသည်။ လျှပ်စီးကတော့ တဖျပ်ဖျပ် လက်တုန်း။

တစ်နာရီကျော်လောက် ကြာတော့ မိုးသံလေသံက တစ်ဖန် ပြန်ညံလာသည်။ အပူချိန်သည် သုံးပတ်လောက် ကြာအောင် ကိုးဆယ်ဒီဂရီ ကျော်နေခဲ့သည်။ ကြားထဲက ခြောက်ရက်လောက်တွင် ပေါ့တ်လန်းမြို့ရှိ အမျိုးသားမိုးလေဝသဌာနမှ အပူချိန် တစ်ရာဒီဂရီ ကျော်နေပြီဖြစ်ကြောင်း သတင်း အစီရင်ခံတာ ကြားရသည်။ မိုးနဲ့ နွားသိုး အစိုးမရဟူသည့် စကားပုံအတိုင်းပင်။

ဒုတိယအခေါက် လေသည် ခုနကလောက် မကြမ်းတမ်းတော့။ ပထမအခေါက်မှာ ကြမ်းရမ်းခဲ့သော မိုးသက်လေပြင်းကြောင့် အားနည်းကုန်သည့် သစ်ပင်များ၏ ပြိုလဲသံကို ကြားရသည်။ လေပြင်းတစ်ချက် အ ဝှေ့တွင်

ခေါင်မိုးပေါ်မှ လက်သီးဆုပ်ဖြင့် ထုချလိုက်သလို အုန်းခနဲ အသံကြီး ထွက်လာသည်။ ဘီလီက လန့်ဖျပ်၍ ထခုန်ကာ စိုးရိမ်တကြီး မော့ကြည့်သည်။

ကျွန်တော်က"အမိုးက ခိုင်ပါတယ် သားရယ်" ဟု ပြောတော့ သူက စိတ်လှုပ်ရှားစွာ ပြုံးသည်။ ဆယ်နာရီလောက်တွင် နောက်ဆုံးအခေါက်အဖြစ် လေကြီးမိုးကြီး ကျလာသည်။ လေသည် ပထမဆုံး အခေါက်ကအတိုင်း ကျယ်လောင်စွာ အော်ညည်းလျက်။ လျှပ်စီးလက်လိုက်သည် ကလည်း ဘေးမှ ဓါတ်ပုံဝိုင်းရိုက်နေသလား မှတ်ရသည်။ သစ်ပင်တွေ ထပ်လဲကျသည်။ ရေကန်ဘက်မှ ဝေါခနဲ ကျဆင်းသွားသည့် ရေသံကြောင့် စတက်ဖီဆီမှ ထိတ်လန့်သံ ခပ်တိုးတိုး ထွက်လာသည်။ ဘီလီကတော့ သူမ ပေါင်ပေါ်မှာ အိပ်ပျော်သွားသည်။

"အဲဒါ ဘာဖြစ်တာလဲ ဒေးဗစ်"

"လှေအိမ်က ထွက်လာတဲ့ အသံ ဖြစ်မယ်"

"အို...။ ဘုရား ဘုရား"

"ကိုယ်တို့ အောက်ထပ်မှာ ပဲ ပြန်ဆင်းနေစေချင်တယ် စတက်ဖီ"

ကျွန်တော်က ဘီလီကို ပွေ့ချီကာ မတ်တတ်ထရပ်လိုက်သည်။ စတက်ဖီ ကြောက်လန့်ကာ မျက်လုံးပြူးသွားသည်

။"ကျွန်မတို့ အဆင်မှ ပြေပါ့မလား ဒေးဗစ်ရယ်"

"ပြေပါတယ်"

"တကယ်လားဟင်"

"တကယ်ပေါ့"

သို့နှင့် အောက်ထပ်သို့ ပြန်ဆင်းကြသည်။ ဆယ်မိနစ်လောက်ကြာတော့ မိုးသက်လေပြင်းက အထွတ်အထိပ် ရောက်လာသည်။ အပေါ်ထပ်ရှိ ပြတင်းပေါက်မှ ခွမ်းခနဲ အသံ ကြားရသည်။ ကျွန်တော့်တွက်ကိန်း မှန်သွားတာ ဖြစ်မည်။ ထိုအသံကြောင့် အိပ်ငိုက်နေသော စတက်ဖီီ လန့်နိုးကာ တုန်သွားသည်။ ဘီလီကတော့ ခပ်မြန်မြန် ပြင်၍ သိပ်ထားသော အိပ်ရာပေါ်မှာ တလူးလူး တလွန့်လွန့်။ သူမက

"မိုးရေတွေ အထဲဝင်လာရင် ပရိဘောဂတွေ ပျက်စီးကုန်တော့မှာပဲ" ဟု ပြောသည်။

"ဝင်ရင်တော့ ပျက်မှာပေါ့။ အာမခံထားတာပဲကို"

ကျွန်တော့်အပြောကို သူမက စိတ်ဆိုးသွားကာ ပူညံပူညံဖြင့်

"အာမခံထားတာ ဘာများ ပိုကောင်းလို့လဲ။ ဆိုဖာကလည်း အသစ်ကြီး ရှိသေးတာ။ ရှင့်အမေရဲ့ အဝတ်ဗီရို၊ ကာလာတီဗွီ..."

ဟု ပြောလိုက်စဉ် ကျွန်တော်က

"ရှူး...။ အိပ်တော့နော်"

ဟု ပြောလိုက်သည်။

"မအိပ်နိုင်ပါဘူးတော်"

နောက်ငါးမိနစ်ကြာတော့ သူမ အိပ်ပျော်သွားသည်။ ကျွန်တော်ကတော့ ဖယောင်းတိုင်ကို အဖော်ပြုကာ နာရီဝက်လောက် ဆက်နေပြီး မိုးခြိမ်းသံကို နားထောင်နေမိသည်။ မနက်ကျရင် အာမခံရုံးကို လူများစွာ ဖုန်းလှမ်းဆက်ကြလိမ့်မည်။ အိမ်ခေါင်မိုးပေါ် ကျနေသော သစ်ပင်များကို ခုတ်ကြထစ်ကြသည့် လွှစက်သံများ လည်း ညံနေလိမ့်မည်။ လိမ္မော်ရောင် စီအမ်ပီ ထရပ်ကားကြီးများစွာလည်း လမ်းမှာ ပြည့်နေလိမ့်မည်။ ဒါကို သူ့စိတ်ထဲမှာ ကြိုမြင်နေသည်။

အခုတော့ မုန်တိုင်းက ပါးသွားသည်။ မိုးသက်လေပြင်း ထပ်ကျမည့် အရိပ်အယောင်လည်း မပြတော့။ ကျွန်တော်က အိပ်ရာပေါ်မှ စတက်ဖီနှင့် ဘီလီကို ထားရစ်ကာ အပေါ်ထပ် ပြန်တက်၍ ဧည့်ခန်းကို ကြည့်သည်။ ဘေးတိုက်လျှောတံခါးကတော့ အကောင်းပကတိ။ သို့သော် မှန်ပြတင်းနေရာတွင် သစ်ရွက်များ ကပ်ငြိကာ အပေါက်ကြီး ဖြစ်နေသည်။ ၎င်းမှာ အိမ်အပြင်ဘက်ရှိ သစ်ပင်အိုကြီး၏ ထိပ်ဖျားပင်။ အခုတော့ သစ်ပင်ကြီး၏ ထိပ်ဖျားနှင့် ကျွန်တော်တို့ ဧည့်ခန်း မိတ်ဆက်ကြချေပြီ။

စတက်ဖီ ပြောသည့် အာမခံထားလည်း ဘာများပိုကောင်းလို့လဲဟူသော စကားကို အခုမှ နားလည်သွားရသည်။ ဤသစ်ပင်ကြီးကို ကျွန်တော် မြတ်နိုးခဲ့ဖူးပါသည်။ ဤသစ်ပင်ကြီးသည် ဆောင်းရာသီများ ၌ ကျွန်တော့်ဘေးမှ မားမားမတ်မတ် ရပ်တည်ပေးခဲ့သော အဖော် ဖြစ်ခဲ့သည်။ ကျွန်တော့်လွှစက်စာအောက်မှ တစ်ပင်တည်းသော အပင်ကြီး။ လွတ်ငြိမ်းခွင့် ရသော ကြမ်းခင်းကော်ဇာပေါ်မှ မှန်ကွဲစကြီးများမှ ကျွန်တော့် ဖယောင်းတိုင်မီးရောင်က ရောင်ပြန်ဟပ်နေသည်။ စတက်ဖီနှင့် ဘီလီကို ဖိနပ်စီးဖို့ မနက်ကျ သတိပေးထားမှ ဖြစ်မည်။ တော်ကြာ ခြေဗလာနဲ့ လျှောက်သွားနေမှ ဖြင့်။

ကျွန်တော် အောက်ထပ် ပြန်ဆင်းကာ သုံးယောက်သား အိပ်ရာပေါ် မှာ အိပ်စက်လိုက်ကြသည်။ ဘီလီကို စတက်ဖီနှင့် ကျွန်တော့်ကြားမှာ ထားသည်။ အိပ်မက်ထဲမှာ တစ်ဖက်ကမ်းမှ ဘုရားသခင်သည် ရေကန် ထဲမှ ဖြတ်လျှောက်လာတာ မြင်ရသည်။ ဘုရားသခင်သည် ကြီးမားလွန်းသဖြင့် ရေကန်က သူ့ခါးလယ်သာ ရှိသည်။ သစ်တောအုပ်ပေါ် ဘုရားသခင် နင်းချလိုက်သဖြင့် ထွက်လာသော သစ်ပင်များ ကျိုးကြေသံ ဂျိုးဂျိုးဂျွတ်ဂျွတ်ကိုပင် အိပ်မက်ထဲမှာ ကြားရသည်။ သူက ရေကန်ကြီးကို ပတ်လျှောက်နေရာ ကျွန်တော်တို့ အိမ်ရှိရာကိုလည်း ရောက်သည်။ ဘရင်တန်မြို့ဘက်ကိုလည်း ရောက်သည်။ ရေကန်စပ်မှအိမ်များ၊ တ စ်ထပ်တိုက်လေးများ၊ နွေရာသီအပန်းဖြေစခန်းလေးများသည် လျှပ်စီးလက်သကဲ့သို့ အဖြူရောင် မီးတောက် အသွင်ပြောင်း၍ ဖြောင်းခနဲ မြည်ကာ ပေါက်ကွဲသွားကြပြီး အခိုးအငွေ့ ဖြစ်သွားကြသည်။ ဘုရားသခင်က ကြည်လင်ပြာလဲ့သော ကြည်လင်ပြာလဲ့သော ကောင်းကင်ထဲ ဲ ဝင်ရောက်ပျောက်ကွယ်သွားသည်။ ထို့နောက် အရာအားလုံးကို မြူနှင့် တူသော မီးခိုးငွေ့များကသာ လွှမ်းခြုံကျန်ရစ်ခဲ့လေသည်။

WPS

အခန်း (၂)
မုန်တိုင်းစဲပြီးနောက်၊ နော်တန်၊ မြို့ထဲသို့ ခရီးတစ်ခေါက်

"ဂျစ်ကားကြီးတွေ မောင်းလာတာ တွေ့ရတော့မယ်ကွ"

ဘီလီသည် နော်တန်နှင့် ကျွန်တော်တို့ ခြံစည်းရိုးဘေးတွင် မတ်တတ်ရပ်ကာ အိမ်ရှေ့ကားလမ်းမဆီ ကြည့်၍ အော်နေသည်။ ကားလမ်းမသည် တစ်မိုင်၏ သုံးပုံတစ်ပုံခန့် ရှည်လျားကာ ကွေ့သွားသည်။ ထိုလမ်းကွေ့သည် ကတ္တရာလမ်းမနှစ်ခုအဖြစ် ခွဲထွက်သွားပြီး တစ်ခုက ကန်းဆတ်ပြည်နယ်သို့ သွားရာလမ်း ဖြစ်သည်။ ကန်းဆတ်ပြည်နယ်သွား ကားလမ်းမသည် ဘရင်တန်မြို့အထိ မည်သည့်နေရာမဆို ကြိုက်သလို သွားလို့ရသည်။ မနက်ခင်းသည် ကြည်လင်သာယာနေပြီး ကောင်းကင်ပြာက အပူလှိုင်းကြောင့် နှင်းခိုးများ ဝေနေရာ ဆောင်းဦးပေါက်ချိန် ရောက်နေသည့်နှယ်။ လေညင်းလေး တသုန်သုန် တိုက်လာသောအခါ ကားလမ်းမပေါ်က နေပြောက်လေးများ ရှေ့နောက်တိုးငင်ရွေ့လျားသွားကြသည်။ဘီလီ ရပ်နေရာမှ မလှမ်းမကမ်းရှိ မြက်ခင်းထဲမှ ဝါယာကြိုးအပုံက မြွေများ အထွေးလိုက် ခွေနေကြသလို တရှီးရှီး မြည်နေသည်။ ၎င်းတို့သည် ကျွန်တော်တို့ အိမ်ကို သွယ်တန်းထားသည့် ဝါယာကြိုးများ ဖြစ်သည်။ အခုတော့ အိမ်နှင့် ပေနှစ်ဆယ်အကွာရှိ မြက်တောထဲ ပြုတ်ကျနေသည်။ ၎င်းတို့ အနားရှိ မြက်ခင်းက အကွက်လိုက် အလောင်ခံထားရသည်။ မြက်ခင်းနှင့် သစ်ပင်များသာ ခံမနေလျှင် ကျွန်တော်တို့ အိမ်ပေါ် တိုက်ရိုက်ကျကာ မီးထလောင်ပေလိမ့်မည်။ ဘီလီ ကြည့်နေသည့် နေရာကို ကျွန်တော် မြင်လိုက်တော့ စိုးရိမ်သွားမိသည်။

"သားရေ အနား သိပ်မကပ်နဲ့ နော်။ အခုလောက်ဆို တော်ရောပေါ့"

ဘီလီက ဘာမှ ပြန်မပြောပါ။

"ဓါတ်လိုက်မှာ စိုးလို့ လား ဖေဖေ"

"ဒါပေါ့ကွာ"

"ဒါဆို ဘယ်လို ရှင်းကြမလဲ"

"ဘာမှ လုပ်လို့ မရဘူး။ ဒီအတိုင်းသာ ထားလိုက်။ စီအမ်ပီကားတွေ ရောက်လာတာကို စောင့်ကြရုံပေါ့"

"သူတို့က ဘယ်အချိန် လာမှာလဲ"

"ဒါတော့ ဖေဖေလည်း မသိဘူး။ သူတို့လည်း ဒီမနက် တော်တော် အလုပ်ရှုပ်နေမှာပဲ။ ကားလမ်းမပေါ် တို့ သားအဖ တို့ သားအဖ လမ်းထွက်လျှောက်ကြမလား"

ငါးနှစ်သားလေးက အမေးအမြန်း ထူလှသည်။ သူက ကျွန်တော့်ဆီ လှမ်းထွက်လာပြီးမှ ရပ်လိုက်သည်။ ဝါယာကြိုးတစ်စသည် ခေါင်းထောင်ကာ လက်ယက်ခေါ်နေသကဲ့သို့ လေးတွဲ့စွာ ထလှုပ်သည်။

"လျှပ်စီးကြောင်းက မြေကြီးကို ဖောက်ပြီး ခါတ်လိုက်နိုင်လားဟင်"

"အေးပေါ့။ ဒါပေမဲ့ စိတ်မပူပါနဲ့ကွာ။ လျှပ်စီးက မြေကြီးကိုပဲ လိုက်မှာ။ သားကို မလိုက်ပါဘူး ဘီလီရာ။ ဝါယာကြိုးစတွေနဲ့ ဝေးဝေးနေရင် ဘာမှ မဖြစ်ပါဘူး"

ဘီလီက “မြေကြီးကိုပဲလိုက်မှာ” ဟု ရေရွတ်ကာ ကျွန်တော့်ဆီ ရောက်လာသည်။ထို့နောက် သားအဖနှစ်ယောက် လက်တွဲလျက် ကားလမ်းမပေါ် လမ်းလျှောက်ကြသည်။

အခြေအနေက ကျွန်တော် ထင်ထားသည်ထက် ပိုဆိုးနေသည်။ သစ်ပင်များသည် ကားလမ်းမပေါ်ရှိ လေးနေရာလောက် လဲနေသည်။ တစ်ပင်က သေးသည်။ နှစ်ပင်က လမ်းကို ကန့်လန့်ဖြတ်လဲနေသည်။ ငါး ပေလောက် ရှိမည့် တစ်ပင်ကတော့ လမ်းပေါ် ရောက်နေသည်။ သစ်ခေါက်ပေါ်မှ ရေညှိများက အတွင်းခံ ဝတ်ထားသလို ကွက်တိကွက်ကျား။ သစ်ကိုင်းအကျိုးများ၊ သစ်ရွက်များကလည်း နေရာတိုင်းမှာ အပုံလိုက်။

ဘီလီနှင့် ကျွန်တော်က သစ်ကိုင်းများကို ကောက်ကာ လွှင့်ပစ်ရင်း လမ်းမပေါ် တက်လျှောက်ကြသည်။ သည် မြင်ကွင်းကြောင့် လွန်ခဲ့သော ၂၅ နှစ်က နွေတစ်နေ့ကို ပြန်အမှတ်ရမိသည်။ ထိုအချိန်က ကျွန်တော်သည် ဘီလီလောက်ပင် မရှိတတ်သေး။ ကျွန်တော့် ဦးလေးများ က ပုဆိန်တွေ၊ ရဲဒင်းတွေနှင့် တောအုပ်ထဲ ဝင်ကြရာ လမ်းတွေ့သမျှ ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းကြရသည်။။။

ညနေပိုင်းမှာတော့ အဖေနှင့် အမေတို့ ပျော်ပွဲစားထွက်သည့်အခါ ယူလာတတ်သည့် စားပွဲခုံမှာ ဝိုင်းထိုင်ပြီး ရောမ ဟော့ဒေါ့ချောင်းများ၊ ဟမ်ဘာဂါများ နှင့် အာလူးသုပ်များ စားကြသည်။ ဂန်းဆက်ဘီယာကို ရေသောက်သလို သောက်ကြသည်။ ဦးလေး ရူဘန်က အကျီမချွတ်ဘဲရေကန်ထဲ ဒိုင်ဗင်ထိုးဆင်းသွားသည်။ သူက ဖိနပ်တောင် ချွတ်မသွား။ ထိုအချိန်က

ဤသစ်တောထဲမှာ သွားလာနေတတ်သည့် သမင်များ တောင် ရှိသေးသည်။

"သား ရေကန်ဘက် ဆင်းကြည့်ချင်တယ် ဖေဖေ"

သစ်ကိုင်းများ ကောက်ယူလွှင့်ပစ်ရတာ မောရှာရှော့ထင့်။

"ဟုတ်ပြီလေ သွားကြတာပေါ့"

ကျွန်တော်တို့ အိမ်ဘက် ပြန်လျှောက်ကြသည်။ ဘီလီက အိမ်၏ ညာဘက်ခြမ်းကို ပတ်သွားသည်။ ဝါယာကြိုးခွေအပုံက အခုတော့ ငြိမ်ချက်သား ကောင်းနေသည်။ ကျွန်တော်က အိမ်ဘယ်ဘက်ခြမ်းရှိ ကား ဂိုဒေါင်ဆီ သွားသည်။ မျှော်လင့်ထားသလိုပင် ရေကန်ဘက်မှ လွှစက်သံကို စိတ်မချမ်းမြေ့ဖွယ် ကြားရသည်။ကျွန်တော်က မက်ကားလေ့တံဆိပ် လွှစက်၏ ဆီတိုင်ကီထဲ ဆီဖြည့်ကာ အင်္ကျီချွတ်သည်။ စတက်ဖီ အိမ်ထဲက ထွက်လာပြီး လမ်းမပေါ် ကန့်လန့်လဲနေသော သစ်ပင်များကို စိတ်လှုပ်ရှားစွာ ကြည့်၍

"တော်တော် ဆိုးသလား" ဟု မေးသည်။

"ဖြတ်ပစ်လို့ ရပါတယ်။ အိမ်ထဲမှာ ကော တော်တော် ထိသွားလား"

"မှန်ကွဲစတွေတော့ ရှင်းပြီးပါပြီ။ ဟိုသစ်ပင်ကိုတော့ တစ်ခုခု လုပ်မှဖြစ်မယ် ဒေးဗစ်။ သစ်ပင်ကြီးကို ဧည့်ခန်းထဲ ဒီအတိုင်း ထားလို့ မဖြစ်ဘူး"

"မထားပါဘူးကွာ။ ထားဖို့လည်း မစဉ်းစားပါဘူး"

ကျွန်တော်တို့ မနက်ခင်းနေရောင်ခြည်ထဲ၌ တစ်ယောက်ကို တစ်ယောက်ကြည့်ကာ တခစ်ခစ် ရယ်လိုက်မိသည်။ ကျွန်တော်က လွှစက် ကို အောက်ချကာ သူမကို နမ်း၍ တင်ပါးကို ညှစ်လိုက်သည်။ သူမက

"တော်တော့။ ဟိုမှာ ဘီလီ..."

ဟု ပြောသည်။ ဘီလီက အိမ်ထောင့်တွင် ရစ်သီ ရစ်သီ လုပ်နေရင်း

"ဖေဖေရေ ဒီမှာ လာကြည့်ပါဦး" ဟု အော်သည်။

စတက်ဖီက လှုပ်ရှားလာသော ဝါယာကြိုးစများကို ကြည့်ကာ သတိထားဟု လှမ်းအော်သည်။ ဝါယာကြိုးစများ နှင့် အတော်လှမ်းသော နေရာမှ ဘီလီက ဘောင်းဘီတိုကို ဆွဲတင်ကာ သူ့အမေကို ယောင်နန လှမ်းကြည့်သည်။

"သား ဘာမှ မဖြစ်ပါဘူး မေမေရဲ့"

သူက သက်ကြီးရွယ်အို မိဘနှစ်ပါးကို ပူပင်တတ်ရန်ကော ဆိုသည့် လေသံမျိုးဖြင့် နှစ်သိမ့်သလို လှမ်းပြောသည်။ ဘီလီက ကျွန်တော်တို့ ဆီ လျှောက်လာကာ သူ ဘာမှမဖြစ်ကြောင်း ပြသည်။ စတက်ဖီက ဖ ကဲထားသော ကျွန်တော့်လက်ထဲမှ ရုန်းသည်။ ကျွန်တော်က သူမနားနား ကပ်၍

"ဘာမှ မဖြစ်ပါဘူးကွာ။ ဝါယာကြိုးတွေအကြောင်း သူ သိပါတယ်" ဟု ပြောလိုက်သည်။

"ဟုတ်ပါတယ်။ ဒါပေမဲ့ မီးကူးနေတဲ့ ဝါယာကြိုးတွေကြောင့် ဓါတ်လိုက်ပြီး သေတတ်တယ်လို့ တီဗွီမှာ အမြဲကြေညာနေတာလေ။ အိမ်ထဲ ကို ဝင်တော့ ဘီလီရယ်။ အခု ဝင်လိုက်တော့"

"ဟာ မေမေကလည်း။ သားက ဖေဖေ့ကို လေ့အိမ်လိုက်ပြချင်လို့ ဟာ"

သူ့မျက်လုံးများ တွင် စိတ်လှုပ်ရှားနေရာက စိတ်ပျက်သွားဟန် အထင်းသား ပေါ်လာသည်။ သူက မုန်တိုင်းပြီးသွားသည့် အရသာကို အတူတကွ မျှဝေခံစားချင်နေသည်။ စတက်ဖီက

"အခု အိမ်ထဲ ဝင်တော့ကွယ်။ ဝါယာကြိုးတွေက သိပ်အန္တရာယ် များတယ်။ ပြီးတော့..."

ဟု ပြောသည်။

"ဝါယာကြိုးတွေက မြေကြီးကိုပဲ ဓါတ်လိုက်မှာ လို့ ဖေဖေ ပြောတယ်။ သားကိုမှ မလိုက်ဘဲ..."

"မေမေ့ကို ပြန်ငြင်းမနေနဲ့ ဘီလီ"

စတက်ဖီ ကျွန်တော့်ကို ပြဿနာ ရှာတော့မည်ဟု သိလိုက်သဖြင့်

"ဖေဖေ ရေကန်ဘက်ကို သားနဲ့ လိုက်ကြည့်မယ်။ ဝါယာကြိုးတွေဘက်က မသွားနဲ့။ တခြားဘက်က သွား" ဟု ပြောလိုက်သည်။

"ဟုတ်ကဲ့ ဖေဖေ"

သူက အင်္ကျီစလေး တလွင့်လွင့်နှင့် အိမ်အနောက်ဘက်ကို ပတ်သည့် ကျောက်ခင်းလမ်းမှ ခုန်ပေါက်သွားသည်။ အပျက်အစီးပုံ တစ်ခုကို မြင်တော့ 'ဟား" ဟု အသံတစ်ချက် ထွက်လာသည်။ ကျွန်တော်က စတက်ဖီ ပခုံးကို ညင်သာစွာ ကိုင်၍

"ဝါယာကြိုးတွေအကြောင်း သူ သိပါတယ် စတက်ဖီရယ်။ ကြောက်လည်း ကြောက်ပါတယ်။ အဲဒါ ကောင်းတာပဲလေ။ သူ့ကို စိတ်ချလိုက်ပါကွာ" ဟု ပြောလိုက်သည်။

စတက်ဖီ့ ပါးတွင် မျက်ရည်တစ်ပေါက် ကျလာသည်။

"ကျွန်မ ကြောက်တယ် ဒေးဗစ်ရဲ့"

"ကဲပါ။ မုန်တိုင်းကဖြင့် ပြီးသွားပြီကို"

"ဟုတ်လို့လား။ ပြီးခဲ့တဲ့ ဆောင်းတုန်းကရော။ နွေဦးရောက်တာ နောက်ကျနေတာကရော။ မြို့ထဲမှာ တော့ ဒီနွေဦးကို 'မဟူရာနွေဦး'လို့ လူတွေက ပြောကြတယ်။ ၁၈၈၈ ခုနှစ်ကတည်းက ဒီနယ်ဘက်မှာ ဒါမျိုး မဖြစ်ဖူးဘူးတဲ့ ..."

စတက်ဖီ ပြောသည့် 'လူတွေ' ဟူသည်မှာ မစ္စက် ကာမိုဒီ ကို ဆိုလိုခြင်း ဖြစ်သည်။ သူမသည် ဘရင်တန်မြို့ရှိ ရှေးဟောင်းပစ္စည်းဆိုင် ပိုင်ရှင် ဖြစ်သည်။ စတက်ဖီက ပစ္စည်းဟောင်းလေးများ စုဆောင်းတတ်သဖြင့် ထိုအမှိုက်သရိုက်များ ရောင်းသည့် ဆိုင်ကို တစ်ခါတလေ ရောက်တတ်သည်။ ဘီလီကလည်း သူ့အမေနှင့် ထိုဆိုင်ကို လိုက်ရတာ သဘောကျသည်။ ဖုန်တက်၍ မှောင်မည်းနေသော ဆိုင်နောက်ခန်း တစ်ခုထဲတွင် မျက်လုံးကို ရွှေကွင်း၍ အတောင်ပံ ဖြန့်ကားထားဟန် အစာသွပ် ဇီးကွက်ရုပ်များ၊ ဘောင်အကွပ်၌ တောကြောင်သုံးကောင် ဝိုင်းပတ်နေဟန် ဖုန်တက်နေသော မှန်တစ်ချပ်၊ ပိုးဖလံကို ကိုက်ချီထားသည့် နှုတ်သီးတွင် သွားရည်အစား လွှစာမှုန့်များ အပြုံလိုက် ကျနေသည့် အစာသွပ် ဝံပုလွေရုပ်တို့ နှင့် ပြည့်နေသည်။ ၁၉၀၁ ခုနှစ်၊ စက်တင်ဘာလ၏ တစ်ခုသောနေ့တွင် စတီဗင်ဘရွတ်ခ်ပြည်နယ်မှ ရောက်လာသော ထိုဝံပုလွေ ရေသောက်ဆင်းရန် ထွက်အလာ သူမအဖေက ပစ်ခတ်၍ ရလာခဲ့ကြောင်း မစ္စက် ကာမိုဒီက ပြောပြသည်။မစ္စက် ကာမိုဒီ၏ ရှေးဟောင်းဆိုင်သို့ လေ့လာရေးခရီး ထွက်ခဲ့ကြသော ဇနီးသည် နှင့် သားငယ်တို့ မှာ သူမ၏ လေတစ်လုံး မိုးတစ်လုံးအောက် ကောင်းကောင်းကြီး ရောက်သွားရှာသည်။ စတက်ဖီက ကာနီဗယ်မှန်ချပ်အကြောင်းကို သဘောကျသွားသလို ဘီလီက တိရစ္ဆာန်အရေခွံ တာရှည်ခံအောင် လုပ်သည့် ပညာကို သိချင်သွားသည်။ ထိုအဘွားကြီးသည် စတက်ဖီတို့လို အူတူတူလူများ ၏ စိတ်ကို လွှမ်းမိုး၍ မဟုတ်တရုတ် အတွေးများကို ရိုက်သွင်းပေးနေသည် ဟုသာ ကျွန်တော် ထင်သည်။ သူမသည် စတက်ဖီ့ စိတ်ထဲက အားနည်းချက်ကို အပိုင် ကိုင်လိုက်နိုင်သည် ထင်သည်။ မဟုတ်ရင်လည်း ဒီမြို့ထဲမှာ အတုံးဆုံးသူက စတက်ဖီသာ ဖြစ်လိမ့်မည်ထင်သည်။ အကြောင်းမှာ ဘုရားသခင်၏ နာမတော်ကို ခေါင်းစဉ်တပ်ကာ လိပ်ကို ကြမ်းပိုး ဖြစ်အောင် ပြောတတ်သော မစ္စက် ကာမိုဒီ၏ လိမ့်လုံး၊ ခြောက်လုံးများကို တအံ့တသြ နားထောင်သူ ဟူ၍ စတက်ဖီ

တစ်ယောက်တည်းသာ ရှိသည်။

၁၈၈၈ ခုနှစ်မှာ ဖြစ်ပွားခဲ့သော 'မဟာရာနွေဦး'ဟု ခေါ်ကြသည့် ဇာတ်လမ်းကို ကျွန်တော်လည်း ကြားဖူးပါသည်။ ထိုနွေဦး၌ အအေးလွန်ပြီး ရေကန်မျက်နှာပြင်မှ ရေခဲများ အနက်ရောင် ပြောင်းသွားသည်။ သည်လို အဖြစ်မျိုးက ရှားပါး၍ အနှစ်တစ်ရာမှာ တစ်ခါလောက်သာ ကြုံတောင့်ကြုံခဲ ဖြစ်သည်။ ပုံမှန်မဟုတ်သည့် သည်လို အခြေအနေမျိုးကို လူတိုင်း မကြုံချင်သော်လည်း မစ္စက် ကာမိုဒီ ကတော့ တဆိတ် ပိုလွန်းသည် ဟု ထင်သည်။ မဟာရာနွေဦးအကြောင်းကို ဘေလ်ဂျီယော့စတီထံမှ ကျွန်တော် ကြားခဲ့တာ ဖြစ်သည်။ သူသည် အစက ဖက်ရှင်အကျီဆိုင် ဖွင့်သည်။ နောက်တော့ ဝစ္စကွန်ဆင်မြို့က ကက်စကိုရွာမှာ သားသုံးယောက်နှင့် အတူ 'ဂျီယော့စတီ ယာဉ်အမျိုးမျိုး ရောင်းဝယ်ရေး" ဟူသော အမည်နှင့် ဆိုင်ဖွင့်ထားသည်။ ဘေလ်သည် အသက်ခုနှစ်ဆယ် ဖြစ်သော်လည်း ရှစ်ဆယ်မျှ ထင်ရသည်။ အရက်ကတော့ နှစ်ဆယ့်သုံးနှစ်ကတည်းက စ သောက်လာတာ ခုထိ မပြတ်သေး။ တစ်ခုသော မေလလယ်တွင် မထင်မှတ်ဘဲ ကျလာသည့် မုန်တိုင်း ကျပြီးနောက် ဘေလ်နှင့် ကျွန်တော် ကားထဲမှ ထွက်ကာ လမ်းဆင်းလျှောက်သည်။ မြက်နှင့် ပန်းပင်များကို ဖုံး နေသော နှင်းထုကြီးထဲ စိုတိစိုဖတ် လျှောက်သွားရသည့် တစ်လမ်းလုံး မဟာရာနွေဦး အကြောင်း တောက်လျှောက် ပြောပြသည်။ မေလမှာ တစ်ခါတလေ နှင်းကျသည် ကို ကြုံရသော်လည်း တစ်ရက် နှစ်ရက်ကြာလျှင် ပြီးသွားတတ်သည်။ ဘာမှ ထူးခြားတာလည်း မဟုတ်။

"ဆောင်းတုန်းက သိပ်အေးပြီး နွေဦးရောက်တာ နောက်ကျတာကို လက်ခံပါတယ်။ အခုဆို နွေခေါင်ခေါင်တောင် ရောက်နေမင့်ကို။ မုန်တိုင်းလည်း ပြီးသွားပြီပဲ။ မင်းပြောပုံက မင်းမဟုတ်သလိုပဲ စတက်ဖီ"

"ဒီမုန်တိုင်းက ပုံမှန်မှ မဟုတ်ဘဲ"

"မင်းဟာက မဟုတ်သေးပါဘူးကွာ"

စတက်ဖီက ဝါယာကြိုးများကို စိတ်မချစွာ ကြည့်၍

"ဓါတ်အားပေးကုမ္ပဏီက ဘယ်တော့ ရောက်လာမှာလဲ" ဟု မေးသည်။

"တတ်နိုင်သမျှတော့ အမြန်ဆုံး ရောက်အောင် လာမှာပေါ့ကွာ။ ဘီလီအတွက် သိပ်စိတ်ပူမနေနဲ့ဦး။ သူက ဉာဏ်သိပ်ကောင်းတာ။ သူ့အဝတ်သာ ချွတ်ပြီး ကောက်သိမ်းဖို့ မေ့ချင်မေ့မယ်။ လျှပ်စစ်စီးနေတဲ့ ဝါယာ ကြိုးတွေကိုတော့ တက်နင်းမှာ မဟုတ်ပါဘူး။ သူလည်း သူ့ဟာသူတော့ အသိရှိပါတယ်"

ကျွန်တော်က ပြောပြောဆိုဆို သူမ၏ နှုတ်ခမ်းထောင့်ကို လက်ညှိုး နှင့် ထိလိုက်တော့ ပြုံးသွားသည်။ ကျွန်တော်က

"ကဲ စိတ်ချတော့ နော်"

ဟုဆိုတော့ သူမက

"ရှင်ဟာလေ စိတ်သက်သာရာ ရအောင် အမြဲ ပြောတတ်တယ်နော်" ဟု ပြောသည်။

သူမစကားကြောင့် ကျွန်တော်လည်း စိတ်ချမ်းသာသွားသည်။ ထိုစဉ် ရေကန်ဘက်မှ ဘီလီက လာကြည့်ဖို့ အသံကုန် ဟစ်၍ လှမ်းခေါ်သည်။ ကျွန်တော်က

"လာ။ ဘာတွေ ပျက်စီးနေလဲ သွားကြည့်ရအောင်"

ဟု ဆိုတော့ သူမက

"ပျက်စီးတာတွေ ကြည့်ချင်မှ တော့ ညှော့ခန်းထဲ သွားထိုင်နေရုံပေါ့ရှင်"

ဟု ငေါ့သည်။

"ဒါဆိုလည်း ကလေး ပျော်သွားအောင် သွားကြည့်ပေးလိုက်ပါကွာ"

လင်မယား နှစ်ယောက်သား လက်ချင်းချိတ်၍ ကျောက်ခင်းလမ်းမှ ဆင်းကြသည်။ ဘီလီက ကျွန်တော်တို့ဆီ ဒရောသောပါး ပြေးလာရာ ချော်လဲတော့မလို ဖြစ်သွားသည်။ စတက်ဖီက အနည်းငယ် မျက်မှောင် ကျုံ့ကာ

"ဖြည်း ဖြည်း သတိထားဦးလေ" ဟု ပြောသည်။

သူမစိတ်ထဲတွင် ဘီလီကို ဝါယာကြိုးများထဲ ချော်လဲကျမည်ဟုများ ထင်နေသလား မသိ။ ဘီလီက အမောတကောဖြင့်

"လာကြည့်ပါဆို။ လှေအိမ်လေးတော့ သစ်ပင် ပိသွားပြီ။ အထဲမှာလည်း အပင်တွေ ရောက်နေတယ်။ ဟား..."

ဟု ပြောသည်။ စတက်ဖီ က

"ဘီလီဒရေတန် နင်တော့နော်"

ဟု ကြိမ်းသည်။

"ဆောရီးပါ မေမေရယ်။ ဒါပေမဲ့ လာကြည့်...။ ဟာ..."

ဘီလီ ထွက်သွားပြန်သည်။ ကျွန်တော်က

"ကိုယ်တော်ချောကတော့ ပြောချင်ရာ ပြောပြီး ထွက်သွားပြန်ပြီ"

ဟု ဆိုတော့ သူမက တခစ်ခစ် ရယ်သည်။ ကျွန်တော်က ဆက်၍

"နားထောင်။ လမ်းမပေါ် ကန့်လန့်ဖြတ် လဲနေတဲ့ သစ်ပင်တွေကို လွှစက်နဲ့ ဖြတ်ပြီးရင် ပေါ့တ်လန်း လမ်းမပေါ်က ဓါတ်အားပေးဌာနရုံးကို သွားပြီး ကိုယ်တို့ အဖြစ်ကို ပြောလိုက်မယ်။ ဟုတ်ပြီလား"

ဟု ပြောတော့ သူမက ကျေးဇူးတင်သွားပုံဖြင့်

"ဟုတ်ပါပြီရှင်။ ဘယ်အချိန်လောက် သွားဖြစ်မယ် ထင်လဲ" ဟု မေးသည်။

ရေညှိတက်နေသော သစ်ပင်ကြီး မပါလျှင်တော့ တစ်နာရီလောက် ဆို ကိစ္စပြတ်သည်။ ထိုသစ်ပင်ကြီး ကိုပါ ထည့်တွက်လျှင် နေ့လည် ဆယ့်တစ်နာရီတောင် ပြီးပါ့မလား မသိ။

"ကျွန်မ နေ့လည်စာ ပြင်ပေးလို့ ရအောင်လေ။ အပြန်ကျ ဈေးထဲကနေ ဝယ်ခြမ်းစရာတွေလည်း ကျွန်မ မှာဦးမယ်။ နွားနို့နဲ့ ထောပတ် ကုန်နေပြီ။ ပြီးတော့...။ အင်း...၊ ထားလိုက်ပါတော့။ ကျွန်မ စာရင်းလုပ်ပေး လိုက်မယ်"

ဤအခြေအနေမှာပင် ဈေးဝယ်ဖို့ စာရင်းလုပ်နိုင်သည့် မိန်းမတို့ အစွမ်းအား အံ့မခန်းပါတကားဟု တွေးမိသည်။ ကျွန်တော်က သူမကို ခေါင်းညိတ်ပြကာ ဖက်သည်။ နှစ်ယောက်သား ဆက်လျှောက်သွားမိသော အခါ ဘီလီ အဘယ့်ကြောင့် ဒီလောက်ထိ ရွစိထိုးနေမှန်း သဘောပေါက်သွားသည်။ စတက်ဖ့် ဆီမှ 'ဘုရားရေ" ဟူသော ခပ်တိုးတိုး အသံ ထွက်လာသည်။

ကျွန်တော်တို့ ရပ်နေသည့် နေရာမှ ကြည့်လိုက်လျှင် ကမ်းစပ်မှ နေ၍ တစ်မိုင်၏ လေးပုံ တစ်ပုံခန့်ကို မြင်ရသည်။ ကျွန်တော်တို့ ဘယ်ဘက်ခြမ်းက ဘစ်ဘာ မိသားစုပိုင်မြေ၊ ညာဘက်ခြမ်းက ဘရန့်နော်တန်၏မြေ။

လှေအိမ်လေး ဘေးရှိ ကြီးမားသော ဝက်သစ်ချပင်အိုကြီးသည် အကိုင်းများ ပြတ်ထွက်ကာ လဲနေသဖြင့် ခဲတံချွန်ကြီး တစ်ချောင်း ချထားသည် နှင့် တူနေသည်။ ရာသီဥတုနှင့် သက်တမ်းကြောင့် မည်းနက်နေသည့် အပြင်ဘက်ရှိ သစ်ခေါက်နှင့် ပြောင်းပြန် အတွင်းသားများက ဖွေးဖွေးဖြူနေသည်။ ပေတစ်ရာခန့် မြင့်သည့် သစ်ပင်ကြီး၏ ထိပ်ဖျားက ကမ်းစပ်ထဲ တစ်ပိုင်းတစ်စ နစ်ဝင်နေသည်။ ကျွန်တော်တို့ မှာ စတားခရူဆာဟု ခေါ်သော အပျော်စီး သင်္ဘောလေး တစ်စီး

ရှိသည်။ လွန်ခဲ့သည့် အပတ်က စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းသွားသဖြင့် ၎င်းကို နေပယ်ဆိပ်ကမ်းသို့ ပို့လိုက်ရသည်။ ထို့ကြောင့် ကံကောင်းသွားသည် ဟု ဆိုရမည်။ မဟုတ်လျှင် အခုလောက်ဆို သစ်ပင်ပိနေပြီ။

ကျွန်တော်တို့ ကမ်းစပ်မှာတော့ လှေအိမ်လေးက သစ်ပင်ကြီး တစ်ပင်အောက် ရောက်နေသည်။ အဖေ ဆောက်သွားသော လှေအိမ်လည်းဖြစ်၊ ကျွန်တော်တို့ ဒရေတန် မိသားစု၏ အမွေအနှစ်လည်း ဖြစ်သော လှေအိမ်လေးတော့ သွားရှာပြီ။ လှေအိမ်လေး ပိနေသော သစ်ပင်သည် နော်တန်တို့ အခြမ်းက ဖြစ်သည်ကို တွေ့ရသည်။ ထိုသစ်ပင်သည် လွန်ခဲ့သော ငါးနှစ်လောက်ကပင် သေနေခဲ့ပြီ။ နော်တန့်အနေနှင့် ထိုစဉ်က တည်းက ခုတ်လှဲပစ်ခဲ့ဖို့ ကောင်းသည်။ အခုတော့ အပင်၏ လေးပုံ သုံးပုံလောက်က လှေအိမ်လေးပေါ်မှာ။ လှေအိမ်ခေါင်မိုးကတော့ တွန့်လိမ်ပွဲရွဲ့လျက်။ 'လှေအိမ်လေးတော့ သစ်ပင် ပိသွားပြီ' ဟု ဘီလီ ပြောခဲ့တာ မလွန်လှချေ။ စတက်ဖီက မခံမရပ်နိုင်သည့် လေသံဖြင့် "ဒါ နော်တန့် သစ်ပင်ပဲ" ဟု ပြောသည်။

ကျွန်တော်ကတော့ နှမျောတသစွာ ပြုံးမိသည်။ အလံတိုင်က ရေထဲမှာ နစ်နေပြီး အလံက ပေါလောပေါ်နေသည်။ နော်တန့်ကို သွားပြောလျှင် 'ဒါဆိုလည်း ကျုပ်ကို တရားစွဲလိုက်လေ" ဟု ပြန်ပြောမည်ကို မြင်ယောင်နေသည်။ ဘီလီက ရေကန်စပ်ကို ကာထားသော ကျောက်ဆောင်ပေါ် တက်ကာ အပြာတောက်တောက်နှင့် အဝါရောင် အစင်းလိုက် ဆေးသုတ်ထားသော ဆိပ်ခံတံတားကို သေချာကြည့်နေသည်။ သူက ကျွန်တော့်တို့ဆီ လည်ပြန်လှည့်ကြည့်၍ အူမြူးနေသော လေသံဖြင့်

"အလံက အကောင်းစားကြီး မဟုတ်လား" ဟု မေးသည်။

"အေးပေါ့။ ယူလို့ ရရင် လှမ်းယူပေးပါလား"

"ယူပေးမှာ ပေါ့"

ရေကန်စပ်ကို ကျောက်တုံးများ ကာထားသော သဲသောင်ပြင်ငယ် တစ်ခုရှိသည်။ ပုလဲဆိပ်ကမ်း တိုက်ပွဲ မဖြစ်ခင် ၁၉၄၁ ခုနှစ်တုန်းက အဖေသည် ကုန်တင်ကားမောင်းသမား တစ်ယောက်ကို ငှားကာ ကမ်းခြေမှ သဲများကို သယ်ခိုင်းခဲ့သည်။ ကားခြောက်စီး အပြည့် သဲများကို ကျွန်တော့်ရင်ခေါင်းလောက် ငါးပေအနက်ရှိသည့် ထိုသောင်မှာ ဖို့သည်။ သဲများကို နေရာရွှေ့မသွားအောင် လုပ်ခိုင်းဖို့ အလုပ်သမားများ ကို ငွေရှစ်ဆယ် ပေးရသည်။ အခုခေတ်မှာ တော့ သည်လို လုပ်၍ မရတော့။ ယခုမူ အပန်းဖြေစခန်းများ ဆောက်လုပ်ကြသည့် လုပ်ငန်းများ ဖုံးပေါလအောာ ခေတ်စားလာကာ ရေဆိုးများကို ပရမ်းပတာ စွန့်ပစ်ကြသောကြောင့် ငါးများ သေကြသည်။ ကျန်ရစ်သည့် ငါးများကိုလည်းစားဖို့

မသင့်တော့။ သဲသောင်ကမ်းများ ကိုယ့်ဘာသာ ဆောက်ကြသည်ကို အီးပီအေက မျက်ကွယ်ပြုထားသည်။ လူများက ရေကန်၏ ဂေဟဗေဒစနစ်ကို စိတ်တိုင်းမကျ ဖြစ်ချင်ဖြစ်မည်။ မျက်မှောက်တွင် ထိုသို့ ပြုလုပ်ခွင့်မရအောင် တရားဥပဒေနှင့် တားမြစ်ထားသော်လည်း မြေရှင်များ တော့ မပါချေ။ ဘီလီက အလံရှိရာကို သွားနေရာမှ ရပ်တန့်သွားသည်။ တစ်ချိန်တည်းမှာပင် စတက်ဖီ ကျွန်တော့်နားမှ ခွာကာ ရှေ့တိုးကြည့်သည်။ ဖြူဆွတ်သော မြူနှင်းထု အတန်းကြီး တစ်ခု ပေါ်လာသဖြင့် ဟိုးအဝေးမှ ဟာရစ်ဆင်န် မြို့ဘက်ခြမ်းကို မမြင်ရတော့။ ထိုမြူထုကြီးသည် ကောင်းကင်မှ တိမ်စိုင်ကြီး မြေပေါ် ပြုတ်ကျလာသည့် နှယ်။ ဤမြင်ကွင်းကို ကြည့်ကာ မနေ့ညက မက်သော အိပ်မက်ကို ပြန်မြင်ယောင်လာသည်။စတက်ဖီက

“အဲဒါ ဘာလဲဟင်”

ဟု လှမ်းမေးတော့ ကျွန်တော့်ပါးစပ်မှ

“ဘုရားရေ...”

ဟု သာ ထွက်သွားသည်။ သူမက

"ရှင် ဘာပြောတာလဲ ဒေးဗစ်" ဟု ထပ်မေးသည်။

လောင်းလိတ်မြို့မှာ နေလာသည့် သက်တမ်းတစ်လျှောက် သည်လောက် သိပ်သည်း ထူထပ်လွန်းသည့် မြူထုကို တစ်သက်နှင့် တစ်ကိုယ် တစ်ခါမှ မမြင်ဖူးချေ။ အလံရှိရာ ဒူးသာသာ ရေမှာ စမ်းတဝါးဝါး သွားနေသည့် ဘီလီက

"အဲဒါ ဘာလဲ ဖေဖေ"

ဟု လှမ်းအော်မေးသည်။ ကျွန်တော်က

"မြူတိမ်တိုက်ကြီးကွ"

ဟု ဖြေတော့ စတက်ဖီက မယုံသလိုဖြင့်

"ရေကန်မှာ မြူတိမ်တိုက်ကြီး ပေါ်လာတာ ဟုတ်ပါ့မလား"

ဟု မေးသည်။သူမမျက်လုံးထဲမှ မစ္စက် ကာမိုဒီ၏ လွှမ်းမိုးမှုများကို မြင်ရသည်။ တတ်လည်း တတ်နိုင်တဲ့ အဘွားကြီး။ ကျွန်တော်က ငေးနေရာမှ သတိဝင်လာကာ စတက်ဖီ့ အား

"ဟုတ်တာပေါ့။ မင်း အရင်ကလည်း တွေ့ဖူးနေတာပဲကို"

ဟု ပြောလိုက်သည်။

"အရင်ဟာတွေနဲ့ လုံးဝ မတူဘူး။ ဒီဟာက တိမ်နဲ့ ပိုတူတယ်"

"နေရောင်ကြောင့် ပါကွာ။ လေယာဉ်ပေါ်ကနေ ကြည့်ရင် တိမ်တွေ ကို မြင်ရသလိုပါပဲ"

"ဘာဖြစ်မှာ လည်း မသိဘူးနော်။ ဒီလောက် စိုစွတ်နေတဲ့ ရာသီဥတု မှာ မြူထလာရတယ်လို့"

"ဟာရစ်ဆင်န်မြို့ဘက်ခြမ်းမှာလည်း ဖြစ်တာပဲ။ မုန်တိုင်းက ကျန်ရစ်တဲ့ ဟာတွေပါ"

"သေချာရဲ့ လား ဒေးဗစ်ရယ်"

ကျွန်တော်က ရယ်မောကာ သူမလည်ကို သိုင်းဖက်၍

"မသေချာပါဘူး။ ကိုယ်လည်း ပြောမိပြောရာ လျှောက်ပြောနေတာ။ သေချာမှတော့ မိုးလေဝသနဲ့ ဇလဗေဒမှာ သွားအလုပ်လုပ်တော့မှာပေါ့။ ကဲ ဝယ်ရခြမ်းရမယ့် စာရင်း သွားလုပ်လိုက်ဦး"

ဟု ပြောလိုက်သည်။

သူမက ကျွန်တော့်ကို ပို၍ မယုံသလို ကြည့်သည်။ ထို့နောက် မျက်လုံးပေါ် လက်ဖဝါးကာ၍ မြူတိမ်တိုက်ကြီး ကို တစ်ချက် လှမ်းကြည့်ကာ ခေါင်းခါပြီး

"ထူးဆန်းလိုက်တာ"

ဟု ပြောကာ ထွက်သွားသည်။ ဘီလီကတော့ မြူကို အဆန်း မဟုတ်သလိုပင်။ သူက အလံကို လှမ်းဆွဲ၍ ရေထဲမှ တက်လာသည်။ ပြီးနောက် သားအဖနှစ်ယောက် အလံကို မြက်ခင်းပေါ်လွှားကာ အခြောက်ခံလိုက်သည်။ သူက ဆရာကြီး လေသံဖြင့်

"သား ကြားဖူးတာတော့ အလံကို မြေပေါ် မချရဘူးဆို"

ဟု မေးသည်။

"ဟုတ်လို့ လား"

"အင်း။ ဗစ်တာမက်အယ်လစ်စတာ ပြောတာပဲ"

"ဒါဆိုလည်း မင်း ဘာစားပြီး ဒီစကားပြောတာလဲလို့ ဗစ်တာ့ကို

ပြန်ပြောလိုက်လေ"

"သူ လျှောက်ပြောနေတာနော်။ ဟုတ်တယ်မလား"

ဘီလီက ဉာဏ်ကောင်းသည့် ကလေး ဖြစ်သော်လည်း ဟာသဉာဏ် သိပ်မရှိပေ။ သူက အရာရာကို အတည်ပေါက် ယုံမှတ်တတ်သည်။ သည်လို တွေ့ကရာ ယုံတတ်သည့် စိတ်နှင့်ဆို လူ့လောကမှာ ရှင်သန်ဖို့ တော်တော် အန္တရာယ်များသည်။

"ဒါပေါ့။ ဖေဖေ ဒီလို ပြောတာ မေမေ့ကို သွားမပြောနဲ့ဦး။ အလံခြောက်ရင် ခေါက်ပြီး သိမ်းကြမယ်"

"လှေအိမ်ခေါင်မိုးကို သားတို့ ပြန်ပြင်လို့ ရပါ့မလား။ အလံတိုင် အသစ်ရောပဲ"

သူက အခုမှ စိတ်ပူနေဟန် တူသည်။ ကျွန်တော်က သူ့ပခုံးကို ပုတ်ကာ

"သားက သိပ်ပွားတာပဲ"

ဟု ပြောလိုက်သည်။

"ဘစ်ဘာတို့ ဘက်ခြမ်းကို သွားကြည့်လို့ ရမလား။ အဲဒီမှာလည်း ဘာတွေ ဖြစ်နေလဲ မသိဘူး"

"သိပ်မကြာစေနဲ့။ သူတို့လည်း ရှင်းလင်းနေလောက်ပြီ"

"ဟုတ်ကဲ့ပါ။ သွားပြီနော်"

သူ ထထွက်တော့ ကျွန်တော်က

"သူတို့ကို သွားမရှုပ်နဲ့နော် သား"

ဟု ပြောလိုက်ရာ တစ်ချက် ပြန်လှည့်ကြည့်သည်။ ကျွန်တော်က ထပ်၍

"ဝါယာကြိုးတွေလည်း သတိထား၊ ဝေးဝေးက ရှောင်နော်"

ဟု ပြောလိုက်သည်။

"ဟုတ်ကဲ့ပါ ဖေဖေရဲ့"

ကျွန်တော် ထိုနေရာမှာ ခဏရပ်ကာ အပျက်အစီးများကို စစ်ကြည့်သည်။ ထို့နောက် မြူထုကို ပြန်ကြည့်လိုက်သည်။ မြူသည် ပိုနီးလာသယောင်

ထင်ရသော်လည်း အတိအကျ ပြောဖို့ ခက်သည်။ အကယ်၍ နီးလာသည် ဟု ပြောလျှင် သဘာဝနိယာမကို ချိုးဖောက်ရာရောက်မည်။ အကြောင်းမှာ လေက ဆန့်ကျင်ဘက် သို့ တိုက်နေသောကြောင့်ပင်။ လေကလည်း လေညင်းလေးသာ။ မြူသည် သိပ်ကို ဖြူဆွတ်လွန်းလှသည်။ ပမာနှိုင်းရလျှင် ဆောင်းရာသီ၌ ကောင်းကင်မှ တလက်လက် ညင်သာစွာ ကျဆင်းလာသော နှင်းလို ဖြစ်သည်။ သို့သော် နှင်းသည် နေရောင်ထဲမှာ စိန်လို ရောင်ပြန်ဟပ်သော်လည်း ဤမြူတိမ်တိုက်ကတော့တစ်မျိုးကြီး ဖြစ်သည်။ ဖြူဆွတ်တောက်ပနေသည် ကို ရှင်းရှင်းလင်းလင်း မြင်ရသော်လည်း နှင်းလိုလက်မနေ။ စတက်ဖီ ပြောသလိုဆိုလျှင် မြူဟူသည် မှာ ကြည်လင်သာယာသော နေ့များ၌ မကျစကောင်း။ ရေခိုးရေငွေ့ထဲမှာ စိုစွတ်မှု ရှိလျှင် သက်တံကတော့ ဖြစ်မြဲပင်။ သို့သော် အခုတော့ ဘာသက်တံကိုမှ မမြင်ရချေ။ထိုစဉ် စက်ပစ္စည်း တစ်ခုခုမှ ထွက်လာသည့် တဖွတ်ဖွတ် အသံကို ကြားရသည်။ ကျိတ်မနိုင် ခဲမရ ဆဲဆိုရေရွတ်သံပါ တစ်ဆက်တည်း ပါလာသည်။ စက်သံ တဖွတ်ဖွတ် ထပ်ထွက်လာပြီး ရပ်သွားသည်။ ထို့ နောက် မအေနှမ ကိုင်တုတ်သံ ထွက်လာသည်။

ကျွန်တော် မဲ့လိုက်မိသည်။ ခပ်လှမ်းလှမ်းမှ ထွက်လာသည့် လွှစက်သံ နှင့် အတူ မကြားဝံ့မနာသာ ဆဲရေးသံကို ကြားလိုက်ရသည် နှင့် ဟိုဘက်အိမ်က ဂုဏ်သတင်းကြီးသော ရှေ့နေကြီး ဘရန့်နော်တန်မှန်း သိ လိုက်သည်။ ကျွန်တော်က ရေစပ်ကို ဆင်းကြည့်လိုက်တော့ နော်တန့် ကို တွေ့ရသည်။ သူသည် ဆေးစက်များ ပေနေသော ဂျင်းဘောင်းဘီနှင့် တီရှပ်အဖြူ ကို ဝတ်ကာ ဝက်သစ်ချ ပင်အိုကြီးပေါ် မတ်တတ်ရပ်၍ ဘောင်းဘီအိတ်ထဲ ဟိုနှိုက်သည်နှိုက်လုပ်နေသည်။ လေးဆယ်တန် ဖရိုဖရဲ ဆံပင်ကေနှင့် မျက်နှာမှာလည်း ချွေးသီးချွေးပေါက် ကျနေသည်။ သူက ဒူးတစ်ဖက် ထောက်ထိုင်ကာ လွှစက်ကို ပြင်နေသည်။ သူ့လွှစက်မှာ ၇၉ ဒေါ် လာတန် ကျွန်တော့်အိမ်သုံး လွှစက်ထက် ပိုကြီးသည်။ ၎င်းတွင် ခလုတ် မျိုးစုံ ပါဟန်ရှိသော်လည်း တကယ်တမ်းကျ စတက်တာ အဖွင့်ခလုတ် တစ်ခုတည်းသာပါသည်။ သူက မော်တာကြိုးကို ဆွဲလိုက်တော့ တဖွတ်ဖွတ် အသံသာ ထွက်လာပြီး ရပ်သွားသည်။ သူ့ ပျော်ပွဲစားခုံကြီးပေါ် အဝါရောင် ဘုဇပတ်ပင်ကြီး တစ်ပင်က လဲကျနေသဖြင့် စားပွဲက ထက်ပိုင်းကျိုးနေသည်။ ဒါကို တွေ့တော့ ကျွန်တော် လှိုက်ခနဲ ကျိတ်၍ ဝမ်းသာမိသည်။ နော်တန်က မော်တာကြိုးကိုသာ သဲသဲမဲမဲ တစ်မိနစ်လောက် ကြာအောင် ဆွဲနေသည်။ လွှစက်က တဖွတ်ဖွတ်နှင့် ရပ်သွားလေလေ၊ သကောင့်သားကြီးက ဒေါသပိုထွက် လာလေလေ။ သည်မနက် နိုးလာကတည်းက ပထမဆုံးအကြိမ်အဖြစ် ကျေနပ်ပီတိဖြစ်ကာ ကျွန်တော်က အိမ်ဘက်သို့ ပြန်သည်။ ကျွန်တော့်လွှစက်က တစ်ချက် ဆွဲရုံနှင့် နိုးလာသဖြင့် အလုပ်စရသည်။

ဆယ်နာရီဝန်းကျင်လောက် ကျတော့

ကျွန်တော့်ပခုံးကိုတစ်ယောက်ယောက် လာတို့သဖြင့် လှည့်ကြည့်လိုက်ရာ ဘီလီ ဖြစ်နေသည်။ သူက လက်တစ်ဖက်မှာ ဘီယာတစ်ဘူး ကိုင်လျက် တခြားလက်မှာ ဈေးဝယ်စာရင်းစာရွက် ကိုင်ထားသည်။ ကျွန်တော်က စာရင်းစာရွက်ကို ဂျင်းဘောင်းဘီနောက်အိတ်ကပ်ထဲ ထိုးထည့်ကာ ဘီယာဘူးကို ယူလိုက်သည်။ ဘီယာက ခဲနေအောင် မအေးသော်လည်း စိမ့်တော့ နေသေးသည်။ ကျွန်တော်က ဘူးဝက်လောက်ကို တစ်ကျိုက်တည်း မော့ချလိုက်သည်။ ကောင်းလိုက်သည့် အရသာ၊ ရှာမှ ရှား။ ကျွန်တော်က ဘီလီကို ဘီယာဘူးနှင့် အလေးပြုကာ

"ကျေးဇူးပဲကွာ"

ဟု ပြောတော့ သူက

"သားရော သောက်လို့ ရလား"

ဟု မေးသည်။ကျွန်တော်က သူ့ကို တစ်ငုံ တိုက်တော့ သူ့မျက်နှာ ရှုံ့မဲ့ကာ ဘီယာဘူးကို တွန်းထုတ်သည်။ ကျွန်တော်က ကျန်တာကို လက်စသတ်ကာ ဘူးအလယ်မှ ညှစ်၍ ချေမွပစ်လိုက်သည်။ ဘီလီက

"မေမေက စာရင်းအောက်ခြေမှာ တစ်ခုခု ရေးထားတယ်။ ဘာရေးထားလဲ မဖတ်တတ်ဘူး"

ဟု ပြောသည်။ ကျွန်တော်က စာရွက်ကို ပြန်ထုတ်ကြည့်တော့ 'ရေဒီယိုမှာ ဝိုဆိုလိုင်းကို ဖမ်းမရဘူး။ မုန်တိုင်းကြောင့် လိုင်းပြတ်သွားတာများလား" ဟု ရေးထားသည်။ ဝိုဆိုဟူသည် မှာ မြောက်ဘက် မိုင်နှစ်ဆယ်အကွာ မှ ထုတ်လွှင့်သော အက်ဖ်အမ်လိုင်း ဖြစ်သည်။ ကျွန်တော်တို့ ရေဒီယို လိုင်းဆွဲအား ကောင်းမှ မိတတ်သည်။

"ပေါ့တ်လန်းမှာ တက်ဝယ်မှ ရမှာ လို့ မေမေ့ကို ပြန်ပြောလိုက်ချေ"

"ဟုတ်ကဲ့။ မြို့ထဲ သွားရင် သား လိုက်လို့ ရလား"

"ရတာပေါ့။ သားရော မေမေရော လိုက်ချင်ရင် လိုက်ခဲ့လေ"

"ဟုတ်ကဲ့ပါ"

သူက ဘီယာဘူးခွံ အလွတ်ကို ကိုင်ကာ အိမ်ဆီ ပြေးထွက်သွားသည်။ သို့နှင့် သစ်ပင်ဖြတ်ရသော အလုပ်ကို ပြန်စသည်။ ပထမဆုံး လွှစက် နှင့် ဖြတ်၊ ပြီးနောက် လွှစက်ကို ခဏရပ်၊ ထို့နောက် ပြန်ဖြတ်။ သစ်ပင် က ကြီးလွန်းလှ၍ မြန်မြန် မလုပ်လျှင် နောက်ကျကုန်မည်။ ကန်းဆတ် လမ်းမကြီးပေါ် လဲကျနေသော သစ်ပင် မည်မျှရှိမည်နည်း။ စီအမ်ပီထရပ်ကားတွေရော လာနေပြီလား။

လာလျှင်တော့ ကောင်းသည်။ လမ်းရှင်းသွား ကြလျှင် ဓါတ်အားပေးဌာနက လူတွေ ညနေလောက် ရောက်ကာ ဝါယာကြိုးကိစ္စကို ကြည့်လုပ်ကြလိမ့်မည်။

ဖြတ်ထားပြီးသော သစ်ပင် ကိုယ်ထည် ခပ်ကြီးကြီး တစ်တုံးကို ကားလမ်းမဘေးသို့ ကျွန်တော် ဆွဲချသွားသည်။ သစ်တုံးက ချုံပုတ် တစ်ခုထဲ လိမ့်ဆင်းသွားသည်။ ကျွန်တော်က မျက်နှာပေါ်မှ ချွေးကို သုတ်ရင်း ဘီယာတစ်ဘူးလောက် ထပ်သောက်ရရင် ကောင်းမယ်ဟု တွေးမိသည်။ ပထမ တစ်ဘူးကတော့ အာဆွတ်ရုံ ဖြစ်ခဲ့သည်ကိုး။ ကျွန်တော်က လွှစက်ကို ကောက်ကာ ဝိုဆိုလိုင်းအကြောင်း စဉ်းစားလိုက်သည်။၎င်းကို မြူတိမ်တိုက်ကျလာသည့် ဘက်ခြမ်းက အသံလွှင့်ခြင်း ဖြစ်သည်။ ယင်းဘက်ခြမ်းကို ရှမ်းမောနယ်ဟု ဒေသခံတို့ ခေါ်ကြသည်။ ရှမ်းမောနယ်မှာ မြားခေါင်းပရောဂျက် ရှိသည်။ မြားခေါင်း ပရောဂျက် သည် မဟူရာနေ့ဦး ဖြစ်ပွားပုံနှင့် ဆက်စပ်လိမ့်မည်ဟု ဘေလ်ဂျီယော့စတီက ကောက်ချက်ချ ဖူးသည်။ ရှမ်းမောနယ်၏ အနောက်စူးစူး၊ ဉာဏ်မြို့နှင့် သိပ်မဝေးသော စတုန်းဟမ်မြို့နှင့် နယ်နမိတ်ချင်း ထိစပ်နေသည့် နေရာတွင် ဝါယာဆူးကြိုးများ နှင့် ကာရံထားသော မြားခေါင်းပရောဂျက် အမည်ရှိ အစိုးရလုပ်ငန်းငယ် တစ်ခု ရှိသည်။ ထိုနေရာတွင် အစောင့်စစ်သားများ နှင့် လျှို့ဝှက်ကင်မရာများ ပါရှိသည်။ ဘာထပ်ရှိသေးလဲဆိုတာတော့ ဘုရားပဲ သိလိမ့်မည်။ ကျွန်တော်တော့ ကြားသာ ကြားဖူး၍ တစ်ခါမှ မမြင်ဖူးချေ။ ရှေးမောလမ်းမဟောင်း၏ အရှေ့စူးစူး တစ်မိုင်ပတ်လည်လုံးက အစိုးရပိုင်နယ်မြေ ဖြစ်သည်။

“မြားခေါင်း ပရောဂျက်” ဟူသော အမည် ဘယ်လို ဖြစ်လာသည်ကို ဘယ်သူမှ မသိကြ။ ၎င်းသည် ပရောဂျက်တစ်ခု ဖြစ်မည်ဆိုလျှင်လည်း မြားခေါင်းဆိုသည် မှာ ပရောဂျက်နာမည် ဟုတ်လား မဟုတ်လား ဘယ်သူမှ ဖြေနိုင်မည် မထင်။ ဘေလ်ကတော့ ပရောဂျက်ဟု ဆိုသည်။ ဘယ်လို သိတာလဲ၊ ဘယ်က သတင်းရလို့ လဲဟု မေးလျှင် သူလည်း ယောင်ဝါးဝါးသာ။ သူ့တူမ တစ်ယောက်က ကုန်းတွင်းပိုင်းရှိ ဖုန်းကုမ္ပဏီမှာ လုပ်ရင်း ကြားခဲ့တာဟု ပြောသည်။

တစ်ရက်မှာ ဘေလ်နှင့် ကားအတူ စီးဖြစ်သည်။ သူက ကားပြတင်း ပေါက်ကို မှီရင်း

"အဏုမြူနဲ့ ဆိုင်တာတွေ လုပ်ကြတာတဲ့ကွ။ ဘာတွေမှန်းတော့ မသိဘူး။ လေထဲကို အဏုမြူအက်တမ်တွေ လွှတ်ပြီး စမ်းသပ်တာတဲ့”

ဟု ပြောလိုက်ရာ သူ့ပါးစပ်မှ ပက်ဘ်ဘီယာနံ့ ထောင်းခနဲ ထွက်လာသည်။ ဘီလီက

"လေထဲမှာ အက်တမ်တွေ ပြည့်နေတာပဲလေ ဦးဦး ဂျီယော့စတီရဲ့။

အရာရာကို အက်တမ်တွေနဲ့ ဖွဲ့စည်းထားတာလို့ မစ္စက် နီရာရီက ကျောင်းမှာ ပြောတယ်"

ဟု ဆိုသည်။ ဘေလ်က ဘီလီကို နီရဲမို့အစ်နေသော မျက်လုံးများ နှင့် ကြည့်ကာ

"အက်တမ်ဆိုတာ အမျိုးမျိုး ရှိတယ်။ မတူဘူး သားရဲ့"

ဟု ပြောသည်။ ဘီလီက"သြော် ဟုတ်လား"

ဟု ရေရွတ်ကာ အရှုံးပေးလိုက်သည်။

ကျွန်တော်တို့ ၏အာမခံကိုယ်စားလှယ် ဒစ်မူလာကတော့ မြားခေါင်းပရောဂျက်သည် အစိုးရက စမ်းသပ်နေသော စိုက်ပျိုးရေးနည်းစနစ် ဖြစ်ပြီး သည်ထက် ဘာမှမပိုဟု ဆိုသည်။ ထိုအကြောင်းနှင့် ပတ်သက်၍"ခရမ်းချဉ်သီးတွေ ပိုကြီးအောင်၊ အပင်မညိုးဘဲ ပိုကြာကြာခံအောင် လုပ်နေတာပါ"

ဟု မယုတ်မလွန် ပြောရင်း အာမခံထားခြင်းဖြင့် ကျွန်တော်တို့ မိသားစု အရွယ်မတိုင်မီ ကွယ်လွန်ခဲ့လျှင် မည်သို့မည်ပုံ အထောက်အပံ့ ရမည့် အကြောင်း ဆက်ပြောသည်။ စာပို့လုံမေ ဂျန်နိုင်းလောလက်စ် ကတော့ ရွှံ့ကျောက်ဆီ ထွက်မထွက် မြေသားစစ်တမ်းကောက်ရန် လုပ်နေတာဟု ပြောသည်။ သူမ၏ ခဲအိုက ထိုနေရာမှာ အလုပ်လုပ်သူ ဖြစ်၍ ထိုစကားက ကြောင်းကျိုးခိုင်လုံဖို့ များသည်။ မစ္စက် ကာမိုဒီကတော့ ဘေလ်လိုပင် အက်တမ်ဟု မြင်ပုံ ရသည်။ သို့သော် သူမ မြင်သည့် အက်တမ်ပုံစံကတော့ အများ နှင့် ခြားနားလေသည်။ ကျွန်တော်က သစ်ပင်ကြီးကို နှစ်ပိုင်း ပြတ်အောင် ဖြတ်ကာ သစ်တုံး များကို လမ်းဘေးသို့ လိမ့်ချသည်။ ဘီလီက ဘီယာ နောက်တစ်ဘူးနှင့် စာရွက်ပိုင်း တစ်ရွက် ကိုင်ကာ ရောက်လာပြန်သည်။

"ကျေးဇူးပဲ သားရာ"

"သား တစ်ငုံ သောက်လို့ ရလား"

"တစ်ငုံပဲနော်။ ဒါပါနဲ့ ဆို နှစ်ခါ ရှိပြီ။ မနက် ဆယ်နာရီကြီးမှာ အရက်မူးနေဦးမယ်"

"ဆယ်နာရီ လေးဆယ့်ငါး ကျော်ပြီဗျ"

သူက ပြောရင်းဆိုရင်း ရုက်ကိုးရက်ကန်းဖြင့် ဘီယာဘူးထိပ်ကို ပါးစပ်နှင့် တေ့သည်။ သူ ပြောတာ မရယ်ရသော်လည်း ပြန်တော့ ပြုံးပြလိုက်သည်။ ဘီလီက ထိုသို့ ပြောခဲ့သည်ကိုး။ စာရွက်ပိုင်းကို ဖတ်လိုက် တော့ စတာက်ဖီက ‘ရေဒီယိုမှာ

ဂျေဘီကြူလိုင်း ရပြီ' ဟု ရေးထားသည်။ ကျွန်တော်က သူ့အား စာရွက် ပြန်ပေးကာ ဘီယာဘူးကို ယူလိုက်ရင်း

"မြို့ထဲ မသွားခင် မူးမနေနဲ့ ဦး။ နေ့လည်စာ မစားခင် တစ်ခါ ထပ်သောက်လို့ရတယ်။ လမ်းတော့ ဖြောင့်ဖြောင့် သွားနိုင်တယ် မဟုတ်လား။ မေမေ့ကို ပြောလိုက်ဦး။ ဓါတ်အားပေးဌာနက ထရပ်ကား တစ်စီး ဖြတ်သွားတာ တွေ့တယ်။ ဒီကို ရောက်လာလိမ့်မယ်။ မြို့ထဲ သွားဖို့ အဆင်ပြေတယ်လို့"

ဟု မှာ လိုက်သည်။

"ဟုတ်ကဲ့"

"သားလေး"

"ဘာလဲ ဖေဖေ"

"အစစ အရာရာ အဆင်ပြေမှာပါလို့ မေမေ့ကို ပြောလိုက်ကွာ"

သူက ပြုံး၍

"ဟုတ်ပါပြီ" ဟု ဆိုသည်။

သူ့ကိုယ်သူ အရင် ပြောတာလည်း ဖြစ်နိုင်သည်။ ဘီလီက ခုန်ဆွ ခုန်ဆွဖြင့် ပြန်ပြေးသွားသဖြင့် ပေါ်လာသော သူ့ရှူးဖိနပ်ဆိုးပြားကို ကျွန်တော် လိုက်ကြည့်နေမိသည်။ ကျွန်တော် ဘီလီကို ချစ်သည်။ သူ့မျက်နှာလေး၊ တစ်ခါတစ်ရံ သူ့မျက်လုံးများ နှင့် ကျွန်တော့် မျက်လုံးများ ဆုံလျှင် အရာအားလုံး အဆင်ပြေ ချောမွေ့နေသလို အား ရှိစေသည်။ တကယ်တော့ ဘယ်အရာမှ အဆင်မပြေခဲ့သလို ဘယ်တော့မှလည်း မချောမွေ့သဖြင့် ထိုယုံကြည်ချက်မှာ မုသား တစ်ခုသာ ဖြစ်သည်။ သို့သော် သားလေးကြောင့် ထိုမုသားကို ကျွန်တော် ယုံသည်။။။

ကျွန်တော်က ဘီယာ နည်းနည်း သောက်ကာ ကျောက်ဆောင် တစ်ခုပေါ် ဂရုစိုက်၍ တင်ထားလိုက်ပြီး သစ်ပင်ကြီးကို လွှစက်နှင့် ပြန်ဖြတ်သည်။ မိနစ်နှစ်ဆယ်လောက် ကြာတော့ ပခုံးပေါ် လက်တစ်ဖက်ဖြင့် ခ ပ်သာသာ လာပုတ်သောကြောင့် ဘီလီဟု ထင်လိုက်မိသည်။ သို့သော် ဘရန့်နော်တန် ဖြစ်နေသည်။ ကျွန်တော်က လွှစက်ကို စက်သတ်လိုက်သည်။ သူက ပုံမှန် မြင်နေကျ ရုပ်မျိုး မဟုတ်။ သူ့ကို ကြည့်ရတာ ပူအိုက်၍ ပင်ပန်းနေပုံရသည်။ စိတ်ရှုပ်၍ မသက်မသာလည်း ဖြစ်နေသည်။ ကျွန်တော်က"ဟိုင်း ဘရန့်" ဟု နှုတ်ဆက်လိုက်သည်။နောက်ဆုံးဆုံကြစဉ်က သူနှင့် ကျွန်တော် စကားများထားသဖြင့် ဘာဆက်ပြောရမှန်း မသိ။ သူသည် ကျွန်တော့်နောက်ကနေ

မတ်တတ်ရပ်၍ ငါးမိနစ်လောက် ချောင်းဟန့်သံ ပေးခဲ့လိမ့်မည်ဟု ခံစားရသဖြင့် ရယ်ချင်မိသည်။သူ့အသံသည် လှစက်သံအောက်မှာ နစ်မြုပ်သွားခဲ့လိမ့်မည်။ ဒီတစ်နေ့လုံး သူ့ကို စေ့စေ့မျှ မကြည့်ခဲ့။ သူ ပိန်သွားသဖြင့် ကြည့်မကောင်းတော့။ အရင်က အခုထက် ပေါင်နှစ်ဆယ်လောက် ပိုဝသည်။ အခုတော့ ဝ မနေတော့။ ပြီးခဲ့သည့် နိုဝင်ဘာလက သူ့မိန်းမ ကင်ဆာနှင့် ဆုံးသည်။။။

သည်အကြောင်းကို အက်ဂျီဆီက စတက်ဖီ ကြားလာသည်။ အက်ဂျီက ဒီမြို့မှာ သေစာရင်း လိုက်ကောက်သူ။ အိမ်နီးချင်းတိုင်းမှာ အက်ဂျီလိုလူ တစ်ယောက်ကတော့ ရှိမြဲ။ နော်တန်သည် သူ့မိန်းမကို ကျွဲနိုင်နွားနိုင် နိုင်သည်။ အထင်သေးသည်။ သူမ သေသွားသည်ကိုပင် သူ ဝမ်းသာချင် ဝမ်းသာနေလိမ့်မည်။ နွေရာသီတွင် သူ့ထက် အနှစ်နှစ်ဆယ်လောက် ငယ်သည့် မြေးအရွယ် မိန်းကလေး တစ်ယောက်နှင့် လမ်းသလားကာ စပ်ဖြဲဖြဲ ဖြစ်နေမည့် ရုပ်ကြီးကို မြင်ရလိမ့်မည်ဟု ထင်ထားခဲ့သည်။ သို့သော် ယင်းအစား အရေးအကြောင်းများ ထင်ကာ အိုမင်းရင့်ရော်ဟန် ပေါက်လာပြီး ပိန်သွားသဖြင့် ထင်ကြေးလွဲသွားသည်။ လျော့တိလျော့ရဲ တွဲကျနေသော အသားအရေသာလျှင် တစ်ခါက ဝခဲ့ဖူးသည် ဟူသော သက်သေ ဖြစ်နေသည်။ ထိုခဏတွင် သူ့ကို ကျွန်တော့်ဘီယာဘူး ပေး၍ နေကွယ်ရာ လဲကျနေသော သစ်ပင် တစ်ပင်ပေါ် ထိုင် စေကာ ပုံတူဆွဲကြည့်ချင်စိတ် ဖြစ်မိသည်။ သူက ဘာလုပ်ရမှန်း မသိသလို အကြာကြီး နှုတ်ဆိတ်နေပြီးမှ

"ဟိုင်း ဒေးဗစ်" ဟု ပြောသည်။

လှစက်သံ တဖြင်းဖြင်း မရှိ၍ သူ အကြာကြီး အသံတိတ်နေတာ ပိုသိသာသည်။ သူက ပြောမလို မပြောမလို ပါးစပ်မှ လွတ်ခနဲ ထွက်သွားဟန်ဖြင့်

"ဟိုသစ်ပင်ကြောင့်။ အဲဒီ သောက်သစ်ပင်ကြောင့်။ ဆောရီးပဲကွာ။ အရင်တုန်းက ကိစ္စ မင်း မှန်ပါတယ်" ဟု ဆိုသည်။

ကျွန်တော်က ပခုံးတွန့်လိုက်သည်။ သူက

"နောက်တစ်ပင်က ငါ့ကားပေါ် လဲတယ်လေ"

ဟု ပြောသည်။ ကျွန်တော်က

"ကြားရတာ စိတ်မကောင်း..." ဟု ဆိုရင်း စိတ်ထဲမှာ မသင်္ကာလာ သဖြင့်

"နေပါဦး။ အဲဒီကားက မိုးကြိုးငှက်တော့ မဟုတ်ပါဘူးနော်"

ဟု မေးလိုက်သည်။

"ဟုတ်တယ်ဗျာ။ မိုးကြိုးငှက်ပါပဲ"

နော်တနိ့မှာ ၁၉၆၀ ခုနှစ်ထုတ် မိုးကြိုးငှက်အမျိုးအစား မူလလက်ဟောင်း ဖို့ထ်ကား တစ်စီး ရှိသည်။ ကားသည် အတွင်းရော အပြင်ပါ အပြာရင့်။ သူက နွေကျမှ ထုတ်စီးတတ်သလို စီးလည်း စီးခဲ့သည်။ တချို့သူတွေ လျှပ်စစ်ရထား၊ ပစ္စတို၊ သင်္ဘောတို့ ကို အရူးအမူး နှစ်သက်သလို ထိုကားကို သူ သိပ်မြတ်နိုးသည်။ ကျွန်တော်က"ဟာဗျာ။ ဖြစ်မှ ဖြစ်ရလေ" ဟု ဆိုမိသည်။ သူက ဖြည်းညင်းစွာ ခေါင်းခါ၍

"ကျုပ် သတိလေး တစ်ချက် လွတ်သွားတာ။ ကားကို လွတ်ရာထားမလို့လည်း ကြည့်လိုက်ရော...။ သိတယ် မဟုတ်လား။ ဟိုဝက်သစ်ချပင်အိုကြီး ပိနေပြီ။ ကားခေါင်မိုးဆို အထဲတောင် ကျုံ့ဝင်နေတယ်။ ဒါနဲ့ အပ င်ကို ဖြတ်မပဲ့ဆိုပြီး လုပ်တော့ လွှစက်က နိုးမရဘူး။ အဲဒီ သောက်လွှစက်ကို ဒေါ်လာ နှစ်ရာတောင် ပေးဝယ်ထားရတာ။ ပြီးတော့..." ဟု ပြောရင်း သလိပ်ဟပ်သည်။

သူ့ပါးစပ် ဝါးနေသည် ကို ကြည့်ရင်း သွားတောင် ရှိသေးရဲ့လား မသိဟု တွေးမိသည်။ မသိလျှင် ကလေးလို မြေကြီးပေါ် ခြေဆောင့်ကာ အော်ငိုတော့မည့်ပုံ။ ထို့နောက် သူ့ကိုယ်သူ ထိန်းလို့ ရသွားဟန်ဖြင့် ပခုံး တွန့်ကာ ကျွန်တော် ခုတ်ဖြတ်ထားသော သစ်တုံးများကို ကြည့်သလိုမျိုး ဟိုလှည့်သည်လှည့် လုပ်နေသည်။ ကျွန်တော်က

"ကဲပါ ခင်ဗျား လွှစက်ကို ကြည့်ရအောင်။ ကားကို အာမခံ မထား ဘူးလားဗျ"

ဟု မေးလိုက်သည်။

"ထားပါတယ်။ ခင်ဗျား လေ့အိမ်လိုပေါ့"

သူ့အပြောကြောင့် အာမခံထားသည့် ကိစ္စနှင့် ပတ်သက်၍ စတက်ဖို့ စကားကို ဒုတိယမ္ပိ သတိရသွားသည်။

"ဒီမယ် ဒေးဗစ်။ ခင်ဗျားကား ကျုပ်ကို ခဏငှားမယ်ဆို သိပ်ကောင်းမှာပဲ။ မြို့ထဲ အမြန်သွားပြီး ပေါင်မုန့်တို့၊ ဘီယာတို့ ဝယ်မလားလို့။ ဘီယာတွေ အများကြီး ဝယ်မယ်"

"ဘီလီနဲ့ ကျွန်တော် သွားမလို့ ပြင်နေတာ။ ခင်ဗျား လိုက်ချင် လိုက်ခဲ့လေ။ ဒီသစ်ပင်က ဖြတ်ထားတာတွေ ကို ဟိုဘက်ခြမ်းက ကူပြီး ဆွဲချပေးပါလား"

"လုပ်ပေးရမှာ ပေါ့ကွာ"

သူက သစ်တုံး တစ်တုံးကို မသော်လည်း သိပ်ကြွမလာချေ။ ကျွန်တော်ကသာ အများဆုံး လိုက်လုပ်ရသည်။ နှစ်ယောက်အားနှင့် ဖြစ်၍ ချုံပုတ်အောက် ရောက်အောင် လိမ့်ပစ်လိုက်နိုင်သည်။ နော်တန် မောလာပြီး ဟောဟဲ ဟောဟဲနှင့် လေများ မှုတ်ထုတ်ကာ ပါးနှစ်ဖက်လုံး ခရမ်းရောင် သန်းလာသည်။ လွှစက်၏ စတက်တာအား သူ အားဖြင့် ဆွဲနေသည် ကို ကြည့်ရင်း သူ့နှလုံးအခြေအနေကို အနည်းငယ် စိုးရိမ်မိသည်။ ကျွန်တော်က

"ရရဲ့ လား"

ဟု မေးတော့ သူ ခေါင်းညိတ်ပြသည်။ ကျွန်တော်က

"လာဗျာ။ အိမ်ထဲ လိုက်ခဲ့။ ကျွန်တော် ဘီယာ တိုက်ပါ့မယ်"

ဟု ပြောတော့"ကျေးဇူးပဲဗျာ။ စတက်ဖီရော နေကောင်းရဲ့ လား"

ဟု မေးသည်။သူ့လေသံက အရင်လို ကျွန်တော် မကြိုက်သော ဟိတ်ဟန်များ သည့် ပုံစံမျိုး ဖြစ်လာသည်။

"ကောင်းတာပေါ့။ ကျေးဇူးပဲ"

"သားလေးရော"

"သူလည်း ကောင်းပါတယ်"

"ဒီလို ကြားရတာ ဝမ်းသာပါတယ်"

မီးဖိုချောင်ထဲသို့ စတက်ဖီ ရောက်လာတော့ ကျွန်တော်နှင့် ပါလာသူကို ကြည့်ပြီး တခဏမျှ အံ့အားသင့်သွားသည့် အရိပ်အယောင် သူမမျက်နှာမှာ ဖြတ်ပြေးသွားသည်။ နော်တန်က ပြုံးပြသည်။ သူ့မျက်လုံးများ က သူမ၏ တင်းရင်းနေသော တီရှပ်အင်္ကျီပေါ်မှာ။ သူ့စရိုက်က သိပ်ပြောင်းမသွားသေးဘူးပဲ။ သူမက သတိထား၍

"ဟဲလို ဘရန့်" ဟု ပြောသည်။

သူမလက်မောင်းအောက်မှ နေ၍ ဘီလီက ခေါင်းနှင့် တိုးဝှေ့ကာ ကြည့်တော့ နော်တန်က

"ဟဲလို စတက်ဖီ။ ဟိုင်း ဘီလီ"

ဟု နှုတ်ဆက်သည်။ ကျွန်တော်က

"ဘရန့်ရဲ့ ဖို့ထ်ကားတော့ မုန်တိုင်းကြောင့် အတော်လေး ပျက်စီးသွားတယ်။ ကားခေါင်မိုးတောင် ကျွံသွားသတဲ့" ဟု ပြောပြလိုက်သည်။

"ဟယ် နှမြောစရာ"

နော်တန်က ဘီယာ တစ်ဘူး ယူသောက်ရင်း ထိုအကြောင်းကို ထပ်ပြောပြသည်။ ကျွန်တော်က တတိယမြောက် ဘီယာဘူးကို တစ်ငုံ သောက်သည်။ သောက်ထားသမျှ ဘီယာများက ထွက်သမျှ ချွေးတို့ နှင့် ပါသွားရော့ထင့်။ မမူးချေ။ ကျွန်တော်က

"ဘီလီနဲ့ ကိုယ် မြို့ထဲ သွားမှာ သူပါ လိုက်မလို့လေ" ဟု ပြောတော့ သူက

"နော်ဝေးက ဆိုင်အထိတောင် သွားချင် သွားရမှာ နော်။ မြန်မြန် ပြန်လို့ ရချင်မှ ရမှာ" ဟု ပြောသည်။

"ဩော် ဟုတ်လား..."

"အင်းလေ...။ ဘရင်တန်မြို့မှာ မီးပြတ်နေရင် ဘယ်လိုလုပ်မလဲ" ဘီလီက

"ငွေသိမ်းစက်တို့ ဘာတို့ က မီးရှိမှ အလုပ်လုပ်တာဆို" ဟု ဝင်ပြောသည်။

ဘီလီပြောတာ မှန်သည်။

"ရှင့်မှာ စာရင်းစာရွက် ရှိသေးလား"

ကျွန်တော်က တင်ပါးအောက်မှ ဘောင်းဘီအိတ်ကို စမ်းကြည့်သည်။ စတက်ဖီက နော်တန့်ကို ကြည့်ကာ

"ကာလဲ့အတွက် ကျွန်မတို့ အားလုံး စိတ်မကောင်းပါဘူး ဘရန့်" ဟု ပြောသည်။

"ရပါတယ်။ ကျေးဇူး အများကြီး တင်ပါတယ်ဗျာ"

အားလုံး ဘာပြောရမှန်း မသိ တိတ်ဆိတ်သွားစဉ် ဘီလီက

"သားတို့ အခု သွားလို့ ရပြီလား ဖေဖေ" ဟု ပြောလိုက်သည်။ သူက ဂျင်းဘောင်းဘီနှင့် စနစ်ကာရှူးဖိနပ်တောင် လဲပြီးချေပြီ။

"ရပြီ ထင်တာပဲ။ ခင်ဗျားရော အဆင်သင့်ပဲလား ဘရန့်"

"လမ်းမှာ သောက်ဖို့ ဘီယာလေး တစ်ဘူးလောက် ပေးလိုက်ပါလား”

စတက်ဖီ မျက်မှောင်ကျုံ့သွားသည်။ သူမက ခရီးသွားရင်း သောက်တာ စားတာ မကြိုက်ချေ။ ကျွန်တော်က သူမကို ခေါင်းတစ်ချက် ဆတ်ပြတော့ ပခုံးသာ ပြန်တွန့်ပြသည်။ ကျွန်တော်လည်း နော်တန့်ကို ရှည်ရှည်ဝေးဝေး ရှင်းပြမနေချင်ပေ။ သူမက နော်တန့်ကို ဘီယာ တစ်ဘူး ပေးလိုက်သည်။ သူက စတက်ဖီ့အား "ကျေးဇူးပဲ" ဟု ပြောလိုက်သော်လည်း စားသောက်ဆိုင်မှ စားပွဲထိုး ကို ပြောသလိုမျိုး စိတ်ထဲက မပါဘဲ နှုတ်ဖျားကသာ ဝတ်ကျေတန်းကျေ ပြောခြင်း ဖြစ်သည်။ သူက ကျွန်တော့်ဘက် လှည့်ကာ

“သွားနှင့် မယ်နော်" ဟု ပြောသည်။

“ကောင်းပါပြီ။ ကျွန်တော် လိုက်လာခဲ့ပါ့မယ်"

ကျွန်တော်က ပြောပြောဆိုဆို ဧည့်ခန်းထဲ ထသွားတော့ နော်တန်က ကားပေါ်ပိနေသည့် ဘုဇပတ်ပင်ကြီးအကြောင်း ပြောရင်း အနောက်က လိုက်လာသည်။ သူပြောတာ ကျွန်တော် စိတ်မဝင်စား။

ကျွန်တော်က လျှော့တိုက်မှန်တံခါးမှ လှမ်းမြင်နေရသည့် ရေကန်ကို ကြည့်မိသည်။ ကျွန်တော် သစ်ပင်ကို လှီးဖြတ်နေစဉ်က လေညင်း တိုက်ခတ် လာပြီး ရာသီဥတုကလည်း ပူနွေးလာတာ ခံစားခဲ့ရသည်။ ခုန က သတိထားမိသော ပုံမှန်မဟုတ်သည့် မြူထုကို ကွဲထွက်ပျောက်ကွယ်သွားမည်ဟု ထင်ခဲ့သော်လည်း ၎င်းက အခုထိ ရှိနေသေးသည်။ ကျွန်တော်တို့ဆီ ပို၍လည်း နီးကပ်လာသည်။ ယခုမူ မြူထုသည် ရေကန် တစ်ဝက်လောက် ရောက်နေပြီ။ နော်တန်က ဆရာကြီး လေသံဖြင့်

“ဟိုမြူတွေကို ခုနကတည်းက ကျုပ် သတိထားမိတာ။ ကျုပ်အထင် အပူချိန် ပြောင်းလဲလို့ ဖြစ်တာမျိုးပဲ" ဟု ဆိုသည်။

ကျွန်တော်က ထိုမြူထုကို သဘောမကျ။ သည်လိုမျိုး တစ်ခါမှ မမြင်ဖူးမှန်း စိတ်ထဲမှာ ခိုင်မာစွာ သိနေသည်။ ထိုမြူထု ဖြစ်ပေါ်လာပုံက ဆန်းနေသဖြင့် သဘာဝတရားကြောင့် ဖြစ်လာသည့် ပုံစံ မဟုတ်ဟု ထင် သည်။ လူသားများ သည် သဘာဝတရားကို ယှဉ်ပြိုင်ရန် တစ်ခုခုကို တီထွင်လေ့ရှိသည်။ ဤမြူထုသည် လူသားတို့ တီထွင်ထားသည့် အရာ တစ်ခုများလား။ မြူထုသည် ဖြူလွလွလည်း မဟုတ်၊ ရေမှုန်ရေမွှားများ လ ည်း ရှိနေပုံ မပေါ်ချေ။ ရေကန်နှင့် ကောင်းကင်ကြားရှိ ပြာလွင်မှုထက်ပင် ၎င်း၏ အဖြူရောင်က ထင်းနေသည်။ ဘီလီက ကျွန်တော့်ဘောင်းဘီ စကို ဆွဲကာ

“လာလေ ဖေဖေ" ဟု ပြောသည်။

ကျွန်တော်တို့ မီးဖိုချောင်ထဲ ပြန်ဝင်ကြသည်။ နော်တန်က ညှော်ခန်းထဲ လဲကျနေသော သစ်ပင်ကြီးကို တစ်ချက် လှမ်းကြည့်သည်။ ဘီလီက

"ပန်းသီးပင် မဟုတ်တာ နာတာပဲ နော်" ဟု မှတ်ချက်ချရင်း

"အဲဒါ မေမေ ပြောတာ သိလား။ ရယ်ရတယ်နော်" ဟု ပြောသည်။ နော်တန်က

"မင်းအမေက ပေါက်ပေါက်ရှာရှာ ပြောတတ်တယ်နော်"

ဟုပြောရင်း ဘီလီဆံပင်ကို ဖွကာ စတက်ဖ့် တီရှပ်ကို ထပ်ကြည့်ပြန်သည်။

နော်တန်သည် ကျွန်တော် ကြည့်လို့ မရသည့် လူစားမျိုးမှန်း ပိုသေချာလာသည်။ ကျွန်တော်က အကြောင်းပြချက် မယ်မယ်ရရ မရှိသော်လည်း ရုတ်တရက် သူမကိုပါ ပါလာစေချင်သဖြင့်

"ကိုယ်တို့နဲ့ လိုက်ခဲ့ပါလား စတက်ဖီ" ဟု မေးလိုက်သည်။

"ဟင့်အင်း။ ဒီမှာပဲ နေခဲ့ပြီး ခြံထဲက ပေါင်းပင်တွေ ရှင်းမလားလို့ "

သူမမျက်လုံးက နော်တန့်ဆီ ရွေ့သွားကာ ကျွန်တော့်ဆီ ပြန်ကြည့်ရင်း

"မလိုက်တော့ပါဘူး" ဟု ပြောသည်။

"သေချာတယ်နော်"

"သေချာပါတယ်။ ကုန်းလိုက် ကွလိုက်နဲ့ ဆိုတော့ လေ့ကျင့်ခန်း လုပ်ပြီးသား ဖြစ်တာပေါ့"

"ဒါဆိုလည်း ပြီးရော။ နေပူထဲ သိပ်မထွက်နဲ့"

"ဦးထုပ် ဆောင်းထားမှာပါ။ ပြန်လာရင် စားဖို့ အသားညှပ်မုန့်တွေ လုပ်ထားလိုက်မယ်"

"ကောင်းတာပေါ့"

ကျွန်တော်က သူမကို နှုတ်ဆက်သလိုမျိုး နမ်းတော့

"သတိထားသွားနော်။ ကန်းဆတ်လမ်းမပေါ်မှာလည်း သစ်ပင်တွေ လဲနေတာ ရှိချင် ရှိမှာ။ သိတယ်မလား"

ဟု ပြောသည်။

"ကိုယ် သတိထားမှာ ပါ"

သူမက ဘီလီပါးကို နမ်း၍

"သားလည်း သတိထားသွားနော်"

ဟု ပြောသည်။ သူက

"ဟုတ်ကဲ့ပါ မေမေ"

ဟု ပြောကာ တံခါးကို ဒိုင်းခနဲ ဖွင့်၍ ပြေးထွက်သွားသည်။

နော်တန်နှင့် ကျွန်တော်က သူ့နောက်မှ လိုက်လာရင်း မြို့ထဲမှ အထွက်နောက်ကျအောင် အချိန်ဆွဲရန် ရုတ်တရက် စဉ်းစားမိသည်။ ကျွန်တော်က

"ခင်ဗျားခြံထဲက ကားပေါ်ပိနေတဲ့ သစ်ပင်ကို သွားဖြတ်ကြဦးမလား"

ဟု မေးလိုက်သည်။ နော်တန်က ဘီယာဘူးကို မြှောက်ကာ

"ကျုပ်ဖြင့် လှည့်တောင် မကြည့်ချင်ဘူး။ နေ့လည်စာ စားပြီးမှလုပ်ကြတာပေါ့။ ပျက်တာက ပျက်ပြီးသွားပြီပဲ ကိုယ့်လူရာ" ဟု ပြောသည်။

သူ ကျွန်တော့်အား 'ကိုယ့်လူ' ဟု ခေါ်တာကို မကြိုက်ချေ။ ကျွန်တော်တို့ အားလုံး ကားထဲ ဝင်ထိုင်လိုက်ကြသည်။ ကားကို နောက်ဆုတ်လိုက်ရာ သစ်ကိုင်းလေးများကို တက်ကြိတ်မိသံ ဂျိုးဂျိုးဂျွတ်ဂျွတ် ထွက်လာသည်။ စတက်ဖီက သံမံတလင်းလမ်းပေါ် မတ်တတ်ရပ်ကာ အိမ်အနောက်ဘက်ရှိ အသီးအနှံစိုက်ခင်းကို မျက်နှာမူထားသည်။ လက်အိတ် စွပ်ထားသော လက်တစ်ဖက်က ပန်းညှပ်ကတ်ကြေး တစ်လက်နှင့် အခြားလက်တစ်ဖက်မှာ မြေတူးဆွတံ တစ်ချောင်း ကိုင်ထားသည်။ ခေါင်းမှာတော့ နေကာဦးထုပ်ပျော့ ဆောင်းထားသဖြင့် သူမမျက်နှာပေါ် အရိပ်ကျနေသည်။ ကျွန်တော်က ဟွန်းနှစ်ချက် တီးလို က်တော့ သူမက ကတ်ကြေးကိုင်ထားသည့် လက်ကို မြှောက်ပြသည်။ ကျွန်တော်တို့ က ကားထဲမှ လက်ထုတ်၍ တဲ့တာပြသည်။ ကျွန်တော့်ဇနီးကို ထိုအချိန်မှ စ၍ တစ်သက်လုံး မမြင်ရတော့ချေ။

ကန်းဆတ်လမ်းမပေါ်မှာ တင် ခါတ်အားပေး ထရပ်ကားများ ဖြတ် လာသဖြင့် ကားခဏ ရပ်ပေးရသည်။ လမ်းမပေါ် ဝက်သစ်ချပင်ကြီး တစ်ပင် ကန့်လန့်ဖြတ် လဲနေသဖြင့် နော်တန်နှင့် ကျွန်တော် ကားထဲမှ ထွက်ကာ ရွှေ့ရသည်။ ဘီလီက ကူညီချင်သော်လည်း မျက်လုံးတို့ ဘာတို့ကို သစ်ကိုင်းနှင့် ထိုးမိမည်စိုး၍ မလာရန် လက်ပြတားရသည်။ သစ်ပင်အိုကြီးများကို တွေ့တိုင်း တော်လ်ကီယန်း၏ မှော်လက်စွပ်ရှင် ဇာတ်လမ်းထဲမှ ဆိုးရွားသော ရောမ သက်ရှိသစ်ပင်ကြီးများကို

သွားသတိရမိသည်။ သစ်ပင်အိုကြီးများက သိပ်ဒုက္ခ ပေးတတ်သည်။ ဖြစ်နိုင်လျှင် လူကိုတောင် သတ်ပစ်ချင်ကြမည်လား မသိ။

ကန်းဆတ်လမ်းမသည် သူ့နဂိုအတိုင်းဆိုလျှင် လမ်းရှင်းသည်။ အခုတော့ နေရာအတော်များများမှာ ဓါတ်တိုင်များ လဲကျနေသည် ကို မြင်ရသည်။ မီတာလေးရာခန့် သွားမိသောအခါ တောလည်ထွက်သူများ တဲ ထိုးစခန်းချ နားတတ်ကြသည့် ဗစ်ကီလင်း မြေကွက်လပ်ကို ရောက်လာသည်။ ထိုနေရာတွင် ဓါတ်တိုင် တစ်တိုင်လုံး မြောင်းထဲ နစ်နေသည်။ တိုင်ထိပ်မှ ဝါယာကြိုးများ ရှုပ်ထွေးရစ်ခွေနေပုံက ရှုပ်ပွနေသည့် ဆံပင် ထွေးကြီးနှယ်။ နော်တန်က နာပျော်ဖွယ် ဖြစ်အောင် တမင်လေ့ကျင့်ထားသည့် လေသံမျိုးဖြင့်

"တော်တော် ဒုက္ခပေးတဲ့ မုန်တိုင်းပဲ"

ဟု ပြောသည်။ ဒီတစ်ခါတော့ ဆရာကြီးလေသံ မဟုတ်တော့ဘဲ အတည်ပြောခြင်း ဖြစ်သည်။

"ဟုတ်ပါရဲ့ ဗျာ"

"ဟိုမှာ ကြည့်စမ်း ဖေဖေ"

ဘီလီ လက်ညှိုးထိုးပြသည့် နေရာက တော်မီအီလစ်ချ်၏ ကုန်သိုလှောင်ရုံ ဖြစ်သည်။ လွန်ခဲ့သော ဆယ့်နှစ်နှစ်ကတည်းကပင် ကုန်သိုလှောင်ရုံ၏ ပုံစံက အနောက်ဘက်ရှိ နေကြာခင်းထဲ ပြိုကျတော့မည်ဟန် လျော့တိလျော့ရဲ။ ၎င်းပုံကို ကြည့်ရင်း ဆောင်းဦးပေါက်တိုင်း ဆောင်းတွင်းထိ ခံပါ့မလားဟု အတွေးဝင်မိသော်လည်း နွေဦးရောက်သည် အထိ အရာမယွင်းချေ။ အခုတော့ ထိုသို့ မဟုတ်တော့။ ထိုနေရာတွင် အပျက်အစီးများသာ ပြန့်ကျဲနေသည်။ ခေါင်မိုးက တစ်စီ ဖြစ်နေသည်။ မုန်တိုင်းက ကုန်သိုလှောင်ရုံကို စိစိညက်ညက် ပြားသွားအောင် ထုနှက်ခဲ့ ချေပြီ။ ၎င်းကို ကြည့်ရင်း နိမိတ်မကောင်းသလိုလို စိတ်ထဲမှာ ထင့်သွားမိသည်။

နော်တန်က ဘီယာကို တစ်ရှိန်ထိုး မော့ကာ လက်ဖြင့် ညှစ်ချေပြီး မြေကွက်လပ်ပေါ် ပစ်ချလိုက်သည်။ ထိုအခြင်းအရာကို တွေ့သွားသော ဘီလီက တစ်ခုခု ပြောရန် ပါးစပ်ဟလိုက်ပြီးမှ ပြန်ပိတ်သွားသည်။ တော်လိုက်တဲ့ ကလေး။ နော်တန် လာခဲ့သော နယူးဂျာစီပြည်နယ်တွင် ပုလင်းခွံ၊ ဘူးခွံနှင့် ပတ်သက်၍ ဟိုနား မပစ်ရ၊ သည်နား မချရ ဥပဒေ မရှိချေ။

ဘီလီက ရေဒီယိုကို စကလိသည်။ ကျွန်တော်က ဝိုဗိုလိုင်း ပြန်ဖမ်းလို့ ရပြီလားဟု မေးတော့ အက်ဖ်အမ်လိုင်နံပါတ် ၉၂ ကို လှမ်းချိန်သည်။ သို့သော်

ဘာသံမှ ထွက်မလာ။ သူက ကျွန်တော့်ကို ကြည့်ကာ ပခုံးတွန့်ပြသည်။ ဟိုထူးထူးဆန်းဆန်း မြူထုရောက်လာတဲ့ ဘက်ခြမ်းမှာ ဘယ်ရေဒီယိုဌာနတွေ ရှိပါလိမ့်ဟု ကျွန်တော် စဉ်းစားကြည့်သည်။ မိန်းပြည်နယ်၏ ရေဒီယိုလိုင်း ဒဗလျူဘီအယ်လ်အမ်က လိုင်းနံပါတ် ၁၀၂.၉ ပဲ။

"လိုင်းနံပါတ် ၁၀၂.၉ ကို စမ်းကြည့်" ဟု ပြောလိုက်သည်။

ဘီလီက အက်ဖ်အမ်လိုင်းနံပါတ် ၉၇.၉ နှင့် ၉၇.၅ တို့ ကို ကျော်ကာ ၁၀၂.၉ ရောက်အောင် ချိန်သည်။ အက်ဖ်အမ်လိုင်းများကို ကျော်နေစဉ် ပုံမှန်လွှင့်နေကျ အသံများ ထွက်လာသော်လည်း ၁၀၂.၉ ကျတော့ ဘာ သံမှ ထွက်မလာတော့။ ကျွန်တော်က

"ရယ်စရာပဲ" ဟု ပြောတော့ နော်တန်က

"ဘာဖြစ်လို့ လဲ" ဟု မေးသည်။

"ဘာမှ မဟုတ်ပါဘူး။ ဒီလိုပဲ တွေးမိလို့"

ဘီလီက သီချင်းများ လာနေသော အက်ဖ်အမ် ၉၇.၉ ကို ဖွင့်ထားလိုက်သည်။ မြို့ဆီ ရောက်တော့မည်။

ဈေးဝယ်စင်တာထဲမှ ကိုယ်တိုင်ဝန်ဆောင်မှု အဝတ်လျှော်စက်များ ကို ပိတ်ထားသည်။ မီးမလာဘဲ အဝတ်လျှော်စက်များကို ဖွင့်၍မှ မရဘဲ။ ဆေးဆိုင်နှင့် အခြေခံ စားသောက်ကုန်များ ရောင်းချသည့် စူပါမား ကတ်တော့ ဖွင့်သည်။ ကားပါကင်ထိုးသည့် နေရာက ပြည့်ကျပ်နေသည်။ ယောကျ်ားအချင်းချင်း၊ မိန်းမ အချင်းချင်း နေပူထဲ၌ ဟိုတစ်စု သည် တစ်စုဖြင့် မုန်တိုင်းအကြောင်း စားမြုံ့ပြန်နေကြသည်။

မစ္စက် ကာမိုဒီကိုလည်း တွေ့သည်။ သူမက အဝါရောင် အင်္ကျီဘောင်းဘီဆင်တူနှင့် ဆမ်ဆိုနိုက်တံဆိပ် လက်ဆွဲသေတ္တာ ဆိုဒ်သေးခန့် ပိုက်ဆံအိတ်ကြီး တစ်လုံးကို လက်ဖျံမှာ ချိတ်လျက် စူပါမားကတ်ထဲ ဝင်သွားသည်။ ယာမဟာဆိုင်ကယ်နှင့် သောက်ရူးတစ်ကောင်က ကျွန်တော့်ဘေးမှ ဝေါခနဲ ဖြတ်သွားရာ ကားရှေ့ဖုံးကို အနည်းငယ် ခြစ်မိသွားသည်။ ထိုသူက ဂျင်းဂျာကင် ဝတ်ကာ ရောင်ပြန်နေကာမျက်မှန် တပ်ထားသော်လည်း ခေါင်းဆောင်းတော့ မပါချေ။ နော်တန်က

"ဟိုသောက်ရူးကို ကြည့်စမ်းပါဦးကွာ" ဟု အကျယ်ကြီး ထပြောသည်။

ကျွန်တော်က ကားပါကင်ကို တစ်ပတ်လှည့်မောင်းကာ နေရာ

လိုက်ရှာသည်။ ဘယ်နေရာမှ မတွေ့။ ထိုစဉ် ဆိုင်တံခါးပေါက်နှင့် အနီးဆုံးရှိ သံပုရာစိမ်းရောင် ကာဒီလက် တစ်စီး ထွက်သွားသဖြင့် ထိုနေရာသို့ ထိုး ဝင်လိုက်သည်။ ကျွန်တော်က ဘီလီကို စတက်ဖီ၏ ဈေးဝယ်စာရင်းစာရွက် ပေးလိုက်သည်။ သူက ငါးနှစ်သာ ရှိသေးသော်လည်း စာဖတ်တတ်နေပြီ။

"ပစ္စည်းတင်လှည်း တစ်စီး သွားယူပြီး စဝယ်ပေတော့။ ဦးဦး နော်တန်က သားကို လိုက်ကူပေးလိမ့်မယ်။ ဖေဖေတို့ ဒီဆိုင်ကို ရောက်တဲ့ အကြောင်း မေမေ့ဆီ လှမ်းဖုန်းဆက်မလို့။ ပြီးတာနဲ့ ဖေဖေ လိုက်လာခဲ့မယ်"

ကျွန်တော်တို့ ကားထဲက ထွက်လာသောအခါ ဘီလီက နော်တန့်လက်ကို လှမ်းဆွဲသည်။ ကားပါကင် ဖြတ်ကူးသည့် အခါ လူကြီးလက်ကို ကိုင်ထားဖို့ ငယ်ငယ်တုန်းက သူ့ကို သင်ထားရာ အခုထိ အကျင့်ပါနေသည်။ နော်တန်က တခဏမျှ အံ့အားသင့်သွားပြီး ခပ်ဖွဖွပြုံးသည်။ စတက်ဖီကို ကြည့်သော နော်တန်၏ မျက်လုံးများ နှင့် ပတ်သက်၍ ကျွန်တော် ခွင့်လွှတ်မိတော့မလိုလို။ နော်တန်နှင့် ဘီလီ ဆိုင်ထဲ ဝင်သွားသည်။

ဆေးဆိုင်နှင့် အဝတ်လျှော်ဆိုင်တန်းအကြား နံရံမှ အကြွေစေ့ထည့်ပြောရသော တယ်လီဖုန်းရုံဆီ ကျွန်တော် လမ်းလျှောက်လာသည်။ ခရမ်းရောင်ဝတ်စုံနှင့် ချွေးပြန်နေသော မိန်းမတစ်ယောက် က ဖုန်းခလုတ်များကို အပေါ်နှိပ်လိုက်၊ အောက်နှိပ်လိုက် လုပ်နေသည်။ ကျွန်တော်က အင်္ကျီအိတ်ကပ်ထဲ လက်နှိုက်ကာ သူမအနောက်မှာ ရပ်လိုက်သည်။ ထိုခဏတွင် စတက်ဖီ အိမ်မှာ ကျန်ခဲ့သည် ကို စိတ်ထဲမှာ တစ်မျိုးကြီး ခံစားရသည်။ ဖြူသော်လည်း အခိုးအငွေ့ မထွက်သည့် မြူထု၊ မြားခေါင်းပရောဂျက်၊ အသံမလွှင့်တော့သည့် ရေဒီယိုဌာနများ စသည် တို့ ကြောင့် ဖြစ်မည်။

ခရမ်းရောင် မိန်းမ၏ ပခုံးသား ပြည့်ပြည့်ဖောင်းဖောင်းကြီးများ၌ နေလောင်ကွက်နှင့် တင်းတိပ်များ ရှိသည်။ သူမက ဖုန်းကို ခွက်ထဲ ဂွပ်ခနဲ ချကာ လှည့်ထွက်ရာ ကျွန်တော့်ကို မြင်သွားသည်။ သူမက

"အကြွေစေ့တွေ သက်သက်မဲ့ မဖြုန်းမိစေနဲ့ ဟေ့။ တူတူ တူတူ ပဲ မြည်နေတာ" ဟု ပြောကာ စိတ်ဆိုးမာန်ဆိုးဖြင့် ထွက်သွားသည်။

ကျွန်တော် ကိုယ့်နဖူးကို ပြန်ရိုက်မိသည်။ ဟုတ်သားပဲ။ တစ်နေရာရာမှာ ဖုန်းလိုင်းတွေ ပြတ်နေမှာပဲ။ ဖုန်းလိုင်းများကို မြေအောက်မှာ ထားလေ့ရှိသည် ဆိုသော်လည်း အလုံးစုံမှ မဟုတ်ဘဲ။ သို့သော် ဘာပဲဖြစ်ဖြစ် ဖုန်းဆက်ကြည့်ဖို့ ကြိုးစားလိုက်သည်။ စတက်ဖီက သည်နေရာ မှ အကြွေစေ့ဖုန်းများကို သံသယဖုန်းများ ဟု ခေါ်သည်။ သည်လို ခေါ်ရတာလည်း အကြောင်းရှိသည်။ အကြွေစေ့ထည့်လိုက်လျှင် တစ်ဖက် သို့ ဖုန်းဝင်နေသည့် အသံကို ကြားရမည်။

တစ်ဖက်လူက ဖုန်းကောက်ကိုင်လိုက်လျှင် သည် ဘက်က အလိုအလျောက် ပြတ်ကျသွားသည်။ တစ်ဖက်လူ ဖုန်းမချခင် နောက်အကြွေစေ့ကို ထည့်မှ ဆက်ပြောလို့ ရသည်။ ဤနည်းဖြင့် ဖုန်းဆက်ရခြင်းက ကသိကအောက် နိုင်သည်။ တမင် ဖုန်းလှမ်းခေါ်နေသလို သံသယဝင်နိုင်သောကြောင့် စတက်ဖီက ထိုသို့ အမည်ပေးထားခြင်း ဖြစ်သည်။ သို့သော် ထိုနေ့က ကျွန်တော် အကြွေစေ့ များစွာ မကုန်ခဲ့ချေ။ စတက်ဖို့ဆီ ဖုန်းဝင်သည့် အသံပင် မကြားရ။ ဟိုမိန်းမ ပြောသလို တူတူ တူတူဟု သာ မြည်နေသည်။

ကျွန်တော် ဖုန်းချကာ ဆိုင်ဘက်သို့ လမ်းပြန်လျှောက်သည်။ ထိုစဉ် ရယ်စရာ အဖြစ်လေးတစ်ခုနှင့် သွားတိုးသည်။ အဘိုးကြီး အဘွားကြီး စုံတွဲတစ်တွဲသည် စကားတပြောပြောနှင့် တံခါးပေါက်ဆီ လမ်းလျှော က်ဝင်လာစဉ် အဘွားကြီးက ပုံမှန်အတိုင်း တံခါးပွင့်လာမည်အထင်နှင့် ရှေ့တိုးလိုက်ရာ တံခါးနှင့် တိုက်မိ၍ အမလေးတော့်ဟု ထအော်သည်။ ထို့နောက် တစ်ယောက်ကို တစ်ယောက် ကြည့်ရင်း ရယ်ကြသည်။ အ ဘိုးကြီးက သူ့မိန်းမ ဝင်လို့ ရအောင် တွန်းထားပေးတော့မှ နှစ်ယောက်စလုံး အထဲ ရောက်သွားသည်။

ကျွန်တော်လည်း တံခါးကို ကိုယ့်ဘာသာ တွန်းဖွင့်ဝင်လိုက်သောအခါ လေအေးပေးစက် အရသာကို မခံစားရတော့မှန်း ဦးစွာ သတိထားမိ လိုက်သည်။ ထုံးစံအတိုင်းဆိုလျှင် နွေရာသီပင် ဖြစ်လင့်ကစား ဆိုင်ထဲတွင် တစ်နာရီထက် ပိုကြာအောင် နေမိလျှင် ချမ်းစိမ့်စိမ့် ဖြစ်လာတတ်သည်။ ဝင်ပေါက်နောက်တွင် အသီးအနှံများ နှင့် ဟင်းသီးဟင်းရွက်တန်း ရှိသော်လည်း နော်တန်ရော ဘီလီကိုပါ မတွေ့ရ။ ခုနက အဘွားကြီး က စပျစ်သီးများကို သေချာကိုင်ကြည့်နေကာ အဘိုးကြီးက အိတ်တစ် လုံးနှင့် ဝယ်စရာရှိသည် များကို လိုက်ထည့်နေသည်။

ကျွန်တော်က ဘယ်ဘက်ကို ကွေ့လိုက်တော့ ပစ္စည်းတန်း သုံးခုမြောက်ရှိ ဂျယ်လီထုပ်နှင့် ပူတင်းများကို ရပ်ကြည့်ကာ စဉ်းစားနေ ပုံရသော ဘီလီကို တွေ့ရသည်။ နော်တန်က သူ့နောက်တည့်တည့်မှာ ရပ်ကာ စတက်ဖို့ စာရင်းစာရွက်ကို သေချာဖတ်နေသည်။ ဝေခွဲမရ ဖြစ်နေသော နော်တန့်အသွင်ကြောင့် ကျွန်တော် ပြုံးစိစိ ဖြစ်သွားသည်။ နော်တန်က စင်ထိပ်ပေါ်မှ မုန့်နှစ်ဘူးကို ယူ၍ လက်တွန်းလှည်းထဲ ထည့်လိုက်သည်။ ကျွန်တော်က သူတို့ဆီ လျှောက်သွားကာ

“ကဲ ဘယ်လိုလဲ" ဟု မေးလိုက်တော့ နော်တန်က စိတ်သက်သာရာရ သွားဟန်ဖြင့်

“အဆင်ပြေပါတယ်။ မဟုတ်ဘူး လား ဘီလီရာ" ဟု ပြောသည်။ ဘီလီက

“ပြေတယ်။ တစ်ခုပဲ။ ဦးဦး နော်တန် မဖတ်တတ်တာတွေလည်း တော်တော်

ပါတယ် ဖေဖေ"

ဟု ပြောသည်။

"ပြပါဦး"

ကျွန်တော်က စာရင်းကို ယူကြည့်သည်။ နော်တန်က ရှေ့နေပီပီ သူနှင့် ဘီလီတို့ ယူထားသမျှကို ဘေးမှ လိုက်စစ်ကြည့်နေသည်။ နွားနို့နှင့် ကိုလာခြောက်ဘူးတွဲ အပါအဝင် ခြောက်မျိုးလောက်တော့ ရပြီ။ စတက် ဖိုမှာ တာ နောက်ထပ် ဆယ်မျိုးလောက် ကျန်နေသေးပုံ ရသည်။

"ဟင်းရွက်နဲ့ အသီးတန်းကို ပြန်သွားရမှာ။ ခရမ်းချဉ်သီးနှင့် သခွားသီးတွေ လိုချင်တယ်တဲ့"

ဘီလီက လှည်းကို စတွန်းတော့ နော်တန်က

"ငွေရှင်းကောင်တာနားက သတင်းဘုတ်ပြားကို တစ်ချက် သွားကြည့်စမ်းပါ ဒေးဗစ်" ဟု ပြောသည်။

ကျွန်တော်က သူ ပြောသလို သွားကြည့်လိုက်သည်။ တစ်ခါတလေ သတင်းစာထဲမှာ တွေ့ရတတ်သည့် ဓါတ်ပုံများ နှင့် ၎င်းတို့ အောက်ခြေမှာ ထိုးထားသော ရယ်စရာ ခေါင်းစီးစာညွှန်းများကို တွေ့ရသည်။ ငွေရှ င်းကောင်တာကို နှစ်ခုသာ ဖွင့်ထား၍ တန်းစီနေသော လူနှစ်တန်း ရှိသည်။ ကွန်ပျူတာစာရင်းတွက်စက်များကို အဝတ်အုပ်ထားသည်။ အလျင်လိုနေပုံရသော ငွေလက်ခံသူ မိန်းကလေး နှစ်ဦးက အိတ်ဆောင် ဂဏာ န်းတွက်စက်နှင့် တွက်ချက်ပေးနေသည်။ သူမတို့ ဘေးတွင် ဘဒ်ဘရောင်းနှင့် အိုလီဝိစ် အမည်ရှိ မန်နေဂျာ နှစ်ဦးက မတ်တတ်ရပ်စောင့်ပေးနေသည်။ ကျွန်တော်က အိုလီကို သဘောကျသော်လည်း ဘဒ်ဘရောင်းကို သိပ်ဂရုမစိုက်မိ။ ဘဒ်ဘရောင်းသည် သူ့ကိုယ်သူ စူပါမားကတ်လောက မှာ ဆရာတစ်ဆူအလား ဘဝင်မြင့်နေပုံ ပေါက်သည်။

မိန်းကလေးများက စာရင်းတွက်ပြီးသည် နှင့် သူတို့က ဝယ်သူ့ဆီမှ ပိုက်ဆံရှင်းယူပြီး ငွေပုံးထဲ ပစ်ထည့်ကြသည်။ သူတို့ နှစ်ယောက်စလုံး ပူအိုက်၍ မောပန်းနေပုံ ရသည်။ နော်တန်က တန်းစီနေသော ကျွန် တော့်နား ဝင်ရပ်ကာ

"နေရာ ဦးထားနော်။ ခဏလောက်တော့ တန်းစီရမယ်" ဟု ဆိုသည်။

စတက်ဖို့ အကြောင်း ထပ်တွေးမိတော့ စိတ်ထဲမှာ လေးလံကာ တစ်မျိုးကြီး ဖြစ်လာပြန်သည်။ ကျွန်တော်က

“ခင်ဗျား လုပ်စရာ ရှိတာသာ သွားလုပ်ပါဗျာ။ ကျန်တာ ဘီလီနဲ့ ကျွန်တော့်တာဝန်ထား" ဟု ပြောလိုက်သည်။

“မင်းအတွက်ပါ ဘီယာဘူး နည်းနည်း ထပ်ဆွဲလိုက်ရမလား"

ကျွန်တော်နှင့် နော်တန် ပြန်လည်သင့်မြတ်သွားသည့်တိုင် သူနှင့် အတူ မူးရူး၍ အချိန် မဖြုန်းချင်ပါ။ အိမ်နားမှာ ရှင်းစရာတွေကလည်း တစ်ပုံကြီး ရှိသေးသည်။

“ဆောရီးဗျာ။ နောက်မှပေါ့"

သူ့မျက်နှာ နည်းနည်း မာသွားသည် ဟု ထင်သည်။

“အိုကေ"

သူက ခပ်ပြတ်ပြတ် ပြောကာ ထွက်သွားသည်။ ကျွန်တော်က သူ ထွက်သွားရာကို လိုက်ကြည့်နေစဉ် ဘီလီက အင်္ကျီကို ဆွဲကာ

“မေမေနဲ့ စကားပြောလို့ ရလား" ဟု မေးသည်။

“မရဘူး သားရဲ့။ ဖုန်းလိုင်းတွေ ပျက်နေလို့ ဆက်မရတာ ဖြစ်မယ်"

“မေမေ့ကို စိတ်ပူနေတာလားဟင်"

“မဟုတ်ပါဘူးကွယ်။ မပူပါဘူး။ သားရော"

ကျွန်တော် လိမ်ပြောလိုက်ရသည်။ တကယ်တော့ စိတ်ပူနေမိသည်။ ဘာလို့လဲတော့ မသိ။

“ဟင့်အင်း..."

ဘီလီက မျက်နှာငယ်ငယ်နှင့် ပြောလိုက်သဖြင့် သူ စိတ်ပူနေတာ ကျွန်တော် သိသွားသည်။ ကျွန်တော်တို့ အိမ်ပြန်သင့်ပြီ။ သို့သော် ယခုချက်ချင်း ပြန်ရောက်ရင်တောင် မီးချင်မှ မီးလိမ့်မည်ထင်သည်။

အခန်း (၃)
မြို့ ရောက်လာခြင်း

ကျွန်တော်တို့သည် အသီးအနှံနှင့် ဟင်းသီးဟင်းရွက်တန်းဆီသို့ ဆယ်လ်မွန်ငါးများ ရေဆန်တက် ကူးခတ်သည့်နှယ် ပြန်သွားကြသည်။ ထိုနေရာတွင် ရင်းနှီးသူများကို တွေ့ရသည်။ မိုက်ခ်ဟက်လန်သည် ပြည်နယ်အစိုးရကိုယ်စားလှယ်တော် တစ်ဦး ဖြစ်သည်။ မစ္စက် ရက်ပလာ က မူလတန်းကျောင်းမှ ဖြစ်ပြီး သုံးတန်းကလေးများကို စာသင်ရမှာ သိပ်ကြောက်သည်။ သူမက သခွားမွှေးများကို လိုက်ကြည့်နေသည်။ မစ္စက် တာမန်းကတော့ စတက်ဖီနှင့် ကျွန်တော် အပြင်သွားလျှင် ဘီလီကို တစ်ခါတလေ ကြည့်ရှုပေးတတ်သည်။ လူအများ စုမှာ နွေဖို့ ညစာ ချက်ပြုတ်စရာ သိပ်မလိုသော အသီးအနှံများကို အများအပြား ဝယ်ယူနေ ကြသလို တစ်ယောက်ကို တစ်ယောက် စနောက်လျက် ရှိသည်။ လင်ဗန်းနှင့် ထည့်ကာ အပုံလိုက် ချရောင်းသည့် အအေးခံထားသော ချက်ပြီးသား အစားအစာများကတော့ ဘာမှ သိပ်မကျန်။ အသားပြား အထုပ်အနည်းငယ်၊ မာခရိုနီပေါင်မုန့်လုံးနှင့် ဝက်အူချောင်း တစ်ချောင်းသာ ရှိတော့သည်။

ခရမ်းချဉ်သီး၊ သခွားသီးနှင့် မရောနိစ် တစ်ဂျား ရလိုက်သည်။ စတက်ဖီက လိုချင်သော ဝက်ပေါင်ခြောက်က ကုန်သွားပြီ။ ထို့ကြောင့် အစားထိုးသည့် အနေဖြင့် ဝက်သားပြားအချို့ ယူလိုက်သည်။ ၎င်းမှာ ဈေးနည်းနည်း ပိုကြီးသော်လည်း ရောဂါပိုးပမာဏအနည်းငယ် ပါတတ်သည် ဟု အစားအသောက် ကွပ်ကဲရေးမှ သတင်းထုတ်ပြန်ပြီးကတည်းက ကျွန်တော် သိပ်မစားဖြစ်ချေ။ လေးခုမြောက် အတန်းထောင့်နား ရောက်လာစဉ် ဘီလီက

“ဟိုမှာ စစ်သားတွေ" ဟု ပြောသည်။

နွေရာသီ အဝတ်အစားများ အားကစား ဝတ်စုံများ နှင့် လူအများကြားတွင် စစ်သားနှစ်ယောက်၏ ယူနီဖောင်းက ထင်းထင်းကြီး ပေါ်လွင်နေသည်။ စစ်သားများကို မိုင်သုံးဆယ်လောက် ဝေးသည့် မြားခေါင်း ပရောဂျက်နားမှာသာ ဟိုတစ်ယောက် သည်တစ်ယောက် တွေ့ရတတ်သည်။ သည်စစ်သားနှစ်ယောက်က သိပ်တော့ အသက်မကြီးသေး။

ကျွန်တော်က စတက်ဖီစာရင်းစာရွက်ကို ပြန်ငုံ့ကြည့်ရာ မှာသမျှ အကုန် ပါသလောက် ရှိပြီကို တွေ့ရသည်။ စာအောက်ခြေတွင် လန်ဆာစ် ဝိုင် တစ်ပုလင်းလောက် ဝယ်ဦးမလားဟု ရေးထားသဖြင့် ကောင်းသားပဲဟု တွေးမိသည်။ ဘီလီ အိပ်ပျော်သွားရင် လင်မယားနှစ်ယောက်သား ဝိုင်တွေ ဘာတွေ သောက်ပြီး

မအိပ်ခင် အချစ်နလံ ထချင် ထလို့ ရမည်။

ကျွန်တော်က တွန်းလှည်းကို ထားခဲ့ကာ ဝိုင်တန်းဆီ လျှောက်သွားသည်။ တံခါးမကြီး နှစ်ချပ်နားမှ ဖြတ်သွားစဉ် မီးအားပေးစက် ခပ်ကြီးကြီး တစ်လုံး မောင်းနေသံ တဝေါဝေါကို ကြားရသည်။ သည် လောက်အားနှင့် ဆိုလျှင် အအေးခါတ်ပေးသည့် ပုံးများကို ဖွင့်လို့ ရလောက်သည်။ သို့သော် အလိုအလျောက် ဖွင့်ပိတ်တံခါးများ၊ ငွေတွက်စက်နှင့် အခြား လျှပ်စစ်သုံး ပစ္စည်းများပါ ဖွင့်ဖို့ အတွက်တော့ လောက်ငှမည် မဟုတ်ချေ။ မော်တာမောင်းသံက အနောက်မှ မော်တော်ဆိုင်ကယ် လိုက်လာသည့်နှယ်။

ကျွန်တော်တို့ ငွေရှင်းကောင်တာမှာ တန်းစီတော့ နော်တန် ပြန်ရောက်လာသည်။ လက်ထဲ၌ ရှုလစ်ဇ်လိုက် ဘီယာ ခြောက်ဘူးတွဲ နှစ်ကတ်၊ ပေါင်မုန့် တစ်လုံးနှင့် ကျွန်တော် ခုနက တွေ့ခဲ့သော ဝက်အူချောင်း ပါလာသည်။ သူက ကျွန်တော်နှင့် ဘီလီတို့ တန်းစီနေရာကို လာပေါင်းသည်။ လေအေးပေးစက် ပိတ်ထားသဖြင့် ဆိုင်ထဲမှာ အတော် လှောင်အိုက်နေပုံ ရသည်။ ဆိုင်တံခါးကို မည်သည့် လုပ်သားကမျှ ဖွင့်မပေးထားသည် ကို အံ့သြမိသည်။ အနောက်ရှိ ပစ္စည်းတန်း နှစ်ခုလောက်တွင် စားဖိုမှူးဝတ်စုံနှင့် ဘတ်ဒီအီဂယ်လ်တန်ကို တွေ့လိုက်သည်။ ပျင်းရိငြီးငွေ့ဖွယ် မီးအားပေးစက်သံ တဝေါဝေါကြောင့် ကျွန်တော် ခေါင်းစကိုက်လာသည်။ ကျွန်တော်က နော်တန့်အား

“ခင်ဗျားဟာတွေ ပြုတ်ကျကုန်ဦးမယ်။ ဒီတွန်းလှည်းထဲ ထည့်ထား လိုက်လေ" ဟု ပြောတော့ သူက

"ကျေးဇူးပဲ" ဟု ပြန်ပြောသည်။

တန်းစီနေသော လူတန်းသည် အေးခဲအစားအစာတန်းကိုပင် ကျော်ကာ ရှည်လျားလာသည်။ ထိုအစားအစာများကို လိုချင်သူများက ‘ခဏ လောက်ဗျာ’၊ ‘ကန်တော့နော်” ဟု ပြောကာ လူတန်းကြားမှ ဖြတ်သွား နေရသည်။ နော်တန်၏ မှုန်ကုပ်ကုပ်ဖြင့် နင်ပဲသေ ဆဲရေးတိုင်းထွာလို က်သံကို ကြားလိုက်ရသဖြင့် ကျွန်တော် မျက်မှောင်နည်းနည်း ကျုံ့မိသည်။ သည်လို ယုတ်ပတ်သော စကားလုံးမျိုး ဘီလီကို မကြားစေချင်မိ ပေ။

လူတန်းက ရှေ့ရောက်သွားသဖြင့် မော်တာစက်သံ အနည်းငယ် တိုးသွားရာ နော်တန်နှင့် ကျွန်တော် ရာသီဥတုအကြောင်း၊ မြေနေရာ ပိုင်ဆိုင်မှုကိစ္စ အငြင်းပွားရင်း တရားရုံး ရောက်ခဲ့ခြင်းမှာ အရှုပ်ဆိုးလှကြောင်း စသဖြင့် ရောက်တတ်ရာရာ စကားဝိုင်းဖွဲ့လိုက်သည်။ ပြောရင်း မောလာပြီး ရပ်လိုက်ကြတော့ နှစ်ယောက်သား ငြိမ်ကျသွားကြပြန်သည်။ ကျွန်တော့ဘေးမှ ဘီလီက အငြိမ်မနေ။ လူတန်းက ရှေ့တိုးတိုးလာသည်။ ညာဘက်ခြမ်းတွင်

အေးခဲထားသော ညစာများ ဘယ်ဘက်ခြမ်းတွင် စျေးကြီးသော ဝိုင်နှင့် ရှမ်ပိန် ပုလင်းတန်းများ ရှိသည်။ စျေးပေါသော ဝိုင်တန်းဘက် ရောက်သောအခါ ရစ်ပဲလ်တံဆိပ် ဝိုင်ပုလင်းကို လှမ်း၍ တို့ထိဆော့ကစားရင်း ယူရကောင်းမလား စဉ်းစား လိုက်သေးသော်လည်း မယူခဲ့ချေ။ ဘီလီက

"ဟင်း။ သူတို့ ကလည်း ဘာလို့ မြန်မြန် မလုပ်ကြတာလဲ မသိဘူး နော် ဖေဖေ" ဟု မေးသည်။

သူ့ မျက်နှာပေါ်တွင် စိတ်ပူသည့် အသွင် ရှိနေဆဲဖြစ်ကြောင်း တွေ့လိုက်သောအခါ ရုတ်တရက် ငြိမ်သက်ချင်ယောင်ဆောင်နေသော မြူထုအကြောင်း စိတ်ရောက်သွားသည်။ မြူ၏ တစ်ဘက်ခြမ်းမှ ဆိုးရွားသော တစ်စုံတစ်ရာက မြူထုကို ဖောက်ထွင်း၍ ကျွန်တော့်ကို လှမ်းကြည့် နေခဲ့သလို ခံစားလိုက်ရသည်။ တစ်စုံတစ်ရာ၏ တောက်ပသော ချောက်ချားစရာ သတ္တုမျက်နှာ။ ကျွန်တော်က ဘီလီအား

"စိတ်အေးအေးသာ ထားစမ်းပါ သားရာ" ဟု ပြောလိုက်သည်။

အပြိုင်တန်းစီနေသော လူတန်း နှစ်ခု ဘယ်ဘက်ခြမ်းသို့ ချိုးကွေ့လာသောအခါ ငွေရှင်းကောင်တာဆီ ရောက်သွားသည်။ ငွေရှင်းကောင်တာ နှစ်ခုသာ ဖွင့်ထားပြီး ကျန်လေးခုက လူသူကင်းမဲ့လျက်။ ထိုကောင် တာခုံများတွင် "အခြား လမ်းမှ သွားပါ" ဟု ရေးထားသည်။ အပြင်ဘက်ရှိ ကားပါကင်ကို လူသွားလမ်းများ ၏ နောက် မှန်နံရံများမှ တဆင့်မြင်ရသည်။ မှန်နံရံများတွင် လောလောဆယ် အထူးအစီအစဉ်အဖြစ် ရောင်းချသည့် ပစ္စည်းများ နှင့် လက်ဆောင်ပေးမည့် အကြောင်း ကြော်ငြာစာရွက်များ ကပ်ထားသဖြင့် အပြင်ဘက်ကို စာရွက်များ ၏ အဖြူရောင်နောက်ခံများကြားမှ တစ်ပိုင်းတစ်စသာ မြင်ရသည်။

ဘဒ်ဘရောင်း မတ်တတ်ရပ်နေသော ငွေရှင်းကောင်တာဆီ ရောက်လာသော်လည်း ကျွန်တော်တို့ ရှေ့တွင် လူသုံးဆယ်လောက် ရှိသေးသည်။ ထိုလူထဲမှာ သိသာထင်ရှားနေသူက မစ္စက် ကာမိုဒီ။ သူမ၏ အဝါ ရောင်ဝတ်စုံက အသည်းရောင် အသားဝါ မဖြစ်အောင် ခြင်ကိုက်မခံရေး ကြော်ငြာကို လှုံ့ဆော်နေသည့် အလား။

ရုတ်တရက် အဝေး တစ်နေရာမှ ဟာခနဲ ဟင်ခနဲ အာမေဋိတ်သံများ ထွက်လာသည်။ ရဲကား တစ်စီး၏ ရှည်လျားကျယ်လောင်သော ဥသြဆွဲ သံလည်း ပေါ်လာသည်။ ဆိုင်အပြင်မှ ကားဟွန်းသံ တစ်ချက် ထွက်လာပြီး ရဲကားတစ်စီး ဘရိတ်အုပ်လိုက်သဖြင့် ကျွီခနဲ မြည်သွားသည်။ ကျွန်တော် ရပ်နေသည့် နေရာမှ ဆိုလျှင် မမြင်ရသော်လည်း ရဲကား ဥသြသံ ကျယ်ရာမှ တိုးသွားသည် ကို

ကြားရသဖြင့် ဆိုင်နားမှ ဖြတ်သွားသည် ကို သိလိုက်သည်။ လူအနည်းငယ်က တန်းစီနေရာမှ ထွက်ကြည့်သော်လည်း အများစုကတော့ အကြာကြီး ဦးထားသည့် နေရာ ပျောက်သွားမှာ စိုး၍ မဖယ်ကြ။

နော်တန်က သူ့ပစ္စည်းများကို တွန်းလှည်းထဲ ထည့်ကာ သွားကြည့်သည်။ ခဏလောက်ကြာတော့ ပြန်လာကာ တန်းစီရင်း...

"မြို့ထဲက ရဲတွေဗျ" ဟု ပြောသည်။

မီးသတ်ကား ဥသြသံက ဖြည်းညင်းစွာ နိမ့်သွားလိုက် မြင့်လာလိုက်ဖြင့် စမြည်လာသည်။ ဘီလီက ကျွန်တော့်လက်ကို ဆွဲ၍ဖျစ်ညှစ်ကာ

"ဘာဖြစ်တာလဲ ဖေဖေ" ဟု မေးရင်း တစ်ဆက်တည်းပင်...

"မေမေ အဆင်ပြေမှာ ပါနော်" ဟု ပြောသည်။ နော်တန်က

"ကန်းဆတ်လမ်းမမှာ မီးလောင်တာ ဖြစ်မယ်။ မုန်တိုင်းကြောင့် ပြတ်ကျနေတဲ့ ဝါယာကြိုးတွေက လျှပ်စစ်စီးနေတုန်းကိုး။ ခဏနေရင် မီးသတ်ကားတွေ ဖြတ်သွားလိမ့်မယ်" ဟု ပြောသည်။

သူ့စကားကြောင့် ခြံဝန်းထဲမှ လျှပ်စစ်စီးနေသော ဝါယာကြိုးစများ ကို သတိရသွားသည်။ ဘဒ်ဘရောင်းက သူ ကြီးကြပ်နေသော ငွေတွက်သည့် မိန်းကလေးက အပြင်တွင် ဘာဖြစ်နေသည် ကို စပ်စုနေသဖြင့် တစ်ခုခု လှမ်းပြောလိုက်ရာ သူမက ဂဏန်းတွက်စက်ကို ခပ်သွက်သွက် ပြန်နှိပ်သည်။

ရုတ်တရက် တန်းမစီချင်သည့်စိတ် ပေါ်လာသဖြင့် ကျွန်တော် တန်းစီမနေချင်တော့ပေ။ သို့သော် လူတန်းက ရွေ့သွားပြန်သဖြင့် အခုနေ လူတန်းထဲမှ ထွက်လိုက်လျှင် ရူးမိုက်ရာ ကျပေလိမ့်မည်။ လူတန်းက ယခု စီးကရက်တန်းများနား ရောက်လာပြီ။

တစ်စုံတစ်ယောက်က ဆိုင်တံခါးကို တွန်းဝင်လာသဖြင့် လှမ်းကြည့်လိုက်တော့ ကျွန်တော်တို့ နှင့် တိုက်မိမလို ဖြစ်ခဲ့သည့် ယာမဟာဆိုင်ကယ်နှင့် ချာတိတ်ဟု ထင်မိသည်။ သူက

"မြူနှင်းထုကြီးဗျို့။ လာကြည့်ကြစမ်းပါဦး။ ကန်းဆတ်လမ်းမအတိုင်း မြူနှင်းထုကြီး လိမ့်လာတယ်ဗျ" ဟု အော်သည်။

လူများက သူ့ကို ဝိုင်းကြည့်ကြသည်။ သူက အဝေးကြီး ပြေးလာခဲ့ရပုံဖြင့် ဟောဟဲဆိုက်နေသည်။ ဘယ်သူမှ ဘာမှ မပြောမိကြ။ သူက မယုံမှာ စိုးသည့် လေသံဖြင့်

"လာကြည့်ကြစမ်းပါဗျ" ဟု ထပ်ပြောသည်။

လူများက သူ့ကို သေချာကြည့်၍ အချို့က ပခုံးတွန့်ပြသည်။ လူတန်းထဲရှိ မည်သူမျှ ကိုယ့်နေရာ မဖယ်လိုကြချေ။ လူတန်းထဲ မဝင်ရ သေးသော လူအနည်းငယ်က တွန်းလှည်းများကို ထားပစ်ခဲ့ကာ သူ ပြောတာကို ဟုတ်မဟုတ် ကြည့်ရန် ထွက်လာသည်။ ဖဲကြိုးပတ်နှင့် နီးဦးထုပ် ဆောင်းထားသော လူတစ်ယောက်က ဆိုင်တံခါးကို ဖွင့်ကာ ထွက်ကြည့်ရာ သူ့အနောက်မှ လူဆယ်ယောက် ဆယ့်နှစ်ယောက် လောက် လိုက်သွားကြသည်။ စစ်သားတစ်ယောက်က…

"ဟာ လေအေးတွေ ထွက်ကုန်တော့မှာပဲ"

ဟု လှမ်းနောက်လိုက်ရာ ခပ်ဟဟ ရယ်သံအနည်းငယ် ထွက်လာသည်။ ကျွန်တော်ကတော့ လို က်မရယ်မိချေ။ ရေကန်အား မြူထုကြီး ဖြတ်လာသည် ကို မျက်စိနှင့် တပ်အပ် တွေ့ခဲ့ပြီးပြီ။ နော်တန်က

"မင်းရော သွားမကြည့်ချင်ဘူးလား ဘီလီ" ဟု မေးရာ ကျွန်တော်က ချက်ချင်းလိုလို

"မကြည့်နဲ့ " ဟု လွှတ်ခနဲ ပြောလိုက်မိသည်။

လူတန်းက ရှေ့တိုးသွားပြန်သည်။ လူအများမှာ ချာတိတ် ပြောသွားသော မြူထုကို လည်တဆန့်ဆန့်ဖြင့် လိုက်ရှာသော်လည်း ပြာလွင်သော ကောင်းကင်မှ လွဲ၍ ဘာမှ မတွေ့ချေ။ ချာတိတ်က နောက်ပြောင်တာ ဖြ စ်ရမည်ဟု တစ်ယောက်က ပြောလိုက်တာ ကျွန်တော် ကြားရသည်။ လွန်ခဲ့သော တစ်နာရီ မရှိတရှိလောက်က လောင်းလိတ်မြို့ပေါ်မှာ မြူအတန်းလိုက်ကျနေတာ တွေ့လိုက်သည် ဟု တစ်ယောက်က ပြောလိုက်ရာ ဟယ် ဟုတ်လား ဆိုသော အသံများ စထွက်လာသည်။ မသိလျှင် ကမ္ဘာပျက်တော့မည့် အလား ပြောနေဟန်ကို ကျွန်တော် သဘောမကျပေ။

ဆိုင်အပြင်သို့ လူအများ ထပ်ထွက်သွားကြသည်။ အနည်းငယ်သာ တန်းစီရင်း ကျန်ခဲ့သဖြင့် ပိုသွက်လာသည်။ ထိုစဉ် ဆီဆိုင်မှာ စက်ပြင်ဆရာ လုပ်သော အဘိုးကြီး ဂျွန်လီဖရိုဗင်က ကုန်းကုန်း ကုန်းကုန်းဖြင့် ဆိုင်ထဲ ဝင်လာကာ…

"ကင်မရာ ဘယ်သူ့မှာ ပါသလဲဟေ့" ဟု အော်မေးသည်။

ထို့နောက် သူက ဟိုဟိုသည်သည် ကြည့်ကာ ပြန်ထွက်သွားသည်။ သူ့အပြုအမူကြောင့် ခါတ်ပုံရိုက်၍ မှတ်တမ်းတင်ရလောက်အောင် ဘာမို့လို့

လဲပဟူသည့် တီးတိုးစကားများ ပြောကျန်ရစ်ခဲ့သည်။ ရုတ်တရက် မစ္စက် ကာမိုဒီက သူမ လုပ်နေကျ အသံသြသြကြီးဖြင့်

"အပြင် မထွက်ကြနဲ့ " ဟု ထအော်လိုက်သဖြင့် လူအများက သူမကို လှည့်ကြည့်ကြသည်။

မြူကို ထွက်ကြည့်ကြသူများ မစ္စက် ကာမိုဒီအနားမှ ခွာလာကြသူများ၊ အပေါင်းအသင်းများကို လိုက်ရှာကြသူများ နှင့် ရုတ်ရုတ်သဲသဲ ဖြစ်လာသောကြောင့် တန်းစီနေသော လူတန်းကြီးမှာ ဆက်ပဲ စောင့်ရမလား၊ ထွက်ပဲ သွားရမလား ဇဝေဇဝါ ဖြစ်ကုန်သည်။ ပန်းဆီရောင် အနွေးထည်နှင့် မိန်းမလှလေး တစ်ယောက်က မစ္စက် ကာမိုဒီကို ကြည့်ရင်း သို့လော သို့လော စဉ်းစားနေသည်။ တချို့ကတော့ ဤအခြေအနေကို အခွင့်ကောင်းယူကာ ကြားဖြတ်တန်းစီကြသည်။ ဘဒ်ဘရောင်းဘေးမှ စာရင်းစစ် မိန်းကလေးက သမင်လည်ပြန်လှည့်ကြည့်နေသဖြင့် ဘဒ်ဘရောင်းက သူမပခုံးကို လက်ညှိုးနှင့် တို့ကာ...

"ကိုယ်လုပ်စရာရှိတာကိုသာ အာရုံစိုက်စမ်းပါ ဆယ်လီ" ဟု ပြောလိုက်သည်။ မစ္စက် ကာမိုဒီက

"အပြင် မထွက်ကြနဲ့။ အဲဒါ သေမင်းပဲ။ အပြင်မှာ သေမင်း ရောက် နေတာ။ ငါ သိတယ်"

ဟု အော်သည်။

ဘဒ်ဘရောင်းရော အိုလီဝိစ်ပါ သူမအကြောင်းကို သိသဖြင့် စိတ်မရှည်သလို၊ အသည်းယားသွားသလို ကြည့်လိုက်ကြသည်။ သူမအနားမှ လူများက နေရာပျောက်ချင်လည်း ပျောက်ပါစေတော့ဟု သဘောထား လိုက်ပုံဖြင့် ရှောင်ထွက်သွားကြသည်။ မြို့ကြီးပြကြီးများတွင် အချို့သော မိန်းမကြီးများသည် မိမိပိုင်ဆိုင်သမျှကို အိတ်ကြီး တစ်လုံးထဲ စုပြုံထည့်ကာ လျှောက်သွားတတ်သည်။ ထို မိန်းမကြီးများတွင် ကူးစက်ရောဂါသာ ပါလာခဲ့သော် တခြားလူများဆီ ပြန့်ပွားကုန်လိမ့်မည်။ ပါလား မပါလားကိုရော ဘယ်သူက သိမှာလဲ။ ပါရင်လည်း ပါလာနိုင်သည်ပဲ။

ထိုအချိန်တွင် မထင်မှတ်သော အခြင်းအရာများ စတင်ပေါ်ပေါက်လာသည်။ လူတစ်ယောက်သည် ဆိုင်တံခါးကို တွန်းဖွင့်၍ အထဲသို့ ယိုင်တိယိုင်တိုင် ဝင်လာသည်။ သူ့နှာခေါင်းမှ သွေးများ စီးကျနေသည်။ သူက

"မြူထဲမှာ ဘာကြီးလဲ မသိဘူး" ဟု အော်ပြောသည်။

သွေးထွက်နေသော နှာခေါင်းကြောင့် လား၊ သူ့စကားကြောင့် လား မသိ။ ဘီလီက

ကိုယ်ကို ကျုံ့၍ ကျွန်တော့်နား ကပ်ထားသည်။ ထိုသူက…

“မြူထဲမှာ တစ်ခုခု ရှိနေတယ်။ မြူထဲက ဟာကြီးက ဂျွန်လီကို ဆွဲသွားတာ။ ဘာကြီးလဲ မသိဘူး"

ဟု ပြောရင်း အနောက်သို့ ယိုင်သွား ရာ မှန်ပြတင်းနံရံနားရှိ အသီးအနှံများ ထားသည့်စင်နှင့် ထိသွားသည်၌ ထိုနေရာမှာ ပင် ထိုင်ချလိုက်လေသည်။

“မြူထဲက ဟာကြီးက ဂျွန်လီကို ဆွဲသွားတာ။ သူ အော်ဟစ်နေတာ ကျွန်တော် ကြားတယ်"

အခြေအနေက တစ်မုဟုတ်ချင်း ပြောင်းသွားသည်။ မုန်တိုင်းတိုက်ခြင်း၊ ရဲကားဥဩဆွဲသံနှင့် မီးသတ်ကားခရာသံ၊ လျှပ်စစ်ဓါတ်အား ပြတ်တောက်မှုများကြောင့် လူများ စိတ်အနှောင့်အယှက်ဖြစ်နေစဉ် ဘာမှန်းမသိသော အရာကြောင့် လှုပ်လှုပ်ရွရွ ဖြစ်ကုန်သည်။ ရုတ်ရုတ်သဲသဲ ထွက်ပြေးကြသည် မဟုတ်သော်လည်း မကြောက်ဘဲတော့ မနေကြချေ။ လူအများ စုသည် ခြေဦးတည့်ရာ ထွက်ပြေးသည် မဟုတ် သော်လည်း အလျှိုလျှို ထွက်ကုန်ကြသည်။ အချို့က ငွေချေးကောင်တာ နှင့် ခပ်လှမ်းလှမ်းရှိ မှန်ပြတင်းနံရံကြီးဆီ သွားကာ အပြင်သို့ လှမ်းကြည့်ကြသည်။ အချို့က ဆိုင်တံခါးကို ဖွင့်၍ ထွက်ကြည့်ကြသည်။ အချို့ကတော့ ဝယ်ခြမ်းထားသည် များကို ကိုင်ထားဆဲ။ ဘဒ်ဘရောင်းမှာ

“ဟေ့လူ ခင်ဗျား အဲဒီဟော့ဒေါ့ချောင်းဖိုးတွေ မပေးရသေးဘူးလေ။ ပြန်လာခဲ့။ ဟေး" ဟု အပြေးအလွှား လိုက်အော်နေသည်။

သူ၏ ကသောကမျော လေသံကြောင့် လူတချို့က ပြုံးစိစိ လိုက်ကြည့်ကြသည်။ ထိုသို့ ပြုံးလိုက် မိကြသော်လည်း စိတ်ရှုပ်ထွေးမှုကတော့ လျော့သွားဟန် မတူကြ။ သူ့ဖြစ်အင်ကို ကြည့်၍ တစ်ယောက်က ထရယ်လိုက်ရာ ဘဒ်ဘရောင်းမှာ ရှက်ပြီး မျက်နှာ ရဲတွတ်သွားသည်။ သူက ပြတင်းပေါက်မှ အပြင်သို့ ကြည့်ရန် လူအုပ်ထဲ တိုးနေသော မိန်းမတစ်ယောက်ဆီမှ မှိုမှုံဘူးကို ဆွဲယူလိုက်ရာ ထိုမိန်းမက…

“ဟယ် ဘာလုပ်တာလဲ။ ငါ့ မှိုလေးတွေ ပြန်ပေး" ဟု ထအော်သည်။

‘မှိုလေး” ဟူသော ပြောင်ချော်ချော် အသုံးအနှုန်းကြောင့် မတ်တတ် ရပ်နေသည့် ယောကျ်ား နှစ်ယောက်က ဝါးခနဲ ထရယ်ကြသည်။ မစ္စက်ကာမိုဒီက အပြင် မထွက်ကြဖို့ အော်ပြောပြန်သည်။ မီးသတ်ကား ခရာသံ တရှိန်ရှိန်က မရပ်မနား ထွက်နေသည်။ ဘီလီက မျက်ရည်များ ကျလာကာ…

"ဟိုလူကြီးက ဘာလို့ သွေးတွေ ထွက်နေတာလဲ ဖေဖေ။ ဘာဖြစ်တာလဲ" ဟု မေးသည်။

"ဘာမှ မဖြစ်ပါဘူး ဘီလီရယ်။ နှာခေါင်းသွေးလျှံတာပါ။ သူ ဘာမှ မဖြစ်ဘူး"

နော်တန်က မျက်မှောင်ကျုံ့ကာ တွေးတွေးဆဆဖြင့်…

"မြူထဲမှာ ဘာရှိတာလဲ။ သူ ဘာကို ပြောချင်တာလဲ မသိဘူး"

ဟု မေးသည်။ ဘီလီက မျက်ရည်များကြားမှ

"သား ကြောက်တယ် ဖေဖေ။ အိမ်ပြန်လို့ ရပါ့မလားဟင်" ဟု ပြောသည်။

လူတစ်ယောက် ကျွန်တော့်နောက်ကျောက ခပ်ကြမ်းကြမ်း ဝင်တိုက်သွားသဖြင့် ရှေ့သို့ ခြေတစ်လှမ်း တိုးကာ ငိုက်ခနဲ ဖြစ်သွားသည်။ ကျွန်တော်က ဘီလီကို ကောက်ချီထားလိုက်သည်။ ကျွန်တော်လည်း လန့် တော့ လန့်လာသည်။ စိတ်ရှုပ်စရာများက တဖြည်းဖြည်း အစပျိုး လာပြီ။ စာရင်းတွက်နေသော ဆယ်လီက ထပြေးရန် လုပ်သဖြင့် ဘဒ်ဘရောင်းက အနောက်မှ နေ၍ သူမ၏ ကော်လံစကို လှမ်းဆွဲလိုက်ရာ ပြဲထွက်သွားသည်။ သူမက မျက်နှာရှုံ့မဲ့ကာ ဘဒ်ဘရောင်းကို ရိုက်နှက် ကုတ်ဖဲ့ရင်း…

"ရှင့်လက်တွေ ဖယ်" ဟု အော်ဟစ်သည်။ ဘဒ်ဘရောင်းက…

"နင့်ပါးစပ် ပိတ်စမ်း သောက်ကောင်မလေး" ဟု ပြောလိုက်သော်လည်း သူ့လေသံက အံ့အားသင့်နေပုံ အပြည့်။ အိုလီဝိစ်က

"လွှတ်ပေးလိုက် ဘဒ်" ဟု စူးခနဲ ပြောသည်။

ထိုစဉ် ကြောက်စရာက ယခုမှ တကယ် ဖြစ်လာသလိုမျိုး လူတစ်ယောက်အော်သံ ထွက်လာပြီး တံခါးနားမှ လူများ အနောက်သို့ ဆုတ်လာကြသည်။ ဖန်ခွက်ကျကွဲသံ ခွမ်းခနဲ ထွက်လာပြီး ရုတ်တရက် ကြမ်းပြင်ပေါ်ရှိ ကိုလာဘူးများ တရှုးရှုး မြည်လာကြသည်။ နော်တန်က…

"ဘုရားရေ ဘာဖြစ်တာလဲ" ဟု ရေရွတ်လိုက်သည်။

ပတ်ဝန်းကျင်က မှောင်လာသဖြင့် ကျွန်တော်က ဆိုင်ထဲတွင် မီးတွေ ဘာတွေများ ပြတ်သွားသလားဟု ထင်ကာ အပေါ်မော့၍ မီးချောင်းများ ကို ကြည့်လိုက်မိသည်။ ထိုသို့ တွေးမိသည်ကလည်း ကျွန်တော် တစ်ဦး တည်း မဟုတ်။ ပထမတော့ မီးပြတ်သောကြောင့် အလင်းရောင် ပျောက်သွားသည် ဟု

ထင်လိုက်သော်လည်း ခါတ်တိုင်မှ မီးမလာသေးသည် ကို သတိရသွားသည်။ ထိုအခါမှ ဆိုင်ထဲသို့ ရောက်နေသည့် တစ်ချိန်လုံး မီးမလာဘဲ ပြင်ပအလင်းရောင်ဖြင့် နေနေခြင်းဖြစ်ကြောင်း အသိဝင်လာသည်။ ခုနက သည်လောက် မမှောင်ပါလား။ အကြောင်းရင်းကို ကျွန်တော် သိလိုက်သောအချိန်တွင် မှန်ပြတင်းပေါက်နားမှ လူများ သည် တစ်စုံတစ်ရာကို လက်ညှိုးထိုး၍ အော်ဟစ်ကြသည်။

မြူထုကြီး လာချေပြီ။

ကန်းဆတ်လမ်းမပေါ်မှ ကားပါကင်ရှိရာသို့ မြူထုကြီး ရွေ့လျားလာသည်။ ၎င်း၏ ပုံသဏ္ဍာန်သည် ရေကန်တစ်ဖက်မှ သတိထားမိသည့် အတိုင်း ဘာမှ မပြောင်းလဲ။ မြူထုကြီးသည် ဖြူဆွတ်တောက်ပကာ အလ င်း မပြန်ချေ။ ရွေ့လျားလာသော မြူထုကို နေရောင်ခြည်ပင် တိုးမပေါ က်တော့သဖြင့် ကောင်းကင်မှ နေလုံးက ငွေဒင်္ဂါးပြားလေးနှင့် တူသွားသည်။ မသိလျှင် ဆောင်းတွင်းည၌ ပြည့်ဖြိုး ဝိုင်းစက်သည့် လဝန်းကို တိမ်တိုက်ပါးပါး လွှမ်းထားသည့် နှယ်။

မြူထု ရွေ့လျားလာပုံက တကယ့်ကို ဖြည်းဖြည်းလေး။ မနေ့ ညနေက ကန်ရေပြင်မှာ ရေဝဲလေးများ ဖြစ်ပေါ်လာပုံကို ကြည့်နေရသလိုမျိုး ခံစားရသည်။ သဘာဝတရားတွင် ငလျင် လှုပ်ခြင်း၊ မုန်တိုင်းတိုက်ခြင်း၊ လေဆင်နှာမောင်းတိုက်ခြင်း များကဲ့သို့ လူသားများ အသိရခက်လှသော အင်အားကောင်းသည့် စွမ်းအင်များ ရှိသည်။ ၎င်းတို့ အားလုံးကို ကျွန် တော် မမြင်ဖူးသော်လည်း သည် လို ရွေ့နေမှန်း မသိသော အရှိန်မျိုးဖြင့် ရွေ့လျားလာတတ်ကြကြောင်း မှန်းဆမိသည်။ မနေ့ညက စတက်ဖီနှင့် ဘီလီဆိုလျှင် အိပ်မွေ့ချခံထားရ သလိုမျိုး ပြတင်းပေါက်နားတွင် ရပ်ကာ အပြင်သို့ ငေးစိုက်ကြည့်နေမိကြသေးသည်ပဲ။

မြူထုသည် ကတ္တရာလမ်းမတစ်ပြင်လုံးသို့ လိမ့်ဆင်းလာကာ ခွဲထွက်သွားသော လမ်းသွယ်နှစ်ခုလုံးကို မြင်ကွင်းမှ ဖျောက်ပစ်လိုက်သည်။ ၎င်းသည် မက်ကီယွန်မိသားစု နေထိုင်သော ဒတ်ချ်ကိုလိုနီခေတ်ပုံစံ အိ မ်ကြီးတစ်ခုလုံးကိုလည်း ဝါးမြိုပစ်လိုက်သည်။ ထိုအိမ်ဘေးတွင် ဆောက်ထားသော တိုက်အဟောင်းကြီး၏ နှစ်လွှာသည် မြူထုထဲတွင် ဖြူဝင်းသည့် အလင်းရောင် တစ်ခဏ ထွက်လာကာ ပျောက်သွားသည်။ ကားပါကင်မှ ညာဘက်သို့သာ သွားပါဟူသော အဝင်ဝမှ ဆိုင်းဘုတ်နှင့် ထွက်ပေါက်ကို ပြသော အမှတ်အသားများကိုလည်း မမြင်ရတော့။ မြူထုကြောင့် ကားပါကင်ရှိ ကားများလည်း စတင်မှုန်ဝါး ပျောက်ကွယ် လာကြသည်။ နော်တန်က...

"ဘာဖြစ်တာလဲ" ဟု ထပ်မေးပြန်သည်။

သူ့လေသံက တုန်ယင်မှုဖြင့် လှုပ်ခါနေသည်။ မြင်ကွင်းထဲရှိကောင်းကင်ပြာနှင့် ကတ္တရာလမ်းမကို ညီတူညီမျှ ဖုံးကွယ်လာသော မြူထုကတော့ တလိမ့်လိမ့် ပြိုဆင်းလာဆဲ။ ဆိုင်အရှေ့မှ ပေနှစ်ဆယ်ကို သာ ရှင်းရှင်းလင်းလင်း မြင်ရတော့သည်။ ရုပ်ရှင်ထဲတွင် ပြသော အထူးပြုလုပ်ချက်များကို မျက်ဝါးထင်ထင် ကြည့်နေရသလို ခပ်ကြောင်ကြောင် ခံစားရသည်။ အဖြစ်အပျက် မြန်ဆန်လှပုံကို ပြောရလျှင် ကောင်းကင်ပြာသည် အဝတ်တစ်စဖြင့် သုတ်ချခံလိုက်ရသလို ပျောက်ကွယ်သွားသည်။ ကောင်းကင် ရှိနေသေးသည်ကို ရေးရေးသာ မြင်ရပြီး မကြာခင် ထိုအရိပ်အယောင်ပါ ပျောက်ကွယ်သွားလေသည်။ ဆိုင်နံရံမှန်ပြတင်း၌ ဖြူဖွေးသော အရာများသာ မှိုတွယ်လာကြသည်။ လေးပေအကွာလောက်တွင် ထောင်ထားသော ပေပါတစ်လုံးကို မြင်ရသည်။ ထို့ထက်တော့ ပို၍ မမြင်ရချေ။ ကျွန်တော့်ကား၏ အရှေ့ဖုံးကို မြင်ရသော်လည်း တစ်စီးလုံးတော့ မတွေ့ရချေ။

မိန်းမ တစ်ယောက်က ရှည်လျားကျယ်လောင်စွာ အော်လိုက်ရာ ဘီလီက သူ့ခန္ဓာကိုယ်လေးကို ကျွန်တော်နှင့် ဖိကပ်ထားလိုက်သည်။ ဘီလီသည် ဓါတ်လိုက်နေသည့် အလား တစ်ကိုယ်လုံး တုန်ယင်နေသည်။ လူတစ်ယောက်က ရုတ်တရက် အော်ဟစ်၍ ဝင်ပေါက်တံခါးကို ဖြတ်ကာ အပြင်သို့ ထွက်ပြေးသွားသည်။ ထိုအခါ လူအုပ်ကြီးမှာ တပ်လှန့်လိုက်သည့်အလား အပြင်ဘက်ရှိ မြူထုထဲသို့ ကမူးရှူးထိုး ထပြေးကြ လေတော့သည်။

ဘဒ်ဘရောင်းက ဟေးခနဲ ကြုံးအော်သည်။ သူ ကြောက်နေသလား၊ ဒေါသထွက်နေသလား သို့မဟုတ် နှစ်ခုစလုံး ဖြစ်နေသလား ကျွန်တော် မသိ။ သူ့မျက်နှာက ခရမ်းရောင် သန်းနေပြီး ဓါတ်ကြိုး အလုံးကြီးများ ကဲ့သို့ လည်ပင်း သွေးကြောများ ထောင်ထနေသည်။

"ဟေ့လူတွေ၊ ခင်ဗျားတို့ အဲဒီပစ္စည်းတွေ ယူသွားလို့ မရဘူးလေ။ ပြန်လာထားကြစမ်း။ အလစ်သုတ်သမားတွေ"

လူတွေက အရေးမစိုက်ဘဲ ဆက်သွားနေကြမြဲ။ တချို့ကတော့ လွှင့်ပစ်ခဲ့ကြသည်။ အချို့က စိတ်လှုပ်ရှားစွာ ရယ်မောနေကြသော်လည်း သည်လိုလူများကတော့ အတော် နည်းသည်။ သူတို့ သည် မြူထုထဲ ဝင်ရောက် ပျောက်ကွယ် သွားကြသည်။ နောက်တစ်ဖန်လည်း ဘယ်တော့ မှ ပြန်မတွေ့ရကြတော့ချေ။

ပွင့်နေသော ဆိုင်တံခါး မှ တဆင့် ညှော်နံ့ ခပ်ပါးပါး ဝင်လာသည်။ လူအများကြီး ပြုံတိုးနေသဖြင့် တစ်ယောက်နှင့် တစ်ယောက် တွန်းတိုက်မိလာကြသည်။ ဘီလီကို ချီထားရသောကြောင့် ကျွန်တော့်ပခုံး နာ

လာသည်။ လူကောင်ထွားသဖြင့်စတက်ဖီက သူ့ကို တစ်ခါတလေ ထွားလေးဟု ခေါ်တတ်သည်။ နော်တန်လည်း လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ သူ့မျက်နှာက စိတ်လှုပ်ရှားသလိုလို၊ အူမြူးလာသလိုလို ဖြစ် နေသည်။ သူက တံခါးပေါက်ဆီ ဦးတည်လိုက်သည်။ ကျွန်တော်က ဘီလီကို လက်ပြောင်းချီကာ နော်တန့်ကို လက်တစ်ဖက်ဖြင့် ဖမ်းဆွဲထား လိုက်သည်။

"ဟေ့လူ မသွားနဲ့။ ကျွန်တော်လည်း မသွားဘူး"

နော်တန်က လှည့်ကြည့်ကာ

"ဘာလဲ" ဟု မေးသည်။

"စောင့်ကြည့်တာ ပိုကောင်းမယ်ဗျ"

"ဘာကို စောင့်ကြည့်ရမှာလဲ"

"မသိဘူးလေ"

"ခင်ဗျား မသိဘူးလား။ ဟိုမှာ ..."

သူ စကားစလိုက်စဉ် မြူထဲမှ စူးစူးဝါးဝါး အော်သံ တစ်ခု ထွက်လာသဖြင့် ပါးစပ်ပိတ်သွားသည်။ တံခါးဝ၌ စုပြုံနေသော လူအုပ်ကြီးက လျော့တိလျော့ရဲ ဖြစ်ကာ အထံသို့ ပြန်ဝင်ပြေးလာကြသည် စိတ်လှုပ်ရှားစွာ ရေရွတ်သံများ၊ အော်ကြဟစ်ကြသံများ၊ ခေါ်သံများ ဟိုမှ သည်မှ ထွက်လာသည်။ တံခါးနားမှ လူများ၏ မျက်နှာသည် သွေးဆုတ် ဖြူလျော်သွားကြသည်။

စူးရှသော အော်သံများကလည်း မီးသတ်ခရာသံများ နှင့် အပြိုင် ထွက်ပေါ်နေကြဆဲ။ ထိုအော်သံများမှာ လူသားများ အော်ဟစ်နေခြင်းမှ ဟုတ်ပါလေစဟု ထင်ရအောင် ကြက်သီးထဖွယ် ကောင်းလှသည်။ နော်တန်က သူ့ဆံပင်များ ထဲ လက်နှင့် ထိုးဖွရင်း 'ဘုရား ဘုရား" ဟု ရေရွတ် သည်။

အော်သံများကို တစ်စုံတစ်ရာက ဖြတ်တောက် လိုက်သကဲ့သို့ တိခနဲ ရပ်သွားသည်။ အော်သံရှင်ကို ကယ်တင်ရန် ဖြစ်ပုံရသော ထောင်ထောင်မောင်းမောင်း လူတစ်ယောက် အပါအဝင် ဆိုင်အပြင်သို့ လူအများ ထွက်သွားကြသည်။ မြူထဲသို့ သူ ရောက်သွားသည့် အရိပ်အယောင်ကို မှန်မှ တဆင့် မြင်နေရသည်။ သူ့အနောက်မှ ဖြူဆွတ်ဆွတ် တစ်စုံတစ်ရာ ရွေ့လျားသွားသည်။ ၎င်းကို ကျွန်တော် တစ်ယောက်တည်းကသာ သ တိထားမိလိုက်သည်။ ထိုအရာသည် မြူထဲသို့ ပြေးဝင်သွားလိမ့်မည်ဟု ထင်လိုက်မိသည်။ သို့သော် ယင်းအစား ထိုလူကို ဆတ်ခနဲ ဆွဲယူသွားလေရာ အံ့အားသင့်စွာဖြင့် လေပေါ်သို့

မြောက်တက်ကာ ယက်ကန် ယက်ကန် ပါသွားလေသည်။

ထိုခဏတွင် ဆိုင်ထဲ၌ လုံးဝ ငြိမ်ကျသွားသည်။ ရုတ်တရက် အပြင်ဘက်တွင် လအစင်းပေါင်း များစွာ လင်းလက် လာသလိုမျိုး ကားပါကင်ရှိ ဆိုဒီယမ် မီးလုံးများ လင်းလာကြသည်။ ၎င်းတို့ကို မြေအောက် လျှပ်စစ်ကေဘယ်ကြိုးဖြင့် ဆက်သွယ်ထားခြင်း ဖြစ်သည်။ မီး လာပြီ။ မစ္စက် ကာမိုဒီက ကျီးအာသံဖြင့်

"အပြင်ကို မထွက်ကြနဲ့။ အပြင်ထွက်ရင် သေလိမ့်မယ်" ဟု ထအော်သည်။

သူမစကားကို မည်သူမျှ အထွန့်မတက်သလို ရယ်လည်း မရယ်ကြ။ အပြင်ဘက်မှ အော်သံ တစ်ခု ထွက်လာပြန်ရာ ဘီလီက ကျွန်တော့်အား မှီလိုက်ပြန်သည်။ အိုလီဝိစ်က သူ့နေရာမှ ထလာကာ

"ဘာတွေ ဖြစ်နေတာလဲ။ အဲဒါ ဘာကြီးလဲ" ဟု မေးသည်။

သူ့မျက်နှာ ဝိုင်းဝိုင်းကြီးမှာ ချွေးသီး ချွေးပေါက်ကြီးများ ကျနေသည်။ ကျွန်တော်က

"သိလို့ ကတော့ ဒီလို နေမလားဗျ" ဟု ပြောလိုက်သည်။

ကျွန်တော့်စကားကြောင့် အိုလီ အတော် ကြောက်လန့်သွားဟန် တူသည်။ သူသည် ဟိုက်လန်း ရေကန်နားမှ အိမ်ကောင်းကောင်းလေး တစ်လုံးမှာ နေထိုင်သော လူပျိုကြီး တစ်ယောက် ဖြစ်သည်။ ပလဲဆန့်တောင်နားမှ ဘားဆိုင်မှာ အရက်သောက်တတ်သည်။ ဘယ်ဘက်လက်သူကြွယ်မှာ အပြာရောင် ဥသဖယား လက်စွပ်တစ်ကွင်း ဝတ်ထားသည်။ လွန်ခဲ့သော ဖေဖော်ဝါရီလက ထီပေါက်ထားသဖြင့် ပိုက်ဆံ အတော် ရထားရာ ၎င်းကို ထိုဆုငွေထဲမှ ဝယ်ထားခြင်း ဖြစ်သည်။ အိုလီသည် မိန်းကလေးများကို သိပ်မချဉ်းကပ်ရဲမှန်း ကျွန်တော် သိထားသည်။ ကျွန်တော်က ဘီလီကို အောက်ချရန် ပြင်တော့ သူက "သား မနေရဲဘူး ဖေဖေ" ဟု ပြောသည်။

"သားကို မထားခဲ့ပါဘူး ဘီလီရယ်။ အောက်ချထားရုံပါ။ သားလက် ကို ကိုင်ထားမယ်လေ။ ဖေဖေလည်း သားကို ချီရတာ လက်ညောင်းလှပြီ။ နော်"

ဘီလီက...

"မေမေ..." ဟု တိုးတိုးလေး ရေရွတ်သည်။

"မေမေ ဘာမှ မဖြစ်ပါဘူးကွယ်"

ကျွန်တော်လည်း ထိုစကားမှ လွဲ၍ ဘာမှ ပြောလို့ မရ။ အဘိုးအို တစ်ယောက်က ကျွန်တော်တို့ နားမှ ဖြတ်လျှောက်သွားရင်း အသံကျယ်ကျယ်ဖြင့်

"လေထု ညစ်ညမ်းပြီး ဖြစ်လာတဲ့ တိမ်တစ်မျိုး ပါပဲ။ ရမ်းဖို့ဒ်ဘက်တွေ၊ ပါရီတောင်ပိုင်းဘက်တွေမှာ ဓာတုဗေဒ ပစ္စည်းစက်ရုံတွေ ဘာတွေ ရှိတယ်လေ" ဟု ပြောကာ ဆေးအချို့နှင့် အိမ်သာသုံး စက္ကူများကို သွားယူသည်။ နော်တန်က လုံးဝ အာရုံမစိုက်ပုံဖြင့်

"ငါတို့ လည်း ဒီက သွားကြရအောင် ဒေးဗစ်ရာ..."

ဟု ပြောလိုက်စဉ် တစ်ဆိုင်လုံး သိမ့်ခနဲ လှုပ်သွားသည်။

အဆောက်အဦးကြီး တစ်ခုလုံး သုံးပေလောက် ရုတ်တရက် ကျုံ့ကျ သွားသလိုမျိုး တွန့်ခနဲ ခြေဖျားမှ တစ်မျိုးကြီး ခံစားလိုက်ရသည်။ လူအများက အံ့အားသင့်စွာ ကြောက်လန့်တကြား အော်လိုက်ကြသည်။ စင် ပေါ်မှ ပုလင်း အချင်းချင်း တိုက်မိကာ ခလွင် ခလွမ် မြည်၍ ကြမ်းပြင် ကွဲပြားပေါ် ပြုတ်ကျပြီး ကွဲကုန်သည်။ ဆိုင်အရှေ့ မှန်ပြတင်းတစ်ချပ်၏ ထောင့်စွန်းသည် အံလွဲသွားသော်လည်း အဓိက အစိတ်အပိုင်းကို သစ်သားဘောင် ခံနေသဖြင့် မှန်၏ အချို့နေရာများ တွင် အက်ကုန်သည်။ မီးသတ်ခရာသံ ရပ်သွားသည်။

လူများ သည် ဘာများ ထပ်ဖြစ်လာမလဲဟူသော အတွေးဖြင့် ငြိမ်နေကြသည်။ နော်တန်က အကုန် ကြားလောက်သော လေသံဖြင့်...

"ဟေ့လူတွေ၊ ဒီမယ် .. ကျုပ်ပြောတာ နားထောင်ဦး"

ဟု အော်လိုက်သဖြင့် လူများက လှည့်ကြည့်ကြသည်။

နော်တန်က လူထု၏ ချီးမွမ်းထောပနာသံကို ခံယူနေသော အရွေးချယ်ခံအမတ်ကဲ့သို့ လက်ပိုက်ကာ

"အပြင်ထွက်ရင် အန္တရာယ်ရှိမယ်နဲ့ တူတယ်" ဟု အော်ပြောသည်။ အမျိုးသမီး တစ်ယောက်က

"ဘာဖြစ်လို့ လဲ။ ကျွန်မ ကလေးတွေက အိမ်မှာ ကျန်ခဲ့တာ။ ကလေး တွေကို ပြန်ခေါ်ရမယ်"

ဟု ပြန်အော်သည်။ မစ္စက် ကာမိုဒီက အချိန် ကောင်းရောက်ပြီဟူသော အထာဖြင့်

"အပြင်ထွက်သွားရင် သေမှာ ပဲ" ဟု ပြောပြန်သည်။

ဖောသွပ်သွပ် မျက်နှာနှင့် သူမသည် နှစ်ဆယ့်ငါးပေါင် လေးသော ခါတ်မြေသြဇာအိတ် အထပ်ထပ် တင်ထားသော ပြတင်းပေါက်နားတွင် မတ်တတ်ရပ်နေသည်။ ဆယ်ကျော်သက် ကောင်လေး တစ်ယောက်က ရုတ်တရက် သူမကို ခပ်ကြမ်းကြမ်း ပစ်တွန်းလိုက်ရာ အင့်ခနဲ အံ့အားတသင့် ရေရွတ်သံ နှင့်အတူ အိတ်များ ပေါ် ဖင်ထိုင်ရက် လဲသွားသည်။

"ပေါက်ကရ ပြောတာတွေ တော်လိုက်တော့ အဘွားကြီး။ တကတည်း ပြောပြောနိုင်လွန်းတယ်"

နော်တန်က

"အခြေအနေတွေ ငြိမ်သက်သွားတဲ့ အထိ တအောင့်လောက် စောင့်ကြည့်ကြတာပေါ့ဗျာ"

ဟု အော်ပြောလိုက်ရာ ပွစိပွစိ တီးတိုးပြော သံများ ထွက်လာသည်။ ကျွန်တော်က ဆူညံသံများကို လွှမ်းအောင် လေသံကို မြှင့်၍

"သူ ပြောတာ မှန်တယ်။ ကျွန်တော်တို့ အေးအေးဆေးဆေး ဖြစ်အောင်သာ ကြိုးစားရအောင်ဗျာ"

ဟု အော်ပြောရသည်။ မျက်မှန်နှင့် လူ တစ်ယောက်က

"ခုနက လျှောင်လှုပ်တာ ထင်တယ်နော်။ ကျွန်တော်တော့ ငလျင်လှုပ် တာပဲလို့ ယူဆတယ်" ဟု ပြောသည်။

သူ့အသံက တိုးညင်းသည်။ လက်တစ်ဖက်က ဟမ်ဘာဂါနှင့် ပေါင်မုန့် တစ်ထုပ်ကို ကိုင်ကာ တစ်ဖက်က ဘီလီထက် ပိုငယ်ပုံ ရသော ကလေးမလေး တစ်ယောက်ကို လက်တွဲထားသည်။ နယ်ခံလူဝကြီး တစ်ယောက်က...

"လွန်ခဲ့တဲ့ လေးနှစ်ကတော့ နေပယ်လ်မြို့မှာ တစ်ခါ လှုပ်လိုက်သေးတယ်"

ဟု ပြောသည်။ သူ့ဇနီးက မဆိုင်းမတွပင်

"ကက်စကိုမြို့မှာ ပါ" ဟု မမှားနိုင်သည့် လေသံဖြင့် ပြောသည်။ လူဝကြီးက မရေမရာဖြင့်

"နေပယ်လ်ပါကွ" ဟု ပြောသော်လည်း သူ့ဇနီးက...

"ကက်စကိုရှင့်" ဟု ပြောရာ သူ အရှုံးပေးလိုက်တော့သည်။

တစ်နေရာတွင် ငလျင်လှုပ်တုန်းက စင်အစွန်းပေါ်တွင် ပြုတ်ကျတော့မလို

ဖြစ်နေသည့် သံဘူး တစ်ဘူးက ယခုမှ ပြုတ်ကျသွားသည်။ ဘီလီက မျက်ရည်ပေါက်ကြီးများ ကျလာကာ

"အိမ်ပြန်ချင်တယ်။ သား မေမေ့ဆီ သွားချင်တယ်" ဟု ငိုသည်။ ဘဒ်ဘာရောင်းက ရည်ရွယ်ချက်မဲ့စွာ ဟိုကြည့် သည်ကြည့်ဖြင့် အလျှင်အမြန် မျက်စိကစားရင်း

"ခင်ဗျားကလေးကို ပါးစပ် ပိတ်ထားခိုင်းလို့ မရဘူးလား" ဟု မေးသဖြင့် ကျွန်တော်က

"ခင်ဗျား သွားကျွတ်သွားချင်သလား" ဟု ပြန်မေးလိုက်သည်။ နော်တန်က ဘာလုပ်ရမှန်း မသိပုံဖြင့်

"ဒေးဗစ်ရေ ဒီကိုလာ။ ပြောနေလည်း ဘာမှ မထူးဘူး" ဟု ပြောသည်။ ခုနက အော်ပြောသည့် အမျိုးသမီးက…

"ခုနက ပြောမိတာ ဆောရီးပဲရှင်။ ဒါပေမဲ့ ကျွန်မ ဒီမှာ နေလို့ မဖြစ်ဘူး။ အိမ်ပြန်ပြီး ကလေးတွေကို သွားကြည့်မှ ဖြစ်မယ်" ဟု ပြောသည်။

ရွှေရောင်ဆံပင်နှင့် သူမ၏ မျက်နှာလှလှလေးမှာ ပင်ပန်းနွမ်းနယ် နေသည်။ သူမက

"သိလား။ ဝမ်ဒါက ဗစ်တာလေးကို ထိန်းရင်း အိမ်မှာ ကျန်ခဲ့တာ။ ဝမ်ဒါက ရှစ်နှစ်ပဲ ရှိသေးတယ်။ တစ်ခါတလေ သူ လုပ်ရမယ့်ဟာကို မေ့မေ့နေတတ်တယ်။ ဗစ်တာလေးကလည်း မီးဖိုခလုတ်တွေ ဘာတွေ ဖွင့်ပြီး မီးတောက်ကို ကြည့်တတ်တယ်။ သူက မီးထတောက်တာကို သိပ်သဘောကျတာ။ တစ်ခါတလေ ပလက်ခေါင်းတွေ ဘာတွေလည်း ဆွဲဖြုတ်တတ်တယ်။ ဝမ်ဒါက သူ့ကို ထိန်းရင်း ပျင်းလာပြီး ခဏလောက် သတိလက်လွတ် ဖြစ်နေရင် ဒုက္ခပဲ။ သူကလည်း ရှစ်နှစ်ပဲ ရှိသေး တာဆိုတော့…" ဟု ပြောရင်း စကားကို ရပ်ကာ ကျွန်တော်တို့ ကို ကြည့်သည်။ ကျွန်တော်တို့ မှာ သူမကို ကိုယ်ချင်းစာသည့် မျက်လုံးများ ဖြင့် ပြန်ကြည့်နေမိရုံမှ တပါး ဘာမှ မတတ်နိုင်ချေ။ သူမက…

"ကျွန်မကို ကူမယ့်သူ မရှိတော့ဘူးလားရှင်" ဟု အော်မေးရင်း နှုတ်ခမ်းများ တဆတ်ဆတ် တုန်ယင်လာသည်။

"မိန်းမ တစ်ယောက် အိမ်ပြန်တာကို ဒီမှာ ရှိတဲ့ သူ တစ်ယောက်မှ မကူညီပေးတော့ဘူးလားဟင်"

မည်သူမျှ မဖြေကြ။ လူများက ကိုယ့်ခြေထောက် ကိုသာ ပြန်ငုံ့ကြည့်

နေကြသည်။ သူမက ကြေကွဲသော မျက်နှာဖြင့် တစ်ယောက်ပြီး တစ်ယောက် လိုက်ကြည့်သည်။ လူဝကြီးက ရှေ့တိုးရန် ခြေလှမ်း လိုက်သော်လည်း တစ်ဝက်တစ်ပျက်မှာပင် သူ့ဇနီးက ဆတ်ခနဲ လှမ်းဆွဲကာ လက်ထိပ်ခတ် သကဲ့သို့ လက်ဖဝါးချင်း ဆုပ်ထားလိုက်သည်။ သူမက အိုလီဝိစ်အား...

"ရှင် ကူညီပေးမလား" ဟု လှမ်းမေးရာ သူက ခေါင်းခါပြသည်။ ဘာဒ်ဘာရောင်းအား

"ရှင်ရော" ဟု လှမ်းမေးတော့ သူက ကောင်တာပေါ်မှ ဂဏန်းပေါင်း စက်ပေါ် လက်တင်ကာ ဘာမှ ပြန်မပြောချေ။ သူမက နော်တန်အား

"ရှင်ရော" ဟု မေးလိုက်ရာ သူက ရှေ့နေကြီး တစ်ယောက်၏ လေ သံဖြင့် မည်သူမှ မသွားသင့်ကြောင်း စရှင်းပြသည်။

သူမက သူ့ကို မျက်နှာလွှဲလိုက်တော့ နော်တန်လည်း ပြောလက်စ စကားရပ်သွားသည်။ သူမက ကျွန်တော့်အား...

"ရှင်ရော" ဟု မေးလိုက်ရာ ကျွန်တော်က သူမ၏ ကြေကွဲသော မျက်နှာထားကို ကာကွယ်ရန် ဒိုင်းအလို့ ငှာ ဘီလီကို ကောက်ချီ၍ ပွေ့ထား လိုက်သည်။

"ရှင်တို့ တွေ ငရဲကျမှာ မြင်ယောင်တယ်"

သူမက အော်ပြောခြင်း မဟုတ်။ သေချင်စော်နံအောင် ပင်ပန်းနွမ်းနယ်သော လေသံနှင့် ပြောခြင်း ဖြစ်သည်။ သူမက ဆိုင်တံခါးဆီ သွား ကာ လက်နှစ်ဖက်ဖြင့် ဆွဲဖွင့်သည်။ သူမကို တစ်ခုခု မှာလိုက်ချင်သည်။ ပြန်လာဖို့ လည်း ခေါ်လိုက်ချင်သည်။ သို့သော် အာခေါင်တွေ ခြောက်သွေ့လွန်းလှသည်။ မစ္စက် ကာမိုဒီကို အော်ခဲ့သော ကောင်လေးက...

"ဒီမယ် အစ်မ၊ နားထောင်ပါဦး..." ဟု လှမ်းအော်ကာ လက်ကို ပြေးဆွဲသည်။

သူမက လာဆွဲသော ကောင်လေး၏ လက်ကို ငုံ့ကြည့်တော့ ကောင်လေးက ရှက်ရွံ့သွားကာ လွှတ်ပေးလိုက်သည်။ သူမသည် မြူထုထဲ လှစ်ခနဲ တိုးဝင်ပျောက်ကွယ်သွားသည်။ သူမ ထွက်သွားသည် ကို ကြည့်နေသော ကျွန်တော်တို့ အားလုံး ဘာစကားမှ မဆိုမိကြချေ။ မြူက သူမ အပေါ် လွှမ်းခြုံသွားသောကြောင့် စက္ကူဖြူပေါ်တွင် ရေးခြစ်လိုက်သော ပုံရိပ်လေးလို အရိပ်အယောင်မျှသာ မြင်ရတော့သည်။ ခဏကြာသော အခါ မြူထဲတွင် သူမ၏ လက်လှုပ်ရှားမှုများ နှင့် ရွှေရောင်ဆံပင်များ ပျောက်ကွယ်သွားကာ ဝတ်ထားသော

အနီရောင်ဝတ်စုံကိုသာ ခပ်ရေးရေး မြင်ရသည်။ သူမအသွင်မှာ အဖြူရောင် ဘုံလောကတစ်ခုအတွင်း သက်ဆင်းသွားသည့် ကချေသည် အလား။ ထို့နောက် သူမ၏ ဝတ်စုံပါ ပျောက်သွားသည်။ မည်သူမျှ ဘာမှ မပြောမိကြ။

WPS

အခန်း (၄)
စတိုခန်း၊ မီးစက် ပြဿနာ၊ ကျောပိုးအိတ်နဲ့ ကောင်လေး

ဘီလီသည် နှစ်နှစ်သား ကလေးများကဲ့သို့ အသံပြုလာသည် အထိ အမေကို တမ်းတမ်းတတ အော်ဟစ်ငိုကြွေးရင်း စိတ်နှင့် လူ မကပ်တော့ဘဲ ကယောင်ချောက်ချား ဖြစ်လာသည်။ နှပ်ချေးက အပေါ်နှုတ်ခ မ်းဆီ တွဲလောင်းကျလာသည်။ ကျွန်တော်က သူ့ပခုံးကို ဖက်ကာ နှစ်သိမ့်ဖို့ ကြိုးစားရင်း လူများ နှင့် ဝေးရာ ဆိုင်နောက်ဘက် စတိုခန်းမှ အသားစိမ်းများ ထည့်သော ပုံးအဖြူနားသို့ သူ့ကို ခေါ်လာခဲ့သည်။ ထိုနေရာတွင် အသားငါးများ ခုတ်ထစ်ပေးသည့် မစ္စတာ မက္ကဇေး ရှိနေသေးသည်။ ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက် ခေါင်းညိတ်၍ နှုတ်ဆက်လိုက်ကြသည်။

ကျွန်တော်က ကြမ်းပြင်တွင် ထိုင်ချကာ ဘီလီကို ပေါင်ပေါ်တင်၍ သူ့မျက်နှာကို ရင်ဘတ်နှင့် အပ်ထားပေးလိုက်သည်။ ကျွန်တော်က သူ့ကို ညင်သာစွာ ချော့သိပ်ရင်း ဆိုးရွားသော အခြေအနေများ တွင် မိဘများ လိမ်ပြောတတ်သော မုသားအားလုံးကို ဆိုရချေတော့သည်။ သူ သံသယ မဝင်အောင် လေသံကို ထိန်း၍ နားဝင်အောင် ပြောပြရသည်။ ဘီလီက...

"ဒါ ပုံမှန် မြူကျတာမှ မဟုတ်ဘဲ။ မဟုတ်ဘူးလား ဖေဖေ" ဟု ပြောကာ ကျွန်တော့်ကို မော့ကြည့်သည်။

သူ့ မျက်လုံးနက်လေးများ တွင် မျက်ရည်စများ စိုနေသည်။ ကျွန် တော်က

"မဟုတ်တာကွာ။ ဖေဖေတော့ အဲဒီလို မထင်ပါဘူး" ဟု လိမ်ပြောလိုက်သည်။

ကလေးများ သည် ထိတ်လန့်စရာကို လူကြီးများ လို ရင်မဆိုင်တတ်ကြ။ အသက် ဆယ့်သုံးနှစ်လောက် ရောက်တော့မှသာ ထိတ်လန့်စရာ အခြေအနေကို သုံးသပ်နိုင်ကြသည် ထင်သည်။ ဘီလီ က အိပ်ငိုက်လာသည်။ တအောင့်လောက် ငိုက်ပြီး ပြန်နိုးလာမည်ဟု ထင်ကာ ကိုင်ပေးထားသော်လည်း တကယ်ပင် အိပ်ပျော်သွားလေသည်။ အရင်ညက သူ အိပ်မပျော်ဘူး ထင်သည်။ တစ်အိပ်ရာတည်းမှာ သားအမိ သားအဖ သုံးယောက်သား ပထမဆုံးအကြိမ် အိပ်ခဲ့စဉ်က ဘီလီခမျာ လူမမည်အရွယ်သာ ရှိသေးသည်။ အိပ်ရာ၌ ကျွန်တော် အတွေးနယ်ထဲ ချာချာလည်နေစဉ် တစ်စုံတစ်ရာ လာနေသည် ကို ဘီလီက မသိစိတ်ထဲမှ ခံစားနေမိတာလည်း ဖြစ်နိုင်သည်။

သူ လုံး၀ အိပ်ပျော်သွားမှန်း သေချာသောအခါ ကြမ်းပြင်ပေါ် ချသိပ်လိုက်ပြီး သူ့ကိုယ်ပေါ် လွှားပေးထားရန် တစ်ခုခု ရှာရသည်။ လူအများ စုမှာ ဆိုင်ရှေ့တွင် ရှိနေကြဆဲဖြစ်ပြီး အပြင်ဘက်ရှိ မြူထုထဲ ဝိုင်းကြည့် နေကြသည်။ နော်တန်သည် စကားနားထောင်သူ လူအနည်းငယ်ကို စုဝေးနေသည်။ သို့မဟုတ် စုဝေးရန် ကြိုးစားရင်း အလုပ်များနေသည်။ ဘဒ်ဘရောင်းက သူ့နေရာမှ မကြွသော်လည်း အိုလီဝိစ်ကတော့ သူ့နေရာမှာ မနေတော့ချေ။

ပစ္စည်းတန်းများ ၌ လူအနည်းငယ်သာ ကျန်သည်။ သူတို့ သည် အထိတ်တလန့် မျက်နှာများ ဖြင့် သရဲတစ္ဆေများ လို ခြေဦးတည့်ရာ လျှောက်သွားနေကြသည်။ ကျွန်တော်က အသားပုံးနှင့် ဘီယာအအေးခံစက် ကြားရှိ တံခါးရွက်ကြီး နှစ်ချပ်ကို ဖြတ်ကာ စတိုခန်းထဲ ဝင်လိုက်သည်။

သုံးထပ်သားပြားနှင့် ကန့်ထားသော အခန်းနောက်ရှိ မီးစက်သံက တဖြည်းဖြည်း ပို၍ ကျယ်လောင် လာသော်လည်း တစ်ခုခု မှားနေသည်။ နှာခေါင်းတွင် ဒီဇယ်ဆီနံ့ ခပ်ပြင်းပြင်း ရသည်။ ကျွန်တော်က အသက် ကို ဖော့ရှူကာ အကန့်နား သွားသော်လည်း နောက်ဆုံးတွင် ရှပ်အင်္ကျီကို ချွတ်ကာ နှာခေါင်းနှင့် ပါးစပ်ပေါ် အုပ်ထားရသည်။

စတိုခန်းသည် ရှည်လျားကျဉ်းမြောင်းကာ အရေးပေါ် မီးလုံး နှစ်စုံ သာ ထွန်းထားသည်။ အချိုရည်ပုံး၊ အရောင်ချွတ်ဆေးပုံး၊ အမဲသား မာခရိုနီပုံး၊ ဆော့စ်အချဉ်ရည်ပုံး စသည့် ကတ်ထူပုံးများက နေရာတကာမှာ အထပ်လိုက်။ အချဉ်ရည်ပုံး တစ်လုံးက မှောက်နေသဖြင့် မသိလျှင် သွေးများ ထွက်နေသယောင်ယောင်။

ကျွန်တော်က မီးစက်ထားသည့် အခန်းတံခါးချက်ကို ဖွင့်ကာ အထဲဝင်လိုက်သည်။ အပြာရောင် ဆီခိုးများ ပိန်းပိတ်အောင် ဝေနေသဖြင့် လည်ပတ်နေသော စက်ကို မှုန်ဝါးဝါးသာ မြင်ရသည်။ နံရံရှိ အပေါက်ထဲ တပ်ထားရမည့် အိတ်ဇောပိုက်က ပြုတ်ထွက်နေသည်။ အပြင်ဘက်ရှိ ပိုက်အဆုံးနေရာမှာ တစ်ခုခု ဆို့နေတာ ဖြစ်မည်။ စက်တွင် ရိုးရှင်းသော အဖွင့်အပိတ် ခလုတ် နှစ်ခုသာ ရှိလေရာ ကျွန်တော်က ထိုခလုတ်ကို လက်နှင့် ရိုက်ချလိုက်သည်။ မီးစက်သည် ချောင်းတဟွတ်ဟွတ် ဆိုးသကဲ့ သို့ ဖွတ်ချက် ဖွတ်ချက် မြည်ကာ ရပ်သွားသဖြင့် နော်တန်၏ အနှိုးရခက်သော လွှစက်ကို သွားသတိရလိုက်သည်။

အရေးပေါ် မီးလုံးများ မှိတ်သွားသဖြင့် ကျွန်တော်ပါ မှောင်အတိ ကျသွားသည်။ ထိုအခါ ကျွန်တော် ကြောက်သွားသည်။ ဆိုင်ထဲ ပြန်သွားရန်လည်း မျက်စိလည်နေသည်။ ကျွန်တော့် အသက်ရှူသံက ကောက်ရိုးခြောက်ပုံထဲ

လေတိုက်သလို တရှူးရှူး ထွက်နေသည်။ ပြန်အထွက်တွင် သုံးထပ်သား တံခါးရွက်နှင့် နှာခေါင်း တိုက်မိသဖြင့် စိတ်ထဲ မှာ အတော် တင်းသွားသည်။ တံခါးရွက်တွင် မှန်အပေါက်များ ရှိသော်လည်း ဘာကြောင့်မှန်းမသိ အနက်ရောင် ဆေးသုတ်ထားသဖြင့် တစ်လောကလုံး မှောင်မည်းနေသည်။ သို့နှင့် လမ်းမှားကာ အရောင်ချွတ် ဆေးပုံးများ ရှိရာသို့ ပြေးမိသည်။ ပုံးများ နှင့် တိုက်မိသောကြောင့် လဲပြိုကျ လာလေရာ ပုံးတစ်လုံးမှာ ခေါင်းတည့်တည့် ကျလာသဖြင့် အနောက်ဆုတ်၍ ရှောင်လိုက်ရသည်။ ထိုအခါ အနောက်မှာ ချထားသော ပုံးနှင့် ခလုတ်တိုက်မိပြန်သဖြင့် ပက်လက်လန်ကာ ခေါင်းနှင့် ဆောင့်မိ ၍ ကြယ်တွေ လတွေပင် မြင်သွားရသည်။ ခေါင်းကို ပွတ်၍ ကိုယ့်ကိုယ် ကိုယ် ဆဲဆိုလိုက်မိသည်။ ဒီထဲက ထွက်၍ ဘီလီဆီ ပြန်သွားရန် စိတ်ငြိမ်အောင် ကိုယ့်ဘာသာ အားတင်း ပြောဆို၍ မတ်တတ်ထရပ်ရန် ကြိုးစားရသည်။ သတိလက်လွတ် မဖြစ်အောင် မိမိကိုယ်ကို ထိန်းကာ လက်နှင့် လိုက်စမ်းသည်။ ထို့နောက် ဂရုတစိုက် မတ်တတ် ထရပ်လိုက်ရင်း တံခါးရွက်နှစ်ခုကြားမှ အလင်းရောင် မျှင်မျှင်လေးကို လိုက်ရှာရသည်။ အမှောင်ထဲတွင် မိုန်ဖျော့သော အစင်းရာလေးနှင့် တူသည့် အလင်းရောင်ကို တွေ့လိုက်သည်။ ကျွန်တော်က စမ်းတဝါးဝါး သွားနေ ရာမှ ရပ်လိုက်သည်။

ညင်သာစွာ လျှောတိုက်သွားလာနေသော အသံ တစ်ခု။ ထိုအသံသည် ခဏလောက် ရပ်သွားကာ ခိုးကြောင်ခိုးဝှက်ဖြင့် ဆက်သွားနေသည်။ ဒီအခန်းထဲမှ အရာရာက ကျွန်တော့်ကို ရူးသွပ်အောင် လုပ်နေသည်။

ထိုအသံကို လန့်သွားသည့် ကျွန်တော်သည် လေးနှစ်သားအရွယ် ကလေး တစ်ယောက် ပြန်ဖြစ်သွားသလိုလို။

ထိုအသံသည် ဆိုင်က လာခြင်း မဟုတ်။ ကျွန်တော့်အနောက် ဆိုင်နောက်ခန်းအပြင်ဘက်ရှိ မြူထဲက လာခြင်း ဖြစ်သည်။ တစ်စုံတစ်ရာ သည် ဆိုင်နံရံအုတ်ချပ်များ ပေါ်မှ လျှောတိုက်သွားနေသည်။ ဆိုင်ထဲသို့ ဝင်ရန် ကြိုးစားနေခြင်း ဖြစ်နိုင်သည်။ သို့မဟုတ် ဝင်ရောက်နေပြီး ဖြစ် နိုင်သည်။ ကျွန်တော့်ကို လိုက်ရှာနေတာများ လား။ ထိုအတွေးကြောင့် ခြေဖျားလက်ဖျားများ အေးစက်ကာ လည်ကုပ်မှ မွေးညင်းများ ထောင်ထသွားသည်။ ထိုအရာ လာနေသော်လည်း အပြင်ဘက်တွင် သာ ရှိနေသေးသည် ဟု ကိုယ့်စိတ်ကို အသိပေးနေမိသည်။ သို့သော် ဘာမှ ထူးမလာ။ ခြေထောက်များကို ရွေ့ဖို့ စိတ်ထဲမှ ခိုင်းနေသော်လည်း ကျွန်တော့်ခြေထောက်များက အမိန့်ကို မနာခံကြချေ။ ထိုစဉ် အသံတစ်မျိုး ပြောင်းသွားသည်။ တစ်စုံတစ်ရာသည် အမှောင်ထဲမှ ရှူးခနဲ အသံ ပေး၍ ပြေးထွက်လာလေရာ ကျွန်တော့်နှလုံးသည် ရင်ဘတ်ထဲတွင် ဒိန်းခနဲ မြည်လျက် အလင်းရောင် အမျှင်တန်းဆီ ဆတ်ခနဲ လှမ်းခုန်လိုက်မိလျက်သား

ဖြစ်သွားသည်။ ကျွန်တော်က တံခါးရွက်များကို လက်ဖြင့် အသားကုန်တွန်းကာ ဆိုင်ထဲသို့ ပစ်ဝင် လိုက်လေသည်။

တံခါးအပြင်ဘက်တွင် အိုလီဝိစ် အပါအဝင် လူသုံးလေးယောက် ရှိနေသည်။ ကျွန်တော်က ဝုန်းခနဲ ထွက်လာသဖြင့် သူတို့က အနောက် သို့ ခုန်ရှောင်လိုက်ကြသည်။ အိုလီက ကျွန်တော့်မျက်နှာကို ကြည့်ကာ သူ့ရင်ဘတ်သူ ဖိ၍ အသံအစ်အစ်ဖြင့်

"ဟာ ဒေးဗစ်။ ဘုရားရေ ဘယ်လိုဖြစ်တာလဲ" ဟု မေးသည်။

"ခင်ဗျား မကြားဘူးလား။ ဘာသံမှ မကြားလိုက်မိဘူးလား"

အိုလီကို ပြန်မေးလိုက်သော စူးရှသည့် ညောင်နာနာ ကျွန်တော့်အသံကို ကိုယ့်ဘာသာ ပြန်အံ့သြမိသည်။ တကယ်လည်း ဘာသံမှ သူတို့ မကြားလိုက်ပါ။ သူတို့က မီးစက် ဘာကြောင့် ရပ်သွားမှန်း သိချင်သဖြင့် အနားသို့ ရောက်လာကြသည်။ အိုလီနှင့် စကားပြောနေစဉ် 'နော်မ်' အမည်ရှိ ကျောပိုးအိတ်နှင့် ကောင်လေး တစ်ယောက်က လက်နှိပ်ဓါတ်မီး တစ်လက်ဖြင့် ရောက်လာသည်။

သူက အိုလီကို ကြည့်လိုက်၊ ကျွန်တော့်ကို ကြည့်လိုက်ဖြင့် စူးစမ်းနေသည်။

ကျွန်တော်က မီးစက်ကို ဘာကြောင့် သွားပိတ်ရကြောင်း ရှင်းပြလိုက်သည်။ 'ဂျင်မ်' ဟု ခေါ်သော လူတစ်ယောက်က

"ခင်ဗျား ဘာသံ ကြားလိုက်လို့ လဲ" ဟု မေးသည်။

"မသိဘူး။ လျှောတိုက်သွားပြီး တစ်ခုခုကို ကုတ်ခြစ်နေတဲ့ အသံပဲ။ ကျွန်တော်တော့ ထပ်မကြားဝံ့ဘူး"

အိုလီဘေးမှ လူတစ်ယောက်က

"ထင်ယောင်ထင်မှား ဖြစ်တာနေမယ်" ဟု ပြောသည်။

ထင်ယောင်ထင်မှားဖြစ်စရာ ဘာအကြောင်းမှ မရှိ။

"မီးမပျက်ခင်ကရော ကြားရလား"

"ဟင့်အင်း။ မီးပျက်သွားတော့မှ ကြားရတာ။ ဒါပေမဲ့…"

ဒါပေမဲ့ ကျွန်တော် ဘာမှ သက်သေ မပြနိုင်။ သူတို့ ကျွန်တော့်ကို ကြည့်နေပုံကို ကျွန်တော် သိလိုက်သည်။

ယခု ကြုံနေရသည့် ထက် ပို၍ ဆူညံ ပွက်လောရိုက်စေမည့် ဆိုးရွားသော သတင်းကို သူတို့ မကြားလိုကြ။ သည်လောက်နှင့် ပင် တော်ဖို့ ကောင်းပြီ။ အိုလီ တစ်ဦးတည်းကသာ ကျွန်တော်ပြောတာကို ယုံသလိုမျိုး ကြည့်နေသည်။ ဂျင်မ်က အိုလီကို ဓါတ်မီး လှမ်းပေးရင်း

"အထဲပြန်ဝင်ပြီး စက်သွားနှိုးကြည့်ရအောင်" ဟု ပြောသည်။

အိုလီက သံသယဖြစ်နေပုံနှင့် ဓါတ်မီးကို လှမ်းယူသည်။ ကောင်လေးက ကျွန်တော့်ကိုလည်း တစ်ခု လှမ်းပေးသည်။ သူ့အသက်က ဆယ့်ရှစ်နှစ်လောက်ပဲ ရှိဦးမည်။ ကျွန်တော်က ခဏလောက် စဉ်းစား၍ ဓါတ်မီးကို လှမ်းယူလိုက်သည်။ ဘီလီကို ခြုံပေးဖို့ တစ်ခုခု ရှာရဦးမည်။

အိုလီက တံခါးဖွင့်ကာ ပြန်ပိတ် မသွားအောင် ကလန့်ထားလိုက်ရင်း အထဲကို ဓါတ်မီးနှင့် ထိုးကြည့်သည်။ သုံးထပ်သား တံခါးမှာ တစ်ဝက် တစ်ပျက် ဟနေကာ အနီးတစ်ဝိုက်တွင် အရောင်ချွတ် ဆေးပုံးများ ပြန့်ကျဲနေသည်။ ဂျင်မ်က နှာခေါင်း တရှုံ့ရှုံ့ လုပ်ရင်း

"ခင်ဗျား စက်ပိတ်ထားလိုက်တာ မှန်သလိုပဲ။ ဆိုးလိုက်တဲ့ အနံ့" ဟု ပြောသည်။

ဓါတ်မီးရောင်များက စည်သွပ်ဘူးပုံးများ၊ အိမ်သာသုံး စက္ကူပုံးများ၊ ခွေးစာပုံးများ ရှိရာ ဟိုသည် လျှောက်သွား နေသည်။ စတိုခန်းထဲတွင် ထူပိန်းနေသော ဆီခိုးများ ပေါ်သို့ ဓါတ်မီးရောင်က မနည်း ထိုးဖောက် နေရသည်။ ဂျင်မ်က ဓါတ်မီးကို ညာဘက်သို့ စေ့စေ့စပ်စပ် ထိုးကြည့်သည်။

အိုလီနှင့် လူနှစ်ယောက်က မီးစက်ခန်းထဲ ဝင်ကြသည်။ သူတို့ ၏ ဓါတ်မီးရောင်များက ဟိုသည် ရွေ့လျားနေသဖြင့် ကောလိပ်တွင် သင်ခဲ့ရသော လူစွန့်စား ဇာတ်လမ်းတစ်ခုကို သွားသတိရသည်။ ညသန်းခေါ င်တွင် ပင်လယ်ဓါးပြများက သွေးစွန်းသော ရွှေငွေများကို မြှုပ်နှံနေကြသလိုလို၊ စိတ္တဇ ဆရာဝန်နှင့် သူ့လက်ထောက်တို့ အလောင်းကို တူးဖော် နေသလိုလို။ အရိပ်များက တွန့်လိမ်ကာ နံရံတွင် ဟိုသည် ပြေးလွှားနေသည်။ မီးစက်မှာ အေးသွားသဖြင့် မနည်း ပြန်နိုးနေရသည်။ နော်မ်က ကုန်ပစ္စည်းများ အတင်အချလုပ်သော တံခါးဆီ လျှောက်သွားကာ ဓါတ်မီးနှင့် လှမ်းထိုးကြည့်သည်။ ကျွန်တော်က

"ဟိုနေရာကိုတော့ ကျွန်တော် မသွားဘူးနော်" ဟု ပြောလိုက်သည်။

"မသွားရပါဘူးဗျာ။ ခင်ဗျား မသွားမှန်း သိပါတယ်"

လူတစ်ယောက်က

"စက်နှိုးကြည့်လိုက် အိုလီ" ဟု ပြောသည်။

မီးစက်သံက တရှီးရှီး မြည်ကာ ဝေါခနဲ ဆူညံလာသည်။

"ပိတ်လိုက်။ အမလေး။ နံလိုက်တာ"

စက်ရပ်သွားပြန်သည်။ စက်ခန်းထဲမှ လူများ ထွက်လာသောအခါ နော်မ်က တံခါးနားမှ ပြန်ထွက်သွားသည်။ လူတစ်ယောက်က

"အိတ်ဇောပိုက်ကို တစ်ခုခု ဆို့နေတာ အမှန်ပဲ" ဟု ပြောသည်။ ဂျင်မ်က

"အဲဒါ ဘာလဲဆိုတာ ကျွန်တော် သိအောင် လုပ်မယ်။ ကျွန်တော် ပြေးကြည့်လိုက်လို့ ရတာပဲ။ သွားကြည့်ပြီး ဆို့နေတဲ့ ဟာကို ရှင်းလိုက်မယ်" ဟု ပြောလိုက်သည်။

သူ့မျက်လုံးများက ဓါတ်မီးရောင်ထဲ၌ တောက်ပနေကြသည်။ မျက်နှာပေါ်တွင်လည်း တုံးတိုက်တိုက် ကျားကိုက်ကိုက် လုပ်မည့်ဟန် အထင်းသား ပေါ်လွင်နေသည်။ အိုလီက သံသယ မကင်းပုံဖြင့်

"ဒါ သိပ်ကောင်းတဲ့ အကြံတော့ မဟုတ်ဘူး ထင်တယ်" ဟု ပြောသည်။ ဂျင်မ်က

"ဒါ လျှပ်စစ်တံခါး မဟုတ်လား" ဟု မေးသည်။

"ဟုတ်တယ်။ ဒါပေမဲ့ ဒီလိုလုပ်တာက ကောင်းပါ့မလား..."

နော်မ်က ခေါင်းပေါ်မှ ဘေ့စ်ဘော ဦးထုပ်ကို တစ်ချက် ဆွဲတင်းကာ

"အဲဒီလောက် သိရင် ရပြီ။ ကျွန်တော် လုပ်မယ်" ဟု ပြောသည်။ အိုလီက

"မဟုတ်သေးဘူး နော်မ်။ မင်း နားမလည်ပါဘူး။ ငါ့အထင် ဘယ်သူမှ အပြင်ထွက်ပြီး..."

ဟု ပြောနေစဉ် နော်မ်က

"မပူပါနဲ့ " ဟု ခပ်ပေါ့ပေါ့ ပြောကာ မျက်နှာလွှဲရင်း မခံမရပ်နိုင်ပုံဖြင့်

"ဒီမယ် ကျွန်တော့်ဘာသာ ဘာလုပ်လုပ် ခင်ဗျားအပူ မပါဘူး" ဟု ပြောသည်။

ချက်ချင်းလိုလို လုပ်သင့်သည် ဟု ပြောသူများက တစ်ဖက်၊ မလုပ်သင့်ဘူးဟု ပြောသူများက တစ်ဖက် အငြင်းပွား ကြတော့သည်။ သို့သော်

သူတို့ ထဲက ဘယ်သူမှ တစ်စုံတစ်ရာ၏ လျှောတိုက်သွားသံကို ကြားဖူးခြင်း မရှိကြ။ ကျွန်တော်က

"တော်ကြတော့" ဟု အကျယ်ကြီး အော်လိုက်သဖြင့် အားလုံး လှည့်ကြည့်ကြသည်။

"ခင်ဗျားတို့ ကို ကြည့်ရတာ နားလည်တဲ့ ပုံလည်း မပေါ်ဘူး။ ဒါမှမဟုတ် နားမလည်တာကို အတင်းကြိုးစားနေတာပဲ။ ဒါ ပုံမှန် မြူကျတာမဟုတ်ဘူး။ မြူကျပြီးကတည်းက ဘယ်သူမှ လည်း ဆိုင်ထဲကို ဝင်မ လာကြတော့ဘူး။ ခင်ဗျားတို့ တံခါးသာ ဖွင့်လိုက်လို့ ရှိရင် တစ်ခုခု ဝင် လာလိမ့်မယ်..."

နော်မ်က ပမာပခန့်ဖြင့်

"ဘာဝင်လာမှာ လဲဗျ" ဟု မေးသည်။

"ကျွန်တော် ကြားလိုက်ရတဲ့ အသံရှင်ပေါ့"

ဂျင်မ်က

"ဒီမယ် မစ္စတာ ဒေးဗစ်ဒရေတန်။ ကြားဖြတ်ပြောမိတာ ခွင့်လွှတ်ဗျာ။ ကျွန်တော်ကတော့ ခင်ဗျား ကြားလိုက်တယ် ဆိုတာကို မယုံပါဘူး။ နယူးယောက်တို့ ဟောလိဝုဒ်တို့ မှာ အရေးပါတဲ့ အနုပညာရှင်မကလို့ ခင်ဗျားဘာသာ ဘာကြီး ဖြစ်နေနေ။ ဒီအတွက်ကြောင့်တော့ ခင်ဗျားဟာ တခြားသူတွေထက် ထူးခြားနေတာ မဟုတ်မှန်း သိပါတယ်။ ကျွန်တော် ကြည့်ရသလောက် ခင်ဗျား အမှောင်ထဲ ရောက်နေတုန်း နည်းနည်းပါးပါး စိတ်ရှုပ်ထွေးသွားတာ ဖြစ်ပါလိမ့်မယ်" ဟု ပြောသည်။

"ဟုတ်ချင်လည်း ဟုတ်မယ်။ တကယ်လို့ ခင်ဗျားသာ အပြင်ထွက်ဖို့ ပြောချင်ရင် ကလေးတွေကို စိတ်ပူလို့ ပြန်သွားတဲ့ အမျိုးသမီးကိုကျ ဘာလို့ အိမ်လိုက်မပို့ပေးရတာလဲ"

ချက်ကောင်းကို ထိသွားသဖြင့် ဂျင်မ်ရော နော်မ်ပါ ကျွန်တော့်အား စိတ်ဆိုးသွားသလို လန့်သွားဟန်လည်း တူသည်။ သူတို့၏ မျက်လုံးများ ထဲတွင် မုဆိုးက သားကောင်နောက် သဲကြီးမဲကြီး လိုက်တော့မည့် ဟန်ဖြင့် မီးဝင်းဝင်း တောက်နေသည်။ နော်မ်က -

"ဒီမှာ ရှိတဲ့ လူတွေ ခင်ဗျား အကြံကို လိုချင်ရင်တော့ ကျွန်တော်တို့လည်း တောင်းရမှာ ပေါ့လေ"

ဟု ပြောသည်။ အိုလီက ချီတုံချတုံဖြင့်

"မီးစက်က အဲဒီလောက်လည်း အရေးမကြီးမှန်း ခင်ဗျားတို့ လည်း သိသားနဲ့။ ရေခဲသေတ္တာထဲက အစားအစာတွေက နောက်ထပ် ဆယ့်နှစ်နာရီလောက်ထိ ခံပါသေးတယ်။ ဒီထက်မကတောင် ပို..." ဟု ပြောနေ စဉ် ဂျင်မ်က ကမန်းကတမ်း ကြားဖြတ်၍

"ဟုတ်ပြီ ချာတိတ်ရေ။ ငါက မော်တာကို နှိုးမယ်။ မင်းက တံခါးကို မ ထားလိုက်။ ဒါဆို အနံ့အသက်တွေ ထွက်သွားလိမ့်မယ်။ ငါနဲ့ မိုင်ရွှန် က အိတ်ဇောပိုက်နားမှာ မတ်တတ်ရပ်စောင့်နေမယ်။ ဆို့နေတာ ဖယ်ပြီးရင် အော်ပြောလိုက်ချေ" ဟု ပြောသည်။ နော်မ်က

"ကောင်းပြီလေ" ဟု ဆိုကာ စိတ်လှုပ်ရှား၍ ယောက်ယက်ခတ်နေလေသည်။ ကျွန်တော်က

"ဒါ အရူးထတာပဲ။ ခင်ဗျားဟာ ဟိုအမျိုးသမီးကျတော့ သူ့ချည်း လွှတ်လိုက်ပြီး..." ဟု ပြောနေစဉ် မိုင်ရွှန်ဆိုသူက

"ခင်ဗျားဘာသာ အဲဒီမိန်းမကို ဘာလုပ်လုပ် ကျုပ်တို့နဲ့ မဆိုင်ဘူး" ဟု ပြောထည့်လိုက်သည်။

"ခင်ဗျားတို့ဟာ ဘာမဟုတ်တဲ့ မီးစက်တစ်လုံးအတွက် သူ့အသက်နဲ့ လောင်းကြေးထပ်ခိုင်း လိုက်တာပဲ"

"ခင်ဗျား ပါးစပ် ပိတ်ထားလို့ မရဘူးလား"

နော်မ်က အော်ဟစ်ပြောဆိုလိုက်စဉ် ဂျင်မ်က ကျွန်တော့်အား အေးစက်စက် ပြုံးပြကာ

"ဒီမယ် မစ္စတာ ဒရေတန်။ ခင်ဗျားမှာ ပြောဖို့ တစ်ခုခု ရှိရင် ခင်ဗျား သွားတွေကို အရင် ရေထားတာ ပိုကောင်းမယ်ဗျာ။ ခင်ဗျားရဲ့ ပေါက်တတ်ကရစကားတွေကို နားထောင်ရတာ ပင်ပန်းလှပြီ" ဟု ပြောသည်။

အိုလီက ကျွန်တော့်ကို အထိတ်တလန့် လှမ်းကြည့်ရာ ကျွန်တော်က ပခုံးတွန့်ပြလိုက်သည်။ အရူးတွေနဲ့ ကျွန်တော် ငြင်းမပြောလိုချေ။ သူတို့ကား မီးစက်လေး ပျက်ရုံမျှဖြင့် စိတ်ရှုပ်ထွေးကာ အသိတွေ ယာယီ ချွတ် ယွင်းကုန်ကြပြီ ထင်သည်။ ဤပြဿနာကို အချိန်မရွေး ဖြေရှင်းလို့ ရသော်လည်း အခုအချိန်ကတော့ ဖြေရှင်းရန် အချိန်ကောင်း မဟုတ်ချေ။ သို့သော် သူတို့ အတွက်မူ သည် ကိစ္စကို လောလောလတ်လတ် ဖြေရှင်း နိုင်မှသာ စိတ်ကြည်လင်ဖို့ အထောက်အကူ ရမည့် ပုံ ပေါ်သည်။

ဆုံးဖြတ်ချက် ချမည့် သူများမှာ ထင်ထားသည့် အတိုင်းပင် ဂျင်မ်နှင့် မိုင်ရွန်တို့ ဖြစ်နေသောကြောင့် ကျွန်တော်က လျှာတစ်ချက် သပ်ကာ မီးစက်ခန်းထဲ ဝင်နေလိုက်သည်။ ဂျင်မ်က

"အဆင့်သင့်ပဲ မဟုတ်လား နော်မ်" ဟု မေးသည်။

နော်မ်က ခေါင်းညိတ်ပြလိုက်ပြီးမှ သူတို့ မကြားနိုင်ကြောင်း သတိရသွားကာ

"ဟုတ်ကဲ့" ဟု လှမ်းဖြေသည်။ ကျွန်တော်က

"အရှုး မထစမ်းပါနဲ့ နော်မ်ရာ" ဟု ပြောလိုက်စဉ် အိုလီက

"မဟုတ်သေးဘူးနော်" ဟု ထပ်ပြောသည်။

နော်မ်က ကျွန်တော်တို့ကို လှည့်ကြည့်လိုက်ရာ ရုတ်တရက် သူ့အသက်မှာ ဆယ့်ရှစ်နှစ်ထက် ပိုငယ်နေသယောင်ယောင်။ သူ့မျက်နှာပေါက်က ကလေးဆန်လှသည်။ စိတ်လှုပ်ရှားမှုကြောင့် တံတွေး ခဏခဏ မျိုချနေသဖြင့် လည်စလုတ်လေး နိမ့်ချည်မြင့်ချည် ဖြစ်နေသည်။ ကြောက်ရွံ့မှုကြောင့် မျက်နှာလေးပင် စိမ်းဖန့်ဖန့် ဖြစ်နေသည်။ သူက တစ်ခုခု ပြောမည့် ပုံဖြင့် ပါးစပ်ဟလိုက်သော်လည်း မီးစက်သံက တဝုန်းဝုန်း ဆူညံလာသည်။

မီးစက်လည်အား သွက်လာသောအခါ နော်မ်က ညာဘက်တံခါးမှ ခလုတ်ကို နှိပ်ချလိုက်သဖြင့် တံခါးသည် အထက်သို့ စ၍ မြောက်တက် လာသည်။ မီးစက်နိုးသွားသည် နှင့် အရေးပေါ် မီးလုံးများ ပြန်လင်းလာသည်။ တံခါးပွင့်သွားသဖြင့် ဆီခိုးများမှာ ဟနေသည့် အပေါက်မှ တစ်ဆင့် စုပ်ထုတ်လိုက်သကဲ့သို့ အပြင် ထွက်သွားကြသည်။ အခုမှ ပင် သူတို့ ကို မီးရောင်အောက်တွင် သဲသဲကွဲကွဲ မြင်လာရသည်။

စတိုခန်းသည် ဖြူရော်ရော် မီးရောင် အပြည့် လင်းလာသောကြောင့် အရိပ်များလည်း မရှိတော့ချေ။ ညော်နံ့လိုလို မသတီစရာ အနံ့ကို သတိထားလိုက်မိပြန်သည်။ တံခါးသည် မြေပြင်မှ နှစ်ပေ၊ ထိုမှ တစ်ဖန် လေးပေခန့် ကွာကာ ပွင့်လာသည်။ အပြင်ဘက်ရှိ ဆေးအဝါရောင် အစင်းကျား သုတ်ထားသော အင်္ဂတေ ပလက်ဖောင်းအစွန်းကို လှမ်းတွေ့ရသည်။ မြူက ထူထပ်စွာ ဖုံးနေသဖြင့် သုံးပေအကွာလောက်တွင် အဝါ ရောင်က ဖျော့သွားသည်။ နော်မ်က

"ဟိုး..." ဟု လှမ်းအော်သည်။

ဇာပုဝါပါးကဲ့သို့သော ဖြူလွလွ မြူလက်တံများက ဝဲကတော့ထိုးကာ

အထဲသို့ မျောလွင့်လာကြသည်။ လေကတော့ အေးစိမ့်နေသည်။ တစ်မနက်လုံး အေးစိမ့်နေသည် ကို သတိထားမိသည်။ အထူးသဖြင့် လွန်ခဲ့ သော သုံးပတ်က အပူပြင်းခဲ့သောကြောင့် လားမသိ။ မတ်လလိုပင် ချမ်းလာသဖြင့် ကျွန်တော် ခိုက်ခိုက်တုန်လာသည်။ ထိုအခါ စတက်ဖီ ကို သွားသတိရသည်။

မီးစက် ရပ်သွားသည်။ နော်မ်က တံခါးအောက်မှ ကုန်း၍ ထွက်နေစဉ် ဂျင်မ်က ရောက်လာသည်။ နော်မ် အပြင်ရောက်သွားသည်ကို ဂျင်မ်ရော၊ ကျွန်တော်ရော၊ အိုလီပါ မြင်ကြရသည်။ ထိုစဉ် ရောဘဝဲလို လက်တံကြီး တစ်ခုသည် ကွန်ကရစ်ပလက်ဖောင်းအတိုင်း ရွေ့လျားလာပြီး နော်မ်၏ ခြေသလုံးကို လာရစ်ပတ်သည်။ ကျွန်တော် ပါးစပ်အဟောင်းသား ဖြစ်သွားစဉ် အိုလီက အံ့အားသင့်လွန်းသဖြင့် 'အွတ်" ခနဲ သာ အသံပြုလိုက်မိသည်။

လက်တံသည် အဖျား၌ မြက်လျှော်မြွေလုံးပတ်အရွယ်ရှိကာ တဖြည်းဖြည်း တုတ်သွားသည်။ နော်မ်၏ ခြေထောက်ကို ပတ်ထားသော လက်တံသည် လေးငါးပေခန့်ရှိ မြူထဲမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ လ က်တံအပေါ်ခွံသည် မီးခိုးရောင် ဖြစ်ကာ အောက်ဘက် အတွင်းသားက ပန်းရောင်သန်းနေသည်။ အောက်ဘက်တွင် ဟစိစိ ဖြစ်နေသော ပါးစပ် ပေါက်လေးများ ပါသည့် စုပ်ခွက်များ အတန်းလိုက် ရှိသည်။ နော်မ်က အောက်ငုံ့ကြည့်လိုက်ပြီး မျက်လုံးပြူးသွားသည်။

"ဖယ်စမ်း။ ဖယ်။ ဘုရား ကယ်တော်မူပါ။ ဒါကြီးကို ကျွန်တော့်ပေါ် က ဖယ်ပေးကြပါဦး"

ဂျင်မ်က ဘုရားတသည်။ နော်မ်က လက်တံကို ခါချလျက် တံခါးအောက်စွန်းကို ဆွဲကာ အထဲသို့ ပြန်ဝင်ရန် ရုန်းသည်။ လက်တံကြီးက ဖောင်းတက် လာပြီး ပြန်ဆွဲသဖြင့် တိုးလို့ တန်းလန်း ဖြစ်နေသည်။ နော်မ်က ကြောက်အားလန့်အားဖြင့် တံခါးကို ကိုယ်နှင့် ကပ်နေအောင် ဆွဲထားရာ ဘောင်းဘီထဲ ထိုးထည့်ထားသော နော်မ်၏ ရှပ်အင်္ကျီစ ထွက်ကျလာသည်။ သူက ခပ်ကြမ်းကြမ်း ရုန်းကန်လေလေ သူ့အား ပို၍ ဆွဲလေလေ ဖြစ်သောကြောင့် လေထဲတွင် တန်းလန်းကြီး မြောက်တက် လာသည်။ သူက ငိုကြီးချက်မဖြင့်

"ကယ်ကြပါဦး။ ဟေ့လူတွေ လုပ်ပါဦး။ ကျွန်တော့်ကို ကယ်ပါဦးဗျာ"

ဟု အော်သည်။ စက်ခန်းထဲမှ ထွက်လာသော မိုင်ရွန်က မြင်ကွင်းကို ကြည့်ကာ

"ဘုရားသခင် ကယ်တော်မူပါ။ မယ်တော်မာရီ ကယ်တော်မူပါ။ ယောသပ် ကယ်တော်မူပါ" ဟု ဘုရားပေါင်းစုံ တနေသည်။

နော်မ်နှင့် အနီးဆုံး ကျွန်တော်က သူ့ခါးမှ ဖက်ကာ အသားကုန် ခြေကန်ဆွဲသည်။ နော်မ်သည် ကျွန်တော် ဆွဲယူရာသို့ ခဏလောက် ပါလာသည်။ ခဏဆိုမှ တကယ်ကို ခဏလေးပင်။ လက်တံကြီးသည် သားရေကြိုးကို ဆွဲလိုက်သလိုမျိုး ဆန့်ထွက်လာပြီး လက်လျှော့လိုက်သကဲ့သို့ လျော့သွားသော်လည်း လွှတ်တော့မလွှတ်ချေ။ ထို့နောက် နောက်ထပ် လက်တံ သုံးချောင်း မြူထဲမှ ပေါ်ထွက်လာကြပြီး ကျွန်တော်တို့ နှစ်ယောက်ဆီ တရွေ့ရွေ့ ရောက်လာသည်။ နော်မ်၏ ခါးကို ရစ်ပတ်ထားသော လက်တံ တစ်ချောင်းသည် ဖတ်လတ်ကျနေသော အင်္ကျီစကို ဆွဲထည့်လိုက်ရာ ပြဲထွက်သွားသည်။ ထိုလက်တံသည် ပြဲထွက်သွားသော အနီရောင် အင်္ကျီစကို ဆွဲယူဆုပ်ကိုင်၍ မြူထဲသို့ တိုးဝင်ပျောက်ကွယ်သွားသည်။ ထိုအခါ တလွင့်လွင့် ပါသွားသော အင်္ကျီအနီစကို ကြည့်ရင်း အမေ ပြောခဲ့ဖူးသော စကားတစ်ခွန်းကို စဉ်းစားမိသည်။

ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်သည် အမေ့အား သကြားလုံး၊ ရုပ်ပြစာအုပ်၊ အရုပ် စသည် တို့အား ပူဆာသည့် အခါ အမေက ဝယ်မပေးချင်လျှင် 'မဟုတ်တာဆို တယ်လိုချင်ကြပါလား' ဟု ပြောလေ့ရှိသည်။ အခုလည်း လက်တံသည် လိုချင်တာတစ်ခြား၊ ရသွားတာ တစ်ခြား ဖြစ်သွားသည့်အတွက် ကျွန်တော် ထရယ်မိသည်။ ကျွန်တော် ရယ်လိုက်သည့် အချိန်နှင့် နော်မ် ထအော်သည့် အချိန်က ကွက်တိ ဖြစ်သွားသည်။ ထို့ကြောင့် ကျွန်တော် ရယ်မိသည် ကို ဘယ်သူမှ မသိဟု ထင်သည်။

ပလက်ဖောင်းပေါ်တွင် ဦးတည်ရာမဲ့ တွန့်လိမ်တွားသွားနေကြသော လက်တံနှစ်ချောင်းမှ ကုတ်ခြစ်နေသလို ခပ်တိုးတိုး အသံထွက်လာသည်။ ထိုအသံမှာ ခုနက ကျွန်တော် ကြားလိုက်ရသော အသံပင် ဖြစ်သည်။ ထို့နောက် လက်တံတစ်ချောင်းသည် နော်မ်၏ ဘယ်ဘက်ခြမ်းမှ တဆင့် ခါးကို စမ်းမိသွားကာ ကိုယ်ခန္ဓာပေါ် တရွေ့ရွေ့ တက်လာသည်။ တဆတ်ဆတ် တုန်နေသော ထိုလက်တံကြီးနှင့် ထိမိသည့် ကျွန်တော့်လက်၌ ပူတူတူ၊ ချောတောတောကြီး ခံစားလိုက်ရသည် ၎င်း၏ စုပ်ခွက်စာများ မိသွားလျှင် မြူထဲသို့ အဆွဲခံရတော့မည်။ သို့သော် ၎င်း က ကျွန်တော့်လက်ကို မဆွဲဘဲ နော်မ့်ကိုသာ ဆွဲထားသည်။

တတိယလက်တံက နော်မ်၏ အခြား ခြေချင်းဝတ်ကို လိမ်ပတ်လိုက်သည်။ ထို့နောက် နော်မ့်ကို ကျွန်တော့်ဆီမှ ဆွဲယူလေတော့သည်။ ကျွန်တော်က

"ကယ်ကြပါဦး။ အိုလီရေ၊ တစ်ယောက်ယောက် ငါ့ကို လာဆွဲပါဦး ဟ"

ဟု အော်လိုက်သော်လည်း မည်သူမျှ ရောက်မလာ။

ကျွန်တော် အောက်ကို လှမ်းကြည့်တော့ နော်မ့်ခါးကို ပတ်ထားသော လက်တံမှ စုပ်ခွက်များက အင်္ကျီနှင့် ဘောင်းဘီကြား လွတ်နေသော သူ့ အသားထဲ

စိုက်ဝင်ကာ ပိန်လိုက် ဖောင်းလိုက်ဖြင့် စုပ်ယူ နေကြသောကြောင့် သွေးတို့ တစိမ့်စိမ့် ထွက်လာသည်။ ကျွန်တော်ခေါင်းက တစ်ဝက်တစ်ပျက် ဟနေသော တံခါး အောက်အစွန်းနှင့် တိုက်နေပြီ။

နော်မံ့ ခြေထောက်များက တံခါးအပြင် ရောက်သွားပြန်ကာ ဖိနပ်တစ်ဖက် ကျွတ်ကျသွားသည်။ မြူထဲမှ လက်တံ နောက်တစ်ချောင်း ထွက်လာပြီး ကျွတ်ကျသွားသော နော့်မ်ဖိနပ်ကို ဆတ်ခနဲ ဖမ်းဆုပ်ရစ်ပတ် လိုက်သည်။ ထို့နောက်အသား မဟုတ်မှန်း သိသွားပုံဖြင့် လွှတ်ချလိုက်သည်။ တံခါး အောက်ဘောင်အစွန်းကို မရမက ကုတ်ကပ်ဆွဲယူထားသော သူ့လက်ချောင်းများမှာ အသားကုန် ဆွဲထားရသဖြင့် ပြာနှမ်းလာသည်။ ခေါင်းကို ဖမ်းဆုပ်ရန် ကြိုးစားနေသော လက်တံကို ရှောင်နေရသဖြင့် အော်ပင် မအော်နိုင်တော့။ သူ့ခေါင်းက ရှေ့တိုးနောက်ငင် ရမ်းခါ နေသဖြင့် ရှည်လျားနက်မှောင်သော ဆံပင်များက လေထဲမှာ တဝဲဝဲ။

ကျွန်တော်က သူ့ပခုံးကို ကျော်ကြည့်လိုက်သောအခါ ဒါဇင်နှင့် ချီ၍ လာနေသော လက်တံများကို မြင်လိုက်ရသည်။ အများစုမှာ လုံးပတ် သေးသော်လည်း ကြီးမားထူထဲသော လက်တံအနည်းငယ်မှာ မနက်ခင်း တုန်းက လမ်းဘေးမှာ လဲကျနေသည့် ရေညှိတက်နေသော သစ်ပင်လုံး ပတ်လောက် ရှိသည်။ လက်တံကြီးများ ရှိ ပန်းရောင်စုပ်ခွက်များက ရေမြောင်းဖုံးအဝိုင်းလောက် ရှိသည်။ ကွန်ကရစ် ပလက်ဖောင်းအတိုင်း လျှောခနဲ လိမ့်ထွက်လာသော လက်တံကြီးတစ်ချောင်းက တရွေ့ရွေ့လာနေသော တီကောင်ကြီးနှယ်။ ကျွန်တော်က နော်မံ့ကို တစ်ချက်အား ကုန်ဆောင့်ဆွဲလိုက်ရာ သူ့ညာဘက်ခြေသလုံးက လက်တံကြီးထဲမှ အနည်းငယ် လျှောထွက်လာသည်။ နောက်ထပ် ဆွဲလို့ မရတော့ချေ။ လက်တံကြီးသည် နောက်ထပ် အဆွဲမခံတော့ဘဲ နော့်မ်ကို အသေ ဖမ်းဆုပ် ထားသည့် လက်တံများထဲက စုပ်ခွက်များကလည်း သူ့ကို ဝါးမြိုနေကြသည်။

လက်တံတစ်ချောင်းသည် ကျွန်တော့်ပါးကို ညင်သာစွာ ပွတ်ဆွဲသွားကာ လေထဲမှာ ရမ်းနေသည်။ ထိုစဉ် ကျွန်တော် ဘီလီကို သတိရလာသည်။ ဘီလီသည် ဆိုင်ထဲရှိ မစ္စတာ မက္ကဗေး၏ အသားပုံးအဖြူရောင်ကြီး ဘေးမှာ အိပ်ပျော်နေသည်။ သူ့ကို တစ်ခုခုခြုံပေးရန် အရှာထွက်ရင်း ဒီကို ရောက်လာသည်။ လက်တံစာ မိသွားလျှင် ဘီလီ ကို မည်သူက ကြည့်ရှုစောင့်ရှောက်ပါမည်နည်း။ နော်တန် ရှိသော်လည်း သူကရော ဘီလီကို ကြည့်ရှုစောင့်ရှောက်ပါမည်လား။ နော်မံ့ကို ကျွန်တော် လွှတ်ချလိုက်သောအခါ လေးဘက်ထောက် လဲကျ သွားသည်။

ကျွန်တော့် ခန္ဓာကိုယ်တစ်ဝက်က တံခါးအပြင်ရောက်နေသည်။ လက်တံတစ်ချောင်းက ဟိုစမ်းသည် စမ်းနှင့် ကျွန်တော့်ဘယ်ဘက်မှ

ဖြတ်သွားသည်။ ၎င်းက နော်မ့်လက်မောင်းကို စမ်းမိသောအခါ တစ်စက္ကန့် လောက် တုံ့ခနဲ ဖြစ်သွားပြီး အခွေလိုက် ရစ်ပတ် ထားလိုက်တော့သည်။

ယခုအခါ နော်မ်သည် မြွေများ အခွေလိုက် ရစ်ပတ်ခံထားရသော အလပ္ပာယ်ဆရာ တစ်ယောက်လို ဖြစ်နေသည်။ ကျွန်တော့်နားရှိ လက်တံ များစွာက သူ့ကို နေရာမလပ် ရစ်ပတ်ထားသည်။ ကျွန်တော်က အနော က်သို့ ကိုးရို့ကားရား ခုန်ရှောင်လိုက်ရာ ပက်လက်လန်၍ လိမ့်သွားသည်။ ဂျင်မ်၊ အိုလီနှင့် မိုင်ရွန်တို့ က မဒမ်တူးဆော့ ဖယောင်းပြတိုက်မှ အရုပ်များလို ဖြူလျော်သော မျက်နှာ၊ တောက်ပသော မျက်လုံးများ နှင့် တုတ်တုတ်မျှ မလှုပ်ကြချေ။ ဂျင်မ်နှင့် မိုင်ရွန်က တံခါးကို အလယ်မှ ထားကာ ဟိုဘက်သည်ဘက် မတ်တတ်ရပ်ကြည့်နေသည်။ ကျွန်တော်က

"မီးစက်ကို မောင်း" ဟု အော်ထည့်လိုက်သော်လည်း တစ်ယောက်မှ မလှုပ်ကြဘဲ ဆေးမိထားသလို အသက်မဲ့နေကြသည်။

ကျွန်တော်က ကြမ်းပြင်ပေါ် အလူးအလဲ လိုက်စမ်းရင်း လက်ထဲ ပါလာသော အရောင်ချွတ်ဆေးပုံး တစ်လုံးကို ဂျင်မ့်ဆီ ပစ်လိုက်သည်။ ဆေးပုံးက ခါးပတ်အထက်ရှိ ဂျင့်မ့်ဗိုက်ကို မှန်သွားသည်။ သူက အင့်ခနဲ အသံပြု၍ လှမ်းဖမ်းသည်။ ထိုအခါမှ မျက်တောင် တဖျပ်ဖျပ် ခတ်ရင်း ပုံမှန်အခြေအနေ ပြန်ရောက်လာသည်။ ကျွန်တော်က

"သောက်မီးစက်ကို မောင်းတော့ဟ" ဟု လည်ချောင်းကွဲမတတ် အော်ပြောလိုက်သည်။

သို့သော် သူက မသွားဘဲ ယခုလို မြူထဲမှ ကြောက်မက်ဖွယ်ရာ ဘာမှန်းမသိသည့် အရာက နော့်မ်အား အရှင်လတ်လတ် ဝါးမြိုနေသည်မှာ သူနှင့် ဘာမှ မဆိုင်ကြောင်း ပြောသည်။ သူက ညောင်နာနာဖြင့်

"ဆောရီးပဲ။ ဒီလို ဖြစ်မယ်မှန်း မသိဘူး။ ဘယ်လိုလုပ် သိပါ့မလဲ။ ခင်ဗျားက တစ်ခုခု ကြားလိုက်တယ် ပြောပေမဲ့ ဘာမှန်းမှ မသိဘဲ။ ခင်ဗျား ပိုပြီး ရှင်းရှင်းလင်းလင်း ပြောသင့်တာ။ ကျွန်တော်ကတော့ ဘယ်သိမလဲ။ ငှက်တို့ ဘာတို့ ထင်တာပေါ့" ဟု ပြောသည်။

ထိုအချိန်တွင် အိုလီက လှုပ်လှုပ်ရှားရှား ဖြစ်ကာ ဂျင့်မ်ဘေးမှ ယိုင်နဲ့စွာ ထပြေးသည်။ သူက ဂျင့်မ်ကို ပခုံးနှင့် တိုက်မိပြီး စက်ခန်းထဲ ရောက်သွားသည်။ ယိုင်လဲသွားသော ဂျင်မ်သည် အမှောင်ထဲ၌ ကျွန်တော် လဲကျသလိုပင် အရောင်ချွတ်ဆေး ကတ်ထူပုံးများ ပေါ်လဲကျသွားသည်။ သူက

"စိတ်မကောင်းပါဘူးဗျာ" ဟု ထပ်ပြောပြန်သည်။

သူ့ဆံပင်နီနီများက မျက်ခုံးပေါ် ဝဲခနဲ ကျလာသည်။ ပါးပြင်က သွေးဆုတ်ဖြူရော်နေသည်။ မျက်လုံးများကတော့ နော့်မ်လိုပင် ထိတ်လန့်တကြား။ စက္ကန့်အနည်းငယ်အကြာတွင် မီးစက်သံ တဖွတ်ဖွတ် ထွက်လာသည်။ ကျွန်တော် တံခါးဆီ လှည့်ကြည့်လိုက်တော့ နော့်မ်ပါသွားလုနီး ဖြစ်နေသည်။ သူက တံခါးဘောင်ကို လက်တစ်ဖက်တည်း ဖြင့် ဆွဲထားသေးသည်။ သူ့တစ်ကိုယ်လုံးကတော့ လက်တံ အခွေများကြားမှာ မြုပ်နေကာ သွေးစက်လက် စီးကျနေသည်။ သူက မြူထဲသို့ ချာခနဲ လှည့်ကြည့်လိုက်ရင်း မျက်လုံးများ ပြူးကျယ်လာသည်။

ယခုအခါ လက်တံများ သည် တံခါးပေါက်ကို ကျော်၍ အထဲသို့ တွားသွားဝင်လာကြသည်။ တံခါးပိတ်ရန် ခလုတ်နားသို့ လက်တံများစွာ ရောက်လာသောကြောင့် အနားသို့ပင် မကပ်နိုင်ချေ။ လက်တံတစ်ချောင်းက ပက်စီကိုလာပုလင်းများ ထည့်ထားသော ပုံးတစ်ခုကို လိမ်ပတ်၍ ဆွဲယူသွားသည်။ အခြားလက်တံတစ်ချောင်းက ကတ်ထူပုံး တစ်လုံးကို ဆွဲယူ၍ ညှစ်ချလိုက်ရာ ကွဲထွက်သွားပြီး အိမ်သာသုံးစက္ကူလိပ်များ နေရာအနှံ့ လိမ့်ထွက်လာကြသည်။ လက်တံများက ထိုအလိပ်များကို အငမ်းမရ လိုက်ဆွဲသည်။

လက်တံကြီး တစ်ချောင်းသည် လျှောခနဲ ဝင်လာပြီး အနံ့လိုက်ခံသကဲ့သို့ ကြမ်းပြင်မှ ခေါင်းထောင်ထလာသည်။ ၎င်းက မိုင်ရွှန်ဆီ ရွေ့လျားလာသောအခါ သူက ဝေးရာသို့ တစ်လှမ်းချင်း နောက်ဆုတ်၍ ရှောင်နေသည်။ သူ့မျက်လုံးများက ၎င်း၏ စုပ်ခွက်များကို ကြောက်လန့်တကြား လိုက်ကြည့်နေရင်း တအီးအီးနှင့် ဖျစ်ညှစ်အော်သည်။

စမ်းတဝါးဝါး လှုပ်ရှားနေသော လက်တံများကို ကျော်ကာ နံရံမှ ခလုတ်ဆီ လှမ်းပိတ်နိုင်မည့် တစ်ခုခုကို လိုက်ရှာမိသည်။ ကျွန်တော်က ဘီယာပုံးများကို မှီထောင်ထားသည့် ကြမ်းပြင်ရေသုတ်သော တံမြက်စ ည်းတစ်ချောင်းကို တွေ့သဖြင့် လှမ်းဆွဲယူလိုက်သည်။

တံခါးဘောင်ကို ဆွဲထားသော နော့်မ်၏ လက်တစ်ဖက်သည် ပြုတ်ကျသွားပြီး သူ့ခန္ဓာကိုယ်မှာ ပလက်ဖောင်းပေါ် အရှိန်ပြင်းစွာ ပြုတ်ကျသည်။ သူက အခြားလက်တစ်ဖက်ဖြင့် ဆွဲမိဆွဲရာကို သွေးရူးသွေးတမ်း ကုတ်ခြစ်နေစဉ် ကျွန်တော့်မျက်လုံးနှင့် သူ့မျက်လုံးတို့ ခဏ ဆုံမိသည်။ သူ့မျက်လုံးများသည် အထိတ်တလန့်နှင့် ပြူးကျယ်နေကြပြီး သူ သေတော့မည်ကို သိနေသည်။ ထို့နောက် သူသည် မြူထဲသို့ လျှောခနဲ လိမ့်ပါသွားသည်။ ငယ်သံပါအောင် အော်ဟစ်လိုက်သော နော့်မ်အသံ ထွက်လာပြီး တစ်ပိုင်းတစ်စ

ပြတ်တောက်သွားတော့သည်။ နော်မ် သေပြီ။

ကျွန်တော်က တံမြက်စည်းကို အောက်ခြေမှ ကိုင်ကာ ခလုတ်ကို လှမ်းတွန်းလိုက်ရာ တံခါးပေါက်သည် တဖြည်းဖြည်း အောက်ကျလာသည်။ တံခါးပေါက်သည် မိုင်ရွန်ရှိရာ လိုက်စမ်းနေသော လက်တံကြီးပေါ် ပိကျ လာပြီး အသားလိုလို အရေပြားပေါ် ဖိဝင်သွားသည်။ ၎င်းမှ အမည်းရောင် အရည်များ ပန်းထွက်လာသောအခါ လက်တံကြီးသည် သွေးရူးသွေးတမ်း တွန့်လိမ်လှုပ်ရှားနေသဖြင့် စတိုခန်းကြမ်းပြင်၌ မည်းမည်းမြင်ရာ လိုက်ရိုက်နေသော ကြာပွတ်တစ်ချောင်းနှင့် တူနေသည် ထို့နောက် တဖြည်းဖြည်း ပြားချပ်လာကာ အပြင်သို့ လျှောထွက်သွားသည်။ ထိုအခါ အခြားလက်တံများ သည်လည်း နောက်ဆုတ်ကုန်ကြသည်။

လက်တံတစ်ချောင်းက ခွေးစာအိတ် တစ်လုံးကို မလွှတ်တမ်း ရစ်ပတ်ထားသည်။ တံခါးသည် ထိုလက်တံကို နှစ်ပိုင်းပြတ်အောင် ဖိချလိုက်သည်။ ထိုလက်တံက ခွေးစာအိတ်ကို အသည်းအသန် ညှစ်ထားသောကြောင့် ပွင့်ထွက်သွားပြီး အညိုရောင် ခွေးစာများ ပြန့်ကျဲကုန်သည်။ လက်တံအပြတ်သည် ရေထဲမှ ကုန်းပေါ် ပစ်တင်လိုက်သော ငါးတစ်ကောင်လို တဖတ်ဖတ် ထခုန်ရင်း လိပ်သွားလိုက်၊ ပြေသွားလိုက် ဖြစ်နေသည်။ ထို့နောက် တဖြည်းဖြည်း ငြိမ်ကျသွားသည်။ ကျွန်တော်က သုံးပေလောက် ရှိသည့် ထိုလက်တံကို တံမြက်စည်းနှင့် ထိုးကြည့်သည်။ လက်တံအပြတ်သည် တင်းတင်းစေ့၍ ခဏလောက် ပိတ်နေပြီး ပြေကျသွားသည်။ ဘေးပတ်လည်တွင်တော့ အိမ်သာသုံးစက္ကူလိပ်များ၊ ခွေးစာများ၊ အရောင်ချွတ်ဆေးများ အရောရောအနှောနှော ပြန့်ကျဲနေသည်။

မီးစက်သံ တဝုန်းဝုန်းမှ လွဲ၍ ဘာသံမှ မကြားရတော့။ အိုလီက သုံးထပ်သားပြား အခန်းထဲမှာ ထိုင်ကာ လက်နှစ်ဖက်ထဲ မျက်နှာအပ်၍ ငိုနေသည်။ ထိုစဉ် အမှောင်ထဲမှ ညင်သာစွာ လျှောတိုက်သွားသော အသံ တချို့ကို ကျွန်တော် ကြားလိုက်သည်။ ထိုအသံများမှာ အခုတော့ လက်တံများ ၏ အသံမှန်း ကျွန်တော် သိ လိုက်လေပြီ။ လက်တံများ သည် အပြင်ဘက်မှ နေ၍ အခြားဝင်ပေါက် တစ်ခုခုကို လိုက်ရှာနေသည်။ မိုင်ရွန်က ကျွန်တော့်ဆီ လှမ်းလာကာ

"ဒီမယ်။ ခင်ဗျား နားလည်ရမှာ က..."

ဟု ပြောလိုက်စဉ် ကျွန်တော် က စကားမဆုံးခင် သူ့မျက်ခွက်ကို လက်သီးတစ်လုံး ပစ်သွင်းလိုက်သည်။

အံ့သြနေသဖြင့် ရှောင်ချိန် မရလိုက်။ ကျွန်တော့်လက်သီးသည် သူ့နှာနုအောက် အပေါ်နှုတ်ခမ်း တည့်တည့် ပေါ်ကျသွားသဖြင့် ပါးစပ်မှ သွေးများ

စီးကျလာသည်။ ကျွန်တော်က

"ခင်ဗျားကြောင့် သူ သေရတာ။ ခင်ဗျားလုပ်ရပ်ကို သိပြီလား။ အခု တော့ ကျေနပ်ပြီလား" ဟု အော်လိုက်သည်။

ကျွန်တော်က သူ့ကို ဘယ်ရော ညာရော လိုမ့်ပိတ်ထိုးသည်။ ကောလိပ်ကျောင်းမှာ တုန်းက လက်ဝှေ့သင်တန်း တက်ဖူးသော်လည်း သင်ထားသလို ထိုးခြင်း မဟုတ်။ သူက နောက်သို့ ဆုတ်ရင်း ရှောင်သည်။ ထိုအခါ ကျွန်တော် ပိုဒေါသထွက်လာပြီး မျက်လုံးတစ်ဖက်ကို အညိုအမည်း စွဲသွားအောင် ထိုးတော့သည်။ ကျွန်တော်က သူ့ကို မေးစေ့မှ ဆွဲချုပ်ကိုင်မြှောက်၍ ကြည့်လိုက်တော့ သူ့မျက်လုံးများ ဖူးယောင်နေသည်။ သူက

"ဒီမှာ ..။ ကျုပ်ပြောတာ နားထောင်.." ဟု ပြောနေသော်လည်း ကျွန်တော်က သူ့ ဗိုက်အောက်ကို ထိုးချ လိုက်သဖြင့် အသံမထွက်နိုင်တော့ချေ။

သူ့ကို မည်မျှ ကြာအောင် ထိုးနေမိသည် မသိ။ ဂျင်မ်လား ဘယ်သူ တစ်စုံတစ်ယောက်က လာဆွဲတော့မှ လွှတ်ပေးလိုက်ကာ လှည့်ကြည့်လိုက်သည်။ ဂျင်မ် ဖြစ်နေရင် ကောင်းမည်။ သူ့ကိုလည်း ထိုးချင်သည်။ သို့သော် ဂျင်မ် မဟုတ်ဘဲ အိုလီ ဖြစ်နေသည်။ အိုလီမျက်နှာဝိုင်းဝိုင်းကြီးက လူသေကောင်လို ဖြူလျော်နေသည်။ မျက်လုံးများက တော့ မျက်ရည်များကြောင့် စိုလဲ့နေသည်။ သူက

"ဒေးဗစ် တော်တော့။ မထိုးပါနဲ့ တော့ကွာ။ ဒီလိုလုပ်လို့ ကိစ္စက ပြီးသွားမှာ မဟုတ်ဘူး" ဟု ပြောသည်။

ဂျင်မ်က ဘေးတစ်ဖက်မှာ မျက်နှာသေနှင့် မတ်တတ်ရပ်နေသည်။ ကျွန်တော်က ပုံးတစ်လုံးကို သူ့ဆီ ပိတ်ကန်ထည့်လိုက်ရာ သူ့ဘွတ်ဖိနပ် နှင့် ထိ၍ ပြန်ကန်ထွက်သွားသည်။ ကျွန်တော်က

"ခင်ဗျားတို့ နှစ်ကောင်က တော်တော် သောက်သုံးမကျတဲ့ ကောင်တွေပဲ" ဟု ပြောတော့ အိုလီက စိတ်မချမ်းမြေ့စွာဖြင့်

"လာပါ ဒေးဗစ်ရယ်။ တော်လိုက်ပါတော့" ဟု ပြောသည်။

"ခင်ဗျားတို့ ကြောင့် ဟိုကလေးက ကြားထဲက သေရတာ"

ဂျင်မ်က သူ့ဘွတ်ဖိနပ် သူပြန်ငုံ့ကြည့်သည်။ မိုင်ရွှန်က သူ့ ဘီယာဗိုက်ကို လက်ဖြင့် ဖိရင်း ကြမ်းပြင်ပေါ်မှာ ထထိုင်သည်။ ကျွန်တော်က အသက်ကို ပြင်းပြင်း ရှူနေမိသည်။ ကျွန်တော့် နားထဲမှ သွေးများ စီးကျ နေသည်ကို တွေ့သဖြင့် တုန်လှုပ်သွားသည်။ ကျွန်တော်က ကတ်ထူပုံးများ ပေါ် ခေါင်းငိုက်စိုက်ချ

ထိုင်လိုက်သည်။ မျက်နှာပေါ် ဆံပင်များ ကျကာ ခဏလောက် ထိုသို့ သတိလက်လွတ် ထိုင်နေမိသည်။ အနည်းငယ် စိတ်ငြိမ်သွားသောအခါမှ အိုလီကို မော့ကြည့်မိသည်။ သူ့လက်စွပ်က အရေးပေါ် မီးရောင်ကြောင့် ပန်းရောင်တောက်နေသည်။ ကျွန်တော်က

"ရပြီ။ ကျွန်တော် အိုကေသွားပြီ" ဟု ယောင်နန ပြောတော့ အိုလီက

"ကောင်းတယ်။ တို့ ဘာဆက်လုပ်ကြမလဲ စဉ်းစားရအောင်" ဟု ဆို သည်။

စတိုခန်းသည် အသက်ရှုကျပ်လာအောင် နံ့လာပြန်သည်။

"မီးစက်ကို ပိတ်လိုက်။ အဲဒါ ပထမဆုံး လုပ်ရမှာ"

မိုင်ရွှန်က

"အင်း။ ဒီထဲက ထွက်ကြရအောင်" ဟု ပြောရင်း ကျွန်တော့်အား တောင်းပန်တိုးလျှိုးသည့် မျက်ဝန်းများ ဖြင့် ကြည့်၍

"ဟိုချာတိတ်အတွက် စိတ်မကောင်းပါဘူးကွာ။ ဒါပေမဲ့ မင်း နားလည်ပေးရမှာ က..."

ဟု ပြောလိုက်စဉ် ကျွန်တော်က

"ငါ နားလည်ပေးစရာ ဘာမှ မရှိဘူး။ မင်းနဲ့ မင်းကောင်သာ ဆိုင်ထဲ ပြန်သွား။ ရေခဲသေတ္တာနားမှာ စောင့်နေ။ တခြားသူတွေကို ဘာမှမပြောနဲ့ ဦး" ဟု ပြောလိုက်သည်။

သူတို့က ခပ်သုတ်သုတ် ထ၍ တံခါးကို တွန်းဖွင့်ကာ အတူတကွ ထွက်သွားကြသည်။ အိုလီက မီးစက်ခန်းထဲ ဝင်ကာ စက်ပိတ်လိုက်သောကြောင့် မီးရောင်က စမှိန်လာသည်။ ဝယ်သူက ပြန်ပေးသော ဆိုဒါပုလင်းပုံကို လွှမ်းထားသည့် ဂွမ်းစောင်တစ်ထည်ကို တွေ့သည်။ ကျွန်တော်က ထိုစောင်ကို ဘီလီအတွက် ထယူလိုက်သည်။ အိုလီ စက်ခန်းထဲမှ ထွက်လာတော့ စက်သံက တဖွတ်ဖွတ်နှင့် ရပ်သွားသည်။ အဝလွန်သော လူအများ စုလိုပင် အိုလီ၏ အသက်ရှူသံက အနည်းငယ် လေးပင်၍ တရှိုက်ရှိုက် မြည်နေသည်။ သူက တုန်ယင်သော လေသံဖြင့်

"ဒေးဗစ်...။ မင်း ရှိသေးလား" ဟု မေးသည်။

"ငါ ဒီမှာ အိုလီ။ အရောင်ချွတ်ဆေးပုံးတွေကို သတိထားဦး"

"အေးပါ..."

ကျွန်တော်က သူ့ကို အသံပေး၍ လမ်းပြလိုက်ရာ စက္ကန့်သုံးဆယ် လောက်ကြာတော့ အမှောင်ထဲမှ ထွက် လာပြီး ကျွန်တော့်ပခုံးကို လာဆွဲသည်။ သူက သက်ပြင်းရှည်ကြီး တစ်ချက် ချ၍

"ဒီထဲက ထွက်ကြရအောင်ကွာ။ ဒီလို မှောင်နေတာကြီးက ဆိုးလိုက်တာ" ဟု ပြောသည်။

သူအမြဲဝါးနေကျ ရိုးလိတ်စ် အစာကြေဆေးပြားနံ့ သူ့ထံမှ ရသည်။

"မှောင်တာတော့ မှောင်တာပေါ့လေ။ ခဏနေဦး အိုလီ။ ဟိုမအေပေးနှစ်ကောင် မကြားစေချင်တာ မင်းကို ပြောမလို့"

"သူတို့ က နော့်မ်ကို အတင်းသွားခိုင်းတာမှ မဟုတ်ဘဲ ဒေးဗစ်ရာ။ မင်း သတိထားမိသင့်တာပဲ"

"နော်မ်က ကလေးပဲ ရှိသေးတာလေ။ သူတို့ က ကလေးမှ မဟုတ်ဘဲ။ ထားလိုက်ပါတော့။ ပြီးတာက ပြီးပြီ။ ဆိုင်ထဲက လူတွေကို ဒီအကြောင်း ပြောပြရမယ် အိုလီ"

အိုလီက သံသယ မကင်းသည့် လေသံဖြင့်

"သူတို့ ကြောက်လန့်ကုန်ရင် ဘယ်လိုလုပ်မလဲ" ဟု ပြောလိုက်သည်။

"ကြောက်ချင်လည်း ကြောက်မယ်။ မကြောက်ချင်လည်း မကြောက်ဘူးပေါ့။ ဒါပေမဲ့ အပြင်ထွက်ဖို့ တော့ အတော် စဉ်းစားသွားလိမ့်မယ်။ လူအများ စုက အိမ်မှာ ကျန်ခဲ့တဲ့ လူတွေဆီ ပြန်ဖို့ ထွက်ချင်နေကြတာ။ ဘာလို့ မထွက်သင့်တာကို ငါ့ဘာသာပဲ ပြောပြလိုက်တော့မယ်။ အပြင်ထွက်ရင် ကြုံရမယ့်ဟာကို နားလည်ထားမှ ဖြစ်မယ်"

သူက ကျွန်တော့်လက်ကို ခပ်တင်းတင်း ဆုပ်၍

"ဟုတ်ပြီလေ။ ငါ စဉ်းစားနေတာ တစ်ခု ရှိတယ်။ ရေဘဝဲလိုလို ဘာလိုလို အဲဒီလက်တံတွေက ဘာဆီကို ဆွဲယူသွားတာလဲ ဒေးဗစ်။ အဲဒီလက်တံတွေက ဘယ်အရာကနေ ထွက်လာကြတာလဲ" ဟု မေးသည်။

"မသိဘူး။ ဒါပေမဲ့ ဟိုလူနှစ်ယောက်ကို သူတို့ချည်း ပြောခိုင်းလို့ မဖြစ်ဘူး။ လူတွေကို ခြောက်သလို ဖြစ်နေမယ်။ လာသွားကြစို့"

ကျွန်တော်က တံခါးနှစ်ချပ်ကြားမှ ဝင်လာသည့် အလင်းရောင် ခပ်ပါးပါးဖြင့် ဘေးပတ်လည်ကို ကြည့်လိုက်သည်။ ပြန့်ကျဲနေသော ကတ်ထူပုံးများကို သတိထား၍ ရှပ်တိုက်လျှောက်ရင်း ကျွန်တော်တို့ နှစ် ယောက် စမ်းတဝါးဝါး သွားရသည်။ အိုလီ၏ လက်တုတ်တုတ်ကြီးက ကျွန်တော့်နဖူးကို ဖတ်ခနဲ လာရိုက်မိသည်။ ခါတ်မီးများလည်း ဘယ် ကျပျောက်ကုန်သည် မသိ။ တံခါးနား အရောက်တွင် အိုလီက လေသံ ခပ်လေးလေးဖြင့်

"ငါတို့ မြင်လိုက်တဲ့ ဟာကြီးက... အင်း။ မဖြစ်နိုင်စရာပဲနော် ဒေးဗစ်။ ဟုတ်တယ်မလား။ ဒီလောက်ကြီးတဲ့ ရေဘဝဲကြီးကို ဘော်စတွန်မြို့က ရေသတ္တဝါပြတိုက်ကို သွားတဲ့ ကားတစ်စီးစီးများ သယ်ရင်းပြုရင်း ကျပျောက်သလား မသိဘူး။ တကယ်ဆို ပင်လယ်ရေအောက် ပေနှစ်ကျော်မှာ နေတတ်တဲ့ အဲဒီလို ရေဘဝဲတွေက ကုန်းပေါ်မှာဆို သေသွားရမှာ နော်" ဟု ပြောသည်။

"ဟုတ်တယ်။ အမှန်ပဲ"

"ဒါဆို ဘာဖြစ်တာလဲ။ ဘာကြောင့် ဒီလို ဖြစ်ရတာလဲ။ မြူထုကြီးက ဘာကြီးလဲကွာ"

"ငါလည်း မသိဘူး အိုလီရာ"

ကျွန်တော်တို့ အပြင်ဘက်ရှိ ဆိုင်ထဲသို့ ပြန်ရောက်လာသည်။

WPS

အခန်း (၅)

နော်တန်နှင့် အတိုက်အခံ ဖြစ်ခြင်း၊ ရေခဲသေတ္တာဘေးမှာ ဆွေးနွေးကြခြင်း၊ တိုက်ဆိုင်စစ်ဆေးကြည့်ခြင်း

ဂျင်မ်နှင့် သူ၏ အဖော်မွန် မိုင်ရွှန်မှာ အပြင်ဘက်ရှိ ရေခဲသေတ္တာ ဘေး၌ စောင့်နေကြသည်။ လက်ထဲမှာ တော့ ဘဒ်ဝိုက်ဇာ ဘီယာ တစ်ယောက် တစ်ဘူးစီ ကိုင်ထားသည်။ ကျွန်တော်က ဘီလီကို ကြည့်လိုက်တော့ အိပ်ပျော်နေဆဲ ဖြစ်၍ ဂွမ်းကပ်စောင် ခြုံပေးလိုက်သည်။ သူက တွန့်ခနဲ ဖြစ်သွားပြီး တစ်ခုခု ရေရွတ်ကာ ပြန်ငြိမ်သွားသည်။ လက်ပတ်နာရီကို ကြည့်လိုက်တော့ ည ၁၂ နာရီ ၁၅ မိနစ် ရှိပြီ။ ပထမဆုံးအကြိမ် ကျွန်တော် သူ့ခြုံဖို့ စောင်သွားရှာကတည်းကဆိုလျှင် ယခုထိ အနည်းဆုံး ငါးနာရီလောက် ကြာနေခဲ့ခြင်းမှာ လုံးဝ ဖြစ်နိုင်စ ရာ မရှိချေ။ ခုနက အဖြစ်ကြီး အစမှ အဆုံးထိ သုံးဆယ့်ငါးမိနစ်လောက်သာ ကြာခဲ့သည်ပဲ။

ကျွန်တော်က အိုလီ၊ ဂျင်မ်နှင့် မိုင်ရွှန်တို့ သုံးဦး ရပ်နေသည့် နေရာ သို့ ပြန်သွားသည်။ အိုလီက ဘီယာ တစ်လုံးကို ကျွန်တော့်အား လှမ်းပေးသည်။ သူလည်း တစ်ဘူး ယူထားသည်။ ကျွန်တော်က ဘီယာဘူး ကို လှမ်းယူကာ မနက်ဘက် သစ်ခုတ်စဉ်ကလို ထက်ဝက်ကျအောင် မော့ချလိုက်သောအခါ အားနည်းနည်း ပြန်ပြည့်လာသလို ခံစားရသည်။

ဂျင်မ့်နာမည် အပြည့်အစုံက ဂျင်မ်ဂေါ်ဒွန် ဖြစ်သည်။ မိုင်ရွှန့်နှုတ်ခမ်း၊ မေးစေ့နှင့် ပါးပြင်မှ သွေးစများ ခြောက်နေလေပြီ။ ညိုမည်းနေသော မျက်ကွင်းတစ်ဖက်က ဖောင်းမို့နေဆဲ။ အနွေးထည်နှင့် မိန်းက ခြေဦးတည့်ရာ လျှောက်လာရင်း မိုင်ရွှန့်ကို သတိထားမိသလိုမျိုး တစ်ချက် ကြည့်သွားသည်။ လူကြီး သိပ်လုပ်ချင်သော ဆယကျော်သက်များ အတွက်တော့ မိုင်ရွှန်သည် အန္တရာယ်ကောင်းသာ ဖြစ်ကြောင်း သူမကို ပြောပြလိုက်ချင်သော်လည်း နားထောင်မှာ မဟုတ်သဖြင့် မြိုချထားလိုက်ရသည်။ အိုလီ ပြောတာ မှန်သည်။ လူများသည် စိတ်သက်သာရာ ရဖို့ထက် အကြောက်ကြောက် အလန့်လန့်ဖြင့် ကိုယ်လုပ်ချင်ရာ လုပ်နေကြသည်။ အခုတော့ ကျွန်တော် လုပ်ချင်တာကို သူတို့ အား ပြောပြမှ ဖြစ်မည်။ ပြဿနာတော့ မဖြစ်တန်ရာ ဟု ထင်သည်။

ဂျင်မ်နှင့် မိုင်ရွှန်တို့ ကတော့ ကျွန်တော့်လက်သီးစာကို သိသွားကြပြီ။ နော့်မ်ကို အိတ်ဇောပိုက်အဆို့ ဖယ်ခိုင်းသည့် ကိစ္စအတွက် သူတို့ မျက်လုံးများ ထဲမှာ နောင်တရသလိုလို တွေ့ရသည်။ သူတို့ ထပ်၍ ဂျိုထောင် နိုင်မည် မဟုတ်တော့။ ကျွန်တော်က

"ငါတို့ ဒီလူတွေကို တစ်ခုခု ပြောထားမှ ဖြစ်မယ်" ဟု ပြောတော့ ဂျင်မ်က ကန့်ကွက်မည့် ဟန်ဖြင့် ပါးစပ်ဟသည်။ ကျွန်တော်က

"ကျုပ်တို့ ပြောနေတဲ့ အချိန်မှာ ခင်ဗျားတို့ တစ်ခုခု ဝင်ပြောတာနဲ့ အပြင်ကို ထုတ်ပစ်ပြီသာမှတ်။ နော်မ် ဘာဖြစ်သွားလဲ တွေ့တယ်နော်။ အဲဒါ သူ့ကို ခင်ဗျားတို့ လွှတ်လိုက်လို့ ဖြစ်သွားတာ" ဟု ပြောလိုက်သည်။ ဂျင်မ်က သနားစဖွယ် လေသံဖြင့်

"စိတ်ချပါ။ ကျွန်တော်တို့ ပြောမပြရင် လူတွေက အပြင်ထွက်ချင် ထွက်ကြမှာ။ ဟိုအမျိုးသမီးလိုပေါ့..." ဟု ပြောကာ ပါးစပ်ကို လက်နှင့် သပ်၍ ဘီယာကို အမြန် ကောက်မော့သည်။ အိုလီက

"ဒေးဗစ်...၊ ဟိုလေ..." ဟု ပြောကာ ရပ်သွားသည်။ ပြီးမှ အားတင်း၍

"ဟိုဟာကြီးတွေ အထဲဝင်လာရင် ဘယ်လိုလုပ်မလဲ။ ရေဘဝဲ လက်တံတွေ..." ဟု မေးသည်။ ဂျင်မ်က

"ခင်ဗျားတို့ ပဲ တံခါး ပိတ်လိုက်ပြီဥစ္စာ၊ ဘယ်လိုလုပ် ဝင်မှာလဲ" ဟု ပြန်မေးသည်။ အိုလီက

"ဟုတ်ပါတယ်။ ဒါပေမဲ့ ဆိုင်ရှေ့နံရံကြီး တစ်ခုလုံးက မှန်တွေချည်း ပဲလေ" ဟု ပြောသည်။

ကျွန်တော့်အစာအိမ်သည် ပေနှစ်ဆယ်လောက်ရှိ ဓါတ်လှေကားမှ ပြုတ်ကျသွားသကဲ့သို့ ခံစားရသည်။ အိုလီ ပြောတာကို ကျွန်တော် သိပြီးသားပေမဲ့ တမင် လစ်လျူရှုထားခဲ့တာ ဖြစ်သည်။ ဘီလီ အိပ်ပျော် နေရာသို့ ကျွန်တော် လှမ်းကြည့်ရင်း နော့မ်ကို ဆွဲယူဝါးမြိုသွားသော လက်တံအပြုံလိုက်ကြီးကို စဉ်းစားလိုက်မိသည်။ ထိုအဖြစ်သာ ဘီလီအပေါ် ကျရောက်လာမည်ဆိုလျှင်...။

မိုင်ရွန်က

"ဘုရား ဘုရား မှန်တွေချည်းပဲ ဟုတ်လား" ဟု ရေရွတ်သည်။

ရေခဲသေတ္တာနား မတ်တတ်ရပ်ကာ ဘီယာသောက်နေသော သူတို့ကို ထားရစ်ကာ ဘရန့်နော်တန်ကို လိုက်ရှာရာ ကောင်တာနံပါတ် ၂ မှ ဘဒ်ဘရောင်းနှင့် စကားပြောနေသော သူ့ကို တွေ့ရသည်၏။ သူတို့ ပုံစံက နယူးယောက်သား သတင်းစာရှိ ကာတွန်းထဲက ဇာတ်ကောင်နှစ်ကောင်နှင့် တူနေသည်။

လူနှစ်ဒါဇင်လောက်က မှန်ပြတင်းနံရံနှင့် ငွေရှင်းကောင်တာကြား လမ်းအဆုံးမှာ ပွတ်နေကြဆဲ။ အများ စုက မှန်နံရံမှ တစ်ဆင့် အပြင်ဘက်ရှိ မြူထုထဲကို လှမ်းမျှော် ကြည့်နေ ကြသည်။ ကျွန်တော်က လူလာစုကြဖို့

ထပ်ပြောလိုက်သည်။ မစ္စက် ကာမိုဒီက စာရေးကိရိယာ တန်းပေါ်မှာ ထိုင်၍ ဆေးလိပ်သောက်နေသည်။ သူမ၏ မျက်လုံးများ က ကျွန်တော့်ကို စူးစမ်းသလို တစ်ချက် ကြည့်ကာ လွဲသွားသည်။ သူမ ကို ကြည့်ရတာ နိုးတစ်ဝက် အိပ်မက် မက်နေသည့် အလား။ ကျွန်တော် က

"ဘရန့်" ဟု လှမ်းခေါ်တော့ သူက

"မင်း ဘယ်ရောက်သွားတာလဲ ဒေးဗစ်" ဟု မေးသည်။

"ကျွန်တော်လည်း အဲဒါ ပြောမလို့ "

ဘဒ်ဘရောင်းက ခနဲ့ သည့် လေသံဖြင့်

"ဆိုင်နောက်က ရေခဲသေတ္တာနားမှာ ဘီယာသောက်နေတဲ့ လူတွေ ရှိတယ်လေဗျာ။ လုံခြုံရေးမှန်ကတဆင့် တွေ့နေရတာပဲဟာ။ တော်လိုက်ကြဖို့ ကောင်းပြီ" ဟု ပြောသည်။

သူ့လေသံက ဘုရားဝတ်ပြုသည့် အသင်းမှာ မဖွယ်မရာ ဇာတ်ကား ကြည့်နေကြသူများကို ဖော်ကောင်လုပ်သလိုမျိုး။

"ဒီကို လာဦး ဘရန့်"

"ကျုပ်ကို ခွင့်ပြုပါဦး မစ္စတာ ဘရောင်း"

"သွားပါဗျာ"

ဘဒ်ဘရောင်းက လက်ပိုက်ကာ ဆိုင်အနောက်ဘက် လုံခြုံရေးအတွက် တပ်ထားသည့် နံရံထက်မှ မှန်အခုံးကို စိုက်ကြည့်ရင်း

"ဟေ့လူတွေ တော်လိုက်ကြတော့" ဟု ပြောသည်။

နော်တန်နှင့် ကျွန်တော်က အိမ်သုံးပစ္စည်းတန်းနှင့် အင်္ကျီချုပ်သည့် အတိုအထွာ ပစ္စည်းတန်းကို ဖြတ်သန်း၍ ဆိုင်နောက်ဘက်ရှိ ရေခဲသေတ္တာနားသို့ သွားသည်။ နောက်သို့ သမင်လည်ပြန် တစ်ချက် လှမ်းကြည့် တော့ မှန်ချပ်များ တပ်ထားသည့် သစ်သားရက်မက တွန့်လိမ် ကျိုးပဲ့နေသည် ကို စိတ်မသက်သာစွာ တွေ့ရသည်။ မှန်ပြတင်းတစ်ခုမှာ ငလျင် လှုပ်သလို ဖြစ်တုန်းက သုံးပုံတစ်ပုံလောက် ကျကွဲနေသဖြင့် အပေါက် ဖြစ်နေသည်။ ထိုနေရာကို လေးဒေါ်လာတန် မိန်းမဝတ် အင်္ကျီများ နှင့် ထိုးသိပ် ဖုံးကွယ်လို့ ရလောက်သည်။

နော်မ်ကို ဆွဲသွားသော လက်တံများ ထဲမှာ ထိုအပေါက်နှင့် ဆံ့သည့်

လက်တံ တစ်ချောင်းတလေ ပါလောက်သည်။ ထိုသို့ တွေးမိတော့ ပါးစပ်ကို လက်ဖမိုးနှင့် ယောင်ရမ်း၍ အုပ်လိုက်မိသည်။ ခွေးစာအိတ်ကို ညှ စ်ထားခဲ့သော ခပ်သေးသေး ထိုလက်တံအရွယ်အစားကို ကျွန်တော် မြင်ခဲ့သည်ပဲ။

"ဒေးဗစ် အဆင်ပြေရဲ့ လား"

"ဘာလဲဟင်"

"မင်းမျက်နှာက တစ်ခုခု တွေးမိလို့ အလန့်တကြား ဖြစ်နေသလိုလိုနဲ့"

ထိုစဉ် တစ်စုံတစ်ခုကို ကျွန်တော် ဖျတ်ခနဲ သတိရလိုက်သည်။

"ဂျွန်လီကို လိုက်ခေါ်ရင်း မြူထဲက တစ်ခုခုအကြောင်း ဝိုးတိုးဝါးတား ပြောခဲ့တဲ့ ဟိုလူ ဘာဖြစ်သွားလဲ ဘရန့်"

"နှာခေါင်းသွေး လျှံနေတဲ့ သူလား"

"ဟုတ်တယ်၊ သူပဲ"

"သူ မေ့သွားတယ်လေ။ မစ္စတာ ဘရောင်းက သူ့ကို ခေါ်ပြီး ဆေးသေတ္တာထဲက ဆားနည်းနည်း ရှူခိုင်းထားတယ်။ ဘာဖြစ်လို့ လဲ"

"သူ သတိဝင်လာတော့ ဘာများ ပြောသေးလဲ"

"သူက ကယောင်ကမ်း လျှောက်ပြောနေတာ။ မစ္စတာ ဘရောင်းက သူ့ကို အပေါ်ထပ်က ရုံးခန်းထဲ သွားနေခိုင်းလိုက်တယ်။ သူ့ကြောင့် အမျိုးသမီးတွေ အလန့်တကြား ဖြစ်ကုန်လို့လေ။ အခုလောက်ဆို သက် သာသွားလောက်ပါပြီ။ သူ ပြောတာတော့ မှန်တွေ ဘာဖြစ်တယ်ဆိုလား။ မစ္စတာ ဘရောင်းက မန်နေဂျာရုံးခန်းမှာ ခါတ်ကြိုးသွယ်တဲ့ ပြတင်းပေါက် သေးသေးလေး တစ်ခုပဲ ရှိတယ်လို့ ပြောတော့ စိတ်သက်သာရာ ရသွားပုံ ပေါ်တယ်။ သူ အဲဒီအခန်းမှာ ပဲ ရှိသေးတယ်နဲ့ တူတယ်"

"သူ ကယောင်ကတမ်း လျှောက်ပြောတာ မဟုတ်ဘူး "

"မဟုတ်ဘူး။ တကယ်တော့ မဟုတ်ဘူး "

"ငလျှင်လှုပ်သလို သိမ့်ခနဲ ငါတို့ ခံစားလိုက်ရတာ အဲဒါပဲ"

"မဟုတ်တာ။ ဒေးဗစ်ကလည်း ..."

သူ လန့်သွားသည်။ သူ လန့်သွားအောင် မလုပ်မိရန် ကိုယ့်ဘာသာ

သတိပေးနေရသည်။ လွှစက် ပြဿနာကြောင့် သည် မနက်ကတင် သူ ပေါက်ကွဲခဲ့ပြီးပြီ။ တော်ကြာ သူနဲ့ ဆက်ငြင်းနေရဦးမည်။ မဖြစ်။ သူ့ကို လိုအပ်လာဦးမှာ။ သူက လွှစက်သာ ကောင်းကောင်း မနိုးတတ်တာ၊ ဖအေက သားသမီးကို ဆုံးမသလိုမျိုး လူတွေ ကြောက်မသွားအောင် ပြောပြတတ်သည်။

"ရေခဲသေတ္တာနောက်က တံခါးကို တွေ့တယ် မဟုတ်လား"

သူက မျက်မှောင်ကျုံ့၍ ကြည့်ကာ

"အဲဒီမှာ ဘီယာသောက်နေတဲ့ တစ်ယောက်က လက်ထောက်မန်နေဂျာ မဟုတ်လား။ အိုလီဝိစ်လေ။ ဘရောင်းသာ တွေ့လို့ ကတော့ ဒီလူ မကြာခင် အလုပ်ပြုတ်မှာပဲ" ဟု ပြောသည်။

"ကျွန်တော် ပြောတာရော နားထောင်နေရဲ့ လား ဘရန့်"

သူက ပုံ့လွင့်နေသော အာရုံကို စုစည်းလိုက်သလိုဖြင့် ကျွန်တော့် အား ပြန်ကြည့်ကာ

"ဆောရီးပဲ။ ဘာပြောလိုက်တာလဲ ဒေးဗစ်" ဟု မေးသည်။

တကယ်တော့ စိတ်ထဲမှ မပါဘဲ ပြောလိုက်သည့် 'ဆောရီး'မှန်း ကျွန် တော် သိပြီးသား။

"ဟို တံခါးတွေကို တွေ့လားလို့ "

"တွေ့တယ်လေ။ ဘာဖြစ်လို့ လဲ"

"အဲဒီတံခါးနောက်မှာ စတိုခန်း ရှိတယ်။ ဘီလီ အိပ်ပျော်နေတုန်း ကျွန်တော်က သူ့ကို ခြုံပေးဖို့ တစ်ခုခု လိုက်ရှာတယ်။ အဲဒီမှာ .."

ကျွန်တော်က နော်မ် ထွက်ကြည့်သင့် မကြည့်သင့် ငြင်းခုန်ကြသည့် အကြောင်းမှ လွှဲ၍ စတိုခန်းထဲ ဝင်လာသည့် အရာအကြောင်းကို ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်သည်။ ဘရန့်နော်တန်က မယုံကြည်သည့် အပြင် စိတ်ပင် မဝင်စားချေ။ ကျွန်တော်က သူ့အား ဂျင်မ်၊ အိုလီနှင့် မိုင်ရွန်တို့ ဆီ ခေါ်သွားသည်။ သုံးယောက်စလုံးက ဟုတ်မှန်ကြောင်း အတည်ပြုကြသည်။ ဂျင်မ်နှင့် မိုင်ရွန်က ဘီယာသောက်ပြီး အတော် ကောင်းနေကြပုံ ရသည်။

နော်တန်က ယုံလည်း မယုံ၊ စိတ်လည်း မဝင်စားချေ။ သူ့ကို ဝိုင်းကျပ်နေသည် အထင်ဖြင့် ခပ်ယဲ့ယဲ့ ပြုံးကာ

"မဖြစ်နိုင်တာဗျာ။ မဟုတ်သေးပါဘူး။ အတော် ရယ်စရာ ကောင်းတာပဲ။ ဒီလို ပြောမိလို့ ခွင့်လွှတ်ပါ လူကြီးမင်းတို့။ ခင်ဗျားတို့ အုပ်စုလိုက် စိတ်ညို့ခံထားရသလား ဒါမှမဟုတ် ကျွန်တော့်ကို ကျပ်လို့ရမယ် ထင်နေလား မသိဘူး" ဟု ရိုးရိုးသားသား ပြောလေသည်။

ကျွန်တော် စိတ်တိုလာပြန်သဖြင့် ခက်ခက်ခဲခဲ ထိန်းထားလိုက်ရသည်။ ပုံမှန်အားဖြင့် ကျွန်တော်က ဒေါသထွက်လွယ်သူ မဟုတ်ချေ။ သို့သော် ယခုအခြေအနေက ပုံမှန်မှ မဟုတ်ဘဲ။ ကျွန်တော့်မှာ ဘီလီ ရှိ သေးသဖြင့် နောက်ပိုင်း ဖြစ်ပေါ်လာနိုင်သည့် ကိစ္စများကို တွေးရသည်၊ စတက်ဖီရော ဘာများ ဖြစ်နေပါသနည်း။ ထိုအတွေးများကြောင့် ကျွန်တော့်စိတ်က တဖြည်းဖြည်း ဖိစီးလေးလံလာသည်။

"ဟုတ်ပြီလေ။ ဒါဆိုရင် ဆိုင်အနောက်ဘက်ကို သွားကြစို့။ တံခါး ပ်ပြီး ပြတ်ကျန်ခဲ့တဲ့ လက်တံအပိုင်း တစ်ခု ကြမ်းပြင်မှာ ကျန်ခဲ့တာပဲ။ ပြီးတော့ အသံတွေလည်း ကြားရမှာပဲ။ သူတို့က တံခါးအပြင်ဘက်မှာ လျှောက်သွားနေကြတာ။ သူတို့ အသံက နွယ်ပင်တွေကို လေတိုးနေသလိုပဲ"

နော်တန်က တည်ငြိမ်စွာဖြင့်

"မသွားဘူး" ဟု ဆိုသည်။

ကျွန်တော် နားကြားမှားသွားသလား။

"ဘာ...။ ဘာပြောတယ်"

"မသွားဘူးလို့ ပြောတာလေ။ ဆိုင်အနောက်ကို မလိုက်ဘူးလို့၊ နောက်မနေပါနဲ့ တော့ဗျာ"

"နောက်နေတာ မဟုတ်ဘူး ဘရန့်။ ကျိန်တွယ်ပြောပါရဲ့ "

သူ့မျက်လုံးများက ဂျင်မ်၊ မိုင်ရွန်နှင့် ရှုတည်တည် ပြန်ကြည့်နေသော အိုလီတို့ ဆီ လိုက်ကြည့်သည်။ ထို့နောက် ကျွန်တော့်ကို ကြည့်ကာ လက်ကာပြီး

"ဟုတ်ပါပြီ။ ဘာလဲ ခင်ဗျားတို့ က နယ်ခံတွေ ဆိုပြီး နှပ်ချမယ်။ ပြီးရင် ဟားကြမယ်။ ဒါပဲ မဟုတ်လား ဒေးဗစ်ရဲ့ " ဟု ပြောသည်။

"ဒီမယ် ဘရန့်။ လိုက်ကြည့်ပြီးမှ ..."

"မကြည့်ဘူး။ ခင်ဗျားတို့ ဘာသာ သွားကြည့်"

သူ့လေသံက တရားရုံးမှာ ပြောနေသကဲ့သို့ ကျယ်သွားသည်။ ထို့ကြောင့် ရည်ရွယ်ချက်မရှိ လျှောက်သွားနေသော အနားဝန်းကျင်မှ လူအတော်များများက ဘာများ ဖြစ်နေသလဲဟု လှမ်းကြည့်ကြသည်။ နော်တန်က ကျွန်တော့်အား လက်ညှိုးငေါက်ငေါက် ထိုးကာ

"ဒါ ကျုပ်ကို အပဟားခံရအောင် သက်သက် ချောက်ချတာပဲ။ ကျုပ်က ဒီနယ်ခံ မဟုတ်လို့ ဝိုင်းကျပ်နေတာ မဟုတ်လား။ ခင်ဗျားတို့ က သိပ်စည်းလုံးနေကြတယ်ပေါ့လေ။ ကျုပ်ဘက်က မှန်တဲ့ ကိစ္စမှာ တရားရုံး ရောက်သွားကြတာတောင် ခင်ဗျား နိုင်ခဲ့သေးတာပဲ။ မနိုင်ဘဲ ဘယ်နေပါ့မလဲ။ ခင်ဗျား အဖေက နာမည်ကျော် ပန်းချီဆရာကြီး၊ ပြီးတော့ ခင်ဗျားကလည်း မြို့ခံ ဖြစ်နေတာကိုး။ ကျုပ်မှာတော့ အခွန်ဆောင်လိုက်ရလို့ ပိုက်ဆံတွေ ဘယ်လောက် ကုန်ခဲ့ရတယ် မှတ်သလဲ" ဟု ပြောဆိုသည်။

သူက တမင် သရုပ်ဆောင် နေတာ မဟုတ်ဘဲ တရားရုံးမှာ ခြိမ်းခြောက် ပြောဆိုသလိုမျိုး ကျွန်တော်တို့ ကို တကယ်ကြီး အော်ပြောသည်။ သူ့အသွင်က စိတ်မထိန်းနိုင်ဘဲ ပြောချလိုက်သည့် ပုံစံမျိုး။ အိုလီက ဘီယာဘူးကို ဆုပ်ကိုင်လျက် လှည့်ထွက်သွားသည်။ ဂျင်မ်နှင့် မိုင်ရွန်က အငိုက်မိ သွားသကဲ့သို့ နော်တန့်ကို တအံ့တဩ ငေးကြည့်နေသည်။ နော်တန်က စားမလို ဝါးမလို မျက်နှာပေးဖြင့် ကျွန်တော့်ကို အံကြိတ်၍ ကြည့်ကာ

"ခင်ဗျားတို့ က ဟားဖို့ မတ်တတ်ရပ်ကြည့်နေတဲ့ အချိန်မှာ ကျုပ်က အဲဒီဆိုင်အနောက်ထဲ သွားပြီး အရှုးလုပ်ခံမယ်များ ထင်နေလား။ အမှန် အတိုင်း သိပ်သိချင်နေရင် ပြောပြလိုက်မယ်။ မင်းလှေအိမ်ပေါ် သစ်ပင် ပိသွားတာ သိပ်ဝမ်းသာတယ် သိလား။ ဝမ်းသာတယ်။ အခုတော့ မီးစိုက်ဖို့ ထင်းပဲ လုပ်ပစ်ရတော့မှာမလား။ ကဲ ကျုပ်ရှေ့က ဖယ်" ဟု ပြောသည်။

သူက ကျွန်တော့်ကို တွန်း၍ထွက်ရန် လုပ်သည်။ ကျွန်တော်က သူကို လက်မောင်းမှ ဆွဲဖမ်းကာ ရေခဲသေတ္တာဆီ တွန်းထည့်လိုက်သည်။ မိန်းမတစ်ယောက်က အံ့အားသင့်စွာ ထအော်သည်။ ဘီယာခြောက်ဘူး တွဲ နှစ်ပါကင် ပြုတ်ကျသွားသည်။

"ခင်ဗျား နားကန်းနေလား ဘရန့်။ ဒီမှာ အသက်ကို လောင်းကြေး ထပ်နေရတာဗျ။ ကျွန်တော့်သား အသက်ကိုပါ ထည့်ထားရတာ။ ဒီတော့ ခင်ဗျား နားထောင်ရင်ထောင်။ မထောင်ရင် ခင်ဗျားကို ထိုးပြီသာမှတ်"

နော်တန်က နှုတ်ခမ်းတစ်ချက် မဲ့ရွဲ့ကာ အံတကြိတ်ကြိတ်ဖြင့် ကြည့်ရင်း

"လုပ်လိုက်လေ။ မင်းအဖေအရွယ် နှလုံးရောဂါသည် အဘိုးကြီး

တစ်ယောက်ကို ထိုးကြိတ်ပြီး ဘယ်လောက် သတ္တိရှိမှန်း လူတိုင်းကို ပြလိုက်စမ်းပါကွ" ဟု ပြောသည်။

သူ့မျက်လုံးများက ဖောင်းမို့အစ်ထွက်ကာ သွေးကြောများ ရဲနေသည်။ ဂျင်မ်က

"ဘာနှလုံးရောဂါလဲ။ ခင်ဗျားလို နယူးယောက်က ကလိမ်ကကျစ် ရှေ့နေမှာ နှလုံးရောဂါ ရှိလို့လား။ သူ့ကို ခေါက်ထားလိုက်စမ်းပါ" ဟု ပြောသည်။ ကျွန်တော်က ဂျင်မ့်အား

"ခင်ဗျား ဝင်မပါနဲ့" ဟု ပြောကာ ကျွန်တော့်မျက်နှာကို နော်တန့်မျက်နှာနှင့် ထိလုမတတ် ကပ်လိုက်သည်။

နမ်းမကြတော့မလောက် နီးကပ်လှသည် ဟု စိတ်ထဲမှာ ထင်လိုက်သည်။ ရေခဲသေတ္တာက မီးမှိတ်သွားသော်လည်း အအေးဓာတ်က ဖြာ ထွက်နေဆဲ။

"မပြောသင့်တာတွေ ပြောမနေနဲ့ တော့။ ကျုပ် အမှန်အတိုင်း ပြောနေတာ ခင်ဗျား သိရဲ့ သားနဲ့ "

သူက မောဟိုက်နေသည့် လေသံဖြင့်

"မ..သိ..ဘူး" ဟု ဆိုသည်။

"တခြားနေရာမှာ သာဆိုရင် ခင်ဗျားကို လှည့်တောင် မကြည့်ဘူး။ ခင်ဗျား ဘယ်လောက် ကြောက်နေပါစေ၊ ဂရုမစိုက်ဘူး။ ကျုပ် လူစွမ်းကောင်း လုပ်နေတာလည်း မဟုတ်ဘူး။ ခင်ဗျားကို လိုအပ်လို့ ပြောနေတာဗျ။ လိုအပ်လို့ "

"ငါ့ကို လွှတ်"

ကျွန်တော်က သူ့ရှပ်အင်္ကျီစကို ဆွဲကာ ရမ်းပစ်လိုက်သည်။

"ခင်ဗျား ဘာမှ မသိဘူးလား။ လူတွေက အပြင်ဘက် ထွက်ရင်း ဟိုဟာကြီးနဲ့ တည့်တည့်တိုးကုန်ပြီဗျ။ ဘုရားရေ။ ခင်ဗျား နားမလည်ဘူးလား"

"ငါ့ကို လွှတ်စမ်း"

"ခင်ဗျား ကျုပ်နဲ့ ကိုယ်တိုင် လိုက်မကြည့်မချင်း မလွှတ်ဘူး"

"မကြည့်ဘူးလို့ ပြောနေတယ်လေ။ လိမ်ဆင်ကြီး။ ဟာသကြီး။ ငါက မင်းတို့ လှည့်စားတိုင်း ခံရမယ့် ငတုံး မဟုတ်ဘူး ..."

"ဒါဖြင့် ခင်ဗျားကို ကျုပ်ကိုယ်တိုင် အဲဒီနေရာအထိ ဆွဲခေါ်သွားရမှာ ပေါ့"

ကျွန်တော်က သူ့ပခုံးကို တွန်းကာ ဇက်ပိုးအုပ်ထည့်လိုက်သည်။ သူ့ ရှပ်အင်္ကျီ ချုပ်ရိုးဆီမှ ဗြိခနဲ ပြဲထွက်သွားသံ ခပ်သဲ့သဲ့ ထွက်လာသည်၊ ကျွန်တော်က သူ့ကို တံခါးဆီ ဆွဲခေါ်လာသည်။ နော်တန့်ဆီမှ စိတ်မချမ်းမြေ့ဖွယ် ညည်းညူလိုက်သံ ထွက်လာသည်။ လူဆယ့်လေးငါးယောက် စုသွားကြသော်လည်း အဝေးကပဲ ကြည့်နေကြသည်။ မည်သူမျှ ကြားဝင် နှောင့်ယှက်လိုသည့် လက္ခဏာ မတွေ့ရ။ နော်တန်က

"ကယ်ကြပါဦးဗျာ" ဟု အော်သည်။

မျက်မှန်နောက်ကွယ်မှ သူ့မျက်လုံးများက ဖောင်းအစ်နေကြသည်။

ပုံသွင်းထားသော ဆံပင်မှာ နားရွက်နှစ်ဖက်နောက် ကပ်ကာ ပုံပျက်သွားသည်။ လူတချို့က ခြေဖျား မကြွတကြွ ထောက်ကာ လှမ်းကြည့်ကြသည်။ ကျွန်တော်က သူ့နားရွက်နား ကပ်၍

"ဘာလို့ လျှောက်အော်နေတာလဲ။ ခင်ဗျား ပြောသလို ဟာသလုပ် တာလေ။ ခင်ဗျားကို မြို့ထဲ ခေါ်လာတာ၊ လိုက်ခဲ့ဖို့ ပြောတာ၊ ကားပါကင်မှာ ဘီလီနဲ့ အတူတူ လမ်းကူးခိုင်းတာ အခုလို ဟာသလုပ်ဖို့လေ။ ကျုပ်က ဟောလိဝုဒ်ကနေ မြူထုတ်တဲ့ စက်ဝယ်လာတာကိုး။ အဲဒီမြူထုက ကျုပ်လုပ်လိုက်တာလေ ဟုတ်ပြီလား။ ဒီစက်ဝယ်တာ ဒေါ်လာ ငါးထောင်လောက် ကျတယ်။ သယ်တဲ့ သင်္ဘောခက ဒေါ်လာ ရှစ်ထောင်။ ဒီတော့ ခင်ဗျားကို ဟာသလုပ်လို့ ရပြီပေါ့။ ပေါက်ကရတွေ ပြောတာ ရပ်ပြီး မျက်လုံး ဖွင့်ကြည့်လိုက်စမ်းပါ" ဟု ပြောလိုက်သည်။ နော်တန် က ငိုသံပါကြီးဖြင့်

"လွှတ်..ပါ..တော့" ဟု အော်သည်။ တံခါးနားသို့ ရောက်ခါနီးပြီ။

"ဟေ့ ဘာလဲ။ ခင်ဗျား ဒါ ဘာလုပ်တာလဲ"

စောင့်ကြည့်နေသော လူအုပ်ကို တွန်းထိုး၍ ထွက်လာသူက ဘဒ်ဘရောင်း ဖြစ်သည်။ နော်တန်က အက်ကွဲသော အသံဖြင့်

"သူ့ကို လွှတ်ခိုင်းပါဦး။ သူက ရူးနေတာ" ဟု ပြောသည်။ အိုလီက

"မရူးဘူး။ အကောင်းကြီး။ ရူးနေရင်တောင် ကောင်းဦးမယ်။ ဒါပေမဲ့ သူ မရူးဘူး" ဟု ပြောလိုက်သည်။

အိုလီကို ကျွန်တော် သိပ်ကျေးဇူးတင်သွားသည်။ သူက ကျွန်တော့် နောက်၌ လာရပ်၍ ဘရောင်းနှင့် မျက်နှာချင်း ဆိုင်လိုက်သည်။ ဘရောင်း၏ မျက်လုံးက အိုလီ

ကိုင်ထားသော ဘီယာဘူးပေါ် ရောက်သွားသည်။

"အံမယ် သောက်လို့ စားလို့ ပါလား"

သူ့လေသံက အံ့ဩဟန် ရှိသော်လည်း ရွှင်ပျနေဟန်တော့ မဟုတ်။

"အလုပ်ပြုတ်တော့မှာပဲ"

ကျွန်တော်က နော်တန့်ကို လွှတ်ပေးလိုက်ရင်း

"အခြေအနေတွေက ပုံမှန်မှ မဟုတ်ဘဲ ဘဒ်ရာ"

ဟု ပြောလိုက်သည်။ ဘဒ်ဘရောင်းက စိတ်ကြီးဝင်နေသံဖြင့်

"စည်းကမ်းကတော့ ပြောင်းသွားမှာ မဟုတ်ဘူး နော်။ ကုမ္ပဏီက ဒါကို ပြန်ကြားမှာပဲ။ ကျုပ်တာဝန်က ဒါပဲလေ" ဟု ပြောသည်။

ထိုအချိန်တွင် နော်တန်က လှစ်ခနဲ ထွက်ပြေးကာ ခပ်လှမ်းလှမ်းမှာ သွားရပ်ရင်း သူ့အင်္ကျီကို နေသားတကျ ဖြစ်အောင် ပြင်ကာ ဆံပင်ကို သပ်သည်။ သူက ကျွန်တော်နှင့် ဘရောင်းကို စိတ်လှုပ်ရှားစွာ တစ်လှည့်စီ ကြည့်သည်။ အိုလီက ရုတ်တရက် လေသံကို မြှင့်ကာ ဟေးခနဲ ထအော်သည်။ ကျယ်လောင်သော်လည်း ညင်သာသည့် သူ့အသံက လူသားတစ်ယောက်ဆီမှ မဟုတ်ဘဲ ဆောင်းဘောက်စ်မှ ထွက်လာသည့် အလား။

"ဟေး ဆိုင်ထဲက လူတွေ။ ဒီကို လာနားထောင်ကြပါလား။ ခင်ဗျားတို့ အားလုံးနဲ့ လည်း ဆိုင်နေတယ်"

သူက ဘရောင်းကို လျစ်လျူရှုကာ ကျွန်တော့်ဘက် လှည့်၍

"ငါ လုပ်တာ မှန်ရဲ့ လား" ဟု မေးသည်။

"ကောင်းရောကွာ"

လူတွေ စုလာကြသည်။ နော်တန်နှင့် ရန်ဖြစ်စဉ်က စူးစမ်းကြသည့် လူအစုက နှစ်ဆ၊ ထို့နောက် သုံးဆ ဖြစ်သွားသည်။ အိုလီက

"ခင်ဗျားတို့ သိထားမှ ကောင်းမယ့်ဟာ တစ်ခု ပြောစရာ ရှိလို့ ..."

ဟု စကားစလိုက်စဉ် ဘရောင်းက

"အဲဒီ ဘီယာဘူးကို အခု အောက်ချထားလိုက်စမ်း" ဟု ပြောသည်။ ကျွန်တော်က ဘရောင်းဆီ ခြေတစ်လှမ်း တိုးကာ

"မင်းပါးစပ်ကို အခု ပိတ်ထားလိုက်" ဟု ပြောလိုက်သည်။ ဘရောင်းက အနောက်သို့ တစ်ချက် ဆုတ်ကာ

"ခင်ဗျားတို့ ဘာတွေ လုပ်နေကြမှန်း ကျုပ် မသိဘူး။ ဒါပေမဲ့ ကျုပ် ကတော့ ကုမ္ပဏီကို တိုင်စာ ပို့ဦးမှာ။ ခင်ဗျားတို့ အကုန်လုံးကို တိုင်မှာ။ ဒဏ်ငွေလည်း အရိုက်ခံရမယ်ဆိုတာ နားလည်ထားလိုက်" ဟု ပြောသည်။

သူက သွားဝါဝါကြီးများ ပေါ်အောင် ညစ်ကျယ်ကျယ် ပြုံးလိုက်သည်။ ကျွန်တော် သူ့ကို ကိုယ်ချင်းစာပါသည်။ သူလုပ်လို့ ရတာလည်း ဒါပဲ ရှိတာ မဟုတ်လား။ မည်သည့် နည်းနှင့် မဆို ဆိုင်ကို ကာကွယ်ဖို့ က ဘရောင်း၏ တာဝန်ပဲ ဖြစ်သည်။ ကျွန်တော်က

"ဒါဆိုလည်း လုပ်ဗျာ။ နာမည်တွေသာ မှတ်ထားလိုက်။ ဒါပေမဲ့ ပါးစပ်ကတော့ ထုတ်မပြောပါနဲ့" ဟု ပြောတော့ ဘရောင်းက

"မှတ်ထားရမယ့် နာမည်တွေမှ အများကြီး။ ခင်ဗျားနာမည်ကတော့ ထိပ်ဆုံးက ပါမှာပဲ စည်းပျက်ကမ်းပျက်ရဲ့" ဟု ခွန်းတုံ့မခံ ပြန်ပက်သည်။ အိုလီက

"မစ္စတာ ဒေးဗစ်ဒရေတန်က ခင်ဗျားတို့ကို ပြောစရာ ရှိတယ်။ သူပြောတာကို အရင် နားထောင်လိုက်တာ ပိုကောင်းမယ်ဗျာ။ ပြီးတော့မှ အိမ်ပြန်သင့် မပြန်သင့် ကြံကြတာပေါ့" ဟု ပြောသည်။

သို့နှင့် ကျွန်တော်က နော်တန့်ကို ပြောခဲ့သည့်အတိုင်း ဇာတ်ကြောင်း ပြန်လှန်ရသည်။ ပထမတော့ ရယ်သံများ ထွက်လာသော်လည်း စကားဆုံးတော့ စိတ်မချမ်းသာစွာ ငြိမ်ကျသွားသည်။ နော်တန်က

"ဒါ လိမ်တာပဲ။ ခင်ဗျားတို့ သိတယ်မဟုတ်လား" ဟု ပြောသည်။

အတင်းလုပ်ပြောသည့် သူ့လေသံက မခံချိ မခံသာ ဖြစ်နေသည်။ အများ ယုံအောင် ပြောဖို့ သူ့ကို ပထမဆုံး ပြောပြခဲ့သည်က ပိုရှုပ်ထွေးအောင် လုပ်လိုက်မိသကဲ့သို့ပင်။ ဘရောင်းက သဘောတူသည့် လေသံဖြင့်

"ဒါပေါ့ လိမ်ဆင်ကြီးကို။ အရူးပဲ ယုံမယ်။ အဲဒီလက်တံတွေက ဘယ်က ရောက်လာတယ်လို့ ထင်သလဲ မစ္စတာ ဒရေတန်" ဟု မေးသည်။

"ကျွန်တော် မသိဘူး။ အခုလောလောဆယ် အဲဒါက အဓိက အကြောင်းရင်း မဟုတ်ဘူး။ သူတို့ တွေ ဒီကို ရောက်လာကြပြီ။ အဲဒီမှာ .."

"ကျုပ်တော့ ဘီယာဘူးတွေက လာတာ ဖြစ်မယ်လို့ သံသယ ဝင်မိတာပဲ"

ဘုရောင်း စကားကြောင့် ဩဘာပေးသည့် ရယ်သံများ ထွက်လာကြသည်။ သို့သော် မစ္စက် ကာမိုဒီ၏ စူးရှပြင်းထန်သော လေသံအက်အက် က ငြိမ်ကျသွားစေသည်။ သူမက

"အဲဒါ သေမင်းပဲ" ဟု အော်ဟစ်လိုက်သည်။

ရယ်သံ များမှာ အံ့အားသင့်စွာ ပင့်သက်ရှိုက်သံများ အဖြစ်လျှင်မြန်စွာ ပြောင်းလဲသွားသည်။ ဝိုင်းဝိုင်းလည်နေသော လူအုပ်အလယ်သို့ သူမက ခေါင်းမော့ရင်ကော့၍ လျှောက်လာသည်။ ကြီးမားသော မိန်းမကိုင်အိတ်ကြီးက တုတ်ခိုင်သော ပေါင်တံမှာ ဟိုသည် လွှဲရမ်းနေသည်။ အရောင်တောက်တောက် ဘောင်းဘီရှည်က လူပုံအလယ်မှာ ထင်းနေသည်။ မာန်ကြွနေသည့် မျက်လုံးများက သပိတ်လွယ်ငှက်၏ မျက် လုံးများ လို တောက်ပစူးရှလှသည်။ ဆယ့်ခြောက်နှစ်အရွယ် လှတပတ မိန်းကလေး နှစ်ယောက်က သူမကို ရှောင်ပေးလိုက်သည်။ ထိုမိန်းကလေးများ ၏ အင်္ကျီနောက်ကျောတွင် ဃဗဏဍူဖွိ ဟူသော စာတန်း ပါသည်။

"နင်တို့ ဟာ နားသာ ထောင်နေတာ၊ မကြားဘူး။ ကြားပေမဲ့လည်း မယုံဘူး။ နင်တို့ထဲက ဘယ်သူများ အပြင်ထွက်ပြီး ကိုယ်တိုင် သွားကြည့်ရဲလို့လဲ"

သူမ၏ မျက်လုံးက အားလုံးအပေါ် ဝေ့ကြည့်ရင်း ကျွန်တော့်ဆီ ရောက်လာသည်။ သူမက သွားများ ပေါ်အောင် ပြုံးကာ

"အဲဒီအရာကို ဘာရယ်လို့ ပြောရမလဲ မစ္စတာ ဒရေတန်။ ဘာလုပ်လို့ ရမယ်လို့ ထင်သလဲ။ ဒါ ကျွန်မ ပြောတဲ့ အဆုံးသတ်ပဲ။ အရာအား လုံးရဲ့ နိဂုံးပဲ။ နောက်ဆုံး အချိန်ပေါ့လေ။ ကြမ္မာဆိုးဟာ မီးလျှံထဲမှာ မ ဟုတ်ဘူး၊ မြူတွေ ကြားမှာ ရောက်နေပြီ။ ကမ္ဘာမြေကြီး ပွင့်ထွက်ပြီး ကြောက်မက်ဖွယ်ရာကို လွှတ်ထွက်ကုန်ပြီ" ဟု ပြောသည်။ ဆယ်ကျော် သက် မိန်းကလေး တစ်ယောက်က

"သူ့ပါးစပ်ကို ပိတ်ထားခိုင်းလို့ မရဘူးလား။ ကျွန်မ ကြောက်လာပြီ " ဟုဆိုကာ စငိုလေသည်။ မစ္စက် ကာမိုဒီက သူမဘက် လှည့်ကာ

"ကြောက်သွားသလား ကလေးမရယ်။ အခုလောလောဆယ်တော့ မကြောက်ရသေးပါဘူး။ ဒါပေမဲ့ ကမ္ဘာမြေကြီးရဲ့ မကောင်းဆိုးဝါးတွေ၊ သတ္တဝါဆိုးကြီးတွေနဲ့ ရင်ဆိုင်ရတော့မှ သာ..." ဟု ပြောနေစဉ် အိုလီက သူမ၏ လက်မောင်းကို ဆွဲကာ

"တော်လောက်ပြီ မစ္စက် ကာမိုဒီ" ဟု ပြောလိုက်သည်။

"လွှတ်စမ်းပါ။ ဒါ ငါ ပြောတဲ့ နိဂုံးပဲ။ သေမင်းဟဲ့ သေမင်း"

လျှာအဝိုင်း ဦးထုပ် ဆောင်းထားသော မျက်မှန်နှင့် လူက

"ပေါက်တတ်ကရတွေ" ဟု မနှစ်မြို့စွာ ပြောသည်။ မိုင်ရှွန်က

"မဟုတ်ဘူးဗျ။ အခုလို ပြောတာကို သွေးလေချောက်ချားလို့ ပြောတယ် ထင်ကြမှာ ကျွန်တော် သိတယ်။ ဒါပေမဲ့ အဲဒါ ယုံရခက်တဲ့ အမှန် တရားပဲ။ အဲဒါကြီးကို ကျွန်တော် ကိုယ်တိုင် မြင်ခဲ့တာပါ" ဟု ဝင်ပြော သည်။ ဂျင်မ်ကလည်း

"ကျွန်တော်လည်း မြင်ခဲ့ပါတယ်" ဟု ပြောသည်။ အိုလီကလည်း

"ကျွန်တော်လည်း ပါတယ်" ဟု ဝင်ထောက်ခံသည်။

ထိုခဏတွင် သူက မစ္စက် ကာမိုဒီကို ပါးစပ်ပိတ်သွားအောင် လုပ်နိုင်သော်လည်း သူမက အိတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ အရူးမကြီး တစ်ယောက်လို သွားဖြဲ၍ မတ်တတ်ရပ်နေသည်။ ဘယ်သူမှ သူမအနား မကပ်ချင်ကြ။ ဤသတင်း အမှန်ဖြစ်ကြောင်း သဘောမကျသည့် အနေဖြင့် လူများက အချင်းချင်း တီးတိုးပြောဆိုကြသည်။ အများစုက မှန်ပြတင်းချပ်ကြီးများကို စိတ်မသက်မသာဖြင့် လှည့်ကြည့်ကြသည်။ ထိုအချင်းအရာကို မြင်တော့ ကျွန်တော် ဝမ်းသာမိသည်။ နော်တန်က

"အလိမ်အညာတွေ။ ခင်ဗျား တစ်ယောက်နဲ့ တစ်ယောက် ညှိပြီး လိမ်ကြတာ" ဟု ပြောသည်။ ဘရောင်းက"ခင်ဗျား ပြောတာတွေက ယုံရခက်ကြီး" ဟု ဆိုသည်။ ကျွန်တော် က

"ကျုပ်တို့က ဘာကိစ္စ အရည်မရ အဖတ်မရ ပြောရမှာလဲဗျ။ စတိုခန်းထဲ လိုက်ပြီး တစ်ချက် ကြည့်လိုက်။ ပြီးရင် အသာ နားထောင်ကြည့်" ဟု ပြောသည်။

"ဝယ်သူတွေကို စတိုခန်းထဲ ဝင်ဖို့ ခွင့်မပြု…"

“ဘဒ်…”

အိုလီက ဘဒ်စကားကို ကြားဖြတ်ကာ

"ခင်ဗျား သူနဲ့ လိုက်သွားချေ။ ပြီးရင် ဟုတ်မဟုတ် အတည်ပြု လိုက်လေဗျာ" ဟု ပြောသည်။ ဘရောင်းက

"ဟုတ်ပြီလေ။ ကိုင်း ခင်ဗျား ပြောတာ ဟုတ်မဟုတ် လိုက်ကြည့်တာ ပေါ့ မစ္စတာ ဒရေတန်" ဟု ပြောသည်။

သို့နှင့် တံခါးကို တွန်းဖွင့်ကာ အမှောင်ထဲသို့ ဝင်လာခဲ့ကြသည်။

မကောင်းဆိုးဝါး၏ အသံမဲ့လား မသိ၊ စိတ်ဆင်းရဲစရာ ကောင်းလှသည်။ ဘရောင်းလည်း ထိုသို့ ခံစားရသလိုမျိုး သူ့လက်က ကျွန်တော့်လက်မောင်းကို ဆတ်ခနဲ ဖျစ်ညှစ်လိုက်သည်။ သူက ဟင်ခနဲ ဖြစ်ကာ အသက်ရှူသံ ပိုမို ကြမ်းရှလာသည်။

ကုန်အသွင်းအထုတ်တံခါးဘက်ခြမ်းဆီမှ တစ်ခုခုကို ပွတ်တိုက်နေသလိုမျိုး တိုးညင်းသော ခပ်နိမ့်နိမ့် အသံတစ်ခု ထွက်လာသည်။ ကျွန်တော်က ခြေတစ်ဖက်ကို ဖွဖွနင်းသွားရင်း နောက်ဆုံး၌ ဓါတ်မီးတစ်လက်ကို စမ်းမိသည်။ ကျွန်တော်က ဓါတ်မီးကို ကုန်းကောက်ကာ ဖွင့်လိုက်သည်။ ဘရောင်း မျက်နှာပျက်နေသည်။ ဒါတောင် သူက အသံကြားရရုံသာ ရှိသေးသည်။ ကျွန်တော်ကတော့ မြင်ပါ မြင်လိုက်ရသည်။ အပြင်ဘက် သံမဏိတံခါးမျက်နှာပြင်မှာ နွယ်ပင်လို တွန့်လိမ်တွယ်တက်နေမည့် လက်တံများကို မြင်ယောင်မိသည်။

"ခင်ဗျား ဘယ်လိုထင်လဲ။ ယုံရခက်ကြီးလား"

ဘရောင်းက လျှာတစ်ချက် သပ်ကာ အရောရော အနှောနှော ဖြစ်နေ သော အထုပ်များ နှင့် သေတ္တာများကို ကြည့်နေသည်။

"ဒါက သူတို့ လုပ်သွားတာတွေလား"

"ဟုတ်တယ်။ ဒီကို လာကြည့်ဦး"

သူက တွန့်ဆုတ်တွန့်ဆုတ်ဖြင့် ရောက်လာသည်။ ရေသုတ်တံမြက် စည်းဘေးမှာ ကျနေသော လက်တံအပြတ်ကို ဓါတ်မီးနှင့် ထိုးပြသည်။ ဘရောင်းက ထိုလက်တံအပြတ်ဆီ ကုန်းကြည့်လိုက်စဉ် ကျွန်တော်က

"သွားမထိနဲ့ နော်။ အသက်ရှိသေးလား မသိဘူး" ဟု ပြောလိုက်သည်။

သူက အလျင်အမြန် ထရပ်သည်။ ကျွန်တော်က တံမြက်စည်းကို အမြီးမှ ကောက်ယူကာ တို့ ကြည့်သည်။ သုံးလေးကြိမ် တို့လိုက်တော့ ပက်ကျိလို ခွေနေသော လက်တံက ပြေကျကာ စုပ်ခွက်အပေါက်နှစ်ခု ပေါ်လာသည်။ တတိယမြောက် စုပ်ခွက်ကတော့ ပြတ်ထွက်နေသည်။ ထို့နောက် လက်တံအပြတ်က ပြန်ခွေသွားကာ ငြိမ်သက်နေပြန်သည်။ ဘရောင်းထံမှ ရွံရှာသည့် အသံ ထွက်လာသောအခါ ကျွန်တော်က

"ကြည့်လို့ ဝပြီလား" ဟု မေးလိုက်သည်။

"အင်း။ အပြင် ပြန်ထွက်ရအောင်"

ကျွန်တော်တို့ သည် အလင်းရောင် ပေါ်လိုက်ပျောက်လိုက် ထွက်နေသော

တံခါးဆီ ပြန်လှည့်ကာ ဆိုင်အတွင်းသို့ ပြန်ဝင်လာခဲ့ကြသည်။ လူအားလုံးက ကျွန်တော်တို့ဆီ လှည့်ကြည့်ကြသဖြင့် စကားပြောနေသံ များ တိတ်သွားသည်။ နော်တန့်မျက်နှာက လတ်လတ်ဆတ်ဆတ် မရှိတော့သည့် ဒိန်ခဲလို ဖြစ်နေသည် မစ္စက် ကာမိုဒီ၏ မျက်လုံးနက်နက်များကတော့ တဖျတ်ဖျတ် လက်သွားသည်။ အိုလီက တော့ ဘီယာသောက်နေဆဲ။ ဆိုင်ထဲမှာ အတော် အေးလာသဖြင့် သူ့မျက်နှာက အခိုးပြန်သည့်နှယ်။ ရှပ်အင်္ကျီနှင့် မိန်းကလေး နှစ်ယောက်က တော့ တစ်ယောက်နှင့် တစ်ယောက် ပူးကပ်နေကြသည်။

မျက်လုံးများ။ ဝိုင်းကြည့်နေသော မျက်လုံးများ။ သည် မျက်လုံးများ ကို ပန်းချီ ဆွဲထားလိုက်ချင်သည်။ မျက်နှာဟူ၍ မပါဘဲ အမှောင်ထဲမှ အထိတ်တလန့် မျှော်လင့် စောင့်စားနေသော မျက်လုံးသက်သက်ကိုသာ ဆွဲလိုက်ရရင်...။ ထိုအတွေးကြောင့် ကျောရိုးထဲ စိမ့်ခနဲ ဖြစ်သွားသည်။ ထိုမျက်လုံးများ အမှန်တကယ် ရှိခဲ့ဖူးသည် ဟု ပြောလျှင် ဘယ်သူမှ ယုံကြမှာ မဟုတ်။

ဘဒ်ဘရောင်းက လက်နှစ်ဖက် ရှေ့ချကာ လူအများ ရှေ့သို့ ခပ်ရှို့ရှို့ ထွက်လာသည်။ သူက

"ကျွန်တော်တို့ ရှင်းရမယ့် ပြဿနာက အတော် ကြီးမယ့်ပုံ ပေါ်တယ် ကိုယ့်လူတို့ " ဟု ပြောလိုက်သည်။

အခန်း (၆)
နောက်ထပ်ဆွေးနွေးကြရခြင်း

နောင်း၊ မစ္စက် ကာမိုဒီ၊ ခံတပ် ပြုလုပ်ကြခြင်း၊ ကမ္ဘာပြားအဖွဲ့ရဲ့ ဖြစ်အင်

နောက်ထပ် လေးနာရီက အိပ်မက် မက်လိုက်သလို ကုန်ဆုံးသွားသည်။ ဘရောင်း အတည်ပြုပြီးနောက် အထိတ်ထိတ် အလန့်လန့် ဆွေးနွေးကြရသောကြောင့် လားမသိ၊ အချိန်ကုန်လို့ ကုန်မှန်းပင် မသိလိုက်။ သို့မဟုတ် တူညီသည့် သည်အကြောင်းအရာကိုပဲ လိုအပ်မှန်း မသိ၊ မလိုအပ်မှန်း မသိ၊ ရှုထောင့်ပေါင်းစုံမှ တစ်ယောက်တစ်မျိုး မြင်သမျှ ဝိုင်းပြောကြ၍များ ကြာသင့်သလောက် မကြာတော့တာလား မသိချေ။ နယူးအင်္ဂလန်ရှိ မြို့များ တွင် မတ်လ၌ ကျင်းပလေ့ရှိသည့် အစည်းအဝေးပွဲများကဲ့သို့ပင် သည်ကိစ္စကို တဖြည်းဖြည်းတော့ ယုံကြည်လာကြသည်။

ဤမြို့နယ်ရှိ ကမ္ဘာပြား အဖွဲ့အစည်းကို နော်တန် ခေါင်းဆောင်သည်။ အများ နှင့် အမြင်မတူသော ထိုလူနည်းစုအဖွဲ့တွင် ဘာကိုမှ မယုံကြည်သော လူဆယ်ယောက်လောက် ပါဝင်သည်။ သူတို့ လူစုသည် အများ နှင့် ကန့်လန့်တိုက်လေ့ ရှိသဖြင့် ကမ္ဘာပြားအဖွဲ့ဟု တမင်အရွဲ့တိုက်၍ နာမည်ပေးထားခြင်း ဖြစ်သည်။

တခြားဂြိုဟ်မှ ရောက်လာသော ထိုလက်တံကြီးများက ကျောပိုးအိတ်နှင့် ကောင်လေးအား ဆွဲသွားသည် ကို မျက်မြင်တွေ့လိုက်သူ လေးဦး ရှိကြောင်း နော်တန်က လူများကို အထပ်ထပ် ပြောပြသည်။ တခြားဂြိုဟ်ဟု ပထမဆုံးအကြိမ် စပြောစဉ်က ရယ်သံများ ထွက်လာခဲ့သော်လည်း နောက်ပိုင်းတွင် မရယ်နိုင်ကြတော့။ ထိုအဖြစ်ကို စိုးရိမ်ကြောင့်ကြမှု မြင့်တက်နေသည့် နော်တန်ကတော့ သတိထားမိပုံ မရ။ မျက်မြင်သက်သေ လေးဦးထဲမှ တစ်ဦးကိုတော့ ပုဂ္ဂိုလ်ရေးအရ မယုံကြောင်း ထပ်လောင်းပြောသည်။ အခုလောလောဆယ်တွင် မျက်မြင်သက်သေများ ဖြစ်သည့် အိုလီ၊ ဂျင်မ်နှင့် မိုင်ရွန်တို့ မှာ အရက်မူးနေသဖြင့် ၎င်းတို့ ပြောသည့် အရာမှာ ဟုတ်၏၊ မဟုတ်၏ မျှော်လင့်စရာ မရှိကြောင်းလည်း ထောက်ပြသည်။ ထိုစကားကတော့ မေးနေစရာ မလိုအောင် မှန်လှသည်။ ရေခဲသေတ္တာထဲမှ ရှိသမျှ ဘီယာဘူးများ နှင့် ဝို င်တစ်ကဒ် ကုန်အောင် ဖောက်သောက်ထားသော ဂျင်မ်နှင့် မိုင်ရွန်တို့ ၏ မျက်နှာများက လူမှန်းမသိအောင် မူးနေကြဟန် တူသည်။ သူတို့ ပယောဂကြောင့် ဘဝပျက်သွားခဲ့သည့် နော်မ့်ကိစ္စအတွက် သူတို့အား ကျွ န်တော် အပြစ်

မတင်ချင်တော့။ သူတို့ လည်း မကြာခင် အမူးလွန်၍ မှောက်တော့မည်။

အိုလီက ဘရောင်း၏ ကန့်ကွက်စကားကို လျစ်လျူရှုကာ ပိုသောက်ပြနေသည်။ ခဏနေတော့ ဘရောင်းလည်း ကုမ္ပဏီမှ အခါ အားလျော်စွာ ထုတ်ပြန်တတ်သည့် ခြိမ်းခြောက် စကားများကို အလေး ထားသည့် မိမိကိုယ်ကိုသာ ကျေနပ်ရင်း လက်မြှောက်သွားသည်။ ဘရန်တန်မြို့၊ ပေါ့တ်လန်းမြို့နှင့် မြောက်ပိုင်းရှိ ဝင်းဒန်းမြို့မှာ ကော သည်လို စတိုးဆိုင်များ ရှိမှ ရှိသေးရဲ့လား။ ဘရောင်းက ဒါကို နားလည်ဟန် မတူ။ အိုလီကတော့ ထည့်လိုက်သမျှ အရည်ဟူသမျှ ချွေးအဖြစ် ပြန်ထွက်သွားသဖြင့် ဘယ်လောက်သောက်သောက် မမူးချေ။

နောက်ဆုံးတွင် ကမ္ဘာပြား အဖွဲ့သားများ နှင့် ဆွေးနွေးရတာ အချေ အတင် ဖြစ်လာသည်။ အိုလီက လူအများ ကြားလောက်သည့် လေသံဖြင့်

"ခင်ဗျား မယုံလည်း ရတယ် မစ္စတာ နော်တန်။ ဘာလုပ်ရမလဲဆို တာ ကျွန်တော် ပြောပြမယ်။ ခင်ဗျား ဆိုင်အရှေ့တံခါးကနေ အပြင်ကို ထွက်သွားလိုက်၊ ပြီးရင် လမ်းလျှောက်ပြီး ပြန်ဝင်လာခဲ့ချေ။ အပြင်မှာ ကုမ္ပဏီကို ပြန်ပို့ရမယ့် ဘီယာနဲ့ ဆိုဒါပုလင်းတွေ တစ်ပုံချည်းပဲ။ အဲဒါတွေကို ဒီမနက်ကမှ နော်မ်နဲ့ ဘရောင်းတို့ အပြင်ထုတ်ထားတာ။ အဲဒီပုလင်းတချို့ကိုသာ ခင်ဗျား ပြန်သယ်လာပြနိုင်ရင် ခင်ဗျား တကယ် အပြ င်ဘက်ကနေ ပြန်လာမှန်း ကျွန်တော်တို့ သိရမယ်။ ခင်ဗျားသာ အဲဒီလို လုပ်ပြမယ်ဆို ခိုင်းသမျှ ကျွန်တော် အကုန်လုပ်ပေးမယ်ဗျာ" ဟု ပြောသည်။

နော်တန် ရှုးရှုးရှားရှား ဖြစ်သွားသည်။ အိုလီက လေသံဟဟဖြင့်

"ခင်ဗျားဟာ ဘာမှ လုပ်မပြဘဲနဲ့ ဟိုလူ့ထိခိုက် ဒီလူ့ထိခိုက် ဖောင်းလိုက်ထုနေတာပဲဗျ။ အခု ဒီမှာ အိမ်ပြန်ချင်တဲ့ သူတွေ ရှိတယ်။ အိမ်က မိသားစုတွေ အဆင်ပြေမပြေ ပြန်ကြည့်ချင်တဲ့ သူတွေ ရှိတယ်။ ကျွန် တော့်အစ်မနဲ့ လူမမယ် သမီးကလေးဟာ နေပယ်လ်မြို့မှာ အခု ရှိနေတယ်။ ကျွန်တော်လည်း သူတို့ကို အဆင်ပြေရဲ့လား သိချင်တာပဲ။ ဒါပေမဲ့ လူတွေက ခင်ဗျားကို ယုံပြီး အိမ်ပြန်ကြရင် နော့မ်လို ဖြစ်ကုန်ကြလိမ့်မယ်" ဟု ပြောသည်။

အိုလီက နော်တန် ယုံလာအောင် စည်းရုံး သိမ်းသွင်းနေခြင်း မဟုတ်။ ဒီစကားသည် ဟိုလူ့စကား ယုံရနိုးနိုး သည် လူ့စကား ယုံရနိုးနိုး ဖြစ်နေသည့် လူများကို စည်းရုံးခြင်း ဖြစ်သည်။ အိုလီ့ စကားက ကြောက်စ ရာ မဟုတ်သော်လည်း ခြောက်လှန့်နေသည့် သူ့မျက်လုံးများကြောင့် လူများက သူ့ဘက် ပါလာသည်။ နော်တန်ကလည်း စည်းရုံး သိမ်းသွင်းလို့ရမည့် လူစားမျိုး မဟုတ်။ သည် လိုကိစ္စမျိုး ဖြစ်လာနိုင်သည် ဟု သူ တွေးမိပြီး ဖြစ်လောက်သည်။ အိုလီ ကမ်းလှမ်းသော ကိစ္စကို

သူ ဘာမှ ပပြန်မပြောချေ။ ဘယ်သူမှ လည်း လုပ်မှာ မဟုတ်။ အခုလောလောဆယ် တော့ ဆိုင်ပြင်ထွက်ဖို့ ဘယ်သူမှ အဆင်သင့် မဖြစ်ကြပေ။

သူနှင့် သူ့ကမ္ဘာပြား အဖွဲ့သား အုပ်စုသည် ကျွန်တော်တို့ နှင့် ဝေးရာ သို့ ထွက်သွားသည်။ သူတို့ လူစုထဲမှ တစ်ယောက်၊ နှစ်ယောက်လောက် တော့ လျော့သွားဟန် တူသည်။ သူတို့က အသင့်ချက်ရန် ပြင်ဆင်ထုပ် ပိုးထားသော အသားတန်းနား သွားကြသည်။ တစ်ယောက်က အိပ်နေသည့် ကျွန်တော့်သားကို ခလုတ်တိုက်သွားသဖြင့် ဘီလီ နိုးသွားလေသည်။

ကျွန်တော် ဘီလီနား သွားတော့ လည်ပင်းကို သိုင်းဖက်သည်။ ကျွန်တော်က အောက်ချဖို့ ပြင်တော့ ပို၍ တင်းကျပ်စွာ ဖက်ထားကာ

"မချပါနဲ့ ဖေဖေ။ အောက်မချပါနဲ့ နော်" ဟု ပြောသည်။

ဈေးဝယ်တွန်းလှည်း တစ်ခု တွေ့သဖြင့် ကလေးများ ထည့်သည့်ခြင်းမှာ သူ့ကို ထည့်ကြည့်တော့ ခုံက သေးနေသည်။ ထိုခုံမှာ သူ့ကို မထည့်တာပင် နှစ်နှစ်လောက် ရှိတော့မည်။ သတိမထားမိခင် ကလေးများ ထွားလာတတ်ပုံက မယုံနိုင်စရာပင် ကောင်းသေးတော့။ မျက်ခုံးအထက် နဖူးပေါ်ကျနေသော နက်မှောင်သည့် ဆံပင်များ၊ ဝမ်းနည်းရိပ်သန်းနေသော မျက်လုံးရွဲကြီးများ နှင့် ဖြူဖျော့နေသော ဘီလီမျက်နှာလေးကို ကြည့်ရသည် မှာ ရုပ်ပြစာအုပ်ထဲမှာ ဆွဲထားသည့် အတိုင်း။

ကမ္ဘာပြား အဖွဲ့သားများ လက်လျှော့သွားပြီးနောက် အချေအတင် ထပ်မံ ဖြစ်ပွားရသည် က မစ္စက် ကာမိုဒီနှင့် ဖြစ်သည်။ သူမကတော့ တစ်ယောက်တည်း ဒိုင်ခံငြင်းခုံသည်။ မှိန်ဖျော့နွမ်းလျသည့် မီးရောင် အောက်တွင် အရောင်တောက်တောက် ရေယွန်ဘလောက်စ်အင်္ကျီနှင့် ဝါထိန်နေသော ကနေရီဘောင်းဘီရှည်၊ လက်မောင်းအပြည့် ဝတ်ထားသော ကြေးနီ၊ လိပ်ခွံ စသည် တို့ဖြင့် မာကျောအောင် ပြုလုပ်ထားသည့် ကလောင်ကလင် မြည်နေသော လက်ဝတ်ရတနာများ နှင့် ကြီးမားလှသော ပိုက်ဆံအိတ်ကြီးတို့ ကြောင့် သူမအသွင်က စုန်းမကြီးနှင့် တူနေသည်။ လျော့အိတွဲကျနေသော သူမ၏ မျက်နှာအရေပြား၌ ဇရာ၏ အ ရေးအကြောင်းကြီးများက အထင်းသား ပေါ်လွင်နေသည်။ ဘီးစိတ် ထိုးထားသော ရှုပ်ပွနေသည့် မီးခိုးရောင်ဆံပင်များက ခေါင်းနောက်မှာ တွန့်လိမ်ကောက်ကွေးနေသည်။ သူမက နှုတ်ခမ်းနှစ်လွှာကို ကြိုးထုံး ထားသလို စူထားသည်။

"ဘုရားသခင်ရဲ့ အလိုတော်ကို ဆန့်ကျင်လို့ မရဘူး။ အခုလက်ရှိ ဒီမှာ ဖြစ်နေတာတွေဟာ ငါ ပြောခဲ့တာတွေပေါ့။ ဆက်ဖြစ်လာမယ့် လက္ခဏာတွေကို ငါ မြင်ပြီးပြီ။ ဖြစ်လည်း ဖြစ်နေပြီပဲ။ မျက်စိပါရင် မြင်ရမှာပဲ"

မိုက်ခ်ဟယ်လ်တန်က စိတ်တိုလာသည့် ပုံဖြင့်

"ကဲ ဒီတော့ ခင်ဗျားက ဘာပြောချင်တာလဲ။ ဘာဖြစ်စေချင်တာလဲ" ဟု ဖြတ်ပြောလိုက်သည်။

သူသည် အရင်က လွှတ်တော်အဖွဲ့ဝင် မြို့ခံကိုယ်စားလှယ်တော် တစ်ဦး ဖြစ်သည်။ သဘော်သားဦးထုပ်ဆောင်းထားပြီး ဘောင်းဘီတို ဝတ်ထားသော ဟယ်လ်တန်က ဘီယာ တစ်ငုံ စုပ်သောက်လိုက်သည်။

ယောက်ျားအတော်များများက ဘီယာဘူးများ ယူသောက်နေကြသည် ကို ဘရောင်းက ကန့်ကွက်မနေတော့ချေ။ သို့သော် နာမည်များကိုတော့ ရသလောက် လိုက်မှတ်နေပုံ ရသည်။

မစ္စက် ကာမိုဒီက “ဘာဖြစ်စေချင်တာလဲ ဟုတ်လား” ဟု သံယောင်လိုက် ရေရွတ်ကာ ဟယ်လ်တန့်ဆီ လျှောက်သွားသည်။ သူမက

"ဘာဖြစ်လို့ လဲဆိုတော့ နင် ကိုးကွယ်နေတဲ့ ဘုရားသခင်နဲ့ တွေ့ဖို့ ငါက တောင်းဆိုပေးနေတာဟဲ့ မိုက်ခ်ဟယ်လ်တန်ရဲ့ " ဟု ပြောကာ ကျွ န်တော်တို့ အားလုံးကို လိုက်ကြည့်ရင်း

"ဘုရားသခင်နဲ့ တွေ့ဖို့ ပြင်ထားကြပေတော့" ဟု ပြောသည်။ မိုင်ရွှန်က မှုးနေသည့် လေသံဖြင့်

"ပေါက်ကရတွေ။ ဒီမယ် အဘွားကြီး…၊ ခင်ဗျားဟာ လျှာအရိုး မရှိတိုင်း လျှောက်ပြောနေတာပဲ" ဟု ဆိုသည်။

လူများဆီမှ မိုင်ရွှန့်စကားကို ထောက်ခံသည့် လေသံများ ဝေါခနဲ ပြုံဆင်းလာသဖြင့် ဘီလီက စိတ်လှုပ်ရှားစွာ လိုက်ကြည့်သည်။ ကျွန်တော် က ဘီလီပခုံးပေါ် လက်တစ်ဖက် တင်ထားလိုက်သည်။ သူမက

"ငါ့စကား ငါ တာဝန်ယူတယ်ဟဲ့။ သံသယသမားကတော့ မိစ္ဆာကောင်ကြီး ဟိုသနားစရာ ကလေးကို ဆွဲခေါ်သွားပြလည်း သေတဲ့အထိ သံသယ ဝင်မှာပဲ။ မြူထဲမှာ အကောင်ကြီးတွေ ရှိနေတယ်။ မျက်လုံးမပါ တဲ့ သတ္တဝါတွေ၊ အိပ်မက်ဆိုးထဲက စက်ဆုပ်ဖွယ်ရာတွေ၊ နင်တို့ သိပ်ကြောက်ပါတယ် ဆိုတဲ့ ဟာတွေ။ အဲဒါတွေ ရှိနေတာ မယုံဘူးလား။ ဒါဆို အပြင်ထွက်ကြည့်ကြ။ ထွက်လေ သွားကြည့်စမ်းပါ။ သွားပြီး နှုတ် ဆက်လိုက်ကြလေ" ဟု အော်သည်။

သူမ၏ အပေါ်နှုတ်ခမ်းက လိပ်တက်သွားရာ အထဲမှ

ဆေးလိပ်ဂျိုးများကြောင့် ဝါထိန်နေသည့် သွားများ ပေါ်လာသည်။ ထိုအခါ

သူမ၏ ဆိုင်ထဲမှ ဖုန်တက်နေသော အစာသွပ်အရုပ်များကို အမှတ်ရသွားသည်။ ကျွန်တော်က

"ခင်ဗျား တော်လိုက်ဖို့ ကောင်းပြီ မစ္စက် ကာမိုဒီ။ ကျွန်တော့်သား ကြောက်နေပြီဗျ" ဟု ပြောလိုက်သည်။

သမီးလေးပါလာသော လူတစ်ယောက်ကလည်း ထိုသို့ ပြောသည်။ ခြေသလုံး တုတ်တုတ်နှင့် ကလေးမလေးက မျက်နှာကို သူ့အဖေဗိုက်နှင့် အပ်ကာ နားနှစ်ဖက်ကို လက်ဝါးနှင့် အုပ်ထားသည်။ ဘီလီက မငိုသော် လည်း ငိုတော့မလို ဖြစ်နေသည်။ မစ္စက် ကာမိုဒီက

"လွတ်ဖို့ အခွင့်အရေး တစ်ခုပဲ ရှိတယ်" ဟု ပြောသည်။ ဟယ်လ်တန်က

"ဘာများ လဲ ဒေါ်ကြီး" ဟု ယဉ်ကျေးစွာ မေးသည်။

"စတေးရမယ်။ သွေးနဲ့ စတေးရမယ်"

မှိန်ဖျော့သော အလင်းရောင်အောက်တွင် မစ္စက် ကာမိုဒီက ရက်စက်ကြမ်းကြုတ်စွာ ပြုံးနေပုံ ရသည်။ သွေးနဲ့ စတေးရမတဲ့။ သူမဆိုလိုသည် က အိမ်မွေးတိရစ္ဆာန်ကို ပြောခြင်း ဖြစ်ပါစေဟု ကိုယ့်ဘာသာ ပြောနေမိသည်။ လူတချို့ စည်းမဲ့ကမ်းမဲ့ ခေါ်လာသော တိရစ္ဆာန်များက ဆိုင်နားတွင် လျှောက်သွားနေတတ်သည် မဟုတ်လား။ သူမအသွင်က နယူးအင်္ဂလန်ရှိ အစွန်းရောက် ပျူရီတန်ဘာသာဝင် တချို့နှင့် တူသည်။ ထိုလူတွေထဲမှာ မှ သူမသည် ရှားရှားပါးပါး လိုတာထက် ပို၍ နက်ရှိုင်းကြမ်းကြုတ်စွာ စိတ်အား ထက်သန်နေခြင်းလောဟု သူမအပေါ် သင်္ကာမကင်း ဖြစ်လာမိသည်။

သူမက တစ်ခုခု ထပ်ပြောမည့် ဟန်ဖြင့် ပါးစပ်ဟလိုက်စဉ် စပို့ရှပ်အင်္ကျီ၊ အနီရောင် ဘောင်းဘီရှည် ဝတ်ထားသော လူကောင် ခပ်သေးသေး နှင့် သပ်သပ်ရပ်ရပ် အမျိုးသားတစ်ဦးက သူမ၏ မျက်နှာကို ဖြန်းခနဲ ရို က်ချလိုက်သည်။ မျက်မှန်တပ်ထားသော ထိုသူက ဆံပင်ကို ဘယ်ဘက်သို့ ပိပြားနေအောင် ဘီးနှင့် ခွဲ၍ ဖီးထားသည်။ သူ ဝတ်ဆင်ထားသည့် ပုံစံက နွေရာသီ ခရီးထွက်လာသည့် တိုးရစ်တစ်ယောက်နှင့် တူသည်။ သူက ညင်သာသော်လည်း ပုံမှန်လေသံဖြင့်

"နိမိတ်မရှိ နမာမရှိ ပြောတဲ့ ခင်ဗျားပါးစပ်ကို ပိတ်ထားလိုက်စမ်း" ဟု ပြောသည်။

မစ္စက် ကာမိုဒီက ပါးစပ်ကို လက်ဝါးနှင့် အုပ်လိုက်ပြီး စွပ်စွဲသော မျက်လုံးအစုံနှင့် ကျွန်တော်တို့ဆီ လက်ညှိုးထိုးသည်။ သူမ၏ လက်ဝါးတွင် သွားဖြင့် ကိုက်လိုက်ပုံရသဖြင့် သွေးတို့ ပေသွားသည်။ မျက်လုံးများကတော့

ရှူးသွပ်သွားသည့်နှယ်။ မိန်းမတစ်ယောက်က

"ရှင်ပြောတာတွေ တကယ် ဖြစ်နေပြီဆိုရင်လည်း ကျွန်မကတော့ ကိုယ့်ဘာသာ အသေခံပစ်လိုက်မယ်" ဟု အော်ပြောသည်။ မစ္စက် ကာမိုဒီက သွေးစွန်းနေသော လက်ဝါးကို ထောင်ပြကာ

"သူတို့က ညည်းကို လာဆွဲကြမှာ ပါအေ့"ဟု ပြောသည်။

သွေးတစ်စက်က သူမ၏ ပါးစပ်ထောင့်စွန်းမှ မေးစေ့ဆီ မိုးရေ တစ်စက်လို စီးကျသွားသည်။

"ဒီနေ့ မဟုတ်ရင် ဒီညပဲ ရာက်လာလိမ့်မယ်။ ဒီည မှောင်လာတာနဲ့ ရောက်လာကြမှာ။ တစ်ယောက်ယောက်ကို လာဆွဲသွားလိမ့်မယ်။ ကြည့်နေ ညရောက်လာတာနဲ့ ဖြစ်လာမှာ။ သူတို့ တိတ်တိတ်ကလေး တွားသွားလာတာကို နင်တို့ ကြားရလိမ့်မယ်။ သူတို့ ရောက်လာတော့မှ အမေကြီး ကာမိုဒီဆီ ကယ်ပါ ယူပါ တစာစာနဲ့ လာတောင်းပန်ရလိမ့်မယ်"

ဘောင်းဘီအနီနှင့် လူက လက်ကို ဖြည်းညင်းစွာ မြှောက်လိုက်စဉ် သူမက

"လာရိုက်လေ။ လာစမ်းပါ" ဟု ရေရွတ်ကာ သွေးပေနေသော ပါးစပ်ကြီးနှင့် ပြုံးဖြဲဖြဲ လုပ်ပြသည်။

ထိုသူ့လက်မှာ တဆတ်ဆတ် တုန်ယင်လာသည်။

"ရိုက်ရဲရင် ရိုက်ကြည့်လိုက်စမ်း"

ထိုသူ့လက် အောက်ချလိုက်သည်။ မစ္စက် ကာမိုဒီက သူ့ဘေးမှ ဖြတ်လျှောက်သွားသည်။ ထိုအခါ ဘီလီက မျက်နှာကို ကျွန်တော့်ဆီအပ်ကာ စငိုတော့သည်။ ကလေးမလေးလည်း ဘီလီလိုပင် သူ့အဖေကို ဖက်၍ ငိုသည်။

"သား အိမ်ပြန်ချင်တယ်။ မေမေ့ကို တွေ့ချင်တယ်"

ကျွန်တော်လည်း တတ်နိုင်သလောက် ချော့မော့ရသည်။ ချော့လို့လည်း မရလောက်ဟု ထင်သည်။ နောက်ဆုံးတွင် သိပ်လည်း ကြောက်မနေဖို့ ပြောရသည်။ မှန်နံရံများမှာ ဆိုင်၏ ထင်ရှားသော အားနည်းချက် ဖြစ်ကြောင်း ပြောပြတော့ မိုက်ခ်ဟယ်လ်တန်က တခြားဝင်ပေါက်များ ရှိသေးလားဟု မေးသည်။ အိုလီနှင့် ဘရောင်းက နော့်မ်ကို ဖွင့်ပေးလိုက်သည့် တံခါးအပါအဝင် စတိုခန်းတံခါးနှစ်ခု၊ အမိက အဝင်အထွက် တံခါးနှင့် မန်နေဂျာရုံးခန်းမှ ပြတင်းပေါက်တော့ ရှိကြောင်း အမြန် တွက်ပြသည်။ ထိုပြတင်းပေါက်မှာ ထူထဲကာ သော့ခတ်ထားသဖြင့် စိတ်ချရသည် ဟု ဆိုသည်။

ဤသို့ တိုင်ပင်ဆွေးနွေးလိုက်ခြင်းက အကျိုးရှိသွားသည်။ အန္တရာယ်ကို လက်တွေ့ကျကျ ရင်ဆိုင်ရမည် ဖြစ်သော်လည်း တစ်ချိန်တည်းမှာ ပင် စိတ်ပေါ့လာသည်။ ဘီလီပင် ထိုသို့ ခံစားရသည်။ သူက သကြားလုံး သွားယူချင်သည် ဆိုသဖြင့် မှန်ပြတင်းပေါက်နား မကပ်ဖို့ မှာရသည် သူ မကြားလောက်သည့် နေရာသို့ ရောက်သောအခါ ဟယ်လ်တန့်နားရှိ လူတစ်ယောက်က

"ကဲ မှန်နံရံပြတင်းတွေကို ဘာလုပ်ကြမလဲ။ ဟိုအဘွားကြီးကတော့ အရူးပဲ။ ဒါပေမဲ့ မှောင်လာရင် ဖြစ်လာမယ့် တစ်ချက်တော့ သူပြောတာ မှန်လောက်တယ်" ဟု ဆိုသည်။ အမျိုးသမီး တစ်ယောက်က

"မြူတွေ ကင်းချင်လည်း ကင်းစင်သွားနိုင်တာပဲ" ဟု ပြောသည်။ အမျိုးသား တစ်ယောက်က

"ဖြစ်ချင်လည်း ဖြစ်မယ်။ မဖြစ်ချင်လည်း မဖြစ်ဘူး" ဟု ပြောသည်။ ကျွန်တော်က အိုလီနှင့် ဘရောင်းအား

"ဘာအကြံရသေးလဲ" ဟု မေးလိုက်သည်။ ဟယ်လ်တန့် နားမှ လူက

"ခဏလေးဗျ။ ကျွန်တော်က ဒန်မီးလားပါ။ မက်စ်ပြည်နယ် လင်းမြို့ က။ ခင်ဗျားတို့ ကျွန်တော့်ကို သိမှာ တော့ မဟုတ်ဘူး။ သိစရာလည်း ဘာအကြောင်းမှ မရှိဘဲ။ ဟိုင်းလန်းလိတ်ခ်မှာ ကျွန်တော့်အိမ် ရှိတယ်။ ဒီနှစ်မှ ဝယ်လိုက်တာ။ လိုချင်လွန်းလို့ မရမက ရှာထားရတာဗျ။ ထားပါတော့။ ဆိုင်အောက်ထပ်မှာ ခါတ်မြေဩဇာအိတ်တွေ၊ အပင်အားဆေးအိတ်တွေ အပုံလိုက် တွေ့ခဲ့တယ်။ အများစုက တစ်အိတ်ကို နှစ်ဆယ့်ငါးပေါင်လောက် ရှိတယ်။ အဲဒီအိတ်တွေကို ပြတင်းပေါက်မှန် နားမှာ သဲအိတ်ထပ်သလို ထပ်ထားလို့ ရတယ်။ ချောင်းကြည့်လို့ ရတဲ့အပေါက်ရှိရင် ပြီးတာပဲ" ဟု ပြောသည်။

သူ့စကားကြောင့် လူအတော်များများက ခေါင်းတညိတ်ညိတ်ဖြင့် စိတ်လှုပ်ရှားစွာ ဆွေးနွေးကြသည်။ ကျွန်တော်က တစ်ခုခု ပြောမလို့ လုပ်ပြီးမှ မပြောတော့ဘဲ ထားလိုက်သည်။ မီးလားပြောတာ မှန်သည်။ အိတ်များကို ထိုသို့ နေရာချထားလိုက်လျှင် ထိမိခိုက်မိမှာ မပူရတော့။ သူ့အကြံကလည်း တစ်နည်းတစ်ဖုံ ကောင်းသည်ပဲ။ သို့သော် ခွေးစာအိတ် ကို ညှစ်ချလိုက်သော လက်တံဆီ စိတ်ရောက်သွားသည်။ ကြီးမားသော လက်တံတစ်ချောင်းလောက်နှင့် တွေ့လျှင်တော့ နှစ်ဆယ့်ငါးပေါင်ဝင် ခါတ်မြေဩဇာအိတ်သည်လည်း ခွေးစာအိတ်လို တစ်စစီ ဖြစ်သွားနိုင်သည်။ ထိုအကြောင်းကို ပြောပြ၍တော့ စိတ်အားတက်ဖို့ လမ်းစ မမြင်။ အထောက်အကူလည်း ရမည် မဟုတ်။ လူများသည် အိတ်သယ်ဖို့ ပြောရင်းဆိုရင်း လူစုခွဲလိုက်ကြသည်။ မီးလားက

"နေဦး၊ နေဦး။ လူစုံတုန်း ဟိုကိစ္စပါ တစ်ခါတည်း ဆွေးနွေးလိုက်ရအောင်" ဟု အော်ပြောသည်။

ရေခဲသေတ္တာနား၊ စတိုခန်းနားနှင့် အသားတန်းနားတွင် လူလေးငါးခြောက်ဆယ်လောက် လျော့တိလျော့ရဲ လူပြန်လာစုကြသည်။ မစ္စတာ မက္ကဖေးသည် ကလီစာ၊ သိုးဦးနှောက်၊ အသားကျောက်ကျော စသည့် မည်သူမျှ မလိုချင်သော အရာများကိုသာ အသားတန်းတွင် အမြဲ တမ်းထားတတ်သည်။ ဘီလီက ဟာရေးချောကလက်ပြားကို ကိုင်ကာ လူကြားထဲမှ တိုးဝှေ့ထွက်လာသည်။

"စားဦးမလား ဖေဖေ"

"ကျေးဇူးပဲ သားလေး"

ကျွန်တော် ယူစားကြည့်တော့ ချိုအီကာ စားလို့ ကောင်းလှသည်။

မီးလားက ခုနက စကားကို ပြန်ဆက်သည်။

"မေးရမှာ ကတော့ ခပ်ကြောင်ကြောင်ပဲ။ ဒါပေမဲ့ စဉ်းစားလို့ ရသမျှ မေးသင့်တယ် ထင်လို့။ ဒီထဲမှာ ခြောက်လုံးပြူး သေနတ် ပါတဲ့ သူ ရှိလား"

အားလုံး ခဏ ငြိမ်ကျသွားသည်။ လူများက တစ်ယောက်ကို တစ်ယောက် ကြည့်ကာ ပခုံးတွန့်ကြသည်။ ဆံပင်ဖြူ မွဲခြောက်ခြောက်နှင့် အဘိုးကြီး တစ်ဦးက သူ့ကိုယ်သူ အန်းဘရို့စ်ကော်နဲလ်ဟု မိတ်ဆက်ကာ သူ့ကားထဲတွင် နှစ်လုံးပြူး သေနတ် တစ်လက် ပါလာကြောင်း ပြောသည်။

"လိုချင်ရင် သွားယူကြည့်မယ်လေ"

အိုလီက

"အခု သွားယူမလို့ လား။ မဖြစ်ဘူး ထင်တယ်နော် မစ္စတာ ကော်နဲလ်" ဟု ပြောသည်။ ကော်နဲလ်က ဟွန်းခနဲ နှာမှုတ်သံ - တစ်ချက် အသံပြုကာ

"အခုလည်း ငါ သွားမယူပါဘူး သားရယ်။ ပိုက်ဆံပေး ခိုင်းရင်တော့ တစ်မျိုးပေါ့" ဟု ဆိုသည်။ မီးလားက

"ကျွန်တော်တော့ အဲဒီလို မထင်ပါဘူး။ ကျွန်တော့်အထင်..." ဟု ပြောနေစဉ် မိန်းမတစ်ယောက်က

"ခဏ နေကြပါဦး" ဟု ပြောလိုက်သည်။

ထိုမိန်းမမှာ စိမ်းမှောင်သော ဘောင်းဘီရှည်နှင့် အနွေးထည် ဝတ်ထားသည့်

အမျိုးသမီး ဖြစ်သည်။ ရွှေရောင်ဆံပင်နှင့် ကြည့်ကောင်းသည့် ရုပ်ရည် ရှိသည်။ ကုန်ကုန်ပြောရလျှင် အတော်လှသည့် မိန်းမပျို တစ်ယောက်ပင်။ သူမက မိန်းမကိုင် ပိုက်ဆံအိတ်ကို ဖွင့်ကာ အလတ်စား ပစ္စတို တစ်လက် ထုတ်ပြသည်။ မျက်လှည့်ဆရာ တစ်ယောက်ဆီမှ သေသပ်လှပသော ရင်သပ်ရှုမောဖွယ် ပြကွက် တစ်ခု မြင်လိုက်ရသလိုမျိုး လူအုပ်ကြီးဆီမှ ဟာ၊ ဟယ် စသည့် အာမေဋိတ်သံ များ ထွက်လာသည်။ ရှက်တက်တက် ဖြစ်နေသော ထိုမိန်းမပျိုမှာ ပို၍ အရှက်သည်းသွားသည်။ သူမက ပိုက်ဆံအိတ်ထဲမှ စမစ်အင်န်ဝက်ဆန် တံဆိပ် ကျည်ဘူးကို ထုတ်ပြလိုက်ရင်း မီးလားအား

"ကျွန်မက အမန်ဒါဒန်းဖရိုက်စ်ပါ။ ဒီသေနတ် ဆောင်ခိုင်းတာက ကျွန်မယောကျ်ားရဲ့ စိတ်ကူးပါ။ ကိုယ့်ကိုယ်ကို ကာကွယ်ဖို့ သေနတ် ဆောင်ထားသင့်တယ်လို့ ထင်တယ်လေ။ သွားလေရာ ဆောင်ထားတာ တော့ နှစ်နှစ်လောက် ကြာပြီ။ ကျည်တော့ ဖြည့်မထားဘူးပေါ့" ဟု ပြောသည်။

"ခင်ဗျားယောကျ်ားကရော ဒီမှာ ရှိသလား အစ်မ"

"ဟင့်အင်း။ သူက နယူးယောက်မှာ ပါ။ အလုပ်ရှိလို့ လေ။ သူက အလုပ်ကိစ္စနဲ့ ခရီးထွက်နေရတာ များ တယ်။ ဒါကြောင့် ကျွန်မကို သေနတ်ဆောင်ထားခိုင်းတာ"

"ကောင်းပါပြီ။ သုံးတတ်တယ် ဆိုရင်တော့ သိမ်းထားလိုက်ပါ။ ဒါနဲ့ ဘာအမျိုးအစားလဲ။ ပွိုင့် ၃၈ လား"

"ဟုတ်တယ်။ ကျွန်မ ဘဝမှာ သေနတ်ပစ် လေ့ကျင့်တဲ့ ပစ်မှတ်ကလွဲ ပြီး ဘာကိုမှ မပစ်ဖူးပါဘူး"

မီးလားက သေနတ်ကို ယူကာ ဟိုကိုင်ကြည့် သည်ကိုင်ကြည့် လုပ်သည်။ သူက ကျည်ထိုးထားလား မထိုးထားလား သေချာအောင် ကျည်အိမ်ကို ဖွင့်၍ စစ်ဆေးကြည့်သည်။ မီးလားက

"ဟုတ်ပါပြီ။ အခုဆို ကျွန်တော်တို့မှာ သေနတ် တစ်လက်လည်း ရပြီ။ ဘယ်သူ ကောင်းကောင်း ပစ်တတ်လဲ။ ကျွန်တော်တော့ မပစ်တတ်ဘူး" ဟု မေးသည်။

လူတွေက တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။ ပထမတော့ ဘယ်သူမှ ဘာမှ မပြောကြ။ အိုလီက တွန့်ဆုတ်တွန့်ဆုတ်ဖြင့်

"ကျွန်တော် ပစ်ကွင်းတွေကိုတော့ အများကြီး ပစ်ဖူးတယ်။ ကျွန် တော့်မှာ ကို့လ်ထ်အမျိုးအစား ပွိုင့် ၄၅ သေနတ်နဲ့ လားမားအမျိုးအစား ပွိုင့် ၂၅ သေနတ်

ရှိတယ်" ဟု ပြောသည်။ ဘရောင်းက

"မင်းက ပစ်မယ်ပေါ့။ ဟွန်း…။ အမှောင်ထဲမှာ ဘာမှ မမြင်အောင် မှုးနေမှာ ကိုမျှား" ဟု ပြောသည်။ အိုလီက ရှင်းလင်းပြတ်သားသော လေသံဖြင့်

"မင်း ပါးစပ်ကို ပိတ်ပြီး နာမည်ပဲ မှတ်နေလို့ မရဘူးလား" ဟု ပြောလိုက်သည်။ မီးလားက ငွေရှင်းကောင်ကို မျက်လုံးလေး ကလယ်ကလယ်ဖြင့် ကြည့်ကာ

"ဟုတ်တယ်။ အဲဒါ ခင်ဗျား အလုပ်မဟုတ်လား" ဟု ပြောသည်။

မီးလားက အိုလီထံ သေနတ်ကို ကမ်းပေးလိုက်ရာ အိုလီက ပညာရှင်ပီသစွာ တစ်ချက် စစ်ဆေးကြည့်ပြန်သည်။ သူက သေနတ်ကို ဘောင်းဘီရှေ့အိတ်ကပ်ထဲ ထိုးထည့်ကာ ကျည်ကဒ်ကို ရင်ဘတ်အိတ် ကပ်ထဲ ထည့်သည်။ သူ့ရင်ဘတ် အိတ်ကပ်မှာ စီးကရက်ဘူးများဖြင့် ဖောင်းကားနေသည်။ ချွေးပြန်နေဆဲ မျက်နှာဖြင့် အိုလီက ရေခဲသေတ္တာ ကို ပြန်မှီကာ ဘီယာအသစ်တစ်ဘူးကို ဖောက်သည်။ ထိုအခါ အိုလီ ကို မြင်ရသည်မှာ ခုနကလို ပုံစံမျိုး ပြန်ဖြစ်သွားသည်။ မီးလားက"ကျေးဇူးတင်ပါတယ် မစ္စက် ဒန်းဖရိုက်စ်" ဟု ပြောသည်။ သူမက

"ရပါတယ်ရှင်" ဟု ဆိုသည်။

ကျွန်တော်သာ သူမ၏ ခင်ပွန်းဖြစ်မည်ဆိုလျှင် စိမ်းဖန့်ဖန့် မျက်ဝန်း ပိုင်ရှင် ဤမိန်းမလှကို ထားရစ်ကာ ခရီး ထွက်မှာ မဟုတ်ဟု ရောက်ရာ ပေါက်ရာ တွေးလိုက်မိသည်။ ဇနီးသည် ကို သေနတ်ပေးကာ ပစ်ထားရ က်သည့် အပြုအမူကို ကျွန်တော် ခံစားလို့မရ။ မီးလားက စာရေးကတ်ထူပြား ကိုင်ထားသော ဘရောင်းဘက်နှင့် ဘီယာဘူး ကိုင်ထားသော အိုလီဘက်သို့ လှည့်ကာ

"ဒီမှာ မီးသတ်ဘူး ရှိတာ မတွေ့ရဘူး။ ဒါ နည်းနည်း ကြောင်သလိုပဲ။ ရှိလားဗျ" ဟု မေးသည်။ ဘဒ်ဒီ အီဂဲလ်တန်ဆိုသူက

"ဟာ ဒုက္ခပါပဲ" ဟုဆိုသည်။ ဟယ်လ်တန်က

"ဘာဖြစ်လို့ လဲဗျ" ဟု မေးသည်။

"လွန်ခဲ့တဲ့ အပတ်က ဂဟေဆော်တဲ့ မီးခွက်တွေ သေတ္တာလိုက် ရှိတယ်ဗျ။ အိမ်မှာ ပိုက်တွေ ဘာတွေ ပေါက်ရင် မှုတ်ပြီး ပြင်တဲ့ဟာလေ။ ခင်ဗျား မှတ်မိလား မစ္စတာ ဘရောင်း"

ဘရောင်းက မျက်နှာကြီး ရှုံ့မဲ့ကာ ခေါင်းညိတ်ပြသည်။ မီးလားက

"အကုန် ရောင်းလိုက်ရတာလား"

"မဟုတ်ပါဘူး။ ဘယ်ကလာ ကုန်ရမှာလဲ။ သုံးလေးခုလောက်ပဲ ရောင်းရတာ။ ကျန်တာတွေကို သေတ္တာလိုက် ပြန်ပို့ပေးလိုက်ပြီ။ အရေးထဲမှာ…"

ဘဒ်ဒီအီဂဲလ်တန်က နောက်ပြန်ဆုတ်သွားသည်။ ကျွန်တော်တို့မှာ ခုခံစရာဟူ၍ မီးခြစ်ဆံများ နှင့် ဆားတော့ ရှိသည်။ ဆားသည် မျှော့ စသည့် သွေးစုပ်တတ်သော အရာများကို နိုင်သည် ဟု တစ်ယောက်က ပြောသည်။ ရေသုတ်တံမြက်စည်းများ နှင့် ရိုးတံရှည် တံမြက်စည်းများလည်း ရှိသည်။ လူအများစုမှာ အသည်းယော်ကြဟန် တူသည်။ ဂျင်မ်နှင့် မိုင်ရွန်တို့ က ဘာတစ်ခုမှ ဝင်မပြောနိုင်လောက်အောင် ထိတ်လန့်နေ သည်။ အိုလီမျက်လုံးများကတော့ မျှော်လင့်ချက်မဲ့စွာ တည်ငြိမ်နေသည်။ ၎င်းမှာ ကြောက်နေသည်ထက် ပိုဆိုးသည်။ သူရော ကျွန်တော်ပါ လက်တံများကို တွေ့ခဲ့ကြပြီး ဖြစ်သည်။ ထို့ကြောင့် လက်တံများကို ဆားနှင့် ပက်ခြင်း၊ တံမြက်စည်းနှင့် ထိုးထုတ်ခြင်းတို့ မှာ တကယ်တမ်း အလုပ်ဖြစ်မည် မဟုတ်၍ ရယ်စရာတော့ ကောင်းသည်။ မီးလားက

"ပစ္စည်းတွေ စီစဉ်ဖို့ ကူပေးပါလား မိုက်ခ်။ အိုလီနဲ့ ဒေးဗစ်ကို ငါ ခဏ စကားပြောချင်သေးလို့" ဟု ပြောရာ မိုက်ခ်ဟယ်လ်တန်က

"ရပါတယ်" ဟု ဆိုကာ မီးလား၏ ပခုံးကို ပုတ်သည်။ ထို့နောက် ဟယ်လ်တန်က

"တာဝန်ကိုယ်စီ ခွဲယူကြရအောင်ဗျာ။ ခင်ဗျားတို့ ကောင်းကောင်း ပါဝင်ဆွေးနွေးခဲ့တာပဲ။ ကြိုဆိုပါတယ်ဗျာ" ဟု ပြောသည်။ မီးလားက

"ခင်ဗျားပြောပုံအရ ကျွန်တော် ဆောင်ထားတဲ့ ပစ္စည်းဖိုး အခွန်အခ တွေ ပြန်ရမယ့် သဘောလားဗျ" ဟု မေးသည်။ ဟယ်လ်တန်က ရယ် မောကာ

"မဟုတ်ပါဘူး။ ဘာလို့ ပြန်ပေးရမှာ တုန်း" ဟု ပြောသည်။

မီးလားသည် ဆံပင်နီများကို နောက်လှန်ထားသော လူဖလံလေး တစ်ယောက် ဖြစ်သည်။ ခဏလောက် စကားပြောလိုက်သည် နှင့် သဘောကျသွားလောက်သည့် လူစား ဖြစ်သည်။ ထိုသို့ မဟုတ်လျှင်လည်း သူသာ အနားမှာ ရှိလျှင် ပွဲစည်စေမည့် လူစား ဖြစ်သည်။ ဘာမဆို သူတစ်ပါးထက် သာအောင် လုပ်ပြနိုင်မည့် လူစား ဖြစ်သည်။ ဟယ်လ်တန် ထွက်သွားတော့ မီးလားက ကျွန်တော့်သားကို တစ်ချက် ငုံ့ကြည့်သည်။ ကျွန်တော်က

"ဘီလီအတွက် မပူပါနဲ့" ဟု ပြောလိုက်သည်။ မီးလားက

"ကျွန်တော့်တစ်သက်မှာ တစ်ခါမှ ဒီလောက် သောက မရောက်ဖူးဘူး ကိုယ့်လူရာ"ဟု ပြောသည်။ အိုလီက

"ကျွန်တော်ရောပဲ" ဟု ထောက်ခံသည်။

အိုလီက ဘီယာဘူးခွံအလွတ်ကို ရေခဲသေတ္တာထဲ ပြန်ထည့်ကာ အသစ်တစ်ဘူး ယူ၍ ဖွင့်ဖောက်သည်။ ဘီယာဘူးထဲမှ ဂတ်စ်ထွက်သွားသံ ရှူးခနဲ ညင်သာစွာ ထမြည်သည်။ မီးလားက

"ခင်ဗျားတို့ နှစ်ယောက် အကြည့်ချင်း ဆုံသွားတာ ကျွန်တော် တွေ့လိုက်တယ်" ဟု ပြောသည်။

ကျွန်တော်က ဟာရေးချောကလက်ပြားကို ကုန်အောင် စား၍ ဘီယာမော့ကာ လည်ချောင်း ရှင်းလိုက်သည်။ မီးလားက

"ကျွန်တော် စဉ်းစားမိတာ တစ်ခု ပြောမလို့။ ရေသုတ်တံမြက်စည်း လက်ကိုင်မှာ အဝတ်စတွေကို ပတ်ပြီး ကြိုးနဲ့ စုချည်ထားလိုက်မယ်။ လူခြောက်ယောက်လောက် လုပ်ရင် ရတယ်။ မီးမွှေးတဲ့ အရည်ဘူးတွေလည်း အသင့်ဆောင်ထားမယ်။ ဘူးထိပ်ကို ဖြတ်ထားမယ်။ ဒါဆို မီးတုတ် အဖြစ် အမြန်ဆုံးနည်းနဲ့ သုံးလို့ ရမှာ ပဲ" ဟု ပြောသည်။

သူ့အကြံက အကောင်းကြီး မဟုတ်သော်လည်း ဆားနှင့် ပက်မည့် အကြံလောက် မဆိုးလှသဖြင့် ကျွန်တော် ခေါင်းညိတ်လိုက်သည်။ ဆားနှင့် ပက်ဖို့ ကြံခြင်းမှာ နော့်မ်ဖြစ်အင်ကို မတွေ့လိုက်မိလို့သာ ဖြစ်သည်။ အိုလီက

"အခြေအနေတွေ ဆိုးမလာခင် အနည်းဆုံး စဉ်းစားထားမှတော့ ဖြစ်မယ်" ဟု ပြောသည်။ မီးလားက နှုတ်ခမ်းနှစ်လွှာကို တစ်ချက် ဖိကပ် လိုက်ပြီးမှ

"အဲဒီလောက်တောင် ဆိုးသလား" ဟု ပြောသည်။ အိုလီက

"ဆိုးတယ်" ဟု ပြောကာ ဘီယာကိုသာ သောက်နေလိုက်သည်။

ထိုနေ့ မွန်းလွဲပိုင်း လေးနာရီခွဲလောက်တွင် ဓာတ်မြေသြဇာနှင့် အပင်အားဆေးအိတ်များကို မှန်ပြတင်းပေါက်များ၌ အနည်းငယ်မျှသာ ဟ ကာ ပိတ်ဆို့ကာရံ ထားလိုက်ကြသည်။ ထိုအိတ်များ နားတွင် အစောင့် တစ်ယောက်စီ နေရာချလိုက်သည်။ အစောင့်တစ်ဦးစီကို တံမြက်စည်း လက်ကိုင်ဖြင့် လုပ်ထားသော မီးတုတ် တစ်ချောင်းစီနှင့် ထိပ်ဖြတ်ထားသည့် မီးမွှေးသည့် အရည်ဘူးများကို ပေးထားလိုက်သည်။ အပေါက် ငါးပေါက် ရှိပြီး မီးလားက တစ်လှည့်စီ စောင့်ရမည့် လူများကို တာဝန်ခွဲ ပေးသည်။ ကျွန်တော့်အလှည့်သို့

ရောက်သောအခါ အပေါက်နားရှိ အိတ်အပုံ တစ်ခုပေါ်မှာ ထိုင်လိုက်သည်။ ဘီလီက ကျွန်တော့်ဘေးမှာ ထိုင်ရင်း သားအဖ နှစ်ယောက်သား အပြင်ဘက်ရှိ မြူထဲသို့ ချောင်းကြည့်လိုက်သည်။

ကျွန်တော်တို့ မှန်ပြတင်းပေါက် အပြင်ဘက်တွင် အနီရောင် ခုံတန်းရှည် တစ်ခု ရှိသည်။ ထိုခုံတွင် လူတချို့က ဟင်းချက်စရာကို ဘေးချကာ လာခေါ်ပေးမည့် ကားတို့ ဆိုင်ကယ်တို့ ကို ထိုင်စောင့်တတ်ကြသည်။ မြူထုသည် ထူထပ်ကာ ဖြည်းညင်းစွာ ဝဲလှည့်သွားလာနေသည်။ ၎င်းအထဲ၌ အစိုဓာတ် ရှိမည့် ပုံရသော်လည်း သိပ်သည်းလှသဖြင့်မပီဝိုးတဝါးသာ မြင်ရသည်။ မြူကို ကြည့်နေရင်း မိမိကိုယ်ကို ပျောက်ဆုံးသွားသည့် နှယ် ခံစားရသဖြင့် ကြောက်စိတ်ဝင်လာသည်။ ဘီလီက...

"ဘာဖြစ်လာမှာ လဲ ဖေဖေ သိလားဟင်" ဟု မေးသည်။ ကျွန်တော် က

"မသိပါဘူး သားရယ်" ဟု ဖြေလိုက်သည်။

သူက ခဏလောက် ငြိမ်သွားကာ သူ့လက်နှစ်ဖက်ကို ပေါင်ပေါ်တင်ထားသော ပြန်ငုံ့ကြည့်နေသည်။ နောက်ဆုံးတွင်

"သားတို့ ကို ဘာဖြစ်လို့ ဘယ်သူမှ လာမကယ်ကြတာလဲဟင်" ဟု မေးသည်။

"ပြည်နယ် ရဲတပ်ဖွဲ့တို့၊ အက်ဖ်ဘီအိုင်တို့ ဘာတို့ လား။ မသိပါဘူး ကွယ်"

"မေမေရော အဆင်ပြေတယ် ထင်လားဟင်"

"ဖေဖေ မသိဘူး ဘီလီရယ်"

ကျွန်တော်က ပြောပြောဆိုဆို သူ့ကို ဖက်ထားလိုက်သည်။ မျက်ရည်ကျလာသော ဘီလီက အားတင်း၍

"မေမေ့ကို သိပ်တွေ့ချင်တာပဲ။ မေမေ့အပေါ် ဆိုးခဲ့မိတာတွေကို သား စိတ်မကောင်းလိုက်တာ" ဟု ပြောသည်။

"ဘီလီရယ်..."

ကျွန်တော့် အသံကြောင့် သူ တိတ်သွားသည်။ လည်ချောင်းထဲမှာ ငံ ကျိကျိ ဖြစ်လာသည်။ ကျွန်တော့် အသံကလည်း တုန်ချင်ချင်။ ဘီလီက...

"ဒါကြီးက ပြီးသွားမှာ လား ဖေဖေ။ ပြီးရော ပြီးမှာ လား" ဟု မေးသည်။

"ဖေဖေလည်း မသိပါဘူးကွယ်"

ဘီလီက ကျွန်တော့်ပခုံးဆီ မျက်နှာအပ်လိုက်တော့ သူ့ခေါင်းလေး ကို ကိုင်ထားပေးလိုက်သည်။ ထူထဲသော ဆံပင်အောက်မှ သူ့ဦးခေါင်းလေး၏ နူးညံ့သော ကောက်ကြောင်းကို ကျွန်တော် ခံစားရသည်။ ထိုအ ခါ မင်္ဂလာဆောင်သည့် နေ့ကို သတိရမိသွားသည်။ ပွဲပြီးတော့ စတက်ဖီ က ရိုးရှင်းသော အညိုရောင် ဝတ်စုံကို လဲထားသည်။ ထိုဝတ်စုံကို ချွတ်လိုက်သောအခါ အရင်နေ့က တံခါးဘောင်နှင့် တိုက်မိသောကြောင့် သူမ၏ တင်ပါးတွင် ခရမ်းရောင် အညိုအမည်းကွက်ကြီး ဖြစ်နေသည်။ အပျိုဘဝနှင့် အိမ်ထောင်သည် ဘဝကို ကူးပြောင်းသည့် အချိန်တွင် မှ ထိုအညိုအမည်း ဒဏ်ရာကို တိုက်ဆိုင်စွာ ရရှိခဲ့သည်ဟု ကျွန်တော် စဉ်း စားမိသေးသည် အံ့သြစရာ အမှတ်တရပင်။ ကျွန်တော်တို့ ချစ်ပွဲဆင်ကြတော့ အပြင်ဘက်ရှိ မီးခိုးရောင် ဒီဇင်ဘာ ကောင်းကင်ယံမှာ နှင်းတို့ တဖွဲဖွဲ ကျဆင်းလျက်။

ဘီလီက ငိုနေသဖြင့် ကျွန်တော်က 'ရှူး တိုးတိုး ဘီလီ' ဟု ပြောကာ သူ့ခေါင်းကို ညင်သာစွာ ရမ်းပေးသည်။ သို့သော် သူကတော့ အငို မတိတ်ချေ။ မိခင်များသာ ကလေး အငိုတိတ်အောင် ချော့တတ်ကြသည် ထင်သည်။ အမှောင်ထုက တဖြည်းဖြည်း ကြီးစိုးလာသည်။ မီးလား၊ ဟယ်လ်တန်နှင့် ဘရောင်းတို့ က လက်နှိပ်ဓါတ်မီးများ သွားယူလာတာ အလက် နှစ်ဆယ်လောက် ရသည်။ နော်တန်က သူ့အုပ်စုကို အော်ကျယ် အော်ကျယ် ပြောကာ နှစ်စု ခွဲခိုင်းနေသည်။ ဟိုတစ်ကွက် သည်တစ်ကွ က် ထိုးကြသည့် ဓာတ်မီးပြောက်များက စုန်းတောက်နေသလိုလို။

ကျွန်တော်က ဘီလီကို ပွေ့ချီကာ အပေါက်မှ တဆင့် အပြင်ဘက်သို့ကြည့်လိုက်သည်။ အိတ်များ ထပ်ထားလိုက်သဖြင့် ဆိုင်ထဲမှာ ပို၍ မှောင်နေသည်။ အပြင်ဘက်ရှိ ဖြူလွလွ အလင်းရောင် မသဲမကွဲကတော့ မပြောင်းလဲချေ။ ကြိမ်ဖန်များစွာ တစ်ခုခုကို တွေ့လိုက်ရသလို ထင်မိသော်လည်း တကယ်တော့ စိတ်ကြောင့် သာ ဖြစ်နေသည်။ လူတစ်ယောက်ကတော့ မဝံ့မရဲဖြင့် သတင်းမှားပေးသည်။

ဘီလီက မစ္စက် တာမန်းကို တွေ့သွားပြီး သူမဆီ ဝမ်းသာအားရ ထွက်သွားသည်။ ဟက်တီတာမန်းသည် ဖြူစပြုနေသော ချစ်စဖွယ် ဆံပင် နီနီနှင့် အရပ်ရှည်ရှည် အမျိုးသမီးကြီး ဖြစ်သည်။ ချိန်းကြိုးတပ်ထားသော မျက်မှန်က ရင်ဘတ်ပေါ် တွဲလောင်းကျနေသည်။ သူမလက်ထဲမှ လက်နှိပ်ဓာတ်မီးကို ဘီလီဆီ ဖော်ရွေစွာ လက်ကမ်းပေးသည်။ ဘီလီ က ရေခဲသေတ္တာ မှန်အဖုံးပေါ်တွင် သူ့နာမည်ကို လက်ဖြင့် ရေးဖို့ လုပ်သည်။ ဘီလီက သူမကို တွေ့၍ ပျော်သွားသလို သူမကလည်း ဘီလီကို တွေ့၍ ပျော်သွားဟန် တူသည်။ ခဏနေတော့

နှစ်ယောက်သား ကျွန်တော့်ဆီ ရောက်လာသည်။ သူမက…

"စတက်ဖီရော ဒီမှာ ပဲလား ဒေးဗစ်" ဟု မေးသည်။

"မဟုတ်ဘူး။ အိမ်မှာ ကျန်ခဲ့တယ်"

သူမက ခေါင်းညိတ်ပြသည်။

"အလန်ရောပဲ။ ဘယ်လောက်ကြာအောင် စောင့်ကြည့်ရမှာတဲ့ လဲ"

"ခြောက်နာရီထိ"

"ဘာတွေ့သေးလဲ"

"ဘာမှ မတွေ့ဘူး။ မြူတွေချည်းပဲ"

"မင်းအဆိုင်း ပြီးတဲ့ အထိ ဘီလီကို ကြည့်ပေးထားမယ်လေ။ အဆင်ပြေရင်ပေါ့…"

"ကဲ ဘယ်လိုလဲ ဘီလီ"

ဦးခေါင်းထက်မှ မျက်နှာကြက်ကို ဓါတ်မီးဖြင့် လွဲရမ်းထိုးကြည့်နေ သော ဘီလီက

"ဟုတ်ကဲ့ခင်ဗျ" ဟု ဖြေသည်။ မစ္စက် တာမန်းက…

"စတက်ဖီနဲ့ အလန့်ကို ဘုရားသခင် စောင့်ရှောက်တော်မူမှာပါ" ဟု ပြောကာ ဘီလီလက်ကို ဆွဲ၍ ထွက်သွားသည်။

သူမက ထိုစကားကို ဣန္ဒြေမပျက် ပြောခြင်း ဖြစ်သော်လည်း မျက်ဝန်းများကတော့ ယုံကြည်ပုံ မပေါ်ချေ။ ထိုအချိန်တွင် ဆိုင်နောက်ဘက် အနီးမှ စိတ်လှုပ်ရှားစွာ ငြင်းခုံသံများ ထွက်လာသည်။ ဘဒ်ဒီအီဂဲလ်တ န်ဟု ထင်ရသော တစ်ယောက်က…

"အပြင် ထွက်မယ်ဆိုရင် ခင်ဗျား ရူးနေလို့ ပဲ" ဟု အော်ပြောသည်။

ငြင်းခုန်နေကြသည့် နေရာ တည့်တည့်သို့ ဓာတ်မီးရောင်များစွာ ကျလာသည်။ ထိုသူများက ဆိုင်အရှေ့ဘက်ဆီ နေရာရွှေ့သွားကြသည်။ တုန်တုန်ယင်ယင်ဖြင့် လှောင်ပြောင်ရယ်မောလိုက်သော မစ္စက် ကာမိုဒီ ၏ အသံက နံရံကပ် ကျောက်သင်ပုန်းပေါ်သို့ လက်သည်းဖြင့် ကုတ်ဆွဲ ချလိုက်သလို ကြမ်းရှစွာ မသဲမကွဲ ထွက်လာသည်။ ထိုစဉ် နော်တန်က ပွစိပွစိ ရေရွတ်သံများကို

လွှမ်းသွားစေသည့် တရားရုံးမှ လေသံဖြင့်...

"ဖယ်ကြပါ...။ ဖယ်ကြပါ" ဟု အော်ပြောလိုက်သည်။

ကျွန်တော့် တစ်ဘက်ခြမ်းရှိ အပေါက်စောင့်သည့် လူက သူ့နေရာမှ ခွာကာ အော်ဟစ်သံ ကြားရာဆီ သွားကြည့်သည်။ ကျွန်တော်ကတော့ ကိုယ့်နေရာမှာသာ နေရန် ဆုံးဖြတ်လိုက်သည်။ မည်သည့် အဖြစ်အပျက်သာ ဆက်နွယ် ပတ်သတ်လာသည် ဖြစ်ပါစေ၊ ထိုအရာက ကျွန်တော့်ဆီ တစ်နည်းတစ်ဖုံ ရောက်လာပေလိမ့်မည်။ မိုက်ခ်ဲ့ဟယ်လ်တန်က...

"လုပ်ပါ။ ဒီအကြောင်းကို ကျော်ပြီး ပြောရအောင်ဗျာ" ဟု ပြောနေသည်။ နော်တန်က

"ဘာမှ ပြောစရာ မလိုဘူး" ဟု ပြောသည်။

ဆုံးဖြတ်ချက် ချထားပုံရသော မျက်တွင်းဟောက်ပက်နှင့် စိတ်မချမ်းမြေ့စရာ သူ့မျက်နှာက အမှောင်ထဲမှ ပေါ်လာသည်။ သူက ကမ္ဘာပြား အဖွဲ့သားအုပ်စု နှစ်ခုဆီ ခါတ်မီးနှစ်လက်ဖြင့် ထိုးထားသည်။ ဂျိုများ ကုပ်ကွေးနေသလို ဖြစ်နေသည့် ဆံပင်က နားရွက်နောက်မှာ ညှပ်ထားသည်။ လူငါးယောက်စီ ပါဝင်သော နှစ်ဖွဲ့တွင် သူက ခေါင်းဆောင် ဖြစ်သည်။ နော်တန်က...

"ကျုပ်တို့ အပြင်သွားမလို့ " ဟု ပြောသည်။ မီးလားက...

"အရှုံးနောက် လိုက်မနေနဲ့။ မိုက်ခ်ဲ့ ပြောတာ မှန်တယ်။ ဆွေးနွေးလို့ ရတာပဲ။ ဟုတ်တယ်မလား။ မစ္စတာ မက္ကဖေးက ဂတ်စ်မီးဖိုနဲ့ ကြက်တွေ ကင်ပေးလိမ့်မယ်။ ထိုင်စားလိုက်ပါဦး။ ပြီးတော့မှ ..." ဟု ပြောရင်း နော်တန်သွားမည့် လမ်းကြောင်းရှေ့ ထွက်လာသည်။

နော်တန်က သူ့ကို တွန်းထုတ်လိုက်ရာ မီးလားက မနှစ်မြို့သည့် ဟန်ဖြင့် မျက်နှာ ရဲခနဲ ဖြစ်သွားပြီး ရပ်တည်သွားသည်။ သူက...

"ဒါဆိုလည်း ခင်ဗျား လုပ်ချင်တာသာ လုပ်တော့။ လူသတ်တဲ့ နေရာမှာ ခင်ဗျားက တော်ပြီးသားပါလေ" ဟု ပြောသည်။ နော်တန်က

"မင်းတို့ ဖို့ ကယ်ဆယ်ရေး ပြန်လွှတ်ပေးလိုက်မယ်" ဟု ပြန်ပြောသည်။

သူ့နောက်လိုက်များထဲက တစ်ယောက်က ထောက်ခံသည့်စကား ပြောသော်လည်း တယောက်ကတော့ တိတ်တဆိတ် ထွက်သွားသည်။ သည်လိုဆိုတော့လည်း မဆိုးလှဟု ထင်သည်။ ဟယ်လ်တန်က...

"ဒီမယ် မစ္စတာ နော်တန်။ အနည်းဆုံးတော့ ကြက်ကင်လေး စားသွားပါလားဗျာ။ ဗိုက်ထဲမှာ အစာလေးတော့ ရှိမှ ဖြစ်မှာပေါ့" ဟု ပြောသည်။ နော်တန်က...

"မင်းတို့နဲ့ ဆက်ဆွေးနွေးဖို့ အခွင့်အရေး ပေးရမယ်ပေါ့ ဟုတ်လား။ ဒီလိုလုပ်လို့ ရမယ် မထင်နဲ့။ တရားရုံးပေါင်းများစွာ ငါ ရောက်ဖူးပြီးသား။ မင်းတို့ကြောင့် ငါ့လူတွေ တစ်ဝက်လောက် အတွေးခေါင်ကုန်ကြပြီကွ" ဟု ပြောသည်။ ဟယ်လ်တန်က 'ခင်ဗျားလူတွေ" ဟု ညည်းညူကာ....

"ခင်ဗျားလူတွေ ဟုတ်လား။ ဘုရားရေ။ ဘယ်လို စကားကြီးလဲ။ လူတွေက လူတွေပဲ။ ဘယ်သူ့ဘက်ကမှ မဟုတ်ဘူး။ ဒါ ကစားပွဲလည်း မဟုတ်ဘူး။ တရားရုံးလည်း မဟုတ်ဘူး။ ကောင်းစေချင်လို့ ပြောနေတာဗျ။ အပြင်မှာ ဘာမှန်းမသိတဲ့ အရာတွေ ရှိတယ်။ ဘာကိစ္စ ကိုယ့်ဘာသာ သွားအသေခံကြမှာလဲ" ဟု ပြောသည်။ နော်တန်က ခနဲ့ သည့် လေသံဖြင့်...

"မင်း ပြောတဲ့ အရာတွေက ဘယ်မှာလဲကွ။ မင်းလူတွေ စောင့်ကြည့်နေတာ နာရီနဲ့ ချီပြီး ကြာနေပြီ။ ဘာတစ်ခုများ တွေ့လို့ လဲ" ဟု မေးသည်။

"ကဲပါ။ ပြန်ဝင်ပြီး..."

"ဟင့်အင်း။ မဝင်ဘူး...၊ မဝင်ဘူး"

နော်တန်က ခေါင်းတခါခါဖြင့်...

"မြူက ထူသထက် ထူ လာပြီ။ ကျုပ်တို့ အပြင်ဘက်ထွက်ပြီး..." ဟု ပြောနေစဉ် တစ်စုံတစ်ယောက်က

"မသွားနဲ့ " ဟု တိုးညင်းစွာ ရေရွတ်လိုက်သည်။

ထိုစကားသံသည် အောက်တိုဘာညနေခင်း နေဝင်ရီတရော၌ သစ်ရွက်ခြောက်များကို လေတရှဲရှဲ တိုက်ခတ်သွားသကဲ့သို့ ပွဲတင်ထပ်၍ ပြန့်နှံ့သွားသည်။ မသွားနဲ့ ..၊ မသွားနဲ့ ...၊ မသွားနဲ့ ...။ စူးရှသော ထိုလေသံ ပိုင်ရှင်က...

"ရှင် ကျွန်မတို့ ကို သွေးခွဲနေတာလား" ဟု ထပ်မေးလိုက်သည်။

၎င်းမှာ နော်တန့်၏ လူများဟု ဆိုသော အုပ်စုထဲမှ ပါဝါ နှစ်ထပ် မျက်မှန်နှင့် အသက်ကြီးကြီး မိန်းမကြီး တစ်ယောက်ဆီမှ ဖြစ်သည်။

"ရှင် ကျွန်မတို့ ကို သွေးကွဲအောင် လုပ်နေတာလား"

မထွက်သင့်ဟု ပြောနေသော စကားသံများ ရပ်တန့် ငြိမ်ကျသွားသည်။ မိုက်ခ်ဲဟယ်လ်တန်က

"မဟုတ်တာ။ မဟုတ်ပါဘူးဗျာ။ ကျွန်တော် ဘယ်သူ့ကိုမှ သွေးခွဲနေတာ မဟုတ်ဘူး " ဟု ပြောသည်။ ကျွန်တော်က ဘီလီ နားရွက်နား ကပ်၍ တစ်စုံတစ်ခု ပြောလိုက်သည်။ သူက ကျွန်တော့်ကို မေးခွန်း ထုတ်သ ကဲ့သို့ ပြန်စိုက်ကြည့်သည်။ ကျွန်တော်က...

"အခု သွားတော့။ မြန်မြန်လုပ်" ဟု ပြောလိုက်တော့ သူ ထွက်သွားသည်။

နော်တန်က ဘရော့ဒ်ဝေးပြဇာတ်ထဲမှ မင်းသားတွေ လုပ်သလိုမျိုးဆံပင်ကို လက်ဖြင့် ထိုးဖွသည်။ သည် အပြုအမူက လွှစက်ကြိုးကို ဆွဲသော်လည်း နိုးမလာသည်ကို ဘာဖြစ်မှန်း သေချာ မလေ့လာဘဲ ဆဲရေး တိုင်းထွာတာလောက်တော့ မဆိုးသေး။ သူ့လုပ်ပုံကို သူ့ဘာသာ ဟုတ်လှပြီ ထင်နေသဖြင့် ဘာပြောရမှန်းလည်း မသိချေ။ သူ့လုပ်ရပ်ကြောင့် ဘာဖြစ်လာမည်ဆိုသည်ကို သိသွားရင်ကော။ သူ့အသက်ကို ကယ်လို က်မိလျှင်တောင် ကျားသေကို အသက်သွင်းသလို ဖြစ်နေမည် ထင်သည်။

နော်တန်က နောက်ထပ် ပြောစရာရှိသေးပုံဖြင့် ပတ်ပတ်လည်ကို တရစပ် ကြည့်သည်။ သို့သော် ဘာမှ မပြောတော့ဘဲ သူ့နောက်လိုက် လူလေးယောက်ကို ဦးဆောင်လျက် ငွေရှင်းကောင်တာ တစ်ခုကို ဖြတ် သန်းထွက်ခွာသွားသည်။ ၎င်းတို့မှာ ဂျင်းဘောင်းဘီပြာနှင့် ဂေါ့ဖ်ဦးထုပ် နောက်ပြန်ဆောင်းထားသော လူတစ်ယောက်၊ အသက်နှစ်ဆယ်လောက် ရှိသည့် ခပ်ဝဝ ကောင်လေး တစ်ယောက်၊ အသက်ကြီးကြီး မိန်းမကြီး တစ်ယောက်နှင့် မိန်းမငယ် တစ်ယောက်တို့ ဖြစ်သည်။ နော်တန်နှင့် ကျွန်တော် မျက်လုံးချင်း ဆုံသောအခါ သူ့မျက်လုံးများ အနည်းငယ် ပြူးကျယ်သွားသည်။ ထို့နောက် သူက မျက်နှာ စလွှဲလိုက်စဉ် ကျွန် တော်က...

"ခဏလေး ဘရန့်" ဟု လှမ်းခေါ်လိုက်သည်။ သူက

"ကျုပ် နောက်ထပ် မဆွေးနွေးချင်တော့ဘူး။ အထူးသဖြင့် မင်းနဲ့" ဟု ပြောသည်။

"ကျွန်တော် သိပါတယ်။ တစ်ခါလောက်ပဲ အခွင့်ပေးဖို့ တောင်းဆိုချင်တာပါ"

ကျွန်တော် ဟိုသည် အကြည့်လွှဲ လိုက်တော့ ကျွန်တော်ရှိရာ ငွေရှင်းကောင်တာဆီ ပြန်ပြေးလာသော ဘီလီကို တွေ့လိုက်ရသည်။ နော်တန် က

ဘီလီ ပြေးလာပြီး ကျွန်တော့်အား မှန်ကြည်စက္ကူထုပ် တစ်ထုပ် က မ်းပေး လိုက်သည် ကို သံသယဖြစ်သွားပုံဖြင့်…

"ဒါ ဘာလဲ" ဟု မေးသည်။

ဆိုင်ထဲရှိ လူများက အခြား ငွေရှင်းကောင်တာဘက်မှ နေ၍ ကျွန်တော့်တို့အား ကြည့်နေ မနေ ဂရုမပြုအားတော့။ ကျွန်တော်က…

"အဝတ်လှန်းတဲ့ ကြိုးခွေလေ။ ဒါက အထုပ်ကြီး။ ပေသုံးရာလောက် ရှည်တယ်" ဟု ဖြေလိုက်သည်။

"အဲဒီတော့"

"အပြင် မထွက်ခင် ကြိုးအစ တစ်ဖက်ကို ခင်ဗျားခါးမှာ ချည်သွားပေးလို့ ရမလား။ ကျပ်လာတယ် ထင်လာရင် တစ်ခုခုမှာသာ ချည်ထား လိုက်ပါ။ ဘယ်အရာဖြစ်ဖြစ် ကိစ္စ မရှိပါဘူး။ ကားတံခါးလက်ကိုင်ဆိုလ ည်း ရတာပဲ"

"ဘာအတွက်တုန်း"

"အနည်းဆုံးတော့ ခင်ဗျား ပေသုံးရာလောက် သွားမှန်း သိရတာပေါ့”

သူ့မျက်လုံးများ ဖျတ်ခနဲ လက်သွားသည် ကို တွေ့လိုက်ရသည်။ ခဏမှ တကယ့် ခဏလေး။ သူက

"ဟင့်အင်း" ဟု ပြောသည်။ ကျွန်တော်က ပခုံးတစ်ချက် တွန့်ကာ

"ဒါဆိုလည်း ရပါတယ်။ ဘာပဲဖြစ်ဖြစ် ကံကောင်းပါစေဗျာ" ဟု ပြောလိုက်သည်။ ထိုအခါ ဂေါ့ဖ်ဦးထုပ်နှင့် လူက ချက်ချင်းပင်…

"ကျွန်တော် လုပ်ပါ့မယ် အစ်ကို။ မလုပ်နိုင်စရာ ဘာအကြောင်းမှ မရှိပါဘူး" ဟု ပြောသည်။

နော်တန်က တစ်ခုခု ပြောချင်ဟန်ဖြင့် ကျွန်တော့်ကို မျက်နှာလွှဲကာ ထိုသူ့ကို ခပ်စူးစူး ကြည့်လိုက်သည်။ ဦးထုပ်နှင့် လူက သူ့ကို အေးအေး ဆေးဆေး ပြန်ကြည့်သည်။ သူ့မျက်လုံးက အထာပေါက်သလိုမျိုး ဖျတ်ခနဲ လက်မသွား။ သည်ကိစ္စအတွက် ဦးထုပ်နှင့် လူက သူ့ဘာသာ ဆုံးဖြတ်ချက် ချလိုက်တာ ဖြစ်သည်။ သူ့ကို နော်တန် အပြစ်တင်လို့ မရ။ သူ၏ မျက်နှာ အရိပ်အကဲကို သိသွားသော နော်တန်က ဘာမှ မပြောတော့ချေ။ ကျွန်တော်က

"ကျေးဇူးတင်ပါတယ်" ဟု ပြောလိုက်သည်။

ကျွန်တော်က အထုပ်ကို အိတ်ဆောင်ခားဖြင့် ဖောက်ကာ ကြိုးခွေကို ထုတ်သည်။ ကျွန်တော်က ကြိုးစကို ထိုသူ၏ ခါးတွင် ခပ်လျော့လျော့ ချည်လိုက်သည်။ သူက ကြိုးကို ချက်ချင်း ဖြေကာ တင်းနေအောင် ပြန်ချည်၍ ထုံးလိုက်သည်။ ဆိုင်ထဲက ဘာအသံမှ ထွက်မလာကြ။ နော်တန် က စိတ်မသက်မသာဖြင့် ခြေဖဝါးကို ဟိုလှည့်သည်လှည့် လုပ်နေသည်။ ကျွန်တော်က ထိုသူ့အား

"ကျွန်တော့်ခား ယူသွားမလား" ဟု မေးလိုက်သည်။ သူက ခုနကလို ပင် ကျွန်တော့်ကို ပမာပခန့်ဖြင့် ခပ်အေးအေး ကြည့်ကာ...

"ကျွနတော့်မှာ တစ်ချောင်း ရှိပြီးသား။ ကြိုးကိုသာ လွှတ်ထားပေးပြီး ကြည့်နေပါ။ ချည်ပြီးတာနဲ့ ကြိုးကို ရမ်းခါပြလိုက်မယ်" ဟု ပြောသည်။ နော်တန်က အသံကျယ်ကြီးဖြင့်...

"အားလုံး အဆင်သင့်ပဲလား" ဟု မေးသည်။

ဝတုတ်ကောင်လေးက အောက်မှ တစ်ခုခုကို တက်နင်းမိသလို လန့်၍ ထခုန်သည်။ ဘယ်သူမှ ဘာမှ ပြန်မပြောသဖြင့် နော်တန်က သွားဖို့ ပြင်သည်။ ကျွန်တော်က သူ့ဆီ လက်တစ်ဖက် လှမ်းကာ

"ကံကောင်းပါစေ ဘရန့်" ဟု ပြောလိုက်သည်။

သူက ကျွန်တော့် လက်ကို မမြင်ဖူးသလို ကြည့်သည်။ နောက်ဆုံး၌

"အကူအညီ လွှတ်လိုက်မယ်" ဟု ပြောကာ ဆိုင်တံခါးကို တွန်းဖွင့်၍ ထွက်သွားသည်။

ထိုအခါ ခါးသက်သော အနံ့ ခပ်ပါးပါး လွင့်တက်လာပြန်သည်။ အခြားသူများက သူ့နောက်မှ လိုက်သွားကြသည်။ မိုက်ခ်ဟယ်လ်တန် က ကျွန်တော့်ဘေး လာရပ်သည်။ နော်တန်တို့ လူငါးယောက် အုပ်စုသ ည် ဖြည်းညင်းစွာ ရွေ့လျားနေသော နို့နှစ်ရောင် မြူခိုးထဲတွင် မတ်တတ် ရပ်လိုက်ကြသည်။ နော်တန် တစ်ခုခု ပြောလိုက်သည်။ သူ ပြောသည် ကို ကျွန်တော် ကြားရလျှင် အကောင်းသား။ မြူသည် ထူးဆန်းသည့် သ က်ရောက်မှု ရှိဟန် တူသည်။ ကျွန်တော် ဘာစကားသံမျှ မကြားရသော်လည်း သူနှင့် အခြား နှစ်ဦးသုံးဦး၏ လေသံများမှာ အဝေးတစ်နေရာမှ ကြားရသော ရေဒီယိုသံနှင့် တူသည်။ ထို့နောက် သူတို့ ဆက်လက် ထွ က်ခွာသွားကြသည်။

ဟယ်လ်တန်က တံခါးကို အနည်းငယ် ဟထားသည်။ ကျွန်တော်က ကြိုးခွေမှ ဆန့်ထွက်သလောက် ကြိုးစကို ထိန်း၍ လွှတ်ထားပေးသည်။ တစ်ခုခုကို

ချည်ထားပြီးလျှင် ကြိုးကို ရမ်းလိုက်မည်ဟု ကတိပေးခဲ့သည် မဟုတ်လား။ ဘာသံမှ မကြားရသေး။ ဘီလီက ကျွန်တော့်ဘေး လာရပ်ပြီး မလှုပ်မယှက် ကြည့်နေသည်။ ကြည့်ရင်းနှင့် သူ ပျင်းလာပုံရသည်။

မြူထဲတွင် ထိုလူငါးယောက်ကို မြင်နေရသောလည်း မသဲမကွဲသာ တွေ့ရတော့သဖြင့် စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်လာပြန်သည်။ သူတို့ ခဏလောက် ရပ်နေပုံ ရသည် ကို အဝတ်အစားများအား ကြည့်၍ ခန့်မှန်း ရသည်။ ထို့နောက် ပျောက်သွားကြတော့သည်။ ပုံမှန် မဟုတ်သော သိပ်သည်း ထူထပ်သည့် မြူထုက လူများကို စက္ကန့် အနည်းငယ် အတွင်း ဝါးမြို ပစ်လိုက်သည် ကို မြင်ရတာ တကယ်တော့ သိပ်သဘောကျစရာ မကောင်းချေ။

ကျွန်တော် ကြိုးကို လက်ထဲမှာ တင်လျက် သူ့အတိုင်း လွှတ်ပေးလိုက်သည်။ ကြိုးခွေသည် ပထမတော့ သုံးပုံ တစ်ပုံ၊ နောက်တော့ တစ်ဝက်လောက် ကုန်သွားသည်။ ထို့နောက် ခဏ ရပ်သွားသည်။ လက်ထဲမှ ကြိုးက အသက်ရှင်နေသော လူဆီမှ ထွက်လာကာ လူသေတစ်ကောင် ဆီမှာ အဆုံးသတ်သွားမည်လား။ ကျွန်တော် အသက်အောင့် ထားလိုက် မိသည်။ ထို့နောက် ကြိုးက ဆက်၍ ဆန့်ထွက် ပြန်သည်။ လက်ကြားမှ ဆန့်ထွက် နေသော ကြိုးကို ကြည့်၍ အဖေနှင့် အတူ ကြည့်ခဲ့ဖူးသော ရုပ်ရှင် တစ်ကားကို ရုတ်တရက် သွားသတိရမိသည်။ မင်းသားကြီး ဂရီဂိုရီပက်ခ်၏ မိုဘီဒစ် ရုပ်ရှင်။ ထိုအတွေးကြောင့် အနည်းငယ် ပြုံးလိုက်မိ သည် ထင်သည်။

ယခုအခါ ကြိုး၏ လေးပုံ သုံးပုံ ကုန်ချေပြီ။ ဘီလီခြေထောက်ဘေးမှာ ကျနေသော ကြိုးခွေ၏ အဆုံးကို မြင်ရသည်။ လက်ထဲမှ ကြိုးက ရပ်သွားပြန်သည်။ ငါးစက္ကန့်လောက် မလှုပ်မယှက် ငြိမ်နေသည်။ ထို့နောက် ငါးပေလောက် ဝေါခနဲ ဆန့်ထွက်သွားသည်။ ထို့နောက် ဘယ်ဘက်သို့ ရုတ်တရက် ပြင်းထန်စွာ ရမ်းထွက် သွားသဖြင့် ဆိုင်တံခါးနှင့် သွားငြိနေသည်။

ရုတ်တရက် ပေနှစ်ဆယ်လောက် လျှောထွက်သွားရာ ကျွန်တော့်လက်ဖဝါးမှာ ပူခနဲ ဖြစ်သွားသည်။ အပြင်ဘက်ရှိ မြူထဲမှ တုန်ယင် စူးရှ သော အော်ဟစ်သံ တစ်ခု ထွက်လာသည်။ ယောကျ်ားသံလား၊ မိန်းမသံ လား ခွဲခြားလို့ မရ။

လက်ထဲမှ ကြိုးသည် ကြာပွတ် တစ်ချောင်းလို ဟိုယိမ်းသည်ခါ ဖြစ်လာပြန်ကာ ဆိုင်တံခါး ဘယ်ညာသို့ ရမ်းခါနေသည်။ ပေအနည်းငယ် လောက် ဆန့်ထွက်သွားပြီးနောက် အပြင်ဘက် တစ်နေရာမှ ငိုကြွေးသံ လိုလို ရှည်လျားကျယ်လောင်သော အော်မြည်သံကြီး တစ်ခု ထွက်လာသည်။ ထိုအခါ ဘီလီဆီမှ ဟာခနဲ အာမေဋိတ်သံ ထွက်သွားသည်။ ဟယ်လ်တန်က အံ့အားသင့်စွာ

မတ်တတ်ရပ်နေဆဲ။ သူ့ မျက်လုံးများက ပြူးကျယ်နေကာ နှုတ်ခမ်းထောင့် တစ်နေရာက တဆတ်ဆတ် တုန်ယင်လျက် ရှိသည်။

အော်မြည်သံက တိခနဲ ပြတ်သွားသည်။ တစ်သက်လုံး ဘာသံမှ ထွက်လာမှာ မဟုတ်တော့သလိုမျိုး။ ထို့နောက် မိန်းမကြီး၏ အော်ဟစ်သံ ထွက်လာသည်။ သည်တစ်ခါတော့ ဘယ်သူဆိုတာ သိရလေပြီ။ သူမ အသံသည် လည်း...

"ငါ့ပေါ်က ဖယ်စမ်း...။ ဘုရားရေ...။ ဖယ်..." ဟု အော်နေလျက်က ပြတ်တောက်သွားပြန်သည်။

ကြိုးစ အကုန်နီးပါး ဆန့်ထွက်သွားသဖြင့် လျော့တိလျော့ရဲ ဆုပ်ထားသော ကျွန်တော့်လက်ဖဝါး သည် တစ်ခါတော့ ပိုမို ပူလောင်သွားသည်။ ထို့နောက် လုံးဝ လျော့ကျသွားပြီး မြုထဲမှ အသံ တစ်ခု ထွက်လာသည်။ သတ္တဝါ တစ်ကောင်၏ ကျယ်လောင် အက်ကွဲသော အော်မြည်သံ။ ထိုအသံကြောင့် ကျွန်တော် အာခေါင်တွေပင် ခြောက်ကပ် သွားလေသည်။

ထိုအသံသည် ကြားဖူးသမျှ မည်သည့် အသံနှင့် မျှမတူ။ အနီးစပ်ဆုံး ပြောရလျှင် အာဖရိက ကွင်းပြင်ထဲမှာ သို့မဟုတ် တောင်အမေရိက တိုက်ရှိ ရွှံ့အိုင်ထဲမှာ ရိုက်ထားသည့် ရုပ်ရှင်ကားထဲမှ အသံလိုလို။ ထိုအသံသည် သတ္တဝါကြီး တစ်ကောင်၏ အသံ ဖြစ်သည်။ ရိုင်းစိုင်းခက်ထန်သော ထိုအသံက ပြတ်တောင်း ပြတ်တောင်း ခပ်အုပ်အုပ် ထပ်ထွက်လာ ပြန်သည်။ သည်တစ်ခေါက်တွင် ဆိုင်ထဲမှ ဟင်ခနဲ ဟာခနဲ ရေရွတ်သံ များ တစ်သီ တစ်တန်းကြီး ထွက်လာသည်။ ထို့နောက် ထိုအသံကြီး လုံးဝ ပျောက်သွားသည်။ အမန်ဒါဒန်းဖရိုက်စ်က တုန်တုန်ယင်ယင်ဖြင့်...

"တံခါး ပိတ်လိုက်ပါတော့ရှင်" ဟု ဆိုသည်။ ကျွန်တော်က

"ခဏလေး..." ဟု ဆိုကာ ကြိုးကို ပြန်ဆွဲကြည့်သည်။

မြူထဲမှ ကြိုးစသည် ကျွန်တော် ဆွဲသလောက် ပြန်ပါလာသဖြင့် ခြေထောက် အောက်မှာ အခွေလိုက် မသေမသပ် ပုံကျသွားသည်။ ကြိုးဆုံးရန် သုံးပေလောက် အလိုတွင် အဖြူရောင် ကြိုးအသစ် ချပ်ချွတ်က ရဲရဲနီ လာသည်။ မစ္စက် ကာမိုဒီက

"သေမင်း......။ အပြင်ထွက်ရင် သေကြမှာပဲ။ အခုတော့ သိပြီ မဟုတ်လား" ဟု ထအော်သည်။

ကြိုးအဆုံးသည် ဝါးစား ခံထားရသလိုမျိုး အနားစများ ပြဲထွက်ကာ

ဖိုင်ဘာစနှင့် ချည်မျှင်များ ဖွာလန်ကျဲနေသည်။ ချည်မျှင်များမှာ သွေးစက်တို့ ဖြင့် စိုစွတ်ရွဲနစ်လျက်။ မစ္စက် ကာမိုဒီ၏ စကားကို မည်သူမျှ မဆန့်ကျင်မိကြ။ မိုက်ခ်ဲပဟယ်လ်တန်က တံခါးကို စေ့သွားအောင် ပိတ်လိုက်သည်။

အခန်း (၇)
ပထမည

မစ္စတာ မက္ကဖေးသည် ကျွန်တော် ဆယ့်နှစ်နှစ်၊ ဆယ့်သုံးနှစ်သား အရွယ်ကတည်းက ဘရင်တန်မြို့တွင် အသားလှီးဖြတ်သည့် အလုပ်ကို လုပ်ခဲ့သူ ဖြစ်သည်။ သူ၏ ရှေ့နာမည်ကို လည်းကောင်း၊ အသက် ဘယ် လောက်ရှိသည်ကို လည်းကောင်း ကျွန်တော် မသိချေ။ အိတ်ဇောပန်ကာလေး တစ်ခုအောက်တွင် ကျွန်တော် ဂတ်စ်ဖြင့် အသားကင်သည်။ ခြောက်နာရီခွဲပြီ။ ကြက်သားကင်နံ့က တစ်ဆိုင်လုံး သင်းပျံ့လာသည်။ ဘရောင်းက ဘာမှ လာမပြော။ သူ့ဆိုင်မှ အသားများ မကြာခင် ပုပ်သိုး တော့မည်ကို သိနေ၍လား မပြောတတ်။ ကြက်ကင်နံ့ မွှေးနေသော်လည်း စားချင်သည့် သူတော့ သိပ်များများ မရှိချေ။ အင်္ကျီဖြူကို သပ်ရပ်စွာ ဝတ်ထားသော မစ္စတာ မက္ကဖေးက ကြက်သားဟင်းကို စက္ကူပန်းကန်ပြားပေါ် နှစ်တုံးစီ ထည့်ကာ အသားကင်ရောင်းသော ကောင်တာပေါ်တွင် တန်းစီတင်ထားသည်။

မစ္စက် တာမန်းက ကျွန်တော်နှင့် ဘီလီအတွက် အာလူးသုပ်ပါ ထည့်၍ တစ်ပန်းကန်စီ ယူလာပေးသည်။ စားနိုင်သလောက်တော့ ကျွန်တော် စားထားလိုက်သော်လည်း ဘီလီကတော့ တိုတောင် မကြည့်ပေ။ ကျွန်တော် က "သား စားမှ ဖြစ်မယ်နော်" ဟု ပြောတော့ သူက ပန်းကန်ကို ဘေးသို့ တွန်းကာ "သား မဆာဘူး" ဟု ပြောသည်။

"မစားရင် အားရှိမှာ မဟုတ်ဘူး။ ထွားလာမှာ လည်း မဟုတ်ဘူး နော်"

မစ္စက် တာမန်းက ဘီလီနောက်တွင် ထိုင်ကာ ကျွန်တော့်ကို ခေါင်းခါပြသည်။ ကျွန်တော်က

"ဟုတ်ပြီလေ။ ဒါဆိုလည်း အနည်းဆုံး မက်မွန်သီး တစ်လုံးလောက်တော့ သွားယူစား။ ဟုတ်ပြီလား" ဟု ပြောလိုက်သည်။

"မစ္စတာ ဘရောင်းက ပြောမှာပေါ့"

"သူ တစ်ခုခု ပြောရင် ဖေဖေ့ဆီ ပြန်လာပြောလှည့်"

"ဟုတ်ကဲ့ ဖေဖေ"

သူက ဖြည်းညင်းစွာ ထထွက်သွားသည်။ သူ့ကြည့်ရတာ ယိုင်နဲ့နဲ့

ဖြစ်နေသလိုလို။ သူ လမ်းလျှောက်သွားပုံကို ကြည့်၍ ကျွန်တော် စိတ်ထိခိုက်ရသည်။ မစ္စတာ မက္ကဖေးက လူအစားနည်းသည် ကို ဘာမှမဖြစ်သလိုနှင့် ချက်စရာရှိတာကိုသာ ဆက်ချက်နေသည်။ သူ့ကြည့်ရတာ ဟင်းချက်နေရတာကိုပင် ပျော်နေသည့်နှယ်။ သည်လို အခြေအနေမျိုးတွင် ဖြေရှင်းစရာ နည်းလမ်းပေါင်းများစွာ ရှိစေဦးတော့၊ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ ဖြစ်လာလျှင် စိတ်ထဲရှိတာ လုပ်ဖို့သာ ရှိတော့သည်။ လူ့စိတ်က မျောက်လိုပင် အငြိမ်မနေတတ်ဘူး မဟုတ်လား။

မစ္စက် တာမန်းနှင့် ကျွန်တော် ထိုင်နေသည့် နေရာက ဆေးဝါး ပစ္စည်းတန်းမှာ ဖြစ်သည်။ လူများ သည် အုပ်စုငယ်လေးများ အဖြစ် တစ်ဆိုင်လုံး နေရာအနှံ့ ထိုင်နေကြသည်။ မစ္စက် ကာမိုဒီသာ တစ်ဦးတည်း ထိုင်နေသည်။ ဂျင်မ်နှင့် မိုင်ရွန်တို့ က ရေခဲသေတ္တာနားမှာ။

အိုလီ အပါအဝင် အစောင့်လူသစ် ခြောက်ဦးက အပေါက်နားမှာ စောင့်ကြည့်နေသည်။ အိုလီက ဘီယာ သောက်လိုက်၊ ကြက်ခြေထောက် ဝါးလိုက် လုပ်နေသည်။ စောင့်ကြည့်နေရာ တစ်ခုစီနားတွင် တံမြက်စည်း လက်ကိုင်နှင့် မီးတုတ် တစ်ချောင်းစီ မှီ၍ ထောင်ထားသည်။ မီးမွှေးသည့် အရည်တစ်ဘူးစီလည်း ရှိသည်။ သည် လို မီးတုတ်မျိုးကို အရင်က မြင်ဖူးကြမှာ မဟုတ်။ ကြောက်မက်ဖွယ်ရာ အော်မြည်သံ ခပ်အုပ်အုပ် ကိုလည်း အရင်က ကြားဖူးမှာ မဟုတ်။ သွေးတို့ဖြင့် ရွဲစိုနေသည့် ဖွာလန်ကျဲနေသော အဝတ်ကြိုးတန်းကိုလည်း အရင်က တွေ့ဖူးကြမှာ မဟုတ်ချေ။ အပြင်ဘက်ရှိ ဘာအကောင်ပဲဖြစ်ဖြစ် ဆိုင်ထဲဝင်လာဖို့ ဆုံးဖြတ်ထားပါက ကျွန်တော်တို့ဆီ ရောက်ကို ရောက်လာလိမ့်မည်။ တစ်ကောင်တည်းလား၊ အများကြီးလားတော့ မသိ။ မစ္စက် တာမန်းက

"ဒီညရော ဘယ်လောက်ထိ ဆိုးလာဦးမလဲ မသိဘူးနော်" ဟု မေးသည်။

သူမ၏ လေသံက တည်ငြိမ် အေးဆေး သော်လည်း မျက်လုံးများက တုန်လှုပ် ချောက်ခြား နေသည်။

"ကျွန်တော်လည်း မသိတော့ပါဘူးဗျာ"

"နင်က ဘီလီကို ငါ့ဆီ အပ်ထားတယ်။ ငါက...၊ ဒီမယ် ဒေးဗစ်။ ငါ လည်း သေခါနီးပြီကွယ့်"

သူမက ပြောအပြီး ခပ်ဟဟ ရယ်သည်။

"သိပါတယ်ဗျာ။ ဒါပေမဲ့ ဘီလီသာ ရှိရင် ကျွန်တော် စိတ်ချပါပြီ။ သူ့

အတွက် ကျွန်တော် ရှင်နေမှ ဖြစ်မယ်"

သူမ၏ မျက်ဝန်းများ တောက်ပ ရွှန်းလက်သွားသည်။ ကျွန်တော်က သူမဆီ ကုန်း၍ ပခုံးကို ပုတ်ပေးလိုက်သည်။ သူမက

"အလန့်ကို သိပ်စိတ်ပူတာပဲ။ သူသေပြီ ဒေးဗစ်ရဲ့။ ငါ့စိတ်ထဲမှာ သိနေတယ်။ သူ သေသွားပြီ" ဟု ပြောသည်။

"မဟုတ်တာ ဟက်တီရယ်။ ဘာအကြောင်းမှ ဖြင့် မသိရသေးဘဲနဲ့ ဒီလို မပြောပါနဲ့ "

"ငါ့စိတ်ထဲမှာတော့ ဒါဟာ အမှန်ပဲလို့ ခံစားရတယ်။ နင်ရော စတက်ဖီနဲ့ ပတ်သက်ပြီး ဘယ်လို ခံစားရလဲ။ အနည်းဆုံး သူ့အကြောင်း တစ်စိတ်တလေရော စိတ်ထဲမှာ ပေါ်...၊ ပေါ်လာရဲ့ လား"

"ဟင့်အင်း"

ကျွန်တော် လိမ်ပြောလိုက်သည်။ သူမ လည်ချောင်းထဲမှ တံတွေးတစ်ချက် မြိုချလိုက်သံ ထွက်လာသည်။ သူမက ပါးစပ်ကို လက်ဝါးနှင့် အုပ်လိုက်သည်။ သူမ၏ မျက်မှန်ဆီမှ လက်ခနဲ အလင်း ပြန်သွားသည်။ ကျွန်တော်က "ဘီလီ ပြန်လာပြီ" ဟု ရေရွတ်လိုက်သည်။

ဘီလီသည် မက်မွန်သီး တစ်လုံးကို စားနေသည်။ ဟက်တီတာမန်း က ဘီလီကို သူမဘေး လာထိုင်ရန် ကြမ်းပြင်ကို လက်နှင့် ပုတ်ပြသည်။ သူမက စားပြီးလျှင် မက်မွန်သီးနှင့် အရုပ် လုပ်ပြမည်ဟု ပြောသဖြင့် ဘီ လီက သူမကို ခပ်ယဲ့ယဲ့ ပြုံးပြသည်။ မစ္စက် တာမန်းက သူ့ကို ပြန်ပြုံးပြပါသည်။ ည ရှစ်နာရီလောက်တွင် အစောင့်သစ်များ ထပ်လဲသဖြင့် အိုလီက ကျွန်တော် ထိုင်နေသည့် နေရာသို့ ရောက်လာသည်။

"ဘီလီရော"

"ဟိုအနောက်မှာ မစ္စက် တာမန်းနဲ့ ထိုင်ပြီး အရုပ် လုပ်နေတယ်။ မစ္စတာ မက္ကဖေးကလည်း သူ့ကို ပိုက်ရှင်းသမား ရုပ်လေးတွေ လုပ်ပြတယ်လေ"

အိုလီက ဘီယာကို အကြာကြီး မော့သောက်ပြီးမှ

"ဟိုအကောင်တွေက အပြင်မှာ လျှောက်သွားနေကြတာဗျ" ဟု ပြောသည်။

ကျွန်တော် သူ့ကို စူးရှစွာ ကြည့်လိုက်တော့ သူက ခပ်တည်တည် ပြန်ကြည့်သည်။ သူက

"ငါ မမူးဘူး။ မူးပစ်လိုက်ချင်တယ်။ ဒါပေမဲ့ မမူးနိုင်ဘူး ဖြစ်နေတယ် ဒေးဗစ်ရာ" ဟု ပြောသည်။

"အပြင်မှာ ဟိုအကောင်တွေ လျှောက်သွား နေတယ်ဆိုတာ ဘာကို ပြောတာလဲ"

"သေချာတော့ မပြောတတ်ဘူး။ ငါ ဝေါ်လ်တာ့ကို မေးတော့ သူလည်း အဲဒီလို ခံစားရတယ်တဲ့။ မြူထဲက တချို့ အစိတ်အပိုင်းတွေက တစ်မိနစ်လောက် ပိုမှောင်သွားတယ်။ တချို့နေရာတွေမှာ တစ်ခါတလေ မည်းမည်း မည်းမည်း ဖြစ်နေရာက မီးခိုးရောင် ဖျော့သွားရော။ ဒီနားတစ်ဝိုက်မှာ လှည့်ပတ်သွားလာနေတာ။ အာနီဆင်းစ်က အပြင်မှာ တစ်ခုခု သွားနေသလို ခံစားရတယ်လို့ ပြောတယ်။ ဒီကောင်ဆို သိပ်မျက်စိမှဲ့တာ

"တခြားသူတွေကရော"

"ကျန်တဲ့ လူတွေက ငါနဲ့ သိပ် မရင်းနှီးလို့ မေးမကြည့်လိုက်ဘူး"

"ဒါဆို မင်း မြင်ရပါတယ်ဆိုတာ ဘယ်လိုလုပ် သေချာပါ့မလဲ"

"သေချာတာပေါ့"

သူက တန်းအဆုံးမှာ ထိုင်နေသော မစ္စက် ကာမိုဒီဆီ ခေါင်းတစ်ချက် ဆတ်ပြသည်။ သူမ ပန်းကန်ပြားထဲမှာ ကြက်ရိုးများ တောင်လို ပုံနေသည်။ သူမက အချိုရည်လိုလို သွေးလိုလို အရည် တစ်မျိုးကို သောက်နေသည်။ အိုလီက

"သူ ပြောတာ တစ်ခုတော့ မှန်တယ်ထင်တယ်။ ငါတို့ တွေ့လာမှာပေါ့။ မှောင်လာရင် သိမှာပေါ့" ဟု ပြောသည်။

သို့သော် မှောင်လာသည် အထိ စောင့်နေလို့မရ။ မစ္စက်တာမန်းက ဘီလီကို ကျောပိုးထားမှာ မို့ အကောင်တွေ ဘာတွေ ဝင်လာလျှင်လည်း သိပ်မြင်မိမှာမဟုတ်။ ထိုအချိန်တွင် အိုလီနှင့် ကျွန်တော် ထိုင်နေသည့် အပေါက် စောင့်နေရာမှ လူတစ်ယောက်က တုန်ယင်ကာ နေရာမှ နောက်သို့ ဆုတ်လာသည်။ ထိုအစောင့်က လက်နှစ်ဖက်ကို ဖွေ့ရမ်းနေသည်။

ရှစ်နာရီ ခွဲခါနီးပြီ။ ဆိုင်အပြင်ဘက်ရှိ ပုလဲနှစ်ရောင် မြူသည် နိုဝင်ဘာ ဆည်းဆာချိန်လို ထူပိန်းမှောင်မည်းလာသည်။ တစ်စုံတစ်ရာသည် အပေါက်နားရှိ ဆိုင်အပြင်ဘက် မှန်နံရံနား ရောက်လာသည် ခါတ်မြေသြဇာအိတ် ကတုတ်ကျင်းထဲမှ စောင့်ကြည့်နေသော အပေါက်စောင့်က

"ဘုရားရေ...။ ထုတ်ပေးကြပါ။ ငါ့ကို ဒီထဲက ထုတ်ပေးပါ" ဟု အော်သည်။

သူက ဟိုလှည့် သည်လှည့်ဖြင့် ဘေးပတ်လည်ရှိ အိတ်များကို ကုတ်ခြစ်ဆွဲဖြဲသည်။ သူ့ပါးစပ် ထောင့်တစ်နေရာရှိ သွားရည်စီးကြောင်းရာက အမှောင်ထဲမှာ လက်သွားသည်။ ထို့နောက် သူသည် ကတုတ် ကျင်းထဲမှ ထထွက်ကာ အအေးခံ အစားအသောက်တန်းကို ဖြတ်ပြေး လေတော့သည်။

အော်သံများ ထွက်လာသည်။ လူတချို့က ဘာဖြစ်တာလဲဟု ပြေးလာကြည့်ကြသည်။ အများစုက မမြင်လိုဟန်ဖြင့် နောက်သို့ ပိုဆုတ် သွားသည်။ ကျွန်တော်က အပေါက်ကို ကြည့်ရန် သွားသည်။ အိုလီက ဘေးမှ လိုက်လာသည်။ သူ့လက်က မစ္စက် ဒန်းဖရိုက်စ်၏ သေနတ် ထည့်ထားသော အိတ်ကပ်ပေါ်မှာ။ ထိုစဉ် အခြား အစောင့်များ ဆီမှ သိပ်ကြောက်ပုံ မရသော်လည်း ရွံရှာသည့် အော်သံများ ထွက်လာသည်။

အိုလီနှင့် ကျွန်တော်က ငွေရှင်းကောင်တာ တစ်ခုအောက်မှ ငုံ့ဝင်လိုက်သည်။ အစောင့်နေရာမှ လူ လန့်သွားသည့် အရာကို ကျွန်တော် မြင်လိုက်ရချေပြီ။ ထိုအရာသည် ဘာဟု မပြောတတ်သော်လည်း မြင်နေရ သည်။ ၎င်းမှာ ပန်းချီဆရာကြီး ဟီရာရွန်နီးမတ်စ်ဘော့စ်၏ ပန်းချီကား တစ်ချပ်ထဲမှ သတ္တဝါ တစ်ကောင်နှင့် နည်းနည်း ဆင်သည်။ သူငယ်ချင်းကို လှန့်ဖို့ ဝယ်လာတတ်သည့် တစ်ဒေါ်လာတန် ဆန်းဆန်းပြားပြား ကြောက်စရာ ပလတ်စတစ်ရုပ် နှင့် လည်း တူသည်။ အတိအကျ ဆိုရလျှင် နော်တန် စွပ်စွဲသော ကျွန်တော် သက်သေ မပြနိုင်သည့် စတိုခန်းထဲမှ အရာမျိုးပဲ ဖြစ်သည်။ အဆစ်ပိုင်းများ ပါဝင်သော ထိုအရာသည် နှစ်ပေလောက် ရှည်လျားကာ အသားက ပန်းရောင်သန်းနေသည်။ ရိုးတံတိုများ ၏ အဆုံးရှိ တစ်ဖက် တစ်ချက်စီမှ ဖောင်းကားနေသော မျက်လုံးများက အငမ်းမရ လိုက်ကြည့်နေကြသည်။ ၎င်းသည် မှန်နံရံ ပြတင်းကို တွယ်ကပ်နေသည်။ ခန္ဓာကိုယ် အဆုံးသတ်နားတွင်တော့ ညှောင့်လိုလို၊ မျိုးပွား အင်္ဂါလို လို စူးချွန်ကြီး တစ်ခု ရှိသည်။ ကျောပေါ်တွင် ၎င်း၏ ခန္ဓာကိုယ်ထက် ကြီးမားသော ယင်ကောင်လို အမြေးပါးနှင့် တောင်ပံ တစ်စုံ ရှိသည်။ မှန်နားကို အိုလီနှင့် ကျွန်တော် ကပ်လာစဉ် ထိုသတ္တဝါက ဖြည်းညင်းစွာ သွားနေသည်။

ကျွန်တော်တို့ ဘယ်ဘက်ခြမ်းမှ အပေါက်စောင့်က အားခနဲ ထအော်သဖြင့် လှည့်ကြည့်လိုက်ရာ မှန်သားပြင်ပေါ် တွယ်ကပ်တွားသွားနေသော ထိုသတ္တဝါ သုံးကောင်ကို မြင်လိုက်ရသည်။ သူတို့ သွားပုံက ပက် ကျိလို တရွေ့ရွေ့ဖြစ်ကာ စေးကပ်ချွဲကျိသော လမ်းကြောင်းရာများ ကျန်နေရစ်သည်။ အကယ်၍ လက်ချောင်းအရွယ် ရိုးတံအဆုံးရှိ မျက်လုံးများ (ထိုအရာများသာ မျက်လုံးများ ဖြစ်ခဲ့လျှင်) က တရွေ့ရွေ့န ငဲ့ လိုက်ကြည့်နေကြသည်။ အကြီးဆုံးက ၎င်း၏ ခြေလေးချောင်း ဖြစ်သည်။ ထိုအကောင်များက တစ်ကောင်ပေါ် တစ်ကောင် တွားတက်ကြသည်။ တွမ်စမေလေးဆိုသူက အဖျားတက်နေသော လေသံဖြင့်

"ဒီအကောင်တွေကို ကြည့်ကြ စမ်းပါဦးဗျာ" ဟု ပြောသည်။

သူက ကျွန်တော်တို့ ၏ ညာဘက်ခြမ်း အပေါက်မှ ဖြစ်သည်။ ကျွန်တော်ဘာမှ ပြန်မပြောမိ။ ယခုအခါ စောင့်ကြည့်သည့် အပေါက်တိုင်း လိုလိုမှာ ထိုအကောင်များ နှင့် ပြည့်နေသည်။ သဘောက အသားတုံး ပေါ် လောက်တဖွားဖွား တက်နေသလိုမျိုး ဤအဆောက်အဦးကြီး တစ်ခုလုံးပေါ် သည်အကောင်များ တွားသွားတက်နေကြပြီဟူသည့် အဓိပ္ပါယ်ပင်။ စိတ်ကူးထဲမှာ ထိုသို့ မြင်ယောင်ကြည့်လိုက်မိသဖြင့် စားထားမိ သော ကြက်သားများ ပြန်အန်ထွက်ချင်လာသည်။

လူတစ်ယောက်က ငိုနေသည်။ မစ္စက် ကာမိုဒီက ကမ္ဘာနှင့်ချီသော စက်ဆုပ်ဖွယ်ရာ နိမိတ်ဆိုးများကို အော်ဟစ်နေသည်။ အားပါးတရ ပြောလို့ မောသွားရင် သူမ ပါးစပ်ပိတ်သွားလိမ့်မည်ဟု တစ်ယောက်က ခပ်ပြတ်ပြတ် ပြောသည်။ အိုလီက မစ္စက် ဒန်းဖရိုက်စ်၏ သေနတ်ကို ထုတ်လိုက်သဖြင့် ကျွန်တော်က သူ့လက်ကို ဆွဲထားရသည်။

"မရှူးစမ်းပါနဲ့"

သူက လက်ကို ရုန်းထွက်ကာ

"ကျွန်တော် ဘာလုပ်နေတယ်ဆိုတာ ကိုယ့်ဘာသာ သိတယ်" ဟု ပြောသည်။

သူက မနှစ်မြို့သော မျက်နှာကို မဖုံးနိုင် မဖိနိုင်စွာ သေနတ်ပြောင်းဝ ကို မှန်နံရံပေါ် တေ့ထားလိုက်သည်။ အကောင်များ၏ တောင်ပံခတ်နှုန်းမှာ မြန်ဆန်လှသောကြောင့် ဝိုးတိုးဝါးတားသာ မြင်ရသည်။ ထို့နောက် ၎င်းတို့ က အဝေးသို့ ပျံထွက်သွားကြသည်။

တခြားသူများက အိုလီလုပ်ပုံကို တွေ့ကာ အကြံရသွားပြီး တံမြက်စည်း လက်ကိုင်များကို မှန်နံရံ၌ တေ့လိုက်ကြသည်။ ထိုအခါ အကောင်များ ပျံထွက်သွားသော်လည်း ပြန်ရောက်လာကြပြန်သည်။ ၎င်းတို့ ၏ အသိဉာဏ်က ယင်ကောင်များ နှင့် သိပ်မကွာဟု ထင်ရသည်။ ကြောက်ချင်ချင် ဖြစ်နေသော စကားသံများ ညံလာသည်။ ထိုအကောင်များ လူပေါ် တက်လာလျှင် ဘယ်လိုလုပ်မလဲဟု မေးသံ ကြားရသည်။ ထိုမေးခွန်းအတွက် အဖြေကို ကျွန်တော် သိနေသဖြင့် စိတ်မဝင်စားမိပေ။

မှန်နံရံကို တံမြက်စည်း လက်ကိုင်နှင့် ထောက်ကြသံများ ငြိမ်သွားသည်။ အိုလီက ကျွန်တော့်ဘက် လှည့်ကာ တစ်ခုခု ပြောရန် ပြင်လိုက်စဉ်မှာပင် မြူထဲမှ

တစ်စုံတစ်ရာက မှန်ပေါ် တွားသွားနေသော အကောင် တစ်ကောင်ကို ဆတ်ခနဲ ဆွဲယူသွားသည်။ ကျွန်တော် အော်လိုက်မိသလား မသေချာ။

ဖမ်းမိသွားသော အရာက အတောင်ပံနှင့် အကောင် တစ်ကောင် ဖြစ်သည်။ ထို့ထက် ပို၍ သေချာအောင် မပြောတတ်။ မြူသည် အိုလီ ပြောသလို ပို၍ မည်းမှောင်လာပြီး ဖျော့မသွားတော့။ အကြောင်းမှာ မြူထဲ သို့ တစ်စုံတစ်ရာ ရောက်လာသောကြောင့် ဖြစ်သည်။ ၎င်းသည် ဖြူဆုတ်ဆုတ် ကိုယ်ထည်၊ နီရဲသော မျက်လုံးများ နှင့် အတောင်ပံကြီးများကို တဖျတ်ဖျတ် ခတ်နေသည်။ ၎င်းသည် မှန်နံရံကို ဝင်တိုက်လိုက်ရာ အဆောက်အဦး တစ်ခုလုံး သိမ့်ခနဲ တုန်သွားသည်။ ၎င်းက နှုတ်သီးကြီး ကို ဟကာ ခုနက အကောင်ကို ထိုးသုတ်သွားသည်။ အဖြစ်အပျက် တစ်ခုလုံးမှာ ငါးစက္ကန့်ထက် ပိုမကြာလိုက်။ စင်ရော်က ငါးကို ထိုးသုတ်သွားသည့်နှယ် ထိုအကောင်သည် နှုတ်သီးဖျား၌ အတောင်ပံ တဖျတ်ဖျတ် ခတ်ရင်း တွန့်လိမ်ပါသွားသည်။

ထိုစဉ် သိမ့်ခနဲ တစ်ချက် ထပ်လှုပ်လာပြန်သည်။ လူများက ကြောက်လန့်တကြား ထအော်ကြရင်း ဆိုင်နောက်ဘက်ဆီ စုပြုံတိုးဝှေ့ပြေးသွားကြသည်။ နာကျင်စွာ အော်ဟစ်လိုက်သည့် စူးရှသော အသံ တစ်ခု ထွက်လာသောအခါ အိုလီက

"ဘုရားရေ ဟိုအဘွားကြီး လဲသွားပြီ။ လူတွေ သူ့အပေါ် တက်နင်း သွားကြတာပဲ" ဟု ပြောသည်။

သူက ငွေရှင်း ကောင်တာဆီ ပြန်ပြေးသည်။ ကျွန်တော်က သူ့အနောက် လိုက်ရန် ပြင်လိုက်စဉ် မြင်လိုက်ရသော အရာကြောင့် နေရာမှာပင် မတ်တတ်ရပ်ကာ ကြက်သေသေသွားသည်။

ကျွန်တော့်ညာဘက်ရှိ အပင်အားဆေးအိတ်သည် ဖြည်းညင်းစွာ လျှောကျသွားသည်။ အောက်တွင် အပေါက်မှ တဆင့် မြူထဲသို့ ချောင်းကြည့်နေသော တွမ်စမောလေး ရှိသည်။ ပန်းရောင်ပိုးကောင်များက အိုလီနှင့် ကျွန်တော် ရပ်ကြည့်ခဲ့သော မှန်ပြားပေါ် ဆင်းလာကြသည်။ တစ်ကောင်က အောက်သို့ လျင်မြန်စွာ ထိုးဆင်းလာသည်။ တက်နင်းခံရသော အဘွားကြီးက စူးရှအက်ကွဲစွာ ထအော်သည်။ အပင်အားဆေးအိတ် ကလည်း လျှောကျလာချေပြီ။ ကျွန်တော်က

"စမောလေး။ သတိထား။ ခေါင်းပေါ်မှာ" ဟု အော်လိုက်သည်။

ရှုပ်ထွေးနေသော အခြေအနေကြောင့် သူက လုံးဝ မကြားချေ။ အိတ်သည် သူ့ခေါင်းပေါ် တည့်တည့်ကျသွားလေရာ မေးရိုးနှင့် မှန်နံရံ ရိုက်မိသွားပြီး

မှန်ကွဲသွားကာ အပေါက်ကြီး ဖြစ်သွားသည်။ ပျံသန်းနေသော အကောင်တစ်ကောင်က မှန်နံရံမှ အပေါက်ကို ဖြတ်၍ ပျံသန်းဝင်ရောက်လာသည်။ ထိုအကောင်ဆီမှ ထွက်လာသော တဝီဝီ မြည်သံ ခပ်သဲ့သဲ့ကို ကျွန်တော် ကြားရသည်။ တချို့လူများ ၏ အော်သံ ရပ်တန့်သွားသည်။ ပိုးကောင်၏ ဘေးတစ်ဖက်စောင်းကာ ချွန်ထွက်နေသော ဦးခေါင်း၌ နီရဲသော မျက်လုံးများက တလက်လက် တောက်နေကြသည်။ နှုတ်သီး ကောက်ကောက်ကြီးက ဟစိဟစိ ဖြစ်နေသည်။ ၎င်းမှာ ဒိုင်နိုဆောအကြောင်း စာအုပ်များ၌ တွေ့ရတတ်သည့် နှုတ်သီးချွန် အသားစားငှက်မျိုးနှင့် တူသည်။ သို့သော် သည် အကောင်က ပို၍ ကြောက်မက်ဖွယ်ရာ ကောင်းသည်။

ကျွန်တော်က မီးတုတ်တစ်ချောင်းကို ဆွဲယူကာ မီးမွှေးသည့် အရည်ဘူးထဲ ထိပ်ဖျားကို စိုက်ချလိုက်သည်။ ထိုအခါ ဘူးမှောက်သွားပြီးလောင်စာရည်များ ကြမ်းပြင်ပေါ် အိုင်ထွန်းသွားလေသည်။ အပင်အား ဆေးအိတ်ပေါ်တွင် ခြေသည်းများဖြင့် ကုပ်၍ နားလိုက်သော ပိုးကောင်က ခေါင်းကို ဖြည်းညင်းစွာ ဟိုသည် လှည့်၍ စိမ်းစိမ်းဝါးဝါး လိုက်ကြည့်သည်။ ထိုသတ္တဝါသည် အသိဉာဏ် မရှိသော အကောင်မျိုး ဖြစ်မှန်း သေချာသွားသည်။

၎င်းသည် ဒုတိယအကြိမ် အတောင်ပံကို ဖြန့်ကားရန် ကြိုးစားသော်လည်း မှန်နံရံနှင့် ၎င်း၏ အတောင်ပံတို့ တိုက်နေသဖြင့် ပြန်သိမ်းလိုက်သည်။ တတိယအကြိမ် အတောင်ပံကို ဖြန့်ကားရန် ကြိုးစားသောအခါ ဟန်ချက်ပျက်၍ အိတ်ပေါ်မှ ပြုတ်ကျသွားသည်။ ၎င်းက အောက်ဘက် ရှိ တွမ်စမောလေး၏ ကျောပေါ်တွင် နားလိုက်သည်။ ခြေသည်းများ ပါသော ခြေထောက်ဖြင့် ကုပ်လိုက်သောကြောင့် တွမ့်ရှပ်အင်္ကျီ ဆုတ်ပြဲသွားကာ သွေးတို့ စီးကျလာသည်။ ၎င်းမှာ ကျွန်တော် ရှိသည့် နေရာနှင့် သုံးပေလောက်ပင် မကွာတော့ ချေ။ ကျွန်တော့်မီးတုတ်မှ လောင်စာရည်များက တစက်စက် ကျနေသည်။ ဒီအတိုင်း လက်ချည်းသက်သက်နှင့် သာ သတ်လို့ရလျှင် ထသတ် လိုက်ချင်သည်။ ထိုစဉ် မီးညှိဖို့ မီးခြစ်ဆံ မရှိမှန်း ယခုမှ ကျွန်တော် သ တိရသွားသည်။ နောက်ဆုံး ကျန်သော မီးခြစ်ဆံကို လွန်ခဲ့သော တစ်နာရီလောက်က မစ္စတာ မက္ကဖေးက ဆေးလိပ်မီးတို့ ချင်သည် ဟု ဆိုသဖြင့် ပေးလိုက်မိသည်။

ယခုအခါ တစ်ဆိုင်လုံး ပွက်လောရိုက်နေသည်။ လူများသည် စမောလေး၏ ကျောပေါ်တွင် နားနေသော အကောင်ကို တွေ့သွားကြလေပြီ။ ထိုအရာကို ယခင်က တစ်ခါမှ မမြင်ဖူးခဲ့ကြ။ ၎င်း၏ ခေါင်းက စူးစမ်းသလိုမျိုး ရှေ့ကို ဆတ်ခနဲ တိုးကာ စမောလေး၏ ကျောပြင်မှ အသားကို ထိုးဆိတ်လိုက်သည်။ ဇစ်ပိုမီးခြစ်ကိုင်ထားသော မီးလားက ကျွန်တော့်လက်ထဲမှ မီးတုတ်ကို မီးညှိပေးလိုက်ရာ ရုတ်တရက် မီးထတောက်သွားသည်။ သူ့မျက်နှာက

ကြောက်လန့်မှုနှင့် ဒေါသတို့ ပေါင်းကာ ရက်စက် ကြမ်းတမ်းလာပြီး

"သတ်ပစ်လိုက်။ အဲဒီအကောင်ကို သတ်လို့ ရရင် သတ်ပစ်" ဟု အော်ထည့်လိုက်သည်။

သူ့ဘေးတွင် မစ္စက် ဒန်းဖရိုက်စ်၏ ပွိုင့် ၃၈ သေနတ် ကိုင်ထားသော အိုလီ ရှိသော်လည်း ပစ်ကွင်းက မရှင်းလင်းချေ။ အကောင်ကြီးက အတောင်ပံကို ထပ်၍ ဖြန့်ကားလိုက်သည်။ ၎င်းမှာ ပျံသန်းရန် မဟုတ်ဘဲ သူ့အစာကို လာမထိဖို့ အချက်ပြဟန် တူသည်။ ပြန့်ကားဆန့်ထွက်သွားသော အမြေးပါးနှင့် အတောင်ပံကြီးများမှာ သနားစရာ စမောလေး၏ ခန္ဓာကိုယ်ပေါ် အုပ်မိုးလွှမ်းခြုံသွားသည်။ ထို့နောက် အသားကို ကုတ်ခြစ် ဆုတ်ဖြဲလိုက်သံများ ထွက်လာသည်။ မည်သို့သော အသံမျိုးမှန်း ကျွန် တော် အသေးစိတ် မဖော်ပြနိုင်။

ထိုခဏတွင် ကျွန်တော်က ယင်းသတ္တဝါကို မီးတုတ်ဖြင့် ရိုက်ချလိုက်ရာ ပိုင်ပိုင်ကြီး ထိသွားသလို ခံစားလိုက်ရသည်။ ထို့နောက် ထိုအကောင်၏ တစ်ကိုယ်လုံး မီးစွဲလောင်သွားသည်။ ၎င်းသည် အတောင်ပံများ ဖြ န့်ကားလျက် တကီးကီး အော်မြည်နေသည်။ ၎င်းက ခေါင်းမော့လိုက်ရာ မျက်ဖြူလန်နေသည်ကို တွေ့ရသဖြင့် ပြင်းထန်စွာ နာကျင်နေလိမ့်မည် ဟု ထင်မိသည်။ ၎င်းသည် အိပ်ရာခင်းစကို ခါနေသလိုမျိုး အတောင်ပံ တဖျတ်ဖျတ်ခတ်ကာ ပျံသန်းဖို့ ကြိုးစားရင်း စူးရှစွာ အော်ဟစ်လိုက်ပြန်သည်။

မီးတောက်က ၎င်း၏ ခေါင်းဆီ ရောက်လာသည်။ ငှက်နှင့် တူသောထိုသတ္တဝါသည် ဟိုကွေ့သည်ကောက် ဖြင့် ဆိုင်ထဲမှာ သွေးရူးသွေးတမ်း လျှောက်ပြေးသည်။ ၎င်း၏ ကိုယ်ထည်မှ မီးခိုးနှင့် လောင်ကျွမ်းနေသော အသားစများ ကျကျန်ခဲ့သည်။ နောက်ဆုံးတွင် စပါဂတ်ဆီအချဉ်ရည်ပုလင်းများ နှင့် တိုက်မိကာ လဲကျသွားသည်။ အချဉ်ရည်ပုလင်းများ ကွဲကုန်သဖြင့် နီရဲသော အရည်များက သွေးကွက်များ လို အိုင်ထွန်းသွားသည်။ ၎င်းဆီမှ ထွက်လာသော ညှော်နံ့က စူးရှ၍ အော်ဂလီဆန်လှရာ မြူထဲမှ ခပ်ပါးပါး ထွက်လာ တတ်သည့် ခါးသက်သော ညှော်နံ့လိုပင်။

ထိုခဏတွင် အားလုံး ငြိမ်ကျသွားသည်။ မီးကျွမ်း၍ မည်းနက်တူးခြစ်သွားသော ထိုသတ္တဝါကို ဝိုင်းကြည့်ကြသည်။ ဝေဒနာ ခံစားနေရသော လူတစ်ယောက်၏ အီးခနဲ အော်ညည်းသံ ထွက်လာတော့ လူများ က အထိတ်တလန့် ထအော်ကြသည်။ ဆိုင်နောက်ဘက်နား တစ်နေရာမှ ကျွန်တော့်သား၏ ငိုသံကို ကျွန်တော် ကြားလိုက်ရသည်။ လူတစ်ယောက်က ကျွန်တော့်လက်ကို လာဆွဲသဖြင့် ကြည့်လိုက်တော့ ဘဒ်ဘရောင်း ဖြစ်နေသည်။ သူ့မျက်လုံးများက ပေါက်ထွက်မတတ် ပြူးကျယ် ဖောင်းကားနေသည်။ သူက

ရယ်မလို ငိုမလို သွားအဖြဲသားနှင့် "ဟိုမှာ တစ်ကောင်" ဟု ပြောကာ လက်ညှိုးထိုးပြသည်။

သတ္တဝါ တစ်ကောင်သည် ခုနက အပေါက်မှ တဆင့် အထဲ ဝင်လာပြီး တောင်ပံ တဝီဝီ ခတ်ကာ အပင်အားဆေးအိတ်ပေါ် နားနေသည်။ ၎င်း၏ တောင်ပံခတ်သံက အပေါစား လေပန်ကာ လည်ရာမှထွက် လာသည့် အသံလိုမျိုး။ ရိုးတံများမှ မျက်လုံးများက ဖောင်းထွက်လျက်။ ပန်းရောင်ကိုယ်ထည်က အသက်ရှူနေသလိုမျိုး ပိန်လိုက် ဖောင်းလိုက် ဖြစ်နေသည်။

ကျွန်တော်က ရှေ့တိုးထွက်လိုက်ရာ လက်ထဲရှိ မီးတုတ်က ငြိမ်းတော့မလို ဖြစ်သွားသည်။ အသက် ငါးဆယ်ကျော် ခြောက်ဆယ်လောက် ရှိမည့် သုံးတန်းမှ ကျောင်းဆရာမ မစ္စက် ရပ်ပလာက ကိုယ်လုံးနှင့် တိုက်ထည့်လိုက်သဖြင့် ထိုနေရာသို့ ကျွန်တော် ရောက်သွားသည်။ တောင့်တင်းမာကျောသော ကိုယ်ခန္ဓာအသွင်ကြောင့် သူမကို မြင်တိုင်း အမဲသားခြောက်ကိုသာ ပြေးမြင်မိသည်။ လက်နှစ်ဖက်တွင် အင်းဆက် ပိုးမွှားများအပေါ် ဖျန်း၍သတ်သည့် စပရေးတစ်ဘူးစီ ကိုင်ထားသော သူမအသွင်က ဟာသပေါကားထဲမှ ခပ်ကြောင်ကြောင် သေနတ်သမားနှင့် တူနေသည်။ သူမက ကျောက်ခေတ်လူသားများ ရန်သူ့ခေါင်းကို ခွဲတော့မည်ပုံဖြင့် ဒေါသတကြီး အားနှင့် မာန်နှင့် အော်သည်။ သူမက ဆေးဘူးခလုတ်ကို အားကုန်ဖိလိုက်ရာ ပန်းရောင်သတ္တဝါပေါ်သို့ ပိုးသတ်ဆေး စပရေးရည်များ ဝေါခနဲ ပန်းထွက်သွားသည်။ ထိုသတ္တဝါမှာ အလွန်အမင်း နာကျင်သွားသည့် အသံ ထွက်လာပြီး အသားကုန် တွန့်လိမ်လှည့်ပတ်ကာ နောက်ဆုံးတွင် အိတ်ပေါ်မှ ပြုတ်ကျလာသည်။ ထိုအခါ သေသွားပြီမှန်း သံသယဖြစ်စရာ မလိုတော့သည့် စမောလေး၏ ကျောပေါ်မှ တဆင့် ကြမ်းပြင်ပေါ် ပြုတ်ကျသွားသည်။ ၎င်းမှာ အတောင်ပံ ခတ်နေသော်လည်း ပိုးသတ်ဆေးများ ဖုံးနေသဖြင့် မပျံနိုင်တော့ချေ။ ခဏကြာတော့ အတောင်ခတ်နှုန်း လျော့လာကာ ရပ်တန့်သွားသည်။ ပိုးကောင် သေသွားလေပြီ။

လူအများ အော်ငိုသံ၊ ညည်းတွားသံများ အခုမှ ပြန်ထွက်လာသည်။ တက်နင်းခံလိုက်ရသော အဘွားကြီးက တဟင်းဟင်း ညည်းနေသည်။ မစ္စက် ရပ်ပလာက သူမ သတ်လိုက်နိုင်သော အကောင်ပေါ် မတ်တတ်ရပ်ကာ တဟားဟား အော်ရယ်သည်။ သူမ၏ ပြားချပ်သော ရင်ဘတ်က နိမ့်ချည် မြင့်ချည်။

ဟယ်လ်တန်နှင့် မီးလားက ပစ္စည်းစစ်သော ကောင်လေးများ ကုန်ပစ္စည်း တင်ရာတွင် သုံးသည့် ဘီးတပ်လှည်း တစ်ခုကို တွေ့လာသည်။ ထိုလှည်းကို အပင်အားဆေးအိတ်များ ပေါ်ပင့်တင်ကာ သုံးမြှောင့်ပုံမှန် ပေါက်ကို တက်ပိတ်ကြသည်။ သို့နှင့် ယာယီအားဖြင့်တော့ အဆင်ပြေသွားသည်။

အမန်ဒါဒန်းဖရိုက်စ်က အိပ်ပျော်နေရင်း လမ်းထလျှောက်နေသူလို တရွေ့ရွေ့ ရှေ့တိုးလာသည်။ လက်တစ်ဖက်မှာ ပလတ်စတစ် ရေပုံး တစ်လုံး ဆွဲထားပြီး အခြားလက်မှာတော့ အကြမ်းလှည်း တံမြက်စည်း တစ်ချောင်းနှင့်။ သူမက ထိုသတ္တဝါကို ခံစားချက်မဲ့သော ပြူးကျယ်နေဆဲ မျက်လုံးများ နှင့် ကုန်းကြည့်သည်။ ပြီးနောက် ပိုးဟပ်ပဲဖြစ်ဖြစ်၊ ပက်ကျိပဲဖြစ်ဖြစ်၊ ဘာကောင်ပဲဖြစ်ပါစေ၊ ရှင်းလင်းရမည့်ဟန်ဖြင့် ရေပုံး ထဲ လှည်းထည့်လိုက်သည်။ ကြမ်းပြင်ပေါ် တံမြက်စည်း အကြမ်းနှင့် လှည်းကျင်းသံ တဖြောင်းဖြောင်း ထွက်လာသည်။ သူမက ဆိုင်တံခါး နားသို့ လျှောက်သွားသည်။ ထိုနေရာမှာ ဘာပိုးကောင်မှ ရှိမနေချေ။ သူမက ဆိုင်တံခါးကို အနည်းငယ် ဟကာ ရေပုံးကို အပြင်ထုတ်၍ လွှင့်ပစ် လိုက်သည်။ အကောင်သည် ရေပုံးထဲမှ ထွက်ကျကာ လိမ့်သွားသည်။ ထိုအခါ ညအမှောင်ထဲမှ ပန်းရောင် သတ္တဝါ တစ်ကောင် တဝီဝီ ပျံ လာပြီး မြေပေါ် ကျနေသည့် ရေပုံးပေါ် တွယ်တက်သည်။ အမန်ဒါ့မျက် လုံးမှ မျက်ရည်များ စီးကျလာသဖြင့် ကျွန်တော်က သူမပခုံးပေါ် လက်တစ်ဖက် တင်၍ နှစ်သိမ့်လိုက်သည်။

ကျွန်တော်က အသားကောင်တာ၏ နံရံကြွေပြားပေါ် ကျောမှီကာ မနက် တစ်နာရီခွဲအထိ ထိုင်ရင်း အိပ်ငိုက်နေမိသည်။ ဘီလီက သူ့ခေါင်းကို ကျွန်တော့်ပေါင်ပေါ် အုံးကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်။ အနီးနားတွင် အမန်ဒါဒန်းဖရိုက်စ်က တစ်စုံတစ်ယောက်၏ ဂျာကင်ကို ခေါင်းအုံးလုပ်ကာ အိပ်နေသည်။

ငှက်လို သတ္တဝါ မီးလောင်သေပြီး သိပ်မကြာခင် အိုလီနှင့် ကျွန်တော်က စတိုခန်းထဲ ပြန်ဝင်ကာ ဘီလီကို ခြုံပေးသည့် စောင်လို အခင်းမျိုး ခြောက်ခုလောက် သွားစုလာခဲ့သည်။ လူအတော်များများသည် အခင်းများ ပေါ် အိပ်ကြသည်။ လိမ္မော်သီးနှင့် သစ်တော်သီးဖာ အတော်များများကိုလည်း သယ်လာကာ အပင်အားဆေးအိတ်များ ပေါ်တက်၍ မှန်ပေါက်ရှေ့၌ ကာထားလိုက်သည်။ ထိုဖာများက တစ်ခုစီကို ပေါင်ကိုးဆယ်လောက် ရှိသဖြင့် အတော် လေးလံသည်။ ငှက်လို ထိုသတ္တဝါများ တွန်းချလျှင်တောင် မနည်း အားထုတ်မှ ရမည်။

သို့သော် အပြင်ဘက်၌ ငှက်လိုလို၊ ပိုးကောင်လိုလို သတ္တဝါများ သာ ရှိနေကြသည် မဟုတ်ချေ။ နော့မ်ကို ဆွဲယူသွားသော လက်တံများ နှင့် သတ္တဝါလည်း ရှိသေးသည်။ အနားစများ ဖွာလန်ကျဲသွားသည့် ကြိုးခွေ ကိုလည်း ထည့်တွက်ရမည်။ ခပ်အုပ်အုပ် အော်မြည် ဟိန်းဟောက်ခဲ့ သော မမြင်ရသည့် သတ္တဝါလည်း ရှိသည်။ အဝေးမှ ကြားရဟန်တူသော အသံများကိုလည်း ထည့်စဉ်းစားရမည်။ ထိုအသံများက မြူထဲရှိ မည်မျှ ဝေးသည့် နေရာမှ ရောက်လာသနည်း။ တစ်ခါတလေ အဆောက်အဦး တစ်ခုလုံး တသိမ့်သိမ့်

တုန်သွားတော့မလောက် လှုပ်သွားတတ်သဖြင့် နှလုံးသွေးများ ရုတ်တရက် အေးခဲမတတ် ဖြစ်ဖြစ်သွားတတ်သည်။

ပေါင်ပေါ်မှ ဘီလီက တအင်းအင်း ညည်းကာ လူးလွန့်လာသည်။ သူ့ဆံပင်ကို သပ်ပေးတော့ ညည်းသံက ပို၍ ကျယ်လာသည်။ ထိုအခါ အိပ်ငိုက်ချင်စိတ်များ ပျောက်သွားပြီး မျက်လုံး ပြန်ကျယ်သွားသည်။ မှောင်သွားကတည်းက တစ်နာရီခွဲလောက်သာ အိပ်လို့ ရခဲ့သော်လည်းခြောက်အိပ်မက်များ သာ မက်နေခဲ့သည်။ အိပ်မက်တစ်ခုမှာ မနေ့ညက အကြောင်း ဖြစ်သည်။ ဘီလီနှင့် စတက်ဖီက ပြတင်းပေါက်ရှေ့မှာ မတ်တတ်ရပ်ကာ အပြင်ဘက်ရှိ မီးခိုးရောင်၊ အနက်ရောင် ကန်ရေပြင်ကို ကြည့်နေသည်။ ရေပြင်တွင် မုန်တိုင်း၏ ရှေ့တော်ပြေး နိမိတ်အဖြစ် ငွေလှိုင်းကလေးများ ထလာသ။ လေတိုက်နှုန်းကြောင့် ဧည့်ခန်းထဲ သို့ ပြတင်းပေါက်မှန်စများ ပစ်လွှတ်လိုက်သလို တစ်စစီ ကွဲကြေကုန်တော့မည်ကို စိတ်ထဲက သိနေသည် ကျွန်တော် ဘယ်လောက်ပြေးပြေး သူတို့ သားအမိနား ရောက်မည့်ပုံ မရချေ။ ထို့ နောက် ရေဝဲအတွင်းမှ ကြီးမားလှသော ကြက်သွေးရောင် ငှက်ကြီးတစ်ကောင် တိုးထွက်လာသည်။ ထိုငှက်ကြီး တောင်ပံဖြန့်လိုက်သောအခါ ရေကန်အရှေ့ဖျားမှ အနောက်ဖျားအထိ ဖုံးလွှမ်းသွားသဖြင့် အမှောင်ကျ သွားသည်။ ငှက်ကြီးက နှုတ်သီး ဟလိုက်သောအခါ အာခံတွင်းမှာ ဟော်လန်လိုဏ်ခေါင်း အရွယ်အစားလောက် ကျယ်လှသည်။ ငှက်ကြီး က ကျွန်တော့်ဇနီးနှင့် သားကို ထိုးသုတ်၍ မျိုချလိုက်စဉ် အန္တရာယ်ပေးမည့် တိုးညင်းသော ရေရွတ်သံ တစ်ခုကို ကြားရသည်။ မြားခေါင်း ပ ရောဂျက်...၊ မြားခေါင်း ပရောဂျက်...၊ မြားခေါင်း ပရောဂျက်...။

ကျွန်တော်နှင့် ဘီလီသာ အိပ်ကောင်းခြင်း မအိပ်ရသည် မဟုတ်။ အခြားသူများ လည်း အိပ်နေရင်း အော်ကြသည်။ တချို့မှာ နိုးရက်မှာပင် အအော် မရပ်ကြ။ ရေခဲသေတ္တာထဲမှာ ဘီယာဘူးများ သိသာစွာ လျော့သွားသည်။ ဘဒ်ဒီအီဂဲလ်တန်က ဘာမှတ်ချက်မှ မပေးဘဲ ပြန်ဖြည့် ပေးသည်။ ဟယ်လ်တန်က ဆိုမိနက်စ် ဆေးပုလင်းများ မရှိတော့ဘူးဟု ပြောသည်။ လျော့သွားခြင်း မဟုတ်ဘဲ လုံးဝ ကုန်သွားခြင်း ဖြစ်သည်တဲ့။ လူတချို့က ခြောက်ပုလင်း၊ ရှစ်ပုလင်းလောက် ယူသွားတာ ဖြစ်မည်ဟု သူက ခန့်မှန်းသည်။ သူက

"နိုင်တောလ်တွေတော့ ကျန်သေးတယ်။ တစ်ပုလင်းလောက် ယူမ လား ဒေးဗစ်" ဟု မေးသည်။

ကျွန်တော်က ခေါင်းကိုသာ ခါကာ ကျေးဇူးတင်ကြောင်း ပြောလိုက်သည်။ ငွေရှင်းကောင်တာ အမှတ် ၅ နားတွင် အမူးလွန် နေသူများ ရှိသည်။ ကား ရေဆေးဆိုင်ရှင် လူးတက်တင်ဂါမှ လွဲ၍ ကျန်လူ ခုနှစ်ယောက်မှာ သည်

မြို့ခံမဟုတ်။ အမူးသမားအုပ်စုမှာ လူမှန်းသူမှန်း မသိ အမူးလွန်နေကြသည်။ ရှင်းရှင်းဆိုရလျှင် စိတ်နှင့် လူနှင့် မကပ်ကြတော့။ ထိုသို့ ဖြစ်နေသူများတွင် မသောက်ဘဲ မူးနေကြသူ များလည်း ရှိသည်။ သူတို့သည် မျက်လုံး ကြောင်တောင်နှင့် စိုက်ကြည့်နေတတ်သည်။ မထင်မှတ်ဘဲ လှုပ်လှုပ်သွားတတ်သည့် ငလျင်ကြောင့် မာကျောလှပါသည် ဆိုသော အင်္ဂတေများ ကွဲအက်ကုန်သည်။ ငှက်လိုလို သတ္တဝါ အစုတ်ပလုတ် များကလည်း ပြန်ရောက်ချင် ရောက်လာနိုင်သည်။ ယခု ကြုံနေရသည့် အဖြစ်မှာ ဆန်းလှသဖြင့် ကျွန်တော်တို့လည်း စိတ်လွတ် မသွားအောင် နေနေရသည်။ ဥပမာ မစ္စက် ရပ်ပလာဆိုလျှင် သည်အဖြစ်ကြီးကို အိပ်မက်ပမာ ထင်ယောင်ထင်မှား ဖြစ်နေသည်။ ထိုသို့လည်း ပြောဆိုတတ်သည်။ ပြောနေရင်း သူမဘာသာ သံသယ ဝင်လာတတ်သည်။

ကျွန်တော် အမန်ဒါ့ကို လှမ်းကြည့်လိုက်သည်။ သူမနှင့် ပတ်သက်၍ တော်တော် စိတ်မသက်သာ ဖြစ်မိသည်။ သူမ၏ မျက်လုံးစိမ်းဖန့်ဖန့်မှ တော်တော် တောက်ပသည်။ မျက်ကပ်မှန်များ တပ်ထားသလားဟု ထ င်ကာ ဘယ်အချိန်ချွတ်မလဲ စောင့်ကြည့်နေမိသည်။ ထိုသို့ ကြည့်ရင်း မေတ္တာသက်ဝင် ချင်သလိုလို ဖြစ်လာသည်။ အိမ်မှာ ကျန်ရစ်ခဲ့သော ဇနီးသည် က အသက်ရှင်ချင်မှ ရှင်တော့မည်။ သေဖို့က များသည်။ ကျွ န်တော့် ဇနီးကို ချစ်ပါသည်။ ဘီလီရော ကျွန်တော်ပါ သူမဆီ ပြန်သွားလိုက်ချင်သည်။ သို့သော် အမန်ဒါဒန်းဖရိုက်စ် ဟူသော ထိုမိန်းမပျိုကို လည်း စိတ်ကစားနေမိသည်။ လောလောလတ်လတ် ကျရောက်နေ သော အခြေအနေကြောင့် သည်လို စိတ်ကူးမျိုး ဝင်လာခြင်းဖြစ်သည် ဟု ကိုယ့်ဘာသာ ပြောဆို နားချ နေမိသော်လည်း လိုအင်ဆန္ဒ ကတော့ ပြောင်းလဲမသွားချေ။

အိပ်ငိုက်လိုက်၊ ပြန်နိုးလိုက် ဖြစ်နေရင်း သုံးကြိမ်လောက် ရောက်တော့ ကျွန်တော် မျက်လုံး ကျယ်သွားသည်။ အမန်ဒါက ဒူးနှစ်ဖက်ကို ရင်ဘတ်ဆီ ကွေး၍ အိပ်သည်။ သူမ၏ လက်နှစ်ဖက်ကို ပေါင်ကြားထဲ ညှပ်ထားသည်။ သူမကို ကြည့်ရတာ အိပ်မောကျနေပုံရသည်။ အနွေးထည်က ဘေးတစ်ဖက် လျှောကျနေသဖြင့် ဖြူဖွေးသော အသားအရေ ကို လှစ်ဟထားသည်။ ကျွန်တော်သည် ထိုအခြင်းအရာကို ကြည့်ရင်း စိတ်များ နိုးကြွလာသည်။

ထိုစိတ်ကို ဖျောက်ရန် စိတ်ကို တခြား အကြောင်းများဆီ လှည့်တွေးရသည်။ မနေ့က ဘရန့်နော်တန်၏ ပုံကို ပန်းချီဆွဲချင်သည့် အကြောင်း။ ကျွန်တော့် ဘီယာဘူးကို ကိုင်ကာ သစ်လုံးဘေးတွင် ဝင်ထိုင်သည့် သူ့ပုံရိပ်။ ချွေးပြန်နေသော သူ့မျက်နှာ၊ နားရွက် နောက်သို့ မသပ်မရပ် လှန်၍ ကပ်ထားသော ဆံပင်နှစ်ဖက်။ ထိုပုံက ရုပ်လုံးကြွလောက်သည်။ ထို့နောက် အဖေနှင့် နေခဲ့သော

အနှစ် နှစ်ဆယ်အတွင်း ပန်းချီဆွဲဖို့ စိတ်ကူးရခဲ့ပုံကို ပြန်စဉ်းစား ဖြစ်သည်။ အဖေက သိပ်တော်သည့် ပန်းချီဆရာ ဖြစ်သည်။ ကျွန်တော်က အဖေ့လောက် မတော်။

ကျွန်တော် ပန်းချီ ဆွဲတတ်ပြီဟု ထင်သည့် အချိန်မှာ အဖေ့ကို ဘုရားသခင်က ပြန်ခေါ်သွားသည်။ ကျွန်တော် ဖြစ်သင့်သည်ထက် ပို၍ ကြာရှည်စွာ ကြိုးစားရသည်။ နယူးယောက်မြို့မှာ ကျွန်တော့် ပန်းချီပြပွဲလုပ်ဖြစ်တော့ ဝေဖန်သူများ ၏ အခြေအနေက သိပ်မကောင်း။ တစ်နှစ်လောက် ကြာအောင် စတက်ဖီနှင့် အတူ ကိုယ့်ဘာသာ အားတင်းကာ ကြော်ငြာလုပ်ငန်းများ နှင့် အသက်ဆက်ရသည်။ သူမမှာ ကိုယ်ဝန်ရှိ လာတာသည် အလုပ်ကိုသာ ဖောက်ချလုပ်ဖို့ ကိုယ့်ဘာသာ နားချရသည်။ နောက်ဆုံးတော့ တကယ့် အနုပညာကို ဝါသနာအရ သာ လုပ်ရတော့မည်မှန်း ယုံကြည်ခဲ့သည်။

စက်ဘီးဘေးမှာ မတ်တတ်ရပ်နေသော မိန်းကလေးပုံ၊ ကမ်းခြေမှာ လေဝဲပန်းကန်ပြား ပစ်ကစားနေသော မိန်းကလေးပုံ၊ သောက်စရာ တစ်ခုခု ကိုင်ကာ ဝရန်တာမှာ မတ်တတ်ရပ်နေသော မိန်းကလေးပုံ စသည့် ရွှေမိန်းကလေး တံဆိပ် ခေါင်းလျှော်ရည် ကြော်ငြာများ ဆွဲရသည်။ ဇာတ်လမ်းတို သရုပ်ဖော်ပုံ များကိုလည်း ဆွဲခဲ့သည်။ အမျိုးသားများ ဖတ်လေ့ရှိသည့် အပေါစား မဂ္ဂဇင်း များမှာလည်း ဝတ္ထုသရုပ်ဖော်ပုံများ ခိုးကြောင်ခိုးဝှက် အမြန်ဆွဲပေးဖူးသည်။ ရုပ်ရှင်ပိုစတာ တချို့ကိုလည်း ဆွဲရသည်။ ငွေကတော့ရသည်။ ထို့ကြောင့် ကျပ်တည်းစွာ နေစရာ မလိုဘဲ သာသာယာယာ နေလို့ရသည်။

လွန်ခဲ့သော နွေရာသီကတော့ ဘရင်တန်မြို့မှာ ပန်းချီပြပွဲ တစ်ခု နောက်ဆုံး လုပ်ခဲ့သည်။ ငါးနှစ်လောက် ဆွဲထားသည့် ပန်းချီ ကိုးချပ်မှ ခြောက်ချပ် ရောင်းလိုက်ရသည်။ ကားပါကင် အဆုံးမှ မြင်ရသည့် အ နေအထားကို ရေးဆွဲထားသော ပန်းချီကား တစ်ချပ်ကိုတော့ မရောင်းဘူးဟု ဆုံးဖြတ်ထားသည်။ တိုက်တိုက်ဆိုင်ဆိုင် ထိုပန်းချီကားကိုမှ လိုချင်သူနှင့် တွေ့ရသေးသည်။ ပန်းချီကားက ကမ့်ဘဲလ် ပဲစိမ်းဘူးများ နှ င့် ဖရန့်ခ်စ် ဘီယာဘူးများ တန်းစီချထားသော လူသူကင်းမဲ့နေသည့် ကားပါကင်ပုံ။ ကြည့်သူ၏ အမြင်မှာ ဘူးတစ်ဘူးစီက ကြီးရာမှ ဝေးလေ သေးလေ ဖြစ်သွားသည်။ ခေါင်းစဉ်ကို ပဲစိမ်းများ နှင့် အတုအယောင်ဟု အမည်ပေးထားသည်။

ကယ်လီဖိုးနီးယား ပြည်နယ်ရှိ တန်းနစ်ဘောလုံးနှင့် ရိုက်တံများ လုပ်သော ကုမ္ပဏီတစ်ခုမှ ထိပ်သီး အမှုဆောင် တစ်ယောက်က ထိုပန်းချီ ကားကို အသေအလဲ လိုချင်ပုံ ရသည်။ သူက ပထမ ဒေါ်လာ ခြောက်ရာ နှင့် စကားစကာ လေးထောင်အထိ ပေးသည်။ လေ့လာစရာ ရှိလို့ ဟုပြောသည်။ ကျွန်တော်က မရောင်းနိုင်ဟု ဆိုတော့ အကြီးအကျယ် စိတ်ဆိုးပြီး ထွက်သွားသည်။ သို့သော် သူက တော်ရုံနှင့် လက်မလျှော့။ စိတ်ပြောင်းလျှင် ခေါ်လို့ ရအောင် ဟု ဆိုကာ

လိပ်စာကဒ်ကို ပေးထားခဲ့ သေးသည်။

သည်နှစ်မှာ အိမ်အတွက် ပိုထွက်သွားသည့် စရိတ်နှင့် ကားတစ်စီး ဝယ်လိုက်၍ ငွေအတော် ကုန်သွားသော်လည်း ထိုပန်းချီကားကို မရောင်းဖြစ်ခဲ့ချေ။ အကြောင်းမှာ ကျွန်တော့်စိတ်ထဲတွင် ထိုပန်းချီကား သည် ကျွန်တော် ဆွဲသမျှထဲ၌ အကောင်းဆုံး ပန်းချီကား တစ်ချပ်ဟု ခံစားရ၍ ဖြစ်သည်။ လွန်ခဲ့သော ဆောင်းတွင်းကတော့ အိုလီဝိစ်ကို ထို ပန်းချီကားအား ပြဖြစ်သည်။ သူက ဆိုင်မှာ ကြော်ငြာအနေနဲ့ ထားချင် လို့ ဓါတ်ပုံ ရိုက်လို့ ရမလားဟု တောင်းဆိုသည်။ ထို့နောက် ၎င်းပန်းချီကားမှာ လက်ရာမြောက်သော ကြော်ငြာ တစ်ခုအနေနှင့် လမ်းဆုံးသွားသည်။ သို့နှင့် ဆန်လူးဝစ်အော်ဘစ်ပိုမြို့မှ အမှုဆောင်၏ အိမ်သို့ ဖုန်း လှမ်းဆက်ကာ လိုချင်ရင် ဒေါ်လာ နှစ်ထောင့်ငါးရာနှင့် ပေးမည်ဟု ပြောလိုက်သည်။ သူက သဘောတူသဖြင့် ယူပီအက်စ်နှင့် ဆက်သွယ်ကာ ပန်းချီကားကို သင်္ဘောဖြင့် တင်ပေးလိုက်သည်။

မနက် လေးနာရီလောက်ကျတော့ ဘီလီ နိုးလာကာ ဟိုကြည့်သည် ကြည့် လုပ်၍ သဘောပေါက်သွားဟန်ဖြင့်

"သားတို့ ဒီထဲမှာ ပဲ ရှိသေးတာလား" ဟု မေးသည်။

"ဟုတ်တယ် သား။ ဒီမှာ ပဲ ရှိသေးတယ်"

သူက အင်အား မဲ့သွားဟန်ဖြင့် ကူကယ်ရာ မဲ့စွာ စငိုသည်။ ထိုအခါ အမန်ဒါနိုး လာပြီး ကျွန်တော်တို့ကို ထကြည့်သည်။ သူမက

"ဟေ့ ချာတိတ်" ဟု ဆိုကာ ဘီလီကို သူမနား ညင်သာစွာ ဆွဲယူရင်း

"မနက် မိုးလင်းရင် အားလုံး နည်းနည်းတော့ ကောင်းသွားမှာပါကွယ်" ဟု ပြောသည်။ ဘီလီက

"ဟင့်အင်း။ မကောင်းဘူး။ ကောင်းမှာ မဟုတ်ဘူး" ဟု ပြောသည်။ သူမက

"ရှူး..." ဟု ဆိုကာ ဘီလီ ခေါင်းပေါ်မှ နေ၍ ကျွန်တော့်ကို ကျော်ကြည့်သည်။

"သားရဲ့ အိပ်ချိန်တောင် လွန် လာပြီပဲ"

"အမေ့ကိုပဲ လိုချင်တယ်"

"အေး အေး။ ရမှာ ပေါ့ကွယ်။ ရမှာ ပေါ့"

သူမက ပွေ့ချီ ထားသဖြင့် ဘီလီက တွန့်လိမ်နေပြီး ကျွန်တော့်ကို လှည့်မကြည့် အားပေ။ ခဏနေတော့ ပြန်အိပ်ပျော်သွားသည်။ ကျွန်တော် က

"ကျေးဇူးပဲဗျာ။ သူ့အတွက် ခင်ဗျားရှိလို့ တော်သေးတယ်"

"သူက ကျွန်မကိုဖြင့် မသိဘဲနဲ့ "

"ဒီအတွက် ကြောင့် တော့ စိတ်ပြောင်း မသွားနိုင် ပါဘူးဗျာ"

"ကဲ ဒီတော့ ရှင် ဘာတွေ စဉ်းစားဖြစ်လဲ"

သူမက မျက်လုံးစိမ်း ကြီးများ နှင့် ကျွန်တော့်ကို တဖြည်းဖြည်း ကြည့်ရင်း မေးသည်။

"မနက်ကျမှ မေးပါလား"

"အခု မေးနေပြီပဲ"

ကျွန်တော် ဖြေဖို့ ပါးစပ်ဟလိုက်စဉ် တစ္ဆေသရဲပုံပြင်ထဲမှ တစ်ခုခုကဲ့ သို့ မှောင်ရိပ်ဝိုးတဝါးထဲမှ အိုလီဝိစ် ထွက်လာသည်။ သူ့လက်ထဲတွင် ရှေ့မှန်ကို မိန်းမဝတ်အင်္ကျီဖြင့် အုပ်ထားသော ဓာတ်မီးတစ်လက် ကိုင်ထား သည်။ သူက ဓာတ်မီးကို မျက်နှာကြက်ဆီ လှမ်းထိုးသည်။ ချောင်ကျ နေသော မျက်နှာပေါ်မှာ ထူးဆန်းသော အရိပ်အယောင်များနှင့်။ သူက

"ဒေးဗစ်ရေ..." ဟု တိုးတိုးလေး ခေါ်သည်။

အမန်ဒါက သူ့ကို ကြည့်ရင်း ပထမ ငိုင်သွားကာ နောက်တော့ ထိတ်လန့်ဟန် ပေါက်လာသည်။ ကျွန်တော်က

"ဘာဖြစ်လို့လဲ အိုလီ" ဟု မေးတော့

"ဒေးဗစ်...။ ဒီကိုလာဦး" ဟု ခပ်တိုးတိုး ခေါ်သည်။

"ဘီလီကို ထားခဲ့လို့ မဖြစ်ဘူး။ အခုမှ အိပ်ပျော်ခါစ ရှိသေးတာ"

အမန်ဒါက

"ကျွန်မ သူနဲ့ နေပေးလိုက်ပါ့မယ်။ ရှင် လိုက်သွားတာ ကောင်းမယ်" ဟု ပြောရင်း တိမ်ဝင်သွားသော လေသံဖြင့်

"ဒီအဖြစ်ကြီး မြန်မြန် ပြီးပါစေတော့ ဘုရားသခင်" ဟု ဆို လိုက်လေသည်။

အခန်း (၈)

စစ်သားများ ရဲ့ ဖြစ်အင်၊ အမန်ဒါနှင့် အတူ၊ ဒန်မီးလားနှင့် စကားများခြင်း

ကျွန်တော်က အိုလီနှင့် လိုက်ခဲ့သည်။ သူက စတိုခန်းဆီ သွားတာဖြစ်သည်။ ရေခဲသေတ္တာကို ဖြတ်သွားတော့ သူက ဘီယာတစ်ဘူး ဆွဲယူသွားသည်။

"ဘာကိစ္စလဲ အိုလီရဲ့ "

"မင်းကို ကြည့်စေချင်လို့ "

သူက တံခါးနှစ်ချပ်ကို တွန်းဖွင့်ဝင်လိုက်သည်။ ပြန်ပိတ်သွားသော တံခါးနှစ်ချပ်မှ လေလာဟပ်သဖြင့် အေးခနဲ ဖြစ်သွားသည်။ နော်မ့်အဖြစ်ကို ကြုံရပြီးနောက်ပိုင်း ဒီနေရာကို ကျွန်တော် မကြိုက်တော့။ သေဆုံး သွားသော လက်တံအပိုင်းငယ် တစ်ခုက တစ်နေရာရာမှာ ကျနေဆဲဟူသည့် အတွေးက စိတ်ထဲမှာ သတိပေးနေသည်။

အိုလီက ခါတ်မီးပေါ်မှ အကျီစကို ဖြုတ်လိုက်သည်။ သူက ခါတ်မီးကို ခေါင်းအထက်သို့ ပင့်လိုက်သည်။ တစ်စုံတစ်ယောက်က ဒမ်မီလူရုပ် နှစ်ခုကို မျက်နှာကြက်ရှိ အပူခံပိုက်မှာ တွဲလောင်း လာချိတ် ထားသည် ဟု ပထမ ထင်လိုက်မိသည်။ ကလေး တစ်ယောက်ယောက်က ဟယ်လိုဝင်းမှာ စန္ဒယား ဝါယာကြိုးဖြင့် တွဲလောင်းချိတ်၍ လှည့်စားနောက်ပြောင် ထားသလိုမျိုး လုပ်ထားသည်။ ထို့နောက် ကြမ်းပြင်မှ ခုနှစ်လက်မလောက် လွတ်နေသည့် ခြေထောက်များကို သတိထားမိသွားသည်။ ခြေဖြင့် ကန်ထုတ်ထားပုံ ရသည့် ကတ်ထူပုံးအပုံ နှစ်ခုလည်း ရှိသည်။ မျက်နှာနေရာများကို မော့ကြည့်မိတော့ အော်လိုက်မိတော့မည့် ကျွန်တော့်အသံက လည်ချောင်းထဲမှ ထိုးတက်လာသည် အကြောင်းမှာ မျက်နှာများသည် ဈေးဆိုင်မှ ဒမ်မီရုပ် မျက်နှာများ မဟုတ်ကြ။ ခေါင်းနှစ်လုံးသည် ပြက်လုံးတစ်ခုကို အားပါးတရ ရယ်ထားကြ သလိုမျိုး ပါးစပ်ဟလျက် ဘေးတစ်ဖက်စီသို့ ထောင်နေကြသည်။ မျက်နှာတစ်ခုလုံး ခရမ်းရောင် သန်းအောင် ရယ်ထားကြသည့်နှယ်။ လျှာတစ်လစ် ထွက်နေသော သူတို့၏ အရိပ်များက နံရံမှာ ရှည်မျောမျော သွား ထင်နေသည်။ သူတို့ နှစ်ယောက်လုံး ယူနီဖောင်းများ ဝတ်ထားကြသည်။ သူတို့သည် အစောပိုင်းက တူညီဝတ်စုံကြောင့် ကျွန်တော် သတိထားမိခဲ့သည့် စစ်သားများပင်။

အော်သံ။ ရဲကား ဥသြသံနှယ် စီခနဲ ထွက်လာတော့မည့် လည်ချောင်းထဲမှ ကျွန်တော်၏ ညည်းညူ အော်ဟစ်သံ။ အိုလီက ကျွန် တော့် တံတောင် အထက်မှ

လက်မောင်းကို လှမ်းဆွဲကာ

"မအော်နဲ့ ဒေးဗစ်။ ဒီအကြောင်းကို မင်းနဲ့ ငါက လွဲပြီး ဘယ်သူမှ မသိကြသေးဘူး။ ဘယ်သူမှ မသိအောင် လုပ်ချင်လို့ " ဟု ပြောသည်။ ကျွ န်တော်က ကိုယ့်ကိုယ်ကို ပြန်ထိန်းကာ

"ဒီစစ်သားတွေက..." ဟု ရေရွတ်မိတော့ အိုလီက

"မြားခေါင်း ပရောဂျက်ကပေါ့။ သေချာတယ်" ဟု ပြောသည်။

လက်ထဲ အေးခနဲ ဖြစ်သွားသဖြင့် ကြည့်လိုက်တော့ အိုလီ ထည့်ပေးနေသည့် ဘီယာဘူး ဖြစ်နေသည်။

"သောက်လိုက်။ မင်း သောက်ဖို့ လိုမှာ ပဲ"

ကျွန်တော်က ဘီယာ တစ်ဘူးလုံး ကုန်အောင် မော့ချလိုက်သည်။ အိုလီက

"မစ္စတာ မက္ကဖေး သုံးနေတဲ့ ဂတ်စ်မီးဖိုက ယမ်းတွေ ဘာတွေ ပိုမလားလို့ ဒီကို ပြန်လာ ကြည့်ရင်း သူတို့ ကိုတွေ့တာပဲ။ ကြည့်ရတာ ကတ်ထူပုံးတွေ ခုပြီး ကြိုးကွင်းစွပ်ကြပုံပဲ။ အရင်ဆုံး တစ်ယောက်လက် တစ်ယောက် ကြိုးချည်ပြီး လည်ပင်းကို စွပ်ကြတာ ဖြစ်ရမယ်။ တစ်ယောက်က တစ်နှစ်သုံးရေပြီး ပြိုင်တူ ခုန်ကြတာ နေမယ်။ တစ်ယောက် အလေးချိန်က တစ်ယောက်လည်ပင်းကို ဆွဲတင်းသလိုပေါ့။ ငါလည်း မ သိတော့ဘူး" ဟု ပြောသည်။

"မဖြစ်နိုင်ဘူး"

ကျွန်တော့် စကားသံက ခြောက်သွေ့ နေသော ပါးစပ်မှ ထွက်လာသည်။ သူတို့ ၏ လက်များက သူတို့ နောက်မှာ ချည်ထားသည်။ ထိုမြင်ကွင်းကို ကျွန်တော် အကြည့်လွှဲလို့ မရ။

"ဖြစ်နိုင်တာပေါ့။ သေချင်ရင် ဖြစ်တာပဲ ဒေးဗစ်ရဲ့ "

"ဘာဖြစ်လို့ သေချင်ရတာလဲကွာ"

"ဘာဖြစ်လို့ လဲ မင်း သိမယ် ထင်တယ်။ မီးလားလို နွေရာသီ အလည်လာတဲ့ လူတွေ၊ တိုးရစ်တွေသာ မသိတာ။ ဒီနားမှာ နေတဲ့ သူတွေကတော့ ကောင်းကောင်း ခန့်မှန်းမိမှာ ပဲ"

"မြားခေါင်း ပရောဂျက် ကြောင့်လား"

"ငါက ငွေရှင်းကောင်တာမှာ တစ်နေကုန် ထိုင်ပေးရတာလေ။

ကြားရတာတွေမှ အများကြီး။ နွေဦးရာသီ တစ်ခုလုံး အဲဒီ မြားခေါင်းပရောဂျက် ဆိုတာကြီးကို မကြားချင်မှ အဆုံး။ ကောင်းတာ တစ်ခုမှ မပါဘူး။ ရေကန်မှာ အနက်ရောင်ရေခဲပြင် ဖြစ်လာတာတို့ ဘာတို့ က..."

ကားပြတင်းပေါက်ဘောင်ကို မှီရင်း ပြောခဲ့ဖူးသော ဘေလ်ဂျီယော့စတီ၏ စကားများကို ပြန်စဉ်းစားမိသည်။ “အက်တမ်ဆိုတာ အမျိုးမျိုး ရှိတယ်။ မတူဘူး’တဲ့။ အခုတော့ မြားခေါင်း ပရောဂျက်ကြောင့် ခေါင်းအထက်ရှိ ပိုက်လုံးပေါ်မှ တွဲလောင်းကျနေသော အလောင်းများ၊ ထောင်နေသော ဦးခေါင်းများ၊ တွဲလောင်းကျနေသော ရှူးဖိနပ်များ၊ တစ်လစ်ထွက်နေသော လျှာများကို ဆော့ဆော့ချ်အသားချောင်းလို မြင်ရလေပြီ။

"ငါ ကြားလိုက်ရတာ လူနှစ်ဒါဇင်လောက် ရှိတယ်။ ဂျက်စတင်းရော ဘတ်စ်တို့၊ နစ်ခ်တိုချိုင်းတို့၊ ဘန်မိုက်ကယ်လ်ဆန်တို့ ဆီက...။ မြို့ လေးက သေးတော့ လျှို့ဝှက်ချက်ဆိုတာ ဘယ်လုံအောင် ဖုံးနိုင်ပါ့မလဲ။ အကုန် သိတာပဲ။ ဘူးတစ်ရာအပေါက်သာ ပိတ်လို့ရမယ်။ ပါးစပ် တစ်ပေါက်ကို ပိတ်လို့ မရဘူး။ ဘယ်က ဘယ်လို စထွက်လာလဲ ဆိုတာ တော့ ဘုရားပဲ သိမယ်။ တစ်နွေလုံး မြားခေါင်း ပရောဂျက် အကြောင်းချည်းပဲ ကြားနေရတာ"

"ဘုရားရေ...။ ဒီနှစ်ယောက်က ချာတိတ်အရွယ်ပဲ ရှိသေးတာ အိုလီရဲ့"

"သူတို့မှာလည်း နားပါတာပဲ။ ကြားမှာပေါ့။ ငါဆို ကြားရုံတင် မကဘူး။ မြင်ပါ မြင်ခဲ့တာ"

"ဒါပေမဲ့ ကိုယ့်ကိုယ်ကို သတ်သေ လောက်အောင် ဘာကများ တွန်း ပို့လိုက်ပါလိမ့်"

"မသိဘူး။ ကြည့်ရတာ သူတို့ တစ်ခုခုကို သိနေလို့ ဖြစ်မယ်။ လူတွေသိလာရင် နောက်ဆုံး အမေးခံရမှာ သူတို့ ပဲ ရှိတယ်လို့ သံသယဝင်လာ တာ ဖြစ်မယ်။ နောက်ဆုံးဆိုတာ ရှိခဲ့ရင်ပေါ့လေ.."

"မင်း ပြောတာသာ အမှန်ဆိုရင် တကယ် အခြေအနေကတော့ သိပ် မကောင်းဘူးပဲ"

အိုလီက လေသံခပ်မှန်မှန်ဖြင့်

"အဲ့ဒီ မုန်တိုင်းကြောင့်ပေါ့။ ကေန္တ မုန်တိုင်းကြောင့် တစ်ခုခု မတော်တဆ လွတ်ထွက်လာတာ ဖြစ်မယ်။ သူတို့က လူတွေကို အရူးလုပ်နေတာပဲ။ ပြင်းအားမြင့်တဲ့ လေဆာလက်နက်တွေ၊ လျှပ်စစ်ကိရိယာ တွေနဲ့ အလုပ်ရှုပ်နေတတ်တယ်လို့ တချို့က ပြောကြတယ်။ တစ်ခါတလေ ဝါယာရှော့ခ်

ဖြစ်တာ ကြားရတယ်။ ငါ့အထင် တစ်ခြားကမ္ဘာ တစ်ခုခုဆီ ထိုးဖောက် ဝင်ရောက်ဖို့ ကြိုးစား နေသလားပဲ" ဟု ပြောသည်။

"ပေါက်ကရတွေကွာ"

အိုလီက အလောင်း နှစ်ခုဆီ လက်ညှိုး ထိုးပြကာ

"ဒါဆို သူတို့ က ဘာလို့ ဒီလို လုပ်တာလဲ" ဟု မေးသည်။

"မသိဘူး။ အခု မေးရမှာ က တို့ အခု ဘာလုပ်ကြမလဲ"

အိုလီက မဆိုင်းမတွပင်

"ကြိုးတွေ ဖြုတ်ချပြီး ဝှက်ထားရမှာပေါ့။ ခွေးစာတို့၊ ပန်းကန်ဆေး ဆပ်ပြာတို့လို လူတွေ မယူနိုင်လောက်တဲ့ ပစ္စည်းပုံအောက်မှာ ထားရမယ်။ ပေါ်သွားရင် အခြေအနေတွေ ပိုဆိုးကုန်မယ်။ ဒါကြောင့် ငါ မင်းကို လာခေါ်တာ ဒေးဗစ်။ ငါ ယုံလို့ ရမယ့်သူက မင်းပဲ ရှိတယ်လို့ ခံစားရလို့" ဟု ပြောသည်။ ကျွန်တော်က"စစ်ရှုံးလို့ နာဇီတွေ ကိုယ့်ကိုယ်ကို သတ်သေတာမျိုးနဲ့ တူလိုက်တာ" ဟု ရေရွတ်မိသည်။

"ဟုတ်ပ။ ငါလည်း အဲဒီလိုမျိုး တွေးမိတယ်"

ကျွန်တော်တို့ ငြိမ်သွားစဉ် ရုတ်တရက် ကုန်တံခါး အပြင်ဘက်မှ ရေဘဝဲလက်တံများ ၏ ညင်သာစွာ လျှောတိုက်သွားသည့် အသံများကို ကြားလိုက်ရသည်။ ကျွန်တော်တို့ တစ်ယောက်အနား တစ်ယောက်က ပ်ထားလိုက်မိသည်။ ကိုယ်ထဲမှ အသွေးအသားများ တရှူရှူနှင့် ကြက်သီး ထသွားသည်။ ကျွန်တော်က

"ဟုတ်ပါပြီ..." ဟု ပြောလိုက်စဉ် အိုလီက

"တတ်နိုင်သလောက် မြန်မြန် ပြီးအောင် လုပ်ရမယ်။ ငါတော့ ဒီထဲကနေ အမြန်ဆုံး ထွက်သွား လိုက်ချင်ပြီ" ဟု ဆိုသည်။

အိုလီက ဓာတ်မီးကို လက်ပြောင်းကိုင်လိုက်ရာ သူ့လက်စွပ်မှ လက်ခနဲ ဖြစ်သွားသည်။ ကျွန်တော်က ကြိုးများကို မော့ကြည့်လိုက်သည်။ သူတို့ သုံးသည့် ကြိုးမှာ ဂေါ့ဖ်ဦးထုပ်နှင့် လူ၏ ခါးတွင် ချည်စဉ်က ကျွန် တော် သုံးခဲ့သည့် အဝတ်လှန်းသည့် ကြိုးမျိုးနှင့် အတူတူပဲ ဖြစ်သည်။ ကြိုးကွင်းများက သူတို့ လည်မျိုထဲ နစ်ဝင်နေကြသည်။ သူတို့ကို ဘာကများ သေလောက်အောင် လုပ်ခဲ့ပါလိမ့်ဟု ထပ်၍ သိချင်စိတ် ပြင်းပြ လာပြန်သည်။ သည်လို နှစ်ယောက်ပူးကြီး သတ်သေသည့် ကိစ္စသာ ပေါက်ကြားသွားပါက အခြေအနေတွေ

ပိုရှုပ်ကုန်တော့မည်။ ကျွန်တော့် အတွက်တော့ မထူးတော့ချေ။ အိုလီက ကတ်ထူပုံးများ ဖောက်သည့် ဓားကို ထုတ်ကာ ကြိုးကို ဖြတ်ချသည်။ ထို့နောက် လုပ်စရာ ရှိသည် များကို လုပ်ကာ ကိုယ့်နေရာကို ပြန်လာခဲ့သည်။

ကျွန်တော် ရောက်တော့ အမန်ဒါ မရှိတော့ဘဲ ဘီလီက မစ္စက် တာမန်းဆီ ရောက်နေသည်။ သူတို့ နှစ်ဦးလုံး အိပ်ပျော်နေကြသည်။ ပစ္စည်းတန်းများ ဆီ လျှောက်လာစဉ်

"ဒီမယ် မစ္စတာ ဒရေတန်။ ဒေးဗစ်..." ဟူသော အမန်ဒါ့အသံကို ကြားရသည်။

သူမက မန်နေဂျာ ရုံးခန်းဆီ တက်သည့် လှေကားနားမှာ မတ်တတ် ရပ်နေသည်။ သူမ၏ မျက်လုံးများက မြစိမ်းရောင်။ သူမက

"ဘာဖြစ်တာလဲဟင်" ဟု မေးသည်။

"ဘာမှ မဟုတ်ပါဘူး"

သူမက ကျွန်တော့်ဆီ ရောက်လာတော့ ရေမွှေးနံ့ ခပ်သင်းသင်း ရသည်။ သူမကိုသာ ရလို့ ကတော့ကွာ...။

"ရှင် လူလိမ်ပဲ"

"ဘာမှ မဟုတ်ပါဘူး။ သတင်းမှားပါ"

သူမက ကျွန်တော့်လက်ကို ဆွဲ၍

"ကျွန်မ ရုံးခန်းဆီ တက်ကြည့်ပြီးပြီ။ ဘာမှ မရှိဘူး။ တံခါးမှာ သော့ခတ်ထားတယ်" ဟု ပြောသည်။

သူမမျက်နှာက လုံးဝ တည်ငြိမ်နေသည်။ သူမ၏ မျက်လုံးများက ရိုင်းစိုင်း ခက်ထန် လုနီးပါး လက်နေသည်။ သူမက တံတွေး တစ်ချက် မြိုချသည်။

"ကျွန်တော်..."

"ရှင် ကျွန်မကို ကြည့်တဲ့ ပုံကို ကျွန်မ သိတယ်။ ကျွန်မတို့ ဆက်ပြောရင် ကောင်းဖို့ မရှိဘူး။ ရှင့်သားကို မစ္စက် တာမန်းနဲ့ ထားခဲ့တယ်"

"ဟုတ်ကဲ့ပါ"

သူမက ကျွန်တော့်လက်ကို ဆွဲကာ ရုံးခန်းဆီ လှေကား ကျဉ်းလေး ပေါ်မှ

တက်လာခဲ့ကြသည်။ ရုံးခန်းတံခါးကို သော့ခတ်ထားသည် မှ လွဲ၍ ဘာမှမရှိ။ ကျွန်တော်က ပြန်ဖို့ လှည့်ထွက်သည်။ အမှောင်ထဲမှာ သူ မ၏ ကောက်ကြောင်းက လွဲ၍ ဘာမှမမြင်ရ။ ကျွန်တော့် လက်ကို သူမ လက်ထဲမှ ရုန်းထွက် လိုက်တော့ သူ့ခမျာ တုန်ယင်နေလေသည်။ ထို့နောက် သူမကို လက်ဆွဲကာ ကြမ်းခင်းပေါ် နှစ်ယောက်သား ဒူးထောက် ကျသွားသည်။ ထို့နောက် အနမ်းမိုးများ ရွာသွန်း မိလေသည်။ အနွေးထည် အောက်မှ နှလုံးခုန်သံ တဒိတ်ဒိတ်ကို အုပ်မိုးမိသော လက်မှ ခံစားရသည်။ ဝါယာကြိုးများဆီ မသွားဖို့ ဘီလီကို ပြောနေသော စတက်ဖီကို တွေးမိသည်။ မင်္ဂလာဦးညက အညိုရောင် ဝတ်စုံကို ချွတ်လိုက်သောအခါ ပေါ်လာသည့် စတက်ဖီ့ တင်ပါးပေါ်မှ အညို အမည်းရာ အကြောင်း တွေးမိသည်။ အော်ရွန်နိုမြို့ရှိ မိန်းတက္ကသိုလ်ထဲ ကုန်တိုက် ကို ဖြတ်၍ စက်ဘီး နင်းလာသော စတက်ဖီ့အား ပထမဆုံးအကြိမ် မြင်ခဲ့ပုံကို တွေးမိသည်။ သူမက ကျွန်တော့်ကျောကုန်းပေါ် လက်သည်းများ ဖြင့် စိုက်ကာ ကျွန်တော့် နာမည် မဟုတ်သော တစ်စုံတစ်ယောက်၏ နာမည်ကို တသည်။ ကျွန်တော် စိတ် မကွက်မိချေ။

လှေကား အောက်သို့ ပြန်ဆင်းလာတော့ အရုဏ်ဦး ရောင်နီက ချဉ်းနင်းဝင်ရောက်လာသည်။ အပြင်ဘက်ရှိ နက်မှောင်မှုသည် တဖြည်းဖြည်း မီးခိုးရင့်ရောင် ဖြစ်လာကာ လင်းချင်းလာပြီး ရုပ်ရှင်ပိတ်သားပြင် လို ဖြူဆုတ်ဖျော့တော့နေသည်။ မိုက်ခ်ဟယ်လ်တန်က ဘယ်ကရှာတွေ့လာမှန်း မသိသော ခေါက်ကုလားထိုင် တစ်လုံးမှာ အိပ်ပျော်နေသည်။ ဒန်မီးလားက ခပ်လှမ်းလှမ်းရှိ ကြမ်းပြင်မှာ ထိုင်၍ သကြားမှုန့် ဖြူးထားသော ဒိုးနပ်မုန့် တစ်ခု စားနေသည်။ သူက "ထိုင်လေ မစ္စတာ ဒရေတန်" ဟု ဖိတ်ခေါ်သည်။

ကျွန်တော်က အမန်ဒါ့ကို ကြည့်လိုက်တော့ ပစ္စည်းတန်း၏ လမ်းတစ်ဝက်မှာ ပဲ ရှိသေးသည်။ သူမက ကျွန်တော့်ကို ပြန်မကြည့်ချေ။ အမှောင်ထဲက အချစ်ဇာတ်လမ်းမှာ ဆန်းပြားသော နေ့အလင်းရောင်ကြောင့် ပျောက်ကွယ်သွားသလားဟု ယုံကြည်ဖို့ ခက်ခဲ လှသည်။ ကျွန်တော်က ထိုင်ချလိုက်တော့ ဟယ်လ်တန်က

"ဒိုးနပ် စားပါဦး" ဟု မုန့်ပုံး လှမ်းပေးသည်။ ကျွန်တော်က ခေါင်းခါ ၍

"သကြားက သေမင်းပဲ။ စီးကရက်ထက် ပိုဆိုးတယ်" ဟု ပြောလိုက်သည်။ ကျွန်တော့်စကားကြောင့် သူက ခပ်ဟဟ ရယ်ကာ

"ဒီလိုဆိုလည်း နှစ်ခုစားဗျာ" ဟု ပြောသည်။

သူ့စကားကို ရယ်မိအောင် မနည်း ကြိုးစားနေရချိန်မှာ သူကတော့ ရယ်ဖြစ်အောင် ရယ်သဖြင့် သူ့ကို သဘောကျသွားသည်။ ကျွန်တော် မုန့်နှစ်ခု

စားဖြစ်သည်။ အရသာတော့ အတော် ကောင်းသည်။ ပုံမှန်အား ဖြင့် မနက်ပိုင်းမှာ စီးကရက် သောက်သည့် အကျင့် မရှိသော်လည်း လိုက်ရှာနေမိသည်။

"ကလေးဆီ ပြန်သွားလိုက်ဦးမယ်။ သူ နိုးနေလောက်ပြီ"

မီးလားက ခေါင်းညိတ်ကာ

"ဟို ပန်းရောင်ကောင်တွေ အကုန် မရှိတော့ဘူး။ နောက်ဆုံးအနေနဲ့ မနက်လေးနာရီလောက်က တစ်ကောင်တော့ လာတိုက်မိတယ်လို့ ဟန့်ခ်ဗန်နာမန်းက ပြောတယ်။ ကြည့်ရတာ အရိုင်းကောင်တွေက မှောင် တာကို ပိုအားသန်တယ် ထင်တယ်ဗျ" ဟု ပြောသည်။

"ဒီအကြောင်း ဘရန့်နော်တန်ကို ပြောလိုက်ရမှာ။ ဒါမှ မဟုတ် နော်မ့်ကိုပေါ့"

သူက ခေါင်းညိတ်သော်လည်း အတော်ကြာအောင် ဘာမှ ပြန်မပြောချေ။ သူက စီးကရက် တစ်လိပ် ထုတ်၍ မီးညှိကာ ကျွန်တော့်ဆီ လှမ်းကြည့်ပြီး

"ကျွန်တော်တို့ ဒီမှာပဲ နေလို့ မဖြစ်ဘူး ဒရေတန်" ဟုပြောသည်။

"ဒီမှာ စားစရာ သောက်စရာတွေ အများကြီး ရှိတာပဲကို"

"ဒါတွေ ရှိတော့ ဘာလုပ်လို့ရမှာလဲ။ ခင်ဗျားလည်း သိသားနဲ့။ ညရောက်လာတဲ့ အခါ ကြီးကြီးမားမား သားရဲတစ်ကောင်ကောင်များ ချိုးဖျက်ပြီး ဝင်လာရင် ကျွန်တော်တို့ ဘာလုပ်ကြမလဲ။ တံမြက်စည်းလက်ကိုင်နဲ့ မီးမွှေးတဲ့ အရည်ကိုပဲ အားကိုးရမှာလား"

သူ ပြောတာ လုံးဝ မှန်ပါသည်။ မြူကြောင့် ကျွန်တော်တို့ အား တစ်နည်းတစ်ဖုံ ကာကွယ်ထားသလို ဖြစ်ချင် ဖြစ်နေလိမ့်မည်။ မြူတွေ ပါးလာလျှင် အခြေအနေက တစ်မျိုးပြောင်းသွားနိုင်သည်။ သို့သော် အချိန် အကြာကြီးတော့ ခံလိမ့်မည်မဟုတ်။ အခုတောင် ရေအကြာကြီး ကူးထားသလိုမျိုး တစ်ကိုယ်လုံး နုံးချိနေသည်။ ဘယ်လိုအခြေအနေမျိုးနဲ့ ကြုံပါစေ၊ ဒီဆိုင်ထဲကနေ ဘယ်မှ ထွက်သွားမှာ မဟုတ်ဟု ဘယ်လောက်ပဲ တွေးထားထား၊ အခြေအနေက ရုတ်တရက် တမဟုတ်ချင်း ပြောင်းသွားနိုင်သည်။ အပြင်ထွက်ဖို့ တွေးကြည့်ရုံနှင့် အေးခဲမတတ် ချမ်းစိမ့်နေမှာ ကို အရင်စဉ်းစားမိသည်။ မီးလားက သည်အတွေးများ ကို ကျွန်တော့် မျက်နှာပေါ်မှ တဆင့် စောင့်ကြည့် နေပုံ ရသည်။

"ဟိုမြူတွေ ရောက်လာတဲ့ အချိန် ဒီဆိုင်ထဲမှာ လူ ရှစ်ဆယ်လောက် ရှိတယ်။ ကျောပိုးအိတ်နဲ့ ကောင်လေးရယ်၊ နော်တန်ရယ်၊ သူ့နောက်လိုက်သွားတဲ့

လူလေးယောက်ရယ်၊ စမောလေးဆိုတဲ့ လူရယ် နုတ်လိုက်၊ ခုနှစ်ဆယ့် သုံးယောက်ပဲ ကျန်တယ်"

ခွေးစာအိတ်များ အောက်သို့ ရောက်သွားရှာသော စစ်သားနှစ်ယောက်ကိုပါ ထည့်နုတ်လိုက်လျှင် ခုနှစ်ဆယ့် တစ်ယောက်သာ ရှိတော့သည်။ မီးလားက ဆက်ပြောသည်။

"နောက်ထပ် ပျောက်သွားနိုင်တဲ့ လူဆယ်ယောက်၊ ဆယ့်နှစ်ယောက်လောက် ထပ်နုတ်ကြည့်ဦး။ ဆယ်ယောက်ပဲထား။ ခြောက်ဆယ့်သုံးယောက်ပဲ ကျန်မယ်။ ဒါပေမဲ့ တစ်ခု ရှိတာက..."

သူက သကြားမှုန့် ကပ်နေသော လက်ညှိုး တစ်ချောင်း ထောင်ကာ

"အဲဒီ ခြောက်ဆယ့်သုံးယောက်ထဲမှာ လုံးဝ ထွက်သွားလို့ မရတဲ့ လူ နှစ်ဆယ်လောက် ရှိတယ်။ သူတို့ ကို အော်ဟစ် ကန်ကျောက်ပြီး ဆွဲခေါ် မှရမှာ " ဟု ပြောသည်။

"ဘာအတွက်လဲ"

"အပြင်ထွက်ဖို့ အတွက်ပေါ့။ ကျွန်တော်က နေ့လည်လောက် သွားဖြစ်မယ် ထင်တယ်။ ခေါ်နိုင်သလောက်တော့ ခေါ်သွားမယ်။ ခင်ဗျားကိုလည်း သဘောကျလို့။ ခင်ဗျားရဲ့ သားနဲ့ အတူ လိုက်ခဲ့ပေါ့"

"နော်တန်တို့ ဖြစ်သွားတာကို သိနေတာပဲဟာ"

"နော်တန်က ကျားပါးစပ်ထဲ သူ့ဘာသာ ဝင်သွားတဲ့ သမင်လိုပဲ။ ကျွန်တော်နဲ့ လိုက်တဲ့ သူတွေကိုတော့ အဲဒီလို မဖြစ်စေချင်ဘူးလေ"

"ခင်ဗျားက ဘယ်လို တားမှာ မို့လို့ လဲ။ ကျွန်တော်တို့ မှာ သေနတ်က တစ်လက်ပဲ ရှိတာ"

"အဲဒါ ကံကောင်းတာပေါ့။ လမ်းဆုံအထိ ရောက်အောင် သွားနိုင်ရင် မိန်းလမ်းထဲက အားကစားပစ္စည်း ဆိုင်ထဲ ဝင်လို့ ရလောက်တယ်။ အဲဒီ မှာ သေနတ်တွေ ရှိတယ်ဗျ"

"ခင်ဗျား ပြောတဲ့ အထဲမှာ လုပ်နိုင်ရင် ဆိုတာက တစ်ခါပဲ ပါတယ်။ ရလောက်တယ်၊ ဖြစ်လောက်တယ် ဆိုတာတွေကများ နေတယ်"

"အခုက မရေမရာ အခြေအနေလေ ဒရေတန်ရဲ့ "

သူကတော့ ဒီလိုပဲ ပြောမှာပေါ့။ စောင့်ရှောက်ရမယ့် သားသမီးမှ မရှိဘဲ။

"ဒီအကြောင်းကို ခင်ဗျား ပြောကြည့်ပေါ့ ဟုတ်ပြီလား။ ကျွန်တော် ညက ကောင်းကောင်း မအိပ်လိုက်ရဘူး။ ဒါပေမဲ့ ခင်ဗျား ပြောတာတွေ ကို စဉ်းစားကြည့်မယ်။ သူတို့ ကို ပြောဦးမှာ မဟုတ်လား"

"ဒါပေ့ါ"

သူက မတ်တတ် ထရပ်ကာ အကြောဆန့်သည်။

"ပြတင်းပေါက်ဘက်နား လမ်းလျှောက်ရင်း ပြောကြရအောင်"

ပေါင်မုန့်ထုပ်များ နှင့် အနီးဆုံးရှိ ငွေရှင်း ကောင်တာကို ဖြတ်ပြီး ဂယ်ပေါက် တစ်ခုနားသို့ သွားကြသည်။ ထိုနေရာတွင် စောင့်ကြည့်နေသူ က

"ပိုးကောင်တွေ မရှိတော့ဘူးဗျ" ဟု ပြောသည်။ မီးလားက ထိုသူ့ကျောကို ပုတ်၍

"ကော်ဖီလေး ဘာလေး သွားသောက်လိုက်ပါဦး ကိုယ့်လူ။ ကျွန်တော် ကြည့်ထားပေးပါ့မယ်" ဟု ပြောသည်။

"ကောင်းပါပြီဗျာ။ ကျေးဇူးတင်ပါတယ်"

သူ ထွက်သွားတော့ ကျွန်တော်နှင့် မီးလားက ဂယ်ပေါက်နားသို့ တက်ကြည့်ကြသည်။ မီးလားက

"ကဲ ခင်ဗျား ဘာတွေ့ရလဲ ပြော" ဟု မေးသည်။

ကျွန်တော် ကြည့်လိုက်တော့ ညကတည်းက လဲနေပုံ ရသည့် စည်ပိုင်းကို တွေ့ရသည်။ ငှက်လို သတ္တဝါ တစ်ကောင်ကောင်၏ လက်ချက် ဖြစ်နိုင်သည်။ အမှိုက်ပုံး တစ်လုံး လဲကျနေသဖြင့် စက္ကူခွက်များ၊ သံ ဘူးခွံများ၊ စက္ကူစများ တစ်လမ်းလုံး ပွထနေသည်။ ထိုအရာများ ၏ နောက်ကွယ်မှာတော့ အဖြူရောင် မြူထုထဲ နစ်ဝင်နေသော ရပ်နားထားသည့် ကားတန်းရှိသည်။ ၎င်းမှာ ဆိုင်နှင့် အနီးဆုံး။ ကျွန်တော်က မြင်ရသမျှကို ပြောပြတော့ မီးလားက

"အဲဒီ အပြာရောင် ရှက်ဗီကားက ကျွန်တော့်ဟာ" ဟု ပြောရင်း မြူ ထဲမှ တစ်စွန်းတစ်စ ထွက်နေသည့် ပြာလဲ့လဲ့ အရာဝတ္ထု တစ်ခုကို လက်ညှိုးထိုးပြသည်။

"မနေ့က ခင်ဗျား ဒီကို ရောက်လာတော့ ကားတွေ အတော် ကျပ်နေတယ်လေ။ မှတ်မိလား"

ကျွန်တော်၏ ကားဆီ တစ်ချက် ပြန်ကြည့်လိုက်မိသည်။ တစ်စုံတစ်ယောက်၏ ကား ထွက်သွားသဖြင့် ဆိုင်နှင့် နီးသော တစ်နေရာမှာ ကျွန်တော့်ကား နေရာရခဲ့သည်ပဲ။ ကျွန်တော် ခေါင်းညိတ် ပြလိုက်သည်။

"အခု တခြားအချက်တွေပါ ထည့်တွက်မှ ဖြစ်မယ် ဒရေတန်။ နော်တန်နဲ့ သူ့လူလေးယောက်က...၊ အဲ သူတို့ကို ခင်ဗျား ဘယ်လို ခေါ်တာပါလိမ့်"

"ကမ္ဘာပြား အဖွဲ့သားတွေလို့ ခေါ်တာ"

"ဟုတ်တယ်။ အဲဒီလို ခေါ်တာ ကောင်းတယ်။ သူတို့ ထွက်သွားတယ် ဟုတ်ပြီနော်။ အဝတ်ကြိုးတန်း ကုန်ခါနီးလောက်ထိ သွားကြတာ။ အဲဒီ နောက်ပိုင်း ဆင်လိုလို ဘာလိုလို ဟိန်းတဲ့ အော်သံကြီးကို ကြားရတယ်။ ဟုတ်တယ်နော်"

"ဆင်အော်သံနဲ့ မတူပါဘူး။ တူတာက..."

မီးလားကို စိတ်ထဲမှာ ပေါ်လာသည့် အတိုင်း ကျွန်တော် ပြောမပြချင်ပါ။ အိုလီဆိုလျှင်တောင် ပြောဖြစ်မည် ထင်သည်။ အပေါက်စောင့်သည့် လူကို ကော်ဖီ သွားသောက်ဖို့ ကျောပုတ်၍ ပြောပုံကိုက အားကစားပွဲမှ နည်းပြက ကစားသမားကို ဆက်ဆံသည့်ပုံမျိုး။ ကျွန်တော်က

"ဘာနဲ့ တူလည်း မသိပါဘူး" ဟု စကားကို လျှော့ချလိုက်သည်။

"အကောင်တော့ ကြီးမယ့် ပုံပဲ"

"ဟုတ်တယ်"

ထို အော်မြည်သံကြီး၏ အတိမ်အနက်ကို ခန့်မှန်း ကြည့်ခြင်းအားဖြင့် အလုံးအထည် အတော် ကြီးမားမှာ တော့ သေချာသည်။

"ဒါဆို ဒီနားတစ်ဝိုက်က ကားတွေကို ထုနှက်ခံရတဲ့ အသံတွေ၊ သတ္တုမျက်နှာပြင်ကို ကုတ်ခြစ်တဲ့ အသံတွေ၊ မှန်ကွဲ သံတွေကိုကျ ဘာလို့ မကြားရတာလဲ"

"အင်း...၊ ဒါတော့ ကျွန်တော်လည်း မသိဘူး"

သူ လိုချင်သည့် အကွက်ထဲ ကျွန်တော် ရောက်သွားသည်။ မီးလားက "အဲဒီက လူတွေ ဘာလို့ ဒီကို ရောက်မလာကြတာလဲ။ ဆယ့်ရှစ်နာရီတောင် ကြာပြီးပြီပဲ။ ဗိုက်မဆာကြဘူးလား။ ဆေးတွေတော့ စားမပစ် ကြလောက်ပါဘူးနော်" ဟုမေးသည်။

"စားစရာ ရှိလို့ ဖြစ်မှာပေါ့။ ခတ်စာတွေ ရောင်းနေတာပဲ။ တစ်ခါတလေ တိရစ္ဆာန်စာတွေတောင် ရှိသေးတာပဲ။ ဘီစကစ်လို မုန့်တွေလည်း ရှိတယ်လေ။ သကြားလုံးထုပ်တွေလည်း ရှိလိမ့်မယ်"

"ကျွန်တော်တော့ မထင်ပါဘူး"

"မင်း ဘာကို ပြောချင်တာလဲ"

"ဘာပြောချင်တာလဲဆိုတော့ ဒီကနေ ထွက်ချင်တယ်။ ဒါပေမဲ့ ဟိုသတ္တဝါတွေရဲ့ အစာတော့ မဖြစ်ချင်ဘူး။ ကျွန်တော်တို့ ဆီက လေးငါးယောက်လောက် ဟိုဘက်ခြမ်းက ဆေးဆိုင်ဆီ သွားပြီး အခြေအနေကို လေ့လာကြည့်မလို့ "

"ဒါတင်ပဲလား"

"ဟင့်အင်း။ တစ်ခု ရှိသေးတယ်"

"ဘာလဲ"

မီးလားက ပစ္စည်းတန်းတစ်ခု၏ အလယ်ဆီသို့ လက်မနှင့် ထိုးပြသည်။

"သူ့ကြောင့်လည်း ပါတယ်။ အဲဒီ စုန်းမကြီး၊ အရူးမကြီးကြောင့် "

သူ လက်မနှင့် ညွှန်ပြသူမှာ မစ္စက် ကာမိုဒီ ဖြစ်သည်။ သူမသည် အခုတော့ တစ်ယောက်တည်း မဟုတ်တော့ဘဲ တခြားမိန်းမ နှစ်ယောက်နှင့် ပေါင်းနေလေသည်။ ထိုမိန်းမနှစ်ယောက်၏ တောက်ပသော အဝတ်အစားများကို ကြည့်ခြင်းဖြင့် နွေရာသီမှာ လာရောက်လည်ပတ်သူများ သို့မဟုတ် တိုးရစ်များ ဖြစ်နိုင်သည်။ ကြည့်ရတာ မိသားစုကို ထားရစ်ကာ မြို့ထဲသို့ လိုအပ်သည်များ လာဝယ်ကြဟန်တူသည်။ အခုတော့ လင်တကွဲ၊ သားတကွဲ ဖြစ်ကုန်ကြပြီ။ ရေနစ်သူမှာ ကောက်ရိုး တစ်မျှင် ကိုလည်း မျှော်လင့်ချက်နှင့် ဆုပ်ကိုင်သကဲ့သို့ သူတို့၏ နာကျင် ဝမ်းနည်းမှုများ အတွက် မစ္စက် ကာမိုဒီ၏ အပြောများ အောက်မှာ နှစ်သိမ့်မှု ရှာယူကြဟန် တူသည်။ မစ္စက် ကာမိုဒီက ခြေဟန် လက်ဟန်နှင့် မာန်ပါပါ ပြောနေသည် ကို ထိုမိန်းမနှစ်ယောက်က တစ်လုံးမကျန် နာယူနေကြသည်။

"ကျွန်တော် ထွက်သွားချင်တဲ့ အကြောင်းပြချက် တစ်ခုက သူ့ကြောင့်ပဲ။ ဒီည သူ့အနားမှာ ထိုင်တဲ့ သူ ခြောက်ယောက် ဖြစ်လာလိမ့်မယ်။ ပန်းရောင် သတ္တဝါတွေ ညဘက် ထပ်ရောက် လာလို့ ရှိရင် နောက်နေ့ မနက် ကျ သူ့အနားမှာ တစ်ပြုံကြီး စုနေတော့မှာ။ အဲဒီအခါကျရင် အခြေအနေတွေ ကောင်းလာဖို့ ဘယ်သူ့ကို ဘယ်ဝါ့ကို စတေးရမဟဲ့ဆိုပြီး ပြောလာတော့မှာ။ အဲဒီလူက

ကျွန်တော်လည်း ဖြစ်ချင်ဖြစ်မယ်။ ခင်ဗျားလည်း ဖြစ်ချင် ဖြစ်မယ်။ ဟယ်လ်တန်ဆိုတဲ့ ကောင်လည်း ဖြစ်ချင် ဖြစ်မယ်။ ခင်ဗျားသားတောင် ဖြစ်ချင် ဖြစ်သွားနိုင်တယ်"

"ဒါ စဉ်းစားဉာဏ် မရှိရာ ကျတာပဲ"

ဒီလို အခြေအနေမျိုး ဖြစ်လာတော့မှာလား။ ဒီလောက်အထိ ဖြစ်စရာ မလိုပါဘူးဟု တွေးရင်း ကျောထဲမှ စိမ့်ခနဲ ဖြစ်သွားသည်။ မစ္စက် ကာမိုဒီ၏ ပါးစပ်က တရွရွ လှုပ်ရှားလျက်။ တိုးရစ်မိန်းမနှစ်ယောက်၏ မျက်လုံးများက သူမ၏ နှုတ်ခမ်းနှစ်လွှာကို မမှိတ်မသုန် စိုက်ကြည့်နေကြသည်။ အသိတရား မဲ့လိုက်ပုံများ။ ဖုန်တက်နေသော အစာသွပ်တိရစ္ဆာန်ရုပ်များကို ကျွန်တော် မြင်ယောင်မိသည်။ မစ္စက် ကာမိုဒီမှာ လွှမ်းမိုးနိုင်သော အစွမ်းရှိသည်။ ခေါင်းမာ၍ အလွယ်တကူ မယုံတတ်သော စတက်ဖီတောင် သည်မိန်းမကြီး၏ နာမည်ကို ကြားသည် နှင့် စိတ်မသက်မသာ ဖြစ်တတ်သည်။ မီးလားကတော့ မစ္စက် ကာမို ဒီကို ရူးနေသော စုန်းမကြီးဟု ခေါ်သည်။

"ဒီဆိုင်ထဲက လူတွေက ကျီးလန့်စာစား နေနေရတာ။ လက်ရှိ ကြုံနေရတဲ့ အဖြစ်ကြီးက ကြောက်ဖို့ ကောင်းလွန်းလို့ အိပ်မက်လား တကယ်လား ပြန်စဉ်းစားနေရတယ်။ ကျွန်တော်ဆိုလည်း ခေါင်းထဲမှာ ပိုး ကောင်တွေ၊ အသားစား ဒိုင်နိုဆောရက်လို သတ္တဝါတွေ၊ ရေဘဝဲ လက်တံကြီးတွေ အကြောင်း စဉ်းစားရတာ ရှုပ်ယှက်ခတ်နေပြီ။ ဒါတွေ အမြန်ဆုံး ပြီးသွားရင် ကောင်းမှာပဲ။ တစ်ခါတလေ လက်မောင်းထဲ သိုရာဇင်းသာ ထိုးပစ်လိုက်ချင်တယ်"

သိုရာဇင်းဟူသည် မှာ စိတ်ရောဂါ ဝေဒနာ ကုသရာတွင် သုံးသော ဆေးတစ်မျိုး ဖြစ်သည်။ မီးလား၏ မျက်နှာငယ်လေးမှာ သွေးဆုတ် ဖြူရော်နေသည်။ သူက မစ္စက် ကာမိုဒီကို လှမ်းကြည့်သည်။ ထို့နောက် ကျွန်တော့်ဘက် ပြန်လှည့်ကာ

"ကျွန်တော် ပြောသလို ဖြစ်လာနိုင်တယ်ဗျ။ လူတွေ ပိုပြီး အသိစိတ် ကင်းမဲ့လာတာနဲ့ သူ့ဘက် ပါသွားတော့မှာ။ အဲဒီလို ဖြစ်လာရင် ကျွန်တော် ရှိမနေချင်ဘူး" ဟု ပြောသည်။

မစ္စက် ကာမိုဒီ၏ နှုတ်ခမ်းများက လှုပ်လှုပ်ရွရွ။ သူမ၏ လျှာကြီးက ရွဲ့စောင်းနေသော သွားများ နားမှာ ကခုန်နေသည်။ သူမ၏ ယခု အသွင်က စုန်းမအိုကြီးနှင့် တူမနေသော်လည်း ဦးထုပ်ချွန်ကြီး ဆောင်းလိုက် လျှင်တော့ လုံးဝ တူသွားနိုင်သည်။ ထိုမိန်းမနှစ်ယောက်ကို ဘာတွေပြောနေသနည်း။ မြွေခေါင်းပရောဂျက် အကြောင်းလော။ မဟူရာနွေ ဦး အကြောင်းလော။ လူသားဖြင့် စတေးမည့် အကြောင်းလော။ ပေါက်ကရတွေ။

"ကဲ ခင်ဗျား ဘာပြောမလဲ"

"ကျွန်တော် စဉ်းစားလိုက်ဦးမယ်။ ဆေးဆိုင်ဆီ သွားဖို့ ကြိုးစားမှာပါ။ ခင်ဗျားရယ်၊ ကျွန်တော်ရယ်၊ အိုလီလိုက်ချင်ရင် သူရယ်၊ နောက်တစ်ယောက် နှစ်ယောက်လောက်ပေါ့။ အဲဒီနောက်မှ ဒီကိစ္စ ထပ်ပြောကြ တာပေါ့"

ကျွန်တော် ထွက်သွားပြီးနောက် အကယ်၍ သေသွားခဲ့သော် ဘီလီခမျာ ကူကယ်ရာ မဲ့ပေလိမ့်မည်။ သို့သော် သူ့အနားမှာ ငုတ်တုတ်ထိုင်ပြီး နေ့သေမလား၊ ညသေမလား ပူပန်၍ လည်း စိုးရိမ်သောက ရောက်မနေ ချင်ပေ။ ဆေးဆိုင်သို့ ပေနှစ်ဆယ်သာ ကွာဝေးသည်တဲ့။ သိပ်တော့ မဆိုးပါဘူးဟု ထင်သည်။ မီးလားက

"ဘယ်တော့ ပြန်ပြောမလဲ" ဟု မေးသည်။

"တစ်နာရီလောက်ပဲ အချိန်ပေးပါဗျာ"

"အင်း ပေးရမှာ ပေါ့"

WPS

အခန်း (၉)
ဆေးဆိုင်သို့ ချီတက်ကြရာဝယ်

ကျွန်တော်က မစ္စက် တာမန်း၊ အမန်ဒါနှင့် ဘီလီတို့ ကို ပြောပြသည်။ ဘီလီက ဒီမနက် ပိုအဆင်ပြေနေပုံ ရသည်။ မနက်စာအဖြစ် ဒိုးနပ်မုန့် နှစ်ခုနှင့် ကော့ကာ တစ်ပန်းကန် သောက်ထားသည်တဲ့။ သားအဖနှစ် ယောက် ပစ္စည်းတန်းများကြား လမ်းလျှောက်ကြတော့ ဘီလီက အနည်းငယ် ခိုးခိုးခစ်ခစ်ပင် ရယ်လိုက်သေးသည်။ ကလေးများသည် သူတို့ကို ထားသလို အလိုက်သင့် နေတတ်ကြပေသည်။ ညတုန်းက ငိုထားသဖြင့် သူ့မျက်လုံးလေးများ ဖောင်းအစ်နေပြီး ဖြူဖျော့နေသည်။ သူ့မျက်နှာလေးမှာ စိတ်ထိခိုက်ရသဖြင့် သက်ကြီးရွယ်အို တစ်ယောက်၏ မျက်နှာကဲ့သို့ နေ့ချင်း ညချင်း ပြောင်းလဲ သွားသယောင် ဖြစ်နေ သော်လည်း အခုထိတော့ အသက်ရှင်နေသေးသလို ရယ်မောနိုင် သေးသည် ကိုပဲ ဖြေသိမ့်ရတော့သည်။ အနည်းဆုံး သူ ရောက်နေသော နေရာနှင့် ကြုံနေရသည့် အဖြစ်အပျက်များကို မှတ်မိနေသေးသည်။ ခဏလောက် ပြေးပြေးလွှားလွှား လုပ်လိုက် ကြပြီးသော် အမန်ဒါ၊ မစ္စက် တာမန်းတို့ နှင့် အတူ ထိုင်၍ စက္ကူခွက်များ နှင့် ထည့်ထားသော အားဖြည့် အချိုရည် သောက်ကြသည်။ ကျွန်တော်က ဆေးဆိုင်သို့ လူတချို့ နှင့် အတူ သွားမည့် အကြောင်း သူတို့ ကို ပြောပြလိုက်သည်။ ဘီလီမျက် နှာက ချက်ချင်းလိုလို ပြုံတော့မည့် မိုးလို အုံ့မှိုင်းလာကာ

"ဖေဖေ့ကို မသွားစေချင်ဘူး" ဟု ပြောသည်။

"အဆင်ပြေသွားမှာ ပါ သားရဲ့။ ပင့်ကူလူသား ရုပ်ပြစာအုပ် သားအတွက် ဖေဖေ ယူလာခဲ့မယ်လေ"

"ဖေဖေ့ကို ဒီမှာ ပဲ နေစေချင်တယ်"

သူ့မျက်နှာက ပြုံတော့မည့် မိုးလို မဟုတ်တော့၊ ပစ်ချတော့မည့် မိုးကြိုးလို ခြိမ်းနေတော့သည်။ ကျွန်တော်က သူ့လက်ကို ဆွဲကိုင်လိုက်တော့ သူက လက်ပြန်ရုတ်သွားသည်။ ကျွန်တော်က ထပ်ဆွဲပြန်သည်။

"ဒီထဲကနေ အနေးနဲ့ အမြန် ထွက်မှ ဖြစ်မှာသားရဲ့။ သား သိပါတယ်နော်။ ဟုတ်တယ်မလား"

"မြူတွေ ရှင်းသွားမှ ထွက်မယ်လေ..."

သူ့စကားကို သူ့ဘာသာ ယုံကြည်ပုံ မရ။ သူက အချိုရည်ကို မနှစ်သက်ပုံမျိုး ဖြည်းဖြည်းချင်း ဆွဲသောက်သည်။

"ဒီရောက်နေတာ ရက်နဲ့ ချီနေပြီလေ သားရယ်"

"မေမေ့ဆီ ပြန်ချင်တယ်"

"အင်းလေ၊ အခုဟာကလည်း မေမေ့ဆီ ပြန်နိုင်ဖို့ ပထမခြေလှမ်း ဖြစ်ချင်ဖြစ်မှာပေါ့"

မစ္စက် တာမန်းက

"ကလေးကို မျှော်လင့်ချက်တွေ တအား မပေးပါနဲ့ ဒေးဗစ်ရယ်" ဟု ပြောသည်။ ကျွန်တော်က

"ဘာလဲဗျ။ ကလေးဆိုတာ တစ်ခုခု ဖြစ်လာဖို့ မျှော်ကို မျှော်နေရမှာ သိလား"

ဟု ပြန်ဟောက် ထည့်လိုက်ရာ မစ္စက် တာမန်းက မျက်လွှာချလိုက်ရင်း

"ဟုတ်ပါတယ်။ သူလည်း မျှော်လင့်နေပုံပါပဲ" ဟု ပြောသည်။

ဘီလီက ဘာပြောမှန်း နားလည်ပုံ မရပေ။

"အပြင်မှာ အကောင်တွေ ရှိတယ် ဖေဖေရဲ့ "

"အင်း။ ဖေဖေတို့ သိပြီးသားပါ။ အကုန်လုံး စောင့်နေတာကြတော့ မဟုတ်ဘူး။ ကြည့်ရတာ ညကျမှ ထွက်လာ ကြမှာနဲ့ တူရဲ့ "

ဘီလီက ကျွန်တော့်ကို မျက်လုံး ဝိုင်းကြီးများ ဖြင့် တည့်တည့်ကြည့်ကာ

"သူတို့ က မြူထဲကနေ စောင့်နေတာ။ အထဲကို ပြန်ဝင်လို့ မရတာနဲ့ ဖေဖေတို့ ကို လာစားကြမှာ။ ဟိုလေ နတ်သမီးပုံပြင်တွေထဲကလိုမျိုး"

ဟု ပြောကာ ကျွန်တော့်အား လွတ်ထွက်သွားမှာ စိုးသည့် ဖြင့် တင်းကျပ်စွာ ဖက်ထားသည်။

"မသွားပါနဲ့ လား ဖေဖေရယ်"

ကျွန်တော်က သွားမှ ဖြစ်မှာ ဟု ပြောကာ သူ့လက်ကို တတ်နိုင်သမျှ ညင်သာအောင် ခွာချသည်။

"ဖေဖေ ပြန်လာမှာ ပါ သားရဲ့ "

“ပြီးရော”

ဘီလီက ခြောက်ကပ်ကပ် ပြန်ပြောသော်လည်း ကျွန်တော့်ကို ကြည့်မနေပါ။ ကျွန်တော် ပြန်လာမည် ဆိုသည် ကို သူကမယုံ။ သူ့မျက်နှာ ပေါ်က မိုးကြိုး ရိပ်မှောင်များ မရှိကြတော့ဘဲ ပူပင်သောကရိပ်များ အ စားဝင်လာသည်။ စွန့်စားလွန်းရာ ကျသည့်သည် လုပ်ရပ်အတွက် ကျွန်တော် မှန်ရော မှန်ရဲ့ လားဟု သိချင်စိတ် ပြင်းပြလာသည်။

ပစ္စည်းတန်း အလယ်နားသို့ တစ်ချက် ကြည့်လိုက်မိတော့ ထိုနေရာမှာ နေနေသော မစ္စက် ကာမိုဒီကို မြင်ရသည်။ နားထောင်သူများထဲ၌ ပါးမှာ အမွေးအမှင်များ နှင့် အမျိုးသား တစ်ယောက်က တတိယအဖွဲ့ဝင် ဖြစ်နေတာကို မြင်ရသည်။ ထိုသူ့မျက်လုံးများက နီရဲမို့အစ်ကာ နားထင် နားရင်းများ ချောင်ကျနေသည့် အပြင် လက်များ လည်း တဆတ်ဆတ် တုန်ယင်နေခြင်းက အရက်နာ ကျနေခြင်း ဖြစ်ကြောင်း သက်သေပြနေကြသည်။ ထိုသူကား လူကြီးများ အပြင်ထွက်၍ လုပ်ရမည့် အလုပ်ကို ချာတိတ်အား စေလွှတ်မိ၍ စိတ်မလုံမလဲ ဖြစ်နေသော မိုင်ရွှန်ပင် ဖြစ်သည်။ သူ၏ ကိုးကွယ်ရာက ရှူးနေသော ထိုစုန်းမအိုကြီး ဖြစ်သွားချေပြီ။

ကျွန်တော်က ဘီလီကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်၍ နမ်းလိုက်သည်။ ထို့နောက် ဆိုင်ရှေ့နားဆီ လျှောက်သွားသည်။ မစ္စက် ကာမိုဒီ၏ မျက်လုံးများ အောက်မှ မဖြတ်ချင်၍ တခြား ပစ္စည်းဘက်မှ သွားသည်။ လမ်းတစ်ဝက်လောက် ရောက်တော့ အမန်ဒါက ကျွန်တော့်နောက် လိုက်လာကာ

"တကယ် လုပ်ကြ မှာ လားဟင်" ဟု မေးသည်။

"အင်း။ အဲဒီလုပ်မှ ဖြစ်မယ် ထင်တာပဲ"

"ကျွန်မ ပြောတဲ့ လေသံက ဆရာကြီး လုပ်သလို ဖြစ်သွားရင် ခွင့်လွှတ်ပါနော်"

သူမ ပါးပြင်တွင် ရဲတွတ်နေသည့် အစက်အပြောက်လေးများ ရှိသည်။ မျက်လုံးများက အရင်ကထက် ပိုစိမ်းမြနေသယောင်။ ကျွန်တော် က သူမလက်ကို ဆွဲကာ မီးလားနှင့် ဆွေးနွေးခဲ့သည် တို့ကို ပြန်ပြောပြရသည်။ ပဟေဠိဆန်သော မော်တော်ကားများ၊ ဆေးဆိုင်မှ လူတစ်ယောက်မှ လာမဆက်သွယ်သည့် ကိစ္စ စသည် များကို ရှင်းပြသော်လည်း သူမကမလှုပ်။ မစ္စက် ကာမိုဒီ အကြောင်းရောက်တော့ သူမက လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

"သူ ပြောတာ မှန်လောက်တယ်ရှင့်"

"မင်း ယုံလို့ လား"

"မသိဘူး။ ဒါပေမဲ့ အဲဒီမိန်းမကြီးအကြောင်း ကြားရတာ သိပ်မကောင်းဘူး။ အန္တရာယ်ရှိသလိုပဲ။ လူတွေ ကြောက်လန့်ပြီး စိုးရိမ်သောက ရောက်လာတာ ကြာလာရင် သူ့စကားတွေ နားယောင် လာလိမ့်မယ်"

"လူကို စတေးရမယ်ဆိုတာကိုရော မင်း ယုံလို့ လား အမန်ဒါ"

"အက်ဇ်တက်လူမျိုးတွေ လုပ်ခဲ့ကြတာပဲလေ။ ဒီမယ် ဒေးဗစ်။ ရှင် ပြန်လာရမယ်။ ဘာပဲဖြစ်ဖြစ်...၊ ဘယ်လိုအကြောင်းပဲရှိရှိ ထားပစ်ခဲ့ပြီး ရှင် ပြန်ပြေးလာခဲ့ရမယ်နော်။ ကျွန်မအတွက် ပြောတာ မဟုတ်ဘူး။ မနေ့ က ညဟာ နောက်ဆုံးညပဲ။ ရှင့်သားလေးအတွက် ရှင် ပြန်လာပါ"

"အင်းပါ။ ပြန်လာမှာ ပါ"

"ဘာတွေ ဖြစ်လာဦးမလဲ ကျွန်မ အရမ်း သိချင်တာပဲ"

သူမအသွင်က ဘီလီလိုပင် အိုစာသွားသည်။ ကျန်လူများကလည်း ဒီလိုပုံစံနှင့် ကြည့်နေကြသလိုပင်။ မစ္စက် ကာမိုဒီတော့ မပါ။ သူမက တစ်နည်းနည်းဖြင့် ပို၍ပင် နုပျိုလာကာ ရွှင်လန်း တက်ကြွ နေသယောင် ယောင်။ သို့မဟုတ် အသစ်တဖန် ပြန်လည်မွေးဖွားလာသလိုလို။

မနက် ကိုးနာရီခွဲတွင် ကျွန်တော်နှင့် အိုလီ၊ ဒန်မီးလား၊ မိုက်ခ်ဟယ်လ်တန်၊ ဘဒ်ဒီအီဂဲလ်တန်၊ အရက်နာကျဆဲ ဖြစ်သော်လည်း ပြေလည်ရာ ပြေလည်ကြောင်း နည်းလမ်းရှာရန် ဆုံးဖြတ်လိုက်ပုံ ရသော ဂျင်မ် အပါအဝင် ခုနှစ်ယောက်မြောက် အနေဖြင့် မစ္စက် ရပ်ပလာပါ ပါလာသည်။ မီးလားနှင့် ဟယ်လ်တန်က သူမ ပါလာသည်ကို စိတ် မပါ့တပါနှင့် လက်ခံလိုက်သည်။ သူမက လက်တစ်ဖက်တွင် အလံနက် တံဆိပ် စပ ရေးဘူးများ၊ ပိုးသတ်ဆေးဘူးများကို အဆင်သင့် အသုံးပြုလို့ရအောင် ပလတ်စတစ် အပတ်များကို ခွာပြီး အသေးစား ဈေးဝယ်ခြင်းတစ်ခုထဲ ထည့်၍ သယ်လာသည်။ အခြား လက်တစ်ဖက်၌ စင်နံ့ပါတ် ၂ ရှိ အား ကစားပစ္စည်းများ ထဲက ယူလာသော တန်းနစ်ရိုက်တံ တစ်ချောင်း ကိုင်ထားသည်။ ဂျင်မ်က

“ခင်ဗျား အဲဒါတွေနဲ့ ဘာလုပ်မလို့လဲ မစ္စက် ရပ်ပလာ" ဟု မေးသည်။ သူမက လေးတွဲ့သော လေသံဖြင့်

"မသိတော့ပါဘူး။ ဒါပေမဲ့ ဒါတွေကို လက်ထဲမှာ ကိုင်ထားမှ နေလို့ ထိုင်လို့

ကောင်းတယ်" ဟု ပြောကာ သူ့အား စေ့စေ့ကြည့်လိုက်သည်။ သူမက အေးတိအေးစက် ကြည့်နေရာမှ

"မင်းက ဂျင်မ်ဂရှန်ဒင်း မဟုတ်လား။ ကျောင်းမှာ တွေ့ဖူးသလိုပဲ" ဟု မေးသည်။ ဂျင်မ်က နှုတ်ခမ်းကို လေဖြတ်သလို တစ်ခြမ်း ရွဲ့လိုက်ကာ

"ဟုတ်ပါတယ်။ ကျွန်တော်နဲ့ ကျွန်တော့်ညီမ ပေါ်လင်းနဲ့ " ဟု ပြောသည်။

"မနေ့ညက အရက်တွေ မူးနေလိုက်ပုံများ ..."

"အာ...၊ အဲဒါကလေ..."

သူမထက် အရပ်ပိုရှည်ကာ ပေါင်တစ်ရာလောက် ပိုလေးပုံရသည့်ဂျင်မ်မှာ သူ့ဂျင်းဘောင်းဘီထဲ ပုဝင်သွားသလို ဖြစ်နေသည်။ သူမက ဂျင်မ့်ကို စကားစဖြတ်ကာ ကျွန်တော်တို့ ဘက်လှည့်၍

"ငါတို့ သွားဖို့ အဆင်သင့်ပဲ မဟုတ်လား" ဟု မေးသည်။

ကျွန်တော်တို့လည်း လက်နက်အဖြစ် ရရာ ကိရိယာ တန်ဆာပလာ တို့ကို ယူထား လိုက်ကြသည်။ အိုလီမှာ အမန်ဒါ၏ သေနတ် ရှိသည်။ ဘဒ်ဒီအီဂဲလ်တန်က တစ်နေရာရာမှ ရှာတွေ့လာပုံရသည့် သံမဏိတူရွင်းချောင်း တစ်ခု ရထားသည်။ ကျွန်တော်ကတော့ တံမြက်စည်းတံသာ ရှိသည်။ ဒန်မီးလားက လေသံကို အနည်းငယ် မြှင့်ကာ

"ဟုတ်ပြီ။ ခဏလောက် နားထောင်ပေးကြပါဦး" ဟု ပြောသည်။

လူအများက ဆိုင်တံခါးဝနားမှ ကျွန်တော်တို့ အဖြစ်ကို လာကြည့်ကြသည်။ လူများမှာ အကွဲကွဲ အပြားပြား ဖြစ်နေသည်။ ညာဘက်ခြမ်းတွင် မစ္စက် ကာမိုဒီက မိတ်ဆွေသစ်များ နှင့်အတူ မတ်တတ် ရပ်ကြည့် နေသည်။

"ကျွန်တော်တို့ ဟာ ဟိုဘက်ခြမ်းက ဆေးဆိုင်ရဲ့ အခြေအနေကို သွားကြည့်ကြမှာ ဖြစ်ပါတယ်။ မစ္စက် ခလပ်ဟန်းကို ဆေးကုဖို့ တစ်ခုခု ရလာမယ်လို့ လည်း မျှော်လင့်မိပါတယ်"

မစ္စက် ခလပ်ဟန်းသည် ပိုးကောင်များ ဝင်လာသည့် ယမန်နေ့ညက ချော်လဲသွားသော မိန်းမကြီး ဖြစ်သည်။ သူမခမျာ ခြေတစ်ဖက်ကျိုးကာ နာကျင်မှုကို အပြင်းအထန် ခံစားနေရရှာသည်။ မီးလားက ကျွန် တော်တို့ကို ကြည့်ကာ

"ကျွန်တော်တို့ အခွင့်အရေးယူတာ မဟုတ်ပါဘူး။ အန္တရာယ် ရှိတဲ့ လက္ခဏာကို တွေ့ရတာနဲ့ ဆိုင်ထဲကို ပြန်ဝင်လာမှာ ပါ..." ဟု ပြောလိုက်စဉ် မစ္စက်

ကာမိုဒီက

"အော် အော် ဟို မိစ္ဆာကောင်တွေကို ငါတို့ဆီ ခေါ်လာမယ်ပေါ့လေ" ဟုအော်ပြောသည်။ သူမ၏ အဖွဲ့သား မိန်းမ တစ်ယောက်က

"ဟုတ်တယ်။ ငါတို့ ဒီမှာ ရှိနေမှန်း သိအောင် လုပ်သလို ဖြစ်သွားမှာပေါ့။ နင်တို့ ကြောင့် အဲဒီအကောင်တွေ ရောက်လာမှာ ပေါ့ဟ့ဲ။ သွားချင်ရင်လည်း လွတ်ရာကျွတ်ရာ ထွက်သွားကြပါလား" ဟု ဝင်ယောင်သည်။

ကျွန်တော်တို့ကို လာကြည့်သော လူစုလူဝေးဆီမှ သဘောတူသလိုမျိုး တီးတိုး ပြောဆို ကြသံများ ထွက်လာသည်။ ကျွန်တော်က

"အဲဒီလို ပြောလိုက်ရတော့ ခင်ဗျား ကျေနပ်သွားရောလား" ဟု ဆိုလိုက်ရာ ထိုမိန်းမမှာ စိတ်ရှုပ် ထွေးစွာ မျက်လွှာချသွားသည်။

မစ္စက် ကာမိုဒီက ရှေ့သို့ ခြေတစ်လှမ်း တိုးလာသည်။ သူ၏ မျက်လုံးက မီးဝင်းဝင်း တောက်နေသည်။

"အပြင်မှာ နင် သေလိမ့်မယ် ဒေးဗစ်ဒရေတန်။ နင့်သားကို မိဘမဲ့ ဖြစ်သွားစေချင်သလား"

သူမက မျက်လုံးများကိုပြူးကာ ကျွန်တော်တို့ အားလုံးကို စူးစူးဝါးဝါး လိုက်ကြည့်သည်။ ဘဒ်ဒီအီဂဲလ်တန်က မျက်လွှာချကာ တစ်ဆက်တည်းမှာပင် သူမအကြည့်ကို လှမ်းကာသလိုမျိုး တူရွှင်းကို မြှောက်သည်။

"နင်တို့ အားလုံး အပြင်မှာ သေကြမှာဟ့ဲ။ ကမ္ဘာကြီးရဲ့ နိဂုံး ရောက်လာပြီဆိုတာ နားမလည် ကြဘူးလား။ နာနာဘာဝတွေ လွတ်ကုန်ပြီ။ တံခါးပေါက်ကနေ အပြင်ကို ခြေတစ်လှမ်း ထွက်လိုက်တာနဲ့ အပိုင်းပိုင်း အစစ အရေခွံ ဆုတ်ခံရပြီ မှတ်။ ဟောဒီက အမျိုးကောင်း သမီးကြီးက မှာလိုက်ပါရဲ့နော်။ ခုကျန်ရစ်နေတဲ့ တို့တွေဆီတောင် ရောက်လာတော့မှာ။ နင်တို့က ကျားခံတွင်းထဲ ခုန်ချတော့မလို့ပေါ့ လေ ဟုတ်လား"

သူမသည် လူအများ အာရုံစိုက် လာအောင် ဆွဲလျက် ရှိရာ ဟင်ခနဲ ဟာခနဲ ရေရွတ်သံများ ထွက်လာ လေသည်။

"မယုံတဲ့ သူတွေ မနေ့က ဘာဖြစ်သွားသလဲ... ဟင်။ အဲဒါ သေမင်း ဟ့ဲ သေမင်း။ အဲဒါ..."

သူမ စကား မဆုံးခင် စည်သွပ်ပဲစေ့တစ်ဘူးက ငွေရှင်းကောင်တာ နှစ်ခုကို ဖြတ်ပျံလာကာ မစ္စက် ကာမိုဒီ၏ ညာဘက်ရင်အုံကို ထိမှန်သွားသည်။ သူမက

ဟင်ခနဲ အံ့ဩထိတ်လန့်စွာ အနောက်သို့ တဖြည်းဖြည်း လှည့်ကြည့်သည်။ အမန်ဒါက ရှေ့သို့ ထွက်လာကာ မတ်တတ်ရပ်လိုက် သည်။

"ပါးစပ် ပိတ်ထားလိုက်။ ရှင့်ပါးစပ်ပုတ်ကြီးကို ပိတ်ထားလိုက်"

မစ္စက် ကာမိုဒီက

"စည်းဖောက်တဲ့ တစ်ယောက်က သူပဲဟ" ဟု အော်ဟစ်လိုက်သည်။ အဘွားကြီး၏ မျက်နှာက ပြုံးသလိုလို မဲ့သလိုလိုနှင့်။

"ညည်း မနေ့ညက ဘယ်သူနဲ့ အိပ်ခဲ့တာလဲ ကောင်မလေး။ အမေကြီး ကာမိုဒီက သိတယ်နော်။ ဟုတ်တယ်။ တခြားသူတွေ မသိတာကို အမေကြီး ကာမိုဒီက သိနေတယ်နော်"

တစ်ဖက်သား တုန်လှုပ် သွားလောက် စေသည့် စကားလုံးမျိုးကို တမင် ဖန်တီး ပြောဆိုလိုက်သော်ငြား အမန်ဒါက လုံးဝ တုန်လှုပ် မသွားချေ။ မစ္စက် ရပ်ပလာက

"ငါတို့ ဒီနေ့ သွားရော သွားရဦးမှာ လား။ ဒီမှာပဲ မတ်တတ် ရပ်နေ ရတော့မှာလား" ဟု မေးသည်။

ဘုရား သိကြားမသည့် အတွက် ကျွန်တော်တို့ သွားဖြစ်ခဲ့ပါသည်။ ဒန်မီးလားက ရှေ့က ဦးဆောင် သွားသည်။ အိုလီက သူ့နောက်က လိုက်သည်။ မစ္စက် ရပ်ပလာက ကျွန်တော့်ရှေ့က၊ ကျွန်တော်က နောက် ဆုံးက ဖြစ်သည်။ တံမြက်စည်း လက်ကိုင်ပေါ်မှ ကျွန်တော့်လက်က ချွေးစေးများ ပြန်နေသည်။ ကျွန်တော် သိပ်ကြောက်နေသည် ဟု ထင် သည်။

ဆိုင်တံခါးဝမှ ထွက်လိုက်သည် နှင့် ပုံမှန် မဟုတ်သော ခါးသက်သက် ညှော်နံ့ ခပ်ပါးပါးကို မြူထဲမှ ရသည်။ မီးလားနှင့် အိုလီတို့ က မြူထဲသို့ တိုးဝင် ပျောက်ကွယ်သွားသည်။ တတိယလူ ဟယ်လ်တန့်ကိုပင် မြ င်ကွင်းထဲက ပျောက်လုလု ဖြစ်နေသည်။ ပေနှစ်ဆယ်ပဲ ဝေးတာပါလေ ဟု ကိုယ့်ဘာသာ တတွတ်တွတ် ပြောနေမိသည်။ မစ္စက် ရပ်ပလာက ကျွန်တော့်ရှေ့မှ ဖြည်းညင်းစွာ သွားနေသည်။ သူမ၏ တင်းနစ်ရိုက်တံ က ညာလက်မှာ ဟိုရမ်းသည် ခါနှင့်။ ကျွန်တော်တို့ ၏ ဘယ်ဘက်ခြမ်းတွင် အနီရောင် အုတ်တံတိုင်း နံရံသာ ရှိသည်။ ညာဘက်ခြမ်းရှိ မော်တော်ကားတန်းက တစ္ဆေသင်္ဘောကြီး များကဲ့သို့ မြူထဲမှ တစ်ဝက်တစ်ပျက် ထွက်ပြူနေသည်။ ဖြူဆုတ်ဆုတ် မြူထုကြားတွင် အမှိုက်ပုံး နောက်တစ်လုံးကို တွေ့ရသည်။ ၎င်း၏ နောက်တွင် အကြွေစေ့ဖုန်းရုံ နားမှာ ဖုန်းဆက်ရန် တစ်ခါတလေ ကိုယ့်အလှည့် ထိုင်စောင့်တတ်ကြသည့် ခုံတန်းရှည်

တစ်ခု ရှိသည်။ ပေနှစ်ဆယ်ပါပဲ။ အခုနေ မီးလား တောင် ရောက်နေပြီလား မသိ။

"ဘုရားရေ...။ ဘုရား ဘုရား ကြည့်စမ်းပါဦး"

မီးလား၏ အော်သံကို ကြားရသည်။ သူ တကယ် ရောက်သွားပြီပဲ။ မစ္စက်ရပ်ပလာ၏ ရှေ့မှ ဘဒ်ဒီအီဂဲလ်တန်က မျက်လုံးပြူး မျက်ဆန်ပြူးနှင့် လှည့်ပြေးရန် ပြင်သည်။ သူမက တင်းနစ်ရိုက်တံနှင့် သူ့ရင်ဘတ်ကို တွန်းထားလိုက်သည်။ သူမက ကြမ်းရှသော အက်တက် တက် အသံဖြင့်

"နင် ဘယ်ကို သွားမလို့ လဲ... ဟင်" ဟု မေးလိုက်သည်။

ထိုလေသံ ကိုကပင် ကြောက်လန့်မှု အားလုံးကို ဖော်ပြနေဟန် ရှိသည်။ ကျွန်တော်တို့ မီးလားဆီ ဆက်လိုက်သွားကြသည်။ ကျွန်တော်က နောက်သို့လည်ပြန် တစ်ချက် လှည့်ကြည့် လိုက်ရာ စတိုးဆိုင်ကို မြူထု ဝါးမြိုပစ်လိုက်သည် ကို မြင်ရသည် အနီရောင် အုတ်တံတိုင်းနံရံမှာ တဖြည်းဖြည်း ဖျော့တော့ကာ ပန်းရောင် သန်းလာပြီးနောက် ဆေးဆိုင်တံခါး၀ ငါးပေမျှ အကွာလောက်တွင် လုံး၀ ပျောက်ကွယ် သွားတော့သည်။ ဆေးဆိုင်က မြင်ကွင်းကို တွေ့ရသောအခါ ကျွန်တော့် ဘ၀တွင် သည်လောက် အဖော်မဲ့၍ အထီးကျန်ဆန်ခြင်းမျိုး တစ်ခါမှ မခံစားရဖူးချေ။ ဆေးဆိုင်တွင် အစုလိုက် အပြုံလိုက် အသတ်ခံထားရပုံ ပေါ်သည်။

မြူထဲရှိ သတ္တ၀ါများမှာ အနံ့ကို အာရုံခံ၍ လိုက်လာတတ်ကြဟန် တူသည်။ အမြင်အာရုံကို လုံး၀ သုံး၍ ရပုံ မပေါ်။ အကြားအာရုံတော့ အနည်းငယ် ပိုကောင်းနိုင်လိမ့်မည်။ သို့သော် အနီးမှ အသံက တစ်ခါတလေ အ၀េးမှ လာသလိုလို ဖြစ်ပေါ်ကာ အဝေးမှ အသံကလည်း အနီးမှ လာသလိုလို ဖြစ်တတ်သည်။ ရှေးမဆွက ကျွန်တော် ဆိုခဲ့သလိုပင် မြူကြောင့် ၎င်းတို့လည်း မျက်စိလည် လမ်းမှားနေကြသည်။ ထိုအခါ ၎င်းတို့အတွက် မြူထဲမှ အမှန်တကယ် ထွက်ပေါ်လာသည့် ဆူညံသံများ နောက် လိုက်ကြတော့သည်။

မီးစက်ကို ပိတ်ထားသည့် အတွက်ကြောင့်သာ စတိုးဆိုင်ထဲမှာ ကျန်ရစ်သည့် ကျွန်တော်တို့ အဖို့ အသက်ရှင်ခွင့် ရခဲ့ခြင်း ဖြစ်သည်။ မြူကျရောက်လာစဉ်က အလိုအလျောက် အဝင်တံခါးများ အလုပ် မလုပ်တော့သဖြင့် ဆိုင်ကို တံခါး ပိတ်ထားသလို ဖြစ်နေခဲ့သည်။ သို့သော် ဆေးဆိုင်၏ တံခါးများကတော့ ဟင်းလင်း ပွင့်နေခဲ့သည်။ မီးမလာတော့သဖြင့် လေကောင်းလေသန့် ရရန် တံခါးများ ဖွင့်ထားခဲ့ကြဟန် ရှိသည်။ ထိုအခါ လေနှင့်အတူ ဘာမှန်း မသိသော အရာများ ပါ ၀င်ရောက်လာကြတော့သည်။

ဆေးဆိုင် တံခါးနားတွင် ကြက်သွေးရင့်ရောင် တီရှပ်နှင့် လူတစ်ယောက်

မှောက်လျက်လဲနေသည်။ ပထမတော့ ကြက်သွေးရင့်ရောင်ဟု ကျွန်တော် ထင်လိုက်မိခြင်းပင်။ သို့သော် အင်္ကျီအောက်နားမှ အဖြူရောင်ကို တွေ့သောအခါမှ တီရှပ်သည် တကယ်တော့ အဖြူရောင်မှန်း သဘောပေါက်လိုက်သည်။ ခြောက်သွေ့နေသော သွေးများကြောင့် အင်္ကျီက ကြက်သွေးရင့်ရောင် ဖြစ်သွားသည်။ ထိုလူ့ကို ကြည့်ရတာ တစ်ခုခု လိုအပ်နေသလိုလို စိတ်ထဲမှာ ဒွိဟ ဖြစ်နေသည်။ ဘဒ်ဒီအီဂဲလ်တန်က ထိုလူ့ကို လှန်လိုက်သောအခါ လိုအပ်နေသည့် အရာကို ကျွန်တော် ချက်ချင်း သိသွားသည်။ ထိုအရာသည် စစ်တလင်းထဲ ရောက်လျှင်ပင် မြင်ရ ခဲသည့် အရာ။ ထိုအရာကို တွေ့တွေ့ချင်း လက်ခံဖို့ ကျွန်တော့်စိတ်ထဲက ငြင်းဆန်နေမိသည်။ ထိုလူ့မှာ ဦးခေါင်း မရှိတော့ချေ။ ဆေးဆိုင်ထဲ ရောက်နေသည့် ထိုလူ၏ ခြေထောက်များက ကားလျားကြီး။ ၎င်း၏ ဦးခေါင်းမှာ ဆေးဆိုင်အပေါက်ဝ လှေကားထစ်နားမှာ ရှိသင့်သော်လည်း မရှိချေ။

ထိုအခြင်းအရာကို တွေ့သွားသော ဂျင်မ်က ပါးစပ်ကို လက်နှင့်အုပ်၍ တစ်ဖက်သို့ လှည့်ထွက်လိုက်ရာ စိတ်ဖောက်ပြန်ချင်သလို ဖြစ်နေသော သူ့မျက်လုံးများ နှင့် ကျွန်တော် မျက်နှာချင်း ဆိုင်လိုက်မိသည်။ သူက စဆိုးဆိုင်ဘက်သို့ ဒယီးဒယိုင်ဖြင့် နောက်ဆုတ် နောက်ဆုတ် ထွက်သွားလေသည်။ ဤအဖြစ်ကို တခြားသူများကသတိမထားလိုက်မိကြချေ။

မီးလားက ဆိုင်ထဲ ဝင်သဖြင့် ဟယ်လ်တန်က သူ့အနောက်မှ လိုက်သွားသည်။ မစ္စက် ရပ်ပလာက တင်းနစ်ရိုက်တံကို အသင့်ပြင်၍ ဆိုင်တံခါးရွက် တစ်ချပ်နားကပ်ကာ နေရာယူလိုက်သည်။ အိုလီက ဆိုင်တံ ခါးရွက် နောက်တစ်ချပ်နား ကပ်၍ မတ်တတ်ရပ်ကာ အမန်ဒါ့သေနတ် ကို ပလက်ဖောင်းဘက် ထိုးချိန်ထားသည်။ သူက

"မျှော်လင့်ချက်တော့ ကုန်ပြီ ထင်တယ် ဒေးဗစ်" ဟု ပြောသည်။

ဘဒ်ဒီအီဂဲလ်တန်က အိမ်မှ သတင်းဆိုး ကြားလိုက်ရသော လူတစ်ယောက်လို အကြွေစေ့ ဖုန်းရုံကို အင်အားချည့်နဲ့စွာ မှီချလိုက်သည်။ ကြိတ်၍ ရှိုက်နေသောကြောင့်ထင့်၊ သူ့ပခုံးက တလှုပ်လှုပ် ဖြစ်နေသည်။ ကျွန်တော်က အိုလီအား

"ငါတို့ မပါသေးပါဘူးကွာ" ဟု ပြောကာ ဆိုင်လှေကားထစ်ပေါ် တက်လိုက်သည်။

ဆေးဆိုင်ထဲသို့ ကျွန်တော် မဝင်ချင်သော်လည်း ဘီလီကို ရုပ်ပြ တစ်အုပ် ယူလာဖို့ ကတိပေးထားခဲ့သည်။ မဂ္ဂဇင်းများ၊ စာစောင်များက နေရာအနှံ့ ပြန့်ကျဲလျက် ဆေးဆိုင် တစ်ခုလုံး ဖြောင်းဆန်နေသည်။ ကျွန်တော့်ခြေထောက်နားတွင် ပင့်ကူလူသား ရုပ်ပြ တစ်အုပ်နှင့် အံ့ဖွယ် လူသန်ကြီး

ရုပ်ပြ တစ်အုပ် ကျနေသဖြင့် ဘာမှ စဉ်းစားမနေတော့ဘဲ ကောက်ယူ၍ ဘောင်းဘီနောက်အိတ်ကပ်ထဲ ထိုးထည့်ထားလိုက်သည်။ ပစ္စည်းတန်းများတွင် ဘူးများ၊ ပုလင်းများ လဲနေပြီး စင်တစ်ခုတွင် လက်တစ်ဖက် တွဲလောင်းကျနေသည်။

လူအစုလိုက် အပြုံလိုက် သေကြေနေသည့် အပျက်အစီးပုံကို မြင်ရတာ အစစ်အမှန်မှ ဟုတ်ပါလေစ..။ စာတန်းလိုလို ဘာလိုလို အမျှင်တန်း၍ တွဲလောင်းကျနေသော အစအနများကြောင့် အစွမ်းကုန် သောင်း ကျန်းထားခဲ့သည့် ပါတီပွဲ တစ်ခုနှင့် တူနေသည် သို့သော် ထိုအစအနများမှာ စက္ကူလို ပြားချပ်မနေဘဲ လုံးပတ် အလွန်ထူသည့် ကြိုးများနှင့် ပိုတူသည်။ ၎င်းတို့သည်လည်း မြူငွေ့လိုပင် ဖြူလွတောက်ပနေသည်။ ထိုအရာများနှင့် ထိလိုက်မိသည့် ခဏတွင် ရေခဲတုံးနှင့် တို့လိုက်သလို ကျောရိုးထဲမှ စိမ့်ခနဲ အေးစက်သွားသည်။ ၎င်းတို့မှာ ပိတ်စကို လုံးကျစ် ထားသည်နှင့် လည်း မတူချေ။ ဘာပါလိမ့်။ စာအုပ်များ၊ မဂ္ဂဇင်းများက ၎င်းတို့နှင့် ငြိကာ တွဲလောင်းကျနေသည်။ ဟယ်လ်တန်က ရှည်လျား၍ အမွေးထူသော ထူးဆန်းသည့် အမည်းရောင် အရာဝတ္ထု တစ်ခုကို ခြေထောက်နှင့် ထိုးဆွကြည့်သည်။

"ဘာကြီးလဲဟ"

သူက မည်သူ့ကိုမျှ မေးခြင်း မဟုတ်သော်လည်း ရုတ်တရက် ကျွန်တော် သဘောပေါက်သွားသည်။ မြူထုကြီး ရောက်လာစဉ် ဆေးဆိုင် ထဲမှာ ကံဆိုးမိုးမှောင် ကျခဲ့သော လူများ၏ လက်သည် ကို ကျွန်တော် သိလိုက်သည်။ ကျွန်တော့်လည်ချောင်းက လုံးဝ ခြောက်ကပ်သွားသဖြ င့် စကားလုံးများ တစ်ဆို့ကုန်သည်။

"ထွက်...၊ ဒီကနေ ထွက်..."

အိုလီက ကျွန်တော့်ကို ကြည့်ကာ"ဒေးဗစ်...၊ ဘာဖြစ်..." ဟု မေးလိုက်စဉ် သူ့စကား မဆုံးခင် ကျွန် တော်က

"ဒါ ပင့်ကူအိမ်တွေ" ဟု ပြောချ လိုက်သည်။

ထိုစဉ် မြူထဲမှ အော်သံ နှစ်ခု ထွက်လာသည်။ ပထမ တစ်ခုမှာ ကြောက်လန့်စွာ အော်ဟစ်လိုက်သံ ဖြစ်မည် ထင်သည်။ ဒုတိယမှာ နာကျင်စွာ အော်ဟစ်လိုက်သံ ဖြစ်သည်။ ဒုတိယအသံက ဂျင့်မ်ဆီမှ ထွက် လာခြင်းပင်။ ဂျင့်မ်ခများ အသက်ကြွေး ရှိ၍ ဆပ်နေရဟန် တူသည်။ ကျွန်တော်က မီးလားနှင့် ဟယ်လ်တန့်အား

"ထွက်ကြတော့" ဟု အော်ပြောလိုက်သည်။

ထိုအချိန်တွင် မြူထဲမှ တစ်စုံတစ်ရာ တိုးထွက်လာသည်။ အဖြူရောင် နောက်ခံကြောင့် ၎င်းကို သဲသဲကွဲကွဲ မမြင်ရသော်လည်း ကျွန်တော် ကြားရသည်။ ၎င်းသည် ကြာပွတ်နှင့် ရိုက်ထည့်လိုက်သကဲ့သို့ ဗုစ်ခနဲ အသံမြည်သည်။ ကျွန်တော် မြင်ရသော အချိန်တွင် ၎င်းမှာ ဂျင်းဘောင်းဘီ ဝတ်ထားသော ဘဒ်ဒီအီဂဲလ်တန်၏ ပေါင်ကို လိမ်ပတ်လျက် ရှိသည်။ သူက ထိတ်လန့်တကြား အော်ဟစ်ကာ ဆွဲမိဆွဲရာ တယ်လီဖုန်း စ ကားပြောခွက်ကို လှမ်းဆွဲလိုက်သည်။ တယ်လီဖုန်းခွက်မှ ကြိုးက ရှည်ထွက် လာပြီး လက်ထဲမှ လွတ်ကာ နိမ့်ချည် မြင့်ချည် တွဲလောင်းကျသွား သည်။

"ဘုရားသခင် ကယ်တော်မူပါ။ နာတယ် အား"

အိုလီက သူ့ကို ပြေးဆွဲသည်။ ကျွန်တော်က ထိုမြင်ကွင်းကို ကြည့်ရင်း တစ်ချိန်တည်းမှာ ပင် ဆိုင်တံခါးဝနားမှ လူ ခေါင်းပြတ်သွားရခြင်း အကြောင်းရင်းကို ချက်ချင်း သဘောပေါက်သွားသည်။ ဘဒ်ဒီအီဂဲလ်တန် ၏ ခြေထောက်ကို လိမ်ပတ်ထားသော ပိုးမျှင်နှင့် တူသည့် အဖြူရောင်ကြိုးပါးက သူ့အသားထဲ ပြတ်ထွက်လုမတတ် နစ်ဝင်သွားသည်။ ထိုကြိုးက အသားထဲ ပို၍ နက်ရှိုင်းစွာ တိခနဲ မြုပ်ဝင်သွားသဖြင့် သွေးစိ မ်းရှင်ရှင် စီးကျလာသည်။ အိုလီက သူ့ကို အားနှင့် ဆွဲထည့်လိုက်ရာ ရွှတ်ခနဲ မြည်သံနှင့် အတူ ဘဒ်ဒီ လွတ်မြောက်သွားသည် သူ့နှုတ်ခမ်းများက အထိတ်တလန့်ဖြင့် ပြာနှမ်းနေသည်။

ဟယ်လ်တန်နှင့် မီးလားတို့ ရောက်လာကြသော်လည်း နောက်ကျသွားသည်။ မီးလားက တွဲလောင်းကျနေသော ကြိုးမျှင်များနှင့် တည့်တည့်တိုးမိကာ ငြိသွားသည်။ ပင့်ကူအိမ်မှာ ပိုးကောင်ငြိနေသည့် အတိုင်း တစ်ထပ်တည်းပင်။ သူက အမျှင်ငြိနေသော အင်္ကျီကို ချွတ်ပစ်ကာ ကိုယ်လွတ်ရုန်းထွက်လိုက်သည်။ ရုတ်တရက် ကြာပွတ်ရိုက်သံနှင့် တူသော တဗုစ်ဗုစ် အသံများ ထွက်လာကာ အဖြူရောင် ကြိုးများ ကျွ န်တော်တို့ ပတ်ပတ်လည်သို့ အပေါ်မှ မျောလွင့်၍ ကျလာသည်။ ထိုကြိုး များနှင့် ထိလိုက်လျှင် အသားများ ပွန်းပဲ့ကုန်သည်။ အနားသို့ ကျလာသော ကြိုးနှစ်ချောင်းကို မထိမိအောင် ကျွန်တော် ရှောင်လိုက်နိုင်သည်။ ၎င်းမှာ ကျွန်တော် အရှောင် အတိမ်း ကျွမ်းကျင်လွန်း၍ မဟုတ်ဘဲ ကံကောင်း ထောက်မ၍ သာ ဖြစ်သည်။ ကျွန်တော့် ခြေရင်းသို့ ပြုတ်ကျသွားသည့် ကြိုးတစ်ချောင်းဆီမှ ဖတ်ခနဲ အသံ ခပ်တိုးတိုး ထွက်လာသည်။ လေထဲမှ ကျလာသော ကြိုးတစ်ချောင်းကို မစ္စက် ရပ်ပလာက တင်းနစ်ရိုက်တံနှင့် လွှဲရိုက်လိုက်ရာ ကြိုးမျှင်က ၎င်းကို လျင်မြန်စွာ ရစ်ပတ်သွားပြီး တင်းနစ်ကြိုးများ တထောက်ထောက်နှင့် ပြတ်ထွက်ကုန်ကြသည်။ မသိလျှင် တယောကြိုးများ ပြတ်ထွက်သည့် အလား။ တခဏကြာသောအခါ တင်းနစ်ရိုက်တံ လက်ကိုင် အထက်၌ ရစ်ပတ် မိသွားသော ကြိုးတစ်ချောင်းက ၎င်းကို ဆတ်ခနဲ ဆောင့်ဆွဲ လိုက်ရာ မြူ ထဲသို့ ပါသွားလေတော့သည်။ အိုလီက

"အနောက်ဆုတ်ကြ..." ဟု အော်ပြောလိုက်သည်။

အိုလီက ဘဒ်ဒီကို လက်တစ်ဖက်နှင့် တွဲခေါ်သည် ၍ ပြေးသည်။ မီးလားနှင့် ဟယ်လ်တန်က မစ္စက် ရပ်ပလာ၏ ဘေးတစ်ဖက်စီမှ ဝန်းရံ ထားသ။ မြူထဲမှ အဖြူရောင် ပင့်ကူကြိုးမျှင်များ မျောလွင့်ကျဆင်း လာသဖြင့် နောက်ခံ အုတ်တံတိုင်း အနီရောင်ကိုပင် မမြင်ရတော့သ လောက် ဖြစ်လာသည်။

ကြိုးတစ်ချောင်းက ဟယ်လ်တန့်လက်တစ်ဖက်ကို လာပတ်မိပြီး တစ်ဆက်တည်းမှာ ပင် နောက်ထပ် ကြိုးတစ်ချောင်းက သူ့လည်ပင်းကို ကြာပွတ်နှင့် လှမ်းပတ်လိုက်သလို ဆတ်ခနဲ ပတ်ယူလိုက်သည်။ သူ့လ ည်ပင်းကို ဆွဲညှစ်လိုက်သလို ဖြစ်သွားသဖြင့် ဘာသံမျှ ထွက်မလာနိုင်ခင် ထိုကြိုးများက သူ့အား ဆွဲယူသွားကြသည်။ ဖိနပ်တစ်ဖက် ကျွတ်ကျ ကျန်ခဲ့သော ဟယ်လ်တန်ကား ခေါင်းငိုက်စိုက်ကျလျက် ပါသွားလေပြီ။ ဘဒ်ဒီက အရှေ့သို့ ရုတ်တရက် ငိုက်စိုက် လဲကျ သွားသဖြင့် အိုလီ၏ ဒူးကို လှမ်းဆွဲ မိတော့မလို ဖြစ်သွားသည်။

"သူ ပါသွားပြီ ဒေးဗစ်ရေ။ ငါ့ကို ကယ်ပါဦး"

ကျွန်တော်က သူ့အား ခါးမှ ဆွဲထူကာ ယိုင်တိ ယိုင်တိုင် ဆွဲခေါ်လာရသည်။ ဘဒ်ဒီက သံတူရွင်းကို လက်မှာ ဆုပ်လျက်သား။ ပင့်ကူမျှင် အပတ်ခံလိုက်ရသည့် သူ့ခြေထောက်ကိုတော့ တရွတ်တိုက် ဆွဲနေရသည်။ မစ္စက် ရပ်ပလာက နောက်သို့ တစ်ချက် လှည့်ကြည့်ကာ သူမ၏ အသံအက်အက်ဖြင့်

"အနောက်မှာ ...၊ နင်တို့ နောက်မှာ ..." ဟု အော်ဟစ်သည်။

လေပေါ်မှ မျောလွင့်ကျဆင်းလာသော ပင့်ကူကြိုးမျှင် တစ်ချောင်းက မီးလား၏ ခေါင်းပေါ် ကျသွားသည်။ သူက ၎င်းကို လက်ဖြင့် ဆွဲဖြဲ ခါထုတ် ပစ်သည်။ ထိုစဉ် ကျွန်တော်တို့ အနောက်ရှိ မြူထဲမှ ခွေးတစ်ကောင် အရွယ်လောက် ရှိသည့် အဝါစင်းနှင့် ပင့်ကူနက်ကြီး တစ်ကောင် ထွက်လာသည်။ ၎င်း၏ ခရမ်းရင့်ရောင် မျက်လုံးများက သလဲသီးများ လို အပြွတ်လိုက်။ ၎င်း၏ ဆယ့်သုံးလေးချောင်း လောက်ရှိသော ခြေထောက်များက ကျွန်တော်တို့ဆီ ကမူးရှူးထိုး ပြေးလာသည်။ ၎င်းသည် သာမန် ပင့်ကူနှင့် လုံးဝ ပုံစံ မတူ၊ ပင့်ကူ တစ်ကောင်ပင် လုံးလုံး ဟုတ်ပုံ မရချေ။ ၎င်းကို တွေ့သောအခါ ဆေးဆိုင်ထဲမှာ ဟယ်လ်တန် ခြေထောက်နှင့် တို့ထိကြည့်နေသော အမွေးများ ပေါက်နေသည့် အနက်ရောင် အရာ ဝတ္ထုကြီးမှန်း သဘောပေါက်သွားသည်။

ကျွန်တော်တို့နှင့် နီးလာသောအခါ ၎င်းက ခန္ဓာကိုယ်ကို တစ်ပတ် လှည့်၍ ပင့်ကူမျှင်များကို ပန်းထုတ်လိုက်ရာ လေပန်ကာ အရွယ်ခန့် ပင့်ကူအိမ်ကြီးများက ကျွန်တော်တို့ ဆီ ပျံဝဲရောက်ရှိလာသည်။ ထိုပင့်ကူအိမ်ကြီးများ သာ ဖမ်းမိသွားပါက

ကျွန်တော်တို့ လှေအိမ်ထဲရှိ ချောင်ကလောင်ထဲက ပိုးတုံးလုံးလေး များ သဖွယ် ပင့်ကူမျှင်များနှင့် ချည်ငင် ထုပ်ပိုးထားသော ယင်ကောင် အသေလေးများနှယ် ဖြစ်ချေတော့မည်။ ဘီလီကို ထောက်ညှာကာ အားတင်း မြိုသိပ်ထားသော စိတ်ခံစားချက်များကို ယခုအချိန်မှာ လွှတ်ပေးလိုက်လို့ ရသည် ဟု စိတ်ထဲမှာ ပေါ်လာသည်နှင့် ကျွန်တော့်ထံမှ အသံထွက်လာသည်။ ထိုအသံများက ငိုမိ၍ ထွက်ပေါ်လာသလား၊ ရယ်မောမိ၍ ထွက်ပေါ်လာသလား၊ ကြောက်လန့်လွန်း၍ ထွက်ပေါ်လာသလား၊ ကျွန်တော် မသိတော့။

အိုလီဝိစ်ကတော့ ကျောက်ဆောင်လို မတုန်မလှုပ်နှင့် ပစ်မှတ် အကွာအဝေးကို သိနေသည့်နှယ် စိတ်ကို တည်ငြိမ်အောင် ထား၍ အမန်ဒါ့ပစ္စတိုကို မြှောက်၍ အနီးဆုံး အန္တရာယ် ပေးနိုင်သည့် အကောင်ကို ချိန်ရွယ်ကာ တဒိုင်းဒိုင်း ပစ်ချလိုက်သည်။ ထိုအကောင်ဆီမှ ထိတ်လန့်ဖွယ် နာကျင်စွာ အော်ညည်းသံကြီး ထွက်လာပြီး ၎င်း၏ ခန္ဓာကိုယ်မှ အနက်ရောင် အရည်များ ပန်းထွက်လာသည်။ ထိုအကောင်၏ အသံက တိမ်ဝင်သွားကာ ၎င်းက မြူထဲသို့ လျင်မြန်စွာ ပြေးဝင်ပျောက်ကွယ်သွားသည်။ ၎င်း၏ စေးကပ်ချွဲကျိသော အရည်လိုလို အနက်ရောင် အရာများသာ ကျန်မနေခဲ့ပါက မှုးယစ်ဆေးလွန်၍ အမြင်အာရုံ မှောက်မှားသည် ဟုသာ ထင်ရနိုင်သည်။

ဘဒ်ဒီဆီမှ ချလွင်ခနဲ သံတူရွင်း ပြုတ်ကျသံ ထွက်လာသည်။ အိုလီ က

"သူ သေသွားပြီ ဒေးဗစ်။ ထားခဲ့လိုက်တော့။ ဟိုအကောင်ကြီး ကိုက်လိုက်လို့ သွေးထွက်လွန်ပြီး သေပြီ။ ဒီကနေသာ အမြန် ထွက်ပြေးကြရအောင်" ဟု ပြောသည်။

အိုလီမျက်နှာတစ်ပြင်လုံး ချွေးတွေ ရွှဲကာ မျက်လုံးများက ပြူးကျယ် ဖောင်းအစ်နေကြသည်။ သူက ကျောကုန်းတွင် တွဲလောင်းကျကာ လွင့်မျောနေသော သွေးအလိမ်းလိမ်းနှင့် ပင့်ကူမျှင်ကို လက်တစ်ဖက်ဖြင့် ဆွဲ ဖယ်ခါထုတ်လိုက်သည်။ မစ္စက် ရပ်ပလာက

"အမလေး..." ဟု အော်လိုက်ပြန်သဖြင့် သူမဆီ လှည့်ကြည့်လိုက်ကြသည်။

ပင့်ကူများ သည် မြူထဲမှ ထပ်ထွက်လာကြပြီး မီးလား၏ ခြေထောက်နားသို့ အမျှင်များ ပန်းထုတ်၍ တင်းကျပ်စွာ ရစ်ပတ်လိုက်ကြသည်။ မီးလားက ပင့်ကူမျှင်များကို လက်သီးဆုပ်ဖြင့် ထိုးထုတ်သည်။ ကျွန် တော်က ဘဒ်ဒီ၏ တူရွင်းကို ကုန်းကောက်လိုက်စဉ် ပင့်ကူကြီး တစ်ကောင်က မီးလားကို ပင့်ကူမျှင်များ ဖြင့် စတင် ရစ်ပတ် လိုက်သည်။ မီးလားက အကြောက်အကန် တွန်းထိုး ရုန်းကန် နေသည်။

မစ္စက် ရပ်ပလာက ပိုးသတ်ဆေးဘူး ကိုင်ထားသော လက်ကို ဆန့်တန်းလျက် ပင့်ကူကြီးဆီ လျှောက်သွားသည်။ ပင့်ကူကြီး၏ ခြေထောက်များက သူမနား ရောက်လာသည်။ သူမက ကျောက်မျက် ရတနာများလို တလက်လက် တောက်နေသည့် ပင့်ကူကြီး၏ မျက်လုံးများ ဆီသို့ ချိန်ကာ ပိုးသတ်ဆေးဘူး ခလုတ်ကို နှိပ်ချလိုက်ရာ ဘူးထဲမှ အငွေ့တထောင်းထောင်း ထွက်လာသည်။ ထိုအခါ နာကျင်စွာ အော်ညည်းလိုက်သော အသံကြီး ထွက်လာပြန်သည်။ ပင့်ကူကြီးသည် ပလက်ဖောင်းကို ခြေထောက်များ ဖြင့် ကုတ်ခြစ်၍ သွက်သွက်ခါ တုန်ယင်လျက် နောက်သို့ ဒယိမ်းဒယိုင် ဆုတ်သွားသည်။ ၎င်းက ပင့်ကူမျှင် များ ပတ်နေသော မီးလား၏ ခန္ဓာကိုယ်ကို ဆွဲယူသွားစဉ် မစ္စက် ရပ်ပလာက ပင့်ကူကြီးအား အနောက်မှနေ၍ ပိုးသတ်ဆေးဘူးနှင့် ပစ်ပေါက်လိုက်သည်။ စပရေးဘူးက ၎င်း၏ ခန္ဓာကိုယ်နှင့် ထိကာ ပြန်ကန်ထွက်လာသည်။ ပင့်ကူကြီးက ကားလေး တစ်စီးနှင့် ညပ်သွားသော်လည်း အတင်း ရုန်းကန်ကာ ထွက်ပြေးသွားသည်။ မစ္စက် ရပ်ပလာ ဖြူဖျော့ကာ မြေပေါ် ဒူးထောက် ပြုတ်ကျသွားလေရာ ကျွန်တော်က သူမဆီ ပြေး၍ လက်မောင်းမှ ဆွဲထူပေးရသည်။ သူမက

"ကျေးဇူးတင်ပါတယ် လူလေးရယ်။ ငါ သတိလစ်သွားတော့မလို့" ဟု ပြောတော့ ကျွန်တော်က ကွဲအက်သော လေသံဖြင့် "ဘာမှ မဖြစ်ပါဘူးဗျာ" ဟု ပြန်ပြောမိသည်။

"ငါ သူ့ကို ကယ်နိုင်လိုက်ရမှာ "

"ကျွန်တော် သိပါတယ်"

အိုလီက ကျွန်တော်တို့ဆီ ရောက်လာကာ စူပါမားကတ်တံခါးဆီ အတူတူ ထွက်ပြေးကြသည်။ ကျွန်တော်တို့ နားတွင် ပင့်ကူမျှင်များ ပြန့်ကျဲနေသည်။ ပင့်ကူမျှင် တစ်ခုက မစ္စက် ရပ်ပလာ၏ ဈေးခြင်းတောင်းတွင် ငြိနေသဖြင့် သူမက မီးလားကို ရလိုရငြား ဆွဲယူကြည့်သော်လည်း ပင့်ကူမျှင်စ၏ အဆုံးက မြူထဲက ထွက်လာသည်။

ဆိုင်အဝင်တံခါးနား ရောက်သောအခါ ခွေးပေါက်လေး တစ်ကောင်လောက် ရှိမည့် ပင့်ကူငယ် တစ်ကောင်က မြူထဲမှ ပြေးထွက်လာကာ ဆိုင်ဘေးဘက်ခြမ်းသို့ ဝင်သွားသည်။ ၎င်းကို ကြည့်ရသည်မှာ ပင့်ကူ မျှင် ထုတ်လွှတ်နိုင်လောက်အောင် ကြီးပုံ မရသေးချေ။ အိုလီက ဆိုင်တံခါးကို ပခုံးထောက်၍ တွန်းဖွင့်ထားကာ မစ္စက် ရပ်လာကို ဝင်ခိုင်းသည်။ ကျွန်တော်က သံတူရွင်းကို လှံလို ကိုင်လျက် ထိုပင့်ကူငယ်ဆီ ပစ်လွှတ် လိုက်သည်။ ၎င်းက လေထဲသို့ ခုန်ဆွခုန်ဆွနှင့် ရှောင်ထွက်သွားနိုင်လိုက်သည်။ ၎င်း၏ မျက်လုံးနီနီ များကတော့ ကျွန်တော့်ကို မှတ်သား သွားသလိုလို။ အိုလီက တံခါးကို ထိန်းထားရင်း

"ဒေးဗစ်ရေ..." ဟု ခေါ်သည်။

ကျွန်တော် ဆိုင်ထဲသို့ ပြေးဝင်တော့ သူက အနောက်မှ လိုက်ဝင်လာသည် ခုနစ်ယောက် အပြင်ထွက်သွားတာ သုံးယောက်ပဲ ပြန်ဝင်လာသဖြင့် ဆိုင်ထဲမှ ထိတ်လန့်တုန်လှုပ်နေသော မျက်နှာများက ကျွန်တော်တို့ ကို စိုက်ကြည့် နေကြသည်။ မှန်တံခါးချပ်ကို မှီ၍ အသက်ရှူနေသော အိုလီ ရင်အစုံက နိမ့်ချည် မြင့်ချည်။ သူက အမန်ဒါ့သေနတ် ကို ကျည်ဖြည့် လိုက်သည်။ ဝတ်ထားသော လက်ထောက် မန်နေဂျာ ဝတ်စုံအဖြူက သူ့ကိုယ်မှာ ကပ်နေကာ လက်မောင်း အောက်မှာ ချွေးကွက်ရာကြီးများ စွန်းနေသည်။ တစ်စုံ တစ်ယောက်က လေသံကို နှိမ့်၍

"ဘာဖြစ်တာလဲဟင်..." ဟု မေးသည်။ မစ္စက် ရပ်ပလာက စိုးရိမ် ကြောင့်ကြစွာဖြင့်

"ပင့်ကူတွေပေါ့။ အဲဒီ သတ္တဝါတွေက ကျွန်မ ဈေးခြင်းတောင်းကို ဖျက်ဆီး ပစ်လိုက်ကြတယ်လေ" ဟု ပြောသည်။

ဘီလီက ကျွန်တော့်ကို ပြေးဖက်ကာ ငိုသည်။ ကျွန်တော် သူ့ကို တင်းကျပ်စွာ ပွေ့ဖက် ထားလိုက်မိသည်။

WPS

အခန်း (၁၀)
မစ္စက် ကာမိုဒီ၏ ပြုစားမှု၊ ဆိုင်ထဲမှ ဒုတိယညာ၊ နောက်ဆုံးခံတပ်

ကျွန်တော် အိပ်ရမည့် အလှည့် ဖြစ်သည်။ ပြီးခဲ့သော လေးနာရီတုန်းက ဘာတွေ ဖြစ်ခဲ့သည်ကို ကျွန်တော် လုံးဝ သတိမရတော့။ ကျွန်တော် စကားတွေ အများကြီး ပြောပြီး ကြောက်လန့်တကြား အော်လည်း အော်သည် ဟု အမန်ဒါက ပြောသည်။ သို့သော် ကျွန်တော် ဘာတွေ အိပ်မက် မက်ခဲ့မှန်း လုံးဝ မသိချေ။ အိပ်ရာက နိုးတော့ ညနေ စောင်းနေပြီ ဖြစ်ကာ ရေအလွန်ဆာနေသည်။ နွားနို့တွေ ကုန်သလောက် ရှိပြီ ဖြစ်သော်လည်း အခုထိတော့ အဆင်ပြေနေသေးသည်။ ကျွန်တော် နွားနို့ တစ်လီတာလောက် သောက်ဖြစ်သည်။ မစ္စက် တာမန်း၊ ဘီလီနှင့် ကျွန်တော်တို့ ရှိနေရာသို့ အမန်ဒါ ရောက်လာသည်။ ကားထဲမှာ သေနတ်ကျန်ခဲ့သည် ဟု ပြောသော အဘိုးကြီးလည်း သူမနှင့် အတူ ပါလာသည်။ ထိုအဘိုးကြီး နာမည်က ကော်နဲလ် ဖြစ်ကြောင်း ကျွန်တော် မှတ်မိသွားသည်။ အမ်းဘရို့စ်ကော်နဲလ်...။ သူက

"ဘယ်လို နေသေးလဲ သား" ဟု မေးသည်။

"အဆင်ပြေပါတယ်"

သို့သော် ရေကတော့ ငတ်ဆဲ၊ ခေါင်းကလည်း ကိုက်ဆဲ။ အဆိုးဆုံးကတော့ ကျွန်တော် ကြောက်နေတာပဲ ဖြစ်သည်။ ကျွန်တော်က ဘီလီ ကို ဖက်ထားသော လက်ကို လွှတ်ကာ ကော်နဲလ်ကို ကြည့်လိုက်၊ အမန် ဒါ့ကို ကြည့်လိုက်ဖြင့်

"ဘာဖြစ်လို့ လဲဟင်" ဟု မေးလိုက်သည်။ အမန်ဒါက

"မစ္စတာ ကော်နဲလ်က မစ္စက် ကာမိုဒီနဲ့ ပတ်သက်ပြီး စိတ်ပူလာလို့။ ကျွန်မလည်း အတူတူပဲ" ဟု ပြောသည်။ မစ္စက် တာမန်းက

"ဒေါ်လေးနဲ့ ဟိုနား ဒီနား လမ်းမလျှောက်ချင်ဘူးလား ဘီလီ" ဟု မေးတော့ ဘီလီက

"ဟင့်အင်း။ မလျှောက်ချင်ဘူး" ဟု ဖြေသည်။ ကျွန်တော်က သူ့အား

"သွားလိုက်ပါ သားရယ်" ဟု ပြောတော့ သူက လေးတိလေးကန် ထ သွားသည်။

သူတို့ ထွက်သွားတော့မှ ကျွန်တော်က ကော်နဲလ်ကို သူ့နည်းတူ စိုးရိမ်ပူပန်စွာဖြင့်

"ကဲ ပြော။ မစ္စက် ကာမိုဒီ ဘာဖြစ်ပြန်ပြီလဲ" ဟု မေးလိုက်သည်။

"သူ့လုပ်ပုံတွေက သိပ်မဟုတ်တော့ဘူးကွာ။ ငါတို့ တစ်ခုခုတော့ ဝင်တားမှ ဖြစ်မယ်။ တတ်နိုင် သလောက်ပေါ့လေ"

"အခုဆို သူ့ဘက်မှာ လူတစ်ဒါဇင်လောက် ပါနေပြီရှင့်။ မသိရင် ဘုရားကျောင်းက အဖွဲ့အစည်း တစ်ခုခုနဲ့ တောင် တူနေပြီ"

အောတစ်ဖီးလ်မြို့မှာ နေထိုင်သော စာရေးဆရာ မိတ်ဆွေ တစ်ယောက်နှင့် စကားပြောခဲ့ဖူးတာကို သွားသတိရမိသည်။ သူနှင့် သူ့ဇနီး သည်က တစ်ပိုင်တစ်နိုင် ကြက်မွေးမြူရေး လုပ်ငန်းဖြင့် သားနှစ်ယောက်ကို ပြုစု ပျိုးထောင်နေသူများ ဖြစ်သည်။ တစ်နှစ်က သူလျှို ဇာတ်လမ်းများ အကြောင်း သူရေးသော စာအုပ်တစ်အုပ် ထွက်လာခဲ့သည်။ သဘာဝလွန် ဖြစ်ရပ်များ အကြောင်း ရေပန်းစားနေသည့် စာအုပ်များနှင့် ပတ်သက်၍ စိတ်ပူမိကြောင်း သူနှင့် ကျွန်တော် ပြောဖြစ်တော့ ၁၉၄၀ များ တုန်းက ထူးခြားဆန်းပြားသော ထိုဇာတ်လမ်းများ အတွက် စာမူခ မဖြစ်စလောက်သာ ရရှိပြီး ၁၉၅၀ ကာလများ တွင်တော့ မရတော့သလောက် ဖြစ်နေပြီဟု ဆိုသည်။ စက်ယန္တရား ခေတ်သာ ကျဆုံးခဲ့လျှင်၊ နည်းပညာများ သာ မရှိတော့လျှင်၊ အစဉ်အလာ အတိုင်း ကိုးကွယ်နေသော ဝါဒများသာ ပျောက်ဆုံးခဲ့လျှင် လူတွေ တစ်ခုခုတော့ လုပ်ကြမှာပဲဟု သူက ပြောသည်။

သည်နေရာမှာ ကျွန်တော်တို့ ပိတ်မိနေသည်က ၂၆ နာရီလောက် ရှိနေပြီ။ ဘာဖြစ်နေမှန်း ရေရေရာရာ မသိ။ အပြင်ထွက်၍ လေ့လာသည့် အခြေအနေမှာပင် ငါးဆယ့်ခုနှစ် ရာခိုင်နှုန်း ဆုံးရှုံးခဲ့ရပြီ။ သည်လို အ ချိန်အခါမျိုးမှာ မစ္စက် ကာမိုဒီ၏ စည်းရုံးရေးအင်အား တရိပ်ရိပ် တက်လာသည်က အံ့သြစရာတော့ မဟုတ်လောက်ဘူးဟု ထင်သည်။ ကျွန်တော်က "သူ့မှာ လူတစ်ဒါဇင်လောက် တကယ်ကြီး ရှိနေပြီလား" ဟု မေး တော့ ကော်နဲလ်က

"အင်း...။ ရှစ်ယောက်ပါ။ ဒါပေမဲ့ သူ့ပါးစပ်က ဘယ်တော့မှ ပိတ်မှာ မှ မဟုတ်ဘဲ။ ဆယ်နာရီလောက်ကို တောက်လျှောက်ပြောနေတာများ မိန့်ခွန်းပြောသလား မှတ်ရတယ်။ တော်တော် လေကြော ရှည်တဲ့ ဟာမ " ဟု ပြောသည်။

ရှစ်ယောက် ဆိုသည် မှာ ခုံသမာဓိ ဖွဲ့ရလောက်အောင် မရှိသေး၍သိပ်တော့ မများ လှသေး။ သို့သော် ကော်နဲလ်တို့ မျက်နှာပေါ်မှ စိုးရိမ်မှု ကို ကျွန်တော်

နားလည်သည်။ အထူးသဖြင့် မီးလားနှင့် မိုက်ခ် မရှိ တော့ချိန်တွင် ဆိုင်ထဲက လူများကို ဝိဝါဒ ကွဲပြားအောင် လုပ်လို့ ရသည့် လူအများဆုံး ရှိနေသည့် တစ်ခုတည်းသော လူအုပ်က သူမ ဟောပြောနေသည့် ငရဲကြီး ရှစ်ထပ်နှင့် ပွင့်ထွက်သွားသည့် ဂိတ်တံခါးကြီး ခုနစ်ပေါက် အကြောင်းကို နားထောင်နေခဲ့လျှင် ဟူသော အတွေးက ကျွန်တော့်ကို ခေါင်းနားပန်းများပင် ကြီးသွားစေသည်။ အမန်ဒါက

"တွေ့လား...၊ လူသား စတေးမှုအကြောင်းကို သူ ပြောနေပြန်ပြီ။ ဘဒ်ဘရောင်း ဆိုင်ထဲမှာ ရှိတုန်းက ဒီလိုတွေ မပြောဖို့ သွားပြောသေးတယ်။ သူ့လူနှစ်ယောက်ထဲက မိုင်ရွှန်က ဒါ လွတ်လပ်တဲ့ တိုင်းပြည်။ ခင်ဗျား ပါးစပ်ပိတ်ထား။ မပိတ်ရင် ဘာလုပ်မယ် ဆိုလား ပြန်ပြောတယ်လေ။ အဲတော့...၊ အဲဒါက ရှင်ပြောတာများ လား" ဟုပြောသည်။ ကော်နဲလ်က

"ဘရောင်းခမျာ အထိုးခံရလို့ နှာခေါင်းက သွေးထွက်သွားတယ်လေ" ဟု ပြောသည်။ ကျွန်တော်က

"သူတို့ ဘာသာ တခြားဟာ လုပ်မလို့ ဖြစ်မှာ ပါ။ လူတွေ ဘာတွေတော့ မသတ်လောက်ပါဘူး" ဟု ပြောတော့ ကော်နဲလ်က လေသံတိုးတိုးဖြင့်

"မြူတွေသာ ပျောက်မသွားရင် သူတို့ ဘာတွေ ဘယ်လောက်များ ဆက်လုပ်ကြဦးမလဲ ငါ မသိဘူး။ သိလည်း မသိချင်ဘူး။ ဒီနေရာကနေသာ ထွက်သွားလိုက်ချင်ပြီ" ဟု ပြောသည်။

"ပြောတော့သာ လွယ်တာ"

ထိုစဉ်မှာပင် ကျွန်တော့်စိတ်ထဲသို့ အတွေးတစ်ခု ဝင်လာသည်။ အနံ့....။ လူနံ့သည် အဓိက သော့ချက်ပင်။ ဘရင်တန် ဆေးဆိုင်မှာ လူအစု လိုက် အပြုံလိုက် အသတ်ခံရစဉ် သည်ဆိုင်ထဲက ကျွန်တော်တို့ သာကျန်နေခဲ့သည်။ ဆေးဆိုင်တံခါး ဖွင့်ထားသောကြောင့် ဤသို့ ဖြစ်ရတာကတော့ သေချာသည်။ ပိုးကောင်များ သည် အလင်းရောင်ရှိရာကို ရောက် လာနိုင်သည်။ ဟိုငှက်ကြီးများကလည်း အစာအတွက် ပိုးကောင်တွေ နောက် လိုက်လာကြမှာပင်။ သို့သော် သည့်ထက် ပိုကြီးမားသော အကောင်ပလောင်များက ကျွန်တော်တို့ကို မျက်စိမှောက် နေကြသည်။ သည့်အတွက် အကြောင်းရင်း တစ်ခုခု ရှိရမည်။ ယင်းသို့ ဆိုလျှင် အကောင်ကြီးများ သတိပြုမိစေမည့် အရာ တစ်ခုခုကို ကျွန်တော်တို့ သွားမထိ ရသေးလို့ ဖြစ်မည်။ နော်တန်တို့ အုပ်စုလည်း ထိုသတ္တဝါကြီးများ ၏ အစာ ဖြစ်သွားခဲ့သည်။ ကြားရသလောက် မှန်းကြည့်ရလျှင် ထို သတ္တဝါကြီးများမှာ အိမ်တစ်လုံးစာ လောက်ပင် ကြီးမားမည် ထင်သည်။ သို့သော် ၎င်းတို့ သည် ဆိုင်နားသို့ ကပ်မလာကြ။ ထိုအဓိပ္ပါယ်က ဘာများ ဖြစ်သနည်း။

ကျွန်တော် ရုတ်တရက် အိုလီဝိစ်ကို စကားပြောချင်လာသည်။ ပြော မှ ဖြစ်မည်။ ကော်နဲလ်က

"ငါ အပြင်ထွက်ချင်တယ်။ မဟုတ်ရင်လည်း ထွက်ဖို့ ကြိုးစားရင်း သာ သေလိုက်ချင်တယ်။ တစ်နေ့လုံး ဒီမှာ ပဲ အချိန်ကုန်မသွားချင်ဘူး။ ဘယ်လို လုပ်ရမလဲ မသိဘူး" ဟု ပြောတော့ အမန်ဒါက ရုတ်တရက်

"ဆူဆိုက် လုပ်သွားတာ လေးယောက် ရှိပြီသိလား" ဟု ပြောသည်။

"ဘာရယ်..."

စစ်သား အလောင်းများကို ရှာတွေ့သွားပြီလားဟု စိတ်ထဲမှာ အကြီးအကျယ် မလုံမလဲ ဖြစ်သွားသည်။ ကော်နဲလ်က

"အိပ်ဆေးတွေ သောက်ကြတာလေ။ အလောင်းတွေကို ငါနဲ့ တခြားလူ နှစ်ယောက် သုံးယောက်လောက် အနောက်ခန်းထဲ ဝိုင်းမ လိုက်ရတယ်" ဟု ပြောသည်။

သူ့အပြောကြောင့် ကျွန်တော် ရယ်ရမလို ငိုရမလို အောင့်သွားသည်။ ကော်နဲလ်က

"အပြင်မှာ မြူလည်း ပါးလာပြီပဲ။ ငါတော့ ထွက်သွားချင်နေပြီ" ဟု ပြောသည်။

"ခင်ဗျား ကားဆီ ရောက်မှာ မဟုတ်ဘူးဗျ။ ကျွန်တော် ပြောတာ ယုံ။"

"ပထမဆုံး ကားတန်းနားတောင် မရောက်နိုင်ဘူးလား။ အဲဒီနေရာ က ဆေးဆိုင်ထက်တောင် နီးသေးတာကို"

ကျွန်တော် ပြန်မဖြေတော့ပါ။ ရောက်မှာလည်း မဟုတ်ပါ။ တစ်နာရီလောက် ကြာတော့ ရေခဲပုံးနားတွင် ဘီယာတစ်ဘူး သောက်နေသည့် အိုလီကို တွေ့သည်။ သူ့မျက်နှာက မထုံတက်သေး ဖြစ်နေသဖြင့် မစ္စက် ကာမိုဒီကို စောင့်ကြည့်နေပုံ ပေါ်သည်။ သူမကတော့ မမောနိုင် မပန်းနိုင် ဆွယ်တရား ဟောကောင်းတုန်း ဖြစ်သည်။ သူမက လူသား စတေးမှု အကြောင်း ရှင်းပြနေသော်လည်း ဘယ်သူကမှ ဝင်၍ မဟန့်တားကြ။ မ နေ့က သူမကို ပါးစပ်ပိတ်ထားဖို့ ပြောသည့် လူအချို့ပင် အနည်းဆုံး မသိမသာ လိုက်နားထောင်နေကြရကား အခြားသူများကိုဖြင့် ဆိုဖွယ်ရာ မရှိတော့။ အိုလီက

"မနက်ဖြန် မနက်ကျရင်လည်း ဒီအကြောင်းကိုပဲ ထပ်ပြောမှာ။

မပြောချင်လည်း မပြောဘူးပေါ့လေ။ ဒါပေမဲ့ တကယ်လို့ ထပ်များ ပြောရင် ဘယ်သူ့ကို မေတ္တာပို့ဦးမယ် မသိဘူး" ဟု မှတ်ချက် ပေးသည်။

ဘဒ်ဘရောင်းက သူမကို ကြည့်မရသလို အမန်ဒါကလည်း မျက်စိနောက်လှပြီ။ သူမကို တွန်းထိုးခဲ့သည့် လူတစ်ယောက်လည်း ရှိသေးသည်။ ပြီးတော့ ကျွန်တော်။

"ငါ့အထင် ဒီထဲက လူဆယ်ယောက်လောက်တော့ အပြင်ကို ထွက်နိုင်မယ် ထင်တယ် အိုလီ။ ဘယ်လောက် ဝေးဝေး သွားနိုင်မလဲတော့ မသိဘူး။ ဒါပေမဲ့ အနည်းဆုံး အပြင်တော့ ထွက်လို့ရမယ် ထင်တာပဲ"

"ဘယ်လို ထွက်မှာ လဲ"

ကျွန်တော်က သူ့ကို သတ္တဝါကြီးများက လူနံ့ မရသေး၍ ရောက်မလာခြင်း ဖြစ်ကြောင်း ရှင်းပြလိုက်သည်။ အကယ်၍ ကျွန်တော့်ကားထဲ အမြန် ပြေးဝင်ကာ ပြတင်းတံခါးများ ပိတ်ထားလိုက်နိုင်လျှင် လူနံ့ ထွက်တော့မည် မဟုတ်။

"ဒါပေမဲ့ အိတ်ဇောပိုက်က ထွက်မယ့် အနံ့လို ဟာမျိုးက သွားပြီး ဆွဲဆောင်သလို ဖြစ်နေရင်ကော"

"ဒါ ဆိုရင်တော့ မတတ်နိုင်ဘူး"

"မြူထဲမှာ ကားတစ်စီး ရွေ့နေရင် သူတို့ တွေ အာရုံစိုက်လာမှာ ပေါ့ ဒေးဗစ်ရ"

"ငါတော့ အဲဒီလို မထင်ဘူး။ သားကောင်အနံ့မှ မဟုတ်ဘဲ။ ငါတော့ အဲဒီလို သွားမှ ဖြစ်မယ်လို့ ယုံတယ်"

"ဒါပေမဲ့ မင်း သိတာမှ မဟုတ်ဘဲ"

"မသိဘူးလေ။ သေတော့ မသေချာဘူးပေါ့"

"မင်းက ဘယ်ကို သွားချင်တာလဲ"

"ပထမဆုံးတော့ အိမ်ကို သွားချင်တယ်။ ငါ့မိန်းမကို ခေါ်ရအောင်လို့"

" ဒေးဗစ်ရာ"

"ဟုတ်ပါပြီ။ ငါက သေချာအောင် စစ်ဆေးကြည့်ချင်လို့ ပါ"

"အပြင်က အကောင်တွေက နေရာတိုင်းမှာ ရှိနေနိုင်တယ်လေ ဒေးဗစ်ရဲ့။

ကားထဲက တံခါးဖွင့်ပြီး ထွက်လိုက်တာနဲ့ တခဏအတွင်းမှာ မိသွားမှာပေါ့"

"အဲဒီလို ဖြစ်လာရင် ငါ့ကားကို မင်း ယူလိုက်တော့။ အဲဒီအခါကျရင် ဘီလီကို တတ်နိုင်သလောက် ကြာကြာ စောင့်ရှောက်ပေးပါလို့ပဲ ငါ တောင်းဆိုချင်တယ်"

အိုလီက ဘီယာကို လက်စသတ်ကာ ဘူးခွံကို အအေးပုံးထဲ ပြန်ထည့်လိုက်ရာ ဘူးခွံအလွတ် အချင်းချင်း တိုက်မိသံ ထွက်လာသည်။ သူ့အိတ်ကပ်ထဲမှ အမန်ဒါ့သေနတ်၏ လက်ကိုင် တစ်စွန်းတစ်စ ပေါ်လာသည်။ သူက ကျွန်တော့်မျက်လုံးများကို တည့်တည့် ကြည့်ကာ

"တောင်ဘက်ကို သွားရမှာ မဟုတ်လား" ဟု မေးသည်။

"ဟုတ်တယ်။ တောင်ဘက်ကို သွား၊ မြို့ထဲက ထွက်ဖို့ အသေ ကြိုးပမ်းရမှာ "

"မင်းကားမှာ ဂတ်စ်ဘယ်လောက် ရှိလဲ"

"တိုင်ကီ အပြည့်နီးပါးပဲ"

"အပြင်ထွက်ဖို့ မဖြစ်နိုင်လောက်ဘူးလို့ မင်း တွေးဖူးလား"

တွေးဖူးပါသည်။ မြားခေါင်းပရောဂျက်ကသာ ဒီတစ်နယ်လုံးကို အခြားကမ္ဘာမှ တစ်နေရာရာ အဖြစ် အရှူးလုပ်ထားသည် ဆိုလျှင် ပြေးလို့ လွတ်မည် မထင်ပေ။ ကျွန်တော်က

"တစ်ခါမှ မတွေးဖူးဘူး။ ဒါပေမဲ့ မစ္စက် ကာမိုဒီက ဘယ်သူ့ကို ချောက်ချမလဲ သိရအောင် စောင့်နေမိသလားလို့ " ဟု ပြောလိုက်သည်။

"ဒီနေ့ ဘာဆက်ဖြစ်ဦးမယ် ထင်လဲ"

"မသိဘူးလေ။ အခုပဲ ညနေစောင်းပြီ။ ဟိုသတ္တဝါတွေက ညကျမှ ထ သောင်းကျန်းမှာ။ ငါတော့ မနက်ဖြန်အတွက်ပဲ စဉ်းစားနေမိတယ်"

"မင်း ဘယ်သူ့ကို ခေါ်သွားချင်သေးလဲ"

"မင်းရယ်၊ ငါရယ်၊ ဘီလီရယ်၊ ဟတ်တီတာမန်းရယ်၊ အမန်ဒါဒန်းဖရိုက်စ်ရယ်၊ အဘိုးကြီး ကော်နဲလ်ရယ်၊ မစ္စက် ရပ်ပလာရယ်။ ဘဒ်ဘရောင်းလည်း ပါချင် ပါမယ်။ ရှစ်ယောက်ပေါ့။ ဘီလီက တစ်ယောက်ယောက် ပေါင်ပေါ် ထိုင်ခိုင်းထားလို့ ရတယ်။ ဖျစ်ညှစ်ပြီးတော့ ထိုင်ရမှာ"

သူက တွေးကြည့်လိုက်ပြီး နောက်ဆုံး၌

"ဟုတ်ပြီလေ။ ကြိုးစားရမှာ ပေါ့။ တခြားသူတွေကိုရော ပြောပြီးပြီလား" ဟု မေးသည်။

"ဟင့်အင်း။ မပြောရသေးဘူး"

"မပြောနဲ့ ဦးလို့ ငါ အကြံပေးချင်တယ်။ နောက်နေ့ မနက် လေးနာရီ လောက်ထိ စောင့်လိုက်ဦး။ တံခါးနဲ့ အနီးဆုံး ငွေရှင်းကောင်တာအောက်မှာ ဟင်းချက်စရာတွေကို အိတ်တွေနဲ့ ထည့်ထားပေးမယ်။ ကံကောင်းရင် တို့ ထွက်သွားတာ ဘယ်သူမှ သိလိုက်မှာ မဟုတ်ဘူး”

သူက မစ္စက် ကာမိုဒီဆီ တစ်ချက် ကြည့်ကာ

"သူ သိရင် တို့ကို တားချင် တားမှာ " ဟု ပြောသည်။

"တားမယ် ထင်လို့ လား"

အိုလီက ဘီယာ နောက်တစ်ဘူး ထပ်ယူရင်း

"ထင်တာပဲ" ဟု ပြောသည်။

ထိုညနေက နွေးကွေးစွာ ကုန်လွန်သွားပြီး အမှောင်က တွားသွား ဝင်ရောက်လာရာ မြူက ထူထပ် ပိန်းမှောင်လာပြန်သည်။ ညရှစ်နာရီခွဲ တော့ အပြင် လောကကြီးက မည်းသည်း နက်မှောင်လာသည်။ ပန်းရောင် ပိုးကောင်များ ပြန်ရောက် လာသည်။ ထိုအခါ ငှက်လို အကောင် များ ပါ ရောက်လာပြီး မှန်ပြတင်းများ ဆီ ထိုးသုတ်၍ ပျံပြေးကြသည်။ ရံဖန်ရံခါ အမှောင်ထဲမှ တစ်စုံတစ်ရာ၏ ဟိန်းဟောက်သံကို ကြားရတတ်ပြီး သန်းခေါင်ယံ မတိုင်မီတွင် ‘အာ...ဝူး...' ဟူသော ရှည်လျားစွာ ဆွဲဆွဲငင်ငင် အော်ညည်းသံကြီး တစ်ချက် ပေါ်လာသည်။ ၎င်းအသံမှာ နွံ့အိုင်ထဲမှ မိချောင်းခေါင်းတို အထီးတစ်ကောင် ပြုလုပ်လိုက်သော အသံမျိုး ဖြစ်သည်။

မီးလား ခန့်မှန်းခဲ့တာ အတော် မှန်သည်။ နာရီအနည်းငယ် အကြာတွင် မစ္စက် ကာမိုဒီမှာ ကျုန်လူဒါဇင်ဝက်၏ စိတ်နှလုံးကို သိမ်းယူသွားတော့သည်။ ထိုအထဲမှာ သားသတ်သမား မစ္စတာ မက္ကဗေးလည်း ပါသည်။ သူက မစ္စက် ကာမိုဒီကို လက်ပိုက်၍ မတ်တတ်ရပ်ကာ စောင့်ကြည့်နေတတ်သည်။

မစ္စက် ကာမိုဒီကတော့ လုံးဝ တက်ကြွနေသည်။ သူမက အိပ်ဖို့ လိုအပ်ပုံ မရ။ သူမ ဟောပြောသော ဓာတ်လမ်းများကြောင့် တစ်ခါ တစ်ခါ စိတ်များပင် တက်ကြွလာကြပုံ ရသည်။ သူမ၏ အဖွဲ့က သူမနှင့် အတူ လိုက်၍ ဟယ်ခနဲ ဟာခနဲ

ရေရွတ်သံများ ထွက်လား ထွက်ရဲ့၊ စိတ်လွတ်သွားသလို ရှေ့တိုးနောက်ငင် ယိမ်းလား ယိမ်းရဲ့။ သူတို့ မျက်လုံးများ က အသိစိတ်မဲ့၍ တောက်ပနေကြပြီး သူမ၏ ပြုစားမှုအောက် လုံးလုံး လျားလျား ကျရောက်နေကြသည်။

သူမက သနားညှာတာမှု ကင်းမဲ့စွာ မနားတမ်း ဟောကြားလိုက်ရာ စိတ်မဝင်စားကြတော့သည့် လူအချို့က တစ်ရေးတစ်မော အိပ်ဖို့ ကြိုးစားကြသည်။ မနက် သုံးနာရီဝန်းကျင်တွင် အိုလီက ဆိုင်တံခါးနှင့် အ နီးဆုံးရှိ ငွေရှင်းကောင်တာအောက်မှ စားပွဲ တစ်လုံးပေါ်သို့ ဟင်းချက်စရာများ ပါသည့် အိတ်တစ်လုံး လာထားသည်။ တစ်နာရီခွဲလောက် ကြာတော့ နောက်အိတ်တစ်လုံးကို ဘေးမှာ ထပ်၍ လာချသည်။ သူ့အပြုအမူကို ကျွန်တော်မှ လွဲ၍ ဘယ်သူမှ သတိထားမိပုံမရ။ ဘီလီ၊ အမန်ဒါနှင့် မစ္စတာမန်းတို့ က အအေးပစ္စည်းများ ထားသည့် နေရာနားမှာ အတူတူ အိပ်နေကြသည်။ ကျွန်တော်က သူတို့နှင့် ရောနှော၍ လှဲအိပ်လိုက်ရာ စိတ် မသက်မသာဖြင့် မှေးခနဲ ဖြစ်သွားသည်။

အိုလီ လာနှိုးသဖြင့် လက်ပတ်နာရီကို ကြည့်မိတော့ လေးနာရီ ဆယ့်ငါးမိနစ် ဖြစ်သည်။ ကော်နဲလ်က သူနှင့် အတူ ပါလာသည်။ မျက်မှန် နောက်ရှိ သူ့မျက်လုံးများက တလဲ့လဲ့ တောက်ပ နေသည်။ အိုလီက "အ ချိန်ကျပြီ ဒေးဗစ်" ဟု ဆိုသည်။

စိတ်လှုပ်ရှားမှုကြောင့် ဗိုက်ထဲတွင် အောင့်ခနဲ မျက်သွားသော်လည်း ပြန်ပျောက်သွားသည်။ ကျွန်တော်က အမန်ဒါ့ကို လှုပ်နှိုးတော့ နိုးသွားသည်။ စတက်ဖီရော အမန်ဒါပါ ကားတစ်စီးထဲ ပါလာခဲ့လျှင် ဘာဖြစ်မလဲဟူသည့် မေးခွန်းက စိတ်ထဲမှာ ပေါ်လာပြီး ပြန်ပျောက်သွားသည်။ ဒီနေ့ ထွက်ထားသလို ဖြစ်လာခဲ့လျှင်တော့ အကောင်းဆုံး ဖြစ်လိမ့်မည်။ အမန်ဒါက မျက်လုံးစိမ်းများ ဖြင့် ကြည့်ကာ

"ဘာလဲဟင် ဒေးဗစ်..." ဟု မေးသည်။

"တို့ ဒီကနေ ထွက်တော့မလို့။ လိုက်ချင်လား"

"ရှင် ဘာတွေ ပြောနေတာလဲဟင်"

ကျွန်တော်က သူမကို ရှင်းပြရင်း တစ်လက်စတည်း မစ္စက် တာမန်း ကိုပါ နှိုးလိုက်သည်။ အမန်ဒါက

"လူနံ့ကြောင့် လို့ ရှင်တွက်တယ်ပေါ့။ ဒီအချက်ကို ခန့်မှန်းမိတာ သိပ်ပညာပါတာပဲ...နော်"

"ဟုတ်တာပေါ့"

မစ္စက် တာမန်း၏ မျက်နှာက ဖြူဆုတ်ကာ မျက်တွင်းကြီးများ ချိုင့်နေသည်။ သူမက

"ငါ့အတွက်တော့ ဘယ်လိုနေနေ ကိစ္စ မရှိပါဘူး။ နောက်တစ်နေ့ နေထွက်လာတာ မြင်ရရင်ကို ဘာပဲ လုပ်ရလုပ်ရအေ" ဟု ပြောသည်။

နေထွက်လာတာ မြင်ရဖို့ တင်တဲ့။ သူမစကားကြောင့် ကျွန်တော် ကြက်သီးထသွားသည်။ သည် စကားက ကုန်တင် တံခါးမှ တဆင့် နော်မ့်ကို ဆွဲခေါ်သွားတာ မြင်လိုက်ရပြီးကတည်းက ဖြစ်ပေါ်လာသည့် ကြောက်လန့်မှုကို ဖုံးကွယ်ထားခဲ့သော ကျွန်တော့်စိတ်အား ဆွဲလှန်ပစ်လိုက်တော့မလိုပင်။ လောလောဆယ်တော့ မြူတွေဝေနေသည့် ကြားတွင် နေကို ငွေဒင်္ဂါးပြားလေး တစ်ခု အလား တွေ့နိုင်ပေသည်။ ယင်းအဖြစ်က နေကို သောကြာ ဂြိုဟ်ပေါ်မှ မြင်ရသည်နှင့် တူနေသည်။

မြူထဲမှာ ပုန်းခိုနေသော မိစ္ဆာသတ္တဝါများ အများကြီး ရှိမည် မဟုတ်၊ ၎င်းတို့သည် စာရေးဆရာ အိတ်ချ်ပီလဖ်ခရတ်၏ ထိတ်လန့်ချောက်ခြားစရာ ဝတ္ထုများထဲမှ မသေနိုင်သော သတ္တဝါများလည်း မဟုတ်။ ၎င်းတို့မှာလည်း ပျော့ကွက်၊ အားနည်းချက်တော့ ရှိလိမ့်မည်။ နေထွက်တာကို မြင်ရဖို့ ဆိုလျှင် ဘာမဆို လုပ်မည်ဟူသော သူမ၏ စကားက မှန်ပေသည်။ သည်တစ်ခုနဲ့တင် ငရဲအသွယ်သွယ်ကို ဖြတ်သန်းကျော်လွှားဖို့ ထိုက်တန်နေပြီ။ ကျွန်တော်က မစ္စက် တာမန်းကို ပြုံးပြတော့ သူမက မရဲတရဲ ပြန်ပြုံးပြသည်။ အမန်ဒါက

"ကျွန်မလည်း ဘာပဲ လုပ်ရလုပ်ရ လုပ်မှာ ပဲ" ဟု ပြောသည်။

ကျွန်တော်က ဘီလီကို တတ်နိုင်သမျှ ညင်သာစွာ လှုပ်နှိုးသည်။ မစ္စ က် ရပ်ပလာက

"ငါလည်း နင်တို့နဲ့ လိုက်မယ်နော်" ဟု အသေအချာ ပြောသည်။

ကျွန်တော်တို့ အားလုံး အသား ကောင်တာနားမှာ လူစုလိုက်သည်။ ဘဒ်ဘရောင်းတော့ မပါ။ သူက ကျွန်တော်တို့ လာခေါ်တာကို ကျေးဇူးတင်သော်လည်း မလိုက်တော့ဘူးဟု ငြင်းသည်။ သူက ဆိုင်ထဲကနေ ခွာမှာ မဟုတ်ပါတဲ့။ သည်လို လုပ်လို့ လည်း ဆိုင်တာဝန်ခံ အိုလီကို အပြစ်မတင်ပါဟု ညင်သာသော လေသံဖြင့် ပြောသဖြင့် အံ့သြရသည်။

ချိုမြမြနှင့် အော်ဂလီဆန်ဖွယ် အနံ့တစ်ခုက ကြွေရည်သုတ်သေတ္တာ အဖြူထဲမှ ခပ်သင်းသင်း ထွက်လာသည်။ ကိတ်ကျွန်းဆွယ်သို့ တစ်ပတ် ခရီးထွက်စဉ်က ရေခဲသေတ္တာထဲမှ ထွက်လာသည့် အနံ့မျိုးမှန်း သွားသတိရသည်။

၎င်းမှာ မစ္စတာ မက္ကဖေး ပြင်ဆင်ပေးသော အသားဟင်းများ အနံ့ပျက်ယွင်းရာမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ မစ္စက် ကာမိုဒီက

"လျော်ကြေး ပေးရမယ်...။ ကဲ အခု ငါတို့ စဉ်းစားရမှာက အလျော်ပေးဖို့ပဲ။ ဘုရားသခင် ဖုံးကွယ်ထားတဲ့ လျှို့ဝှက်ချက်တွေကို နှိုက်နှိုက်ချွတ်ချွတ် ဖော်ထုတ်မိလို့ ငါတို့ အပြစ်ပေးခံရကြရပြီ။ ကမ္ဘာမြေကြီးရဲ့ နှုတ်ခမ်းအစုံ ပွင့်ဟလာတာလည်း မြင်ခဲ့ရပြီ။ အိပ်မက်ဆိုးတွေရဲ့ ဆိုးယုတ်မှုတွေကိုလည်း မြင်ခဲ့ရပြီ။ ကျောက်ဆောင်ဟာ တို့ကို သူတို့ မမြင်အောင် ဖုံးကွယ်ထားမပေးနိုင်ဘူး။ သစ်ခြောက်ပင်ဟာလည်း အရိပ်အာဝါသ မပေးနိုင်ဘူး။ ဒါတွေ ဘယ်လို အဆုံးသတ်မလဲ။ ဘယ်အရာက အဆုံးသတ် ပေးမှာလဲ" ဟု ပြောသည်။ မိုင်ရွှန်က

"လျော်ကြေး ပေးရမယ်..." ဟု ထအော်သောအခါ ကျန်သူများက ယောင်တိယောင်နဖြင့် “ လျော်ကြေး ပေးရမယ်...၊ လျော်ကြေး ပေးရမယ်' ဟု တိုးတိုး လိုက်အော်ကြသည်။ မစ္စက် ကာမိုဒီက

"သင်တို့ ပြောတာ ငါ ကြားပါရစေ" ဟု အော်ပြောသည်။

သူမ၏ လည်ပင်းမှ သွေးကြောများက ထောင်ထနေသည်။ အက်ကွဲသော သူမလေသံက အခုထိ အင်အားရှိနေဆဲ။ မြူသည် သူမကို အင် အားဖြစ်စေသည်။ ထိုအင်အားက လူများ၏ စိတ်ကို မှုန်ရီ ဝေဝါးစေ သည်။ ကျွန်တော်တို့သာ မျှော်လင့်ချက် နေရောင်ခြည်ကြောင့် မှုန်ရီဝေဝါး မသွားခြင်း ဖြစ်သည်။ ယခင်ကဆိုလျှင် သူမသည် ရေးဟောင်း ပစ္စည်းဆိုင်များ ဖြင့် ဖွေးဖွေးလှုပ်နေသော မြို့လေး တစ်မြို့မှ အများနှင့် မတူ တစ်မူထူးသည့် အဘွားကြီး တစ်ယောက်သာ ဖြစ်သည်။ ဆိုင်နောက်ခန်းတွင် အစာသွပ်တိရစ္ဆာန်ရုပ် နည်းနည်းပါးပါးနှင့် ရိုးရာ ဆေးပစ္စည်းလေးများ ရှိသည်ကလွဲ၍ (ထိုစုန်းမကြီးသည်) ဘာမှဟုတ်သည့် မိန်းမကြီး မဟုတ်။ ကြွက်နို့ ပျောက်ဆေး၊ တင်းတိတ် ပျောက်ဆေး၊ ပီယဆေး၊ ယောက်ျား အားတိုးဆေး စသည်များ ရောင်းချရန် ကြိုးစားတတ်သည့် အဘွားကြီးသာ ဖြစ်သည်ဟု ဘေလ်ဂျီယော့စတီဆီမှ ကြားခဲ့ဖူးသလို ရှိသည်။ လူများက

"လျော်ကြေး ပေးရမယ်ဟေ့..."ဟု တစ်ပြိုင်နက် အော်ဟစ် ကြသည်။ မစ္စက် ကာမိုဒီက ကတုန် ကယင်ဖြင့်

"လျော်ကြေး ပေးရမယ်။ မှန်လိုက်လေ။ လျော်ကြေးပေးမှ မြူတွေကို မောင်းထုတ်နိုင်မှာ။ လျော်ကြေးပေးမှ မိစ္ဆာကောင်တွေ ရှင်းသွားမှ။ လျော်ကြေးပေးမှ မြူတွေ ကင်းပြီး ရှင်းရှင်းလင်းလင်း မြင်နိုင်မှာ။ သမ္မာကျမ်းစာမှာ လျော်ကြေးနဲ့ ပတ်သက်ပြီး ဘာပြောထားလဲ။ မကောင်းမှုကို ဘာနဲ့

ဆေးကြောရမယ်တဲ့ လဲ"

"သွေးနဲ့ "

ဤတစ်ကြိမ်တွင် ကျွန်တော့်ဆံပင်မွေးများ ထောင်သွားသလို လည်ကုပ်ဆီမှ ယားကျိကျိဖြင့် တစ်ကိုယ်လုံး အေးခနဲ တစ်ချက် တုန်သွားသည်။ ထိုစကားလုံးကို ပြောသူက သားသတ်သမား မစ္စတာ မက္ကဖေး။ ခား၊ ခားမ၊ လွှ စသော အသတ်အဖြတ် ကိရိယာများနှင့် ကာလကြာရှည် ထိတွေ့နေခဲ့သည့် မစ္စတာ မက္ကဖေး။ သွေးစွန်းနေသော အဖြူရောင် ဝတ်စုံနှင့် အော်ဒါလက်ခံလေ့ရှိသော မစ္စတာ မက္ကဖေး။ အသေကောင်များ ၏ ဒဏ်ရာမှ တစက်စက် စီးကျနေသော ဝိညာဉ်တို့ကို သန့်စင်ပေးရာတွင် တခြားသူများ ထက် ပိုနားလည် တတ်ကျွမ်းသော မစ္စတာ မက္ကဖေး။ လူများက

"သွေးနဲ့ ဆေးရမယ်..." ဟု တိုးတိုး ရေရွတ်ကြသည်။ ဘီလီက

"သား ကြောက်တယ် ဖေဖေ" ဟု ပြောသည်။

ဖြူလျော်သော မျက်နှာငယ်လေးနှင့် ဘီလီက ကျွန်တော့်လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။ ကျွန်တော်က

"ငါတို့ သွားရင် ကောင်းမယ် အိုလီ" ဟု ပြောလိုက်သည်။ အိုလီက

"ဟုတ်တယ်။ သွားကြစို့" ဟု ပြောသည်။

အိုလီ၊ အမန်ဒါ၊ ကော်နဲလ်၊ မစ္စက် တာမန်း၊ မစ္စက် ရပ်ပလာ၊ ဘီလီနှင့် ကျွန်တော်တို့ ဒုတိယမြောက် ပစ္စည်းတန်းသို့ ဆင်းလာကြသည်။ ငါးနာရီထိုးရန် ဆယ့်ငါးမိနစ်အလိုတွင် မြူက အလင်းရောင် စသန်းလာသည်။ အိုလီက

"ခင်ဗျားနဲ့ ကော်နဲလ်က အိတ်တွေ သွားယူလိုက်" ဟု ပြောသည်။

"အိုကေ"

"ကျွန်တော် အရင် သွားမယ်။ ခင်ဗျားကားက တံခါး လေးပေါက် မဟုတ်လား"

"ဟုတ်တယ်"

"ဟုတ်ပြီ။ ကျွန်တော်က ယာဉ်မောင်းနေရာက တံခါးကို ဖွင့်ဝင်မယ်။ အဲဒီနောက်ခန်း တံခါးကိုလည်း ဖွင့်ပေးထားမယ်။ ဘီလီကို အမန်ဒါ က ချီသွားလို့ ရတယ်မလား"

သူမက ဘီလီကို ကောက်ချီလိုက်သည်။ ဘီလီက

"သား အရမ်း လေးနေလားဟင်" ဟု မေးသည်။

"မလေးပါဘူး သားရဲ့ "

"ကောင်းတယ်။ မင်းနဲ့ ဘီလီ ရှေ့ကသွား။ ပြီးရင် မစ္စက် တာမန်းက အလယ်ကနေ၊ ဒေးဗစ်က နောက်ကလိုက်။ ကျန်တဲ့ ငါတို့ က..."

"မင်းတို့ က ဘယ်သွားမလို့ ပါလိမ့်"

အိုလီစကားကို ဖြတ်မေးလိုက်သူက မစ္စက် ကာမိုဒီ။ သူမက အိုလီ ဝှက်ထားသော ဟင်းချက်စရာ အိတ်များ ရှိရာ ကောင်တာနားတွင် မတ်တတ်ရပ်နေသည်။ တစ်ခေါင်းလုံး ရှုပ်ပွနေသော သူမဆံပင်များကို ကြည့်ပြီး ဖရန်ကန်စတိန်း၏ သတို့သမီး ဇာတ်ကားထဲမှ အယ်ဆာလန်ချက်စတာကို အမှတ်ရသွားသည်။ သူမ၏ မျက်လုံးများက အလျှံငြီးငြီး တောက်လောင်လျက်။ ဆယ်ယောက် ဆယ့်ငါးယောက်ခန့် ရှိသော လူများက ဆိုင်တံခါးဝကို ပိတ်ဆို့ကာ သူမနောက်မှာ မတ်တတ်ရပ်နေကြသည်။ သူတို့ မျက်နှာအသွင်များက ကားမတော်တဆ ဖြစ်ပြီး ဘာမှ မသိတော့သလိုလို၊ ဂြိုဟ်သားများကိုပဲ တွေ့နေရသလိုလို၊ သစ်ပင် တစ်ပင် အမြစ်မှ ကျွတ်၍ လမ်းထလျှောက်သည် ကို မြင်ကြရသလိုလို မယုံနိုင်အောင် ဖြစ်နေကြသည်။ ဘီလီက အမန်ဒါ့ကို မှီ၍ သူမလည်တိုင်ထဲ ခေါင်းအပ်ထားသည်။ အိုလီက ညင်သာသိမ်မွေ့သော လေသံဖြင့်

"အပြင်ကို ထွက်ကြမလို့ ပါ မစ္စက် ကာမိုဒီ။ လမ်းဖယ်ပေးပါဦး" ဟု ပြောလိုက်သည်။

"မင်းတို့ အပြင် ထွက်လို့ မှ မဖြစ်ဘဲ။ ထွက်ရင် သေဖို့ပဲ ရှိတယ်။ အ ခု ဘာတွေ ဖြစ်နေလဲ မသိဘူးလား"

"ဘယ်သူမှ ခင်ဗျားတို့ ကို နှောင့်ယှက်မနေပါဘူး။ ကျွန်တော်တို့ လည်း ကိုယ့်အယူအဆနဲ့ ကိုယ်ရှိကြတာပဲလေ"

သူမက ဟင်းချက်စရာ အိတ်များကို တွေ့သွားကာ ကုန်းကြည့်သည်။ ကျွန်တော်တို့ ကြံစည်ထားသမျှကို သူမ ရိပ်မိသွားလေပြီ။ သူမက အိတ်များကို အိုလီထားသော နေရာမှ ဆွဲထုတ်လိုက်ရာ တစ်အိတ်မှာ ပွင့်ထွက်ကာ သံဘူးများ ကြမ်းပြင်ပေါ် လိမ့်ထွက်လာသည်။ သူမက နောက်တစ်အိတ်ကို ဆွဲလွှင့်ပစ်လိုက်တော့ ခွမ်းခနဲ ဖန်ကွဲသံ ဖွက်လာသည်။ ဆိုဒါဘူးများက နေရာအနှံ့ ပြန့်ကျဲကာ တခြားကောင်တာ တစ်ခုဆီ လိမ့်သွားကြသည်။ သူမက

"ဒီလိုလူမျိုးတွေဟာ ကြမ္မာဆိုးတွေ ဆောင်ယူလာတဲ့ သူတွေပဲ။ အရှင့်ဆန္ဒကို ဆန့်ကျင်မယ့်သူတွေ။ မကောင်းမှု လုပ်တာကို ဂုဏ်ဆာနေတဲ့ သူတွေ။ သူတို့တွေနဲ့ စတေးဖို့ လုပ်ရမယ်။ သူတို့ သွေးတွေနဲ့ လျော်ကြေး ပေးဆပ်ရမယ်" ဟု အော်ပြောသည်။

သူမစကားကို သဘောတူသည့် အသံတွေ ဟေးခနဲ ထွက်လာသည်။ အခုမှတော့ သူမကို ထိန်းလို့ မရနိုင်တော့။ သူမ နှုတ်က ရွတ်သမျှကို အနောက်မှ လူအုပ်က အော်ဟစ်ထောက်ခံနေသည်။

"ငါတို့ လိုချင်တာ ကောင်လေးပဲ။ သူ့ကို ဝိုင်းဆွဲထုတ်ကြ။ ရအောင်ယူ။ ကောင်လေးကို လိုချင်တယ်"

မိုင်ရွှန် ဦးဆောင်သော လူအုပ်ကြီးက ရှေ့သို့ တိုးလာသည်။ သူ့မျက်လုံးများက အသက်မဲ့စွာ တက်ကြွမြူးထူးနေသည်။ သူ့နောက်တည့်တည့်မှာတော့ မစ္စတာ မက္ကဖေးက ခံစားချက်မဲ့သော မျက်နှာသေနှင့်။ အမန်ဒါက ဘီလီကို တင်းကျပ်စွာ ပွေ့ဖက်ကာ အနောက်သို့ ဒယိမ်းဒယိုင် ဆုတ်ရင်း ကျွန်တော့်ကို ကြောက်လန့်တကြား လှမ်းကြည့်သည်။

"ဒေးဗစ်...၊ ကျွန်မ ဘာလုပ်ရ..."

အမန်ဒါ့စကား မဆုံးခင် ပခုံးထက်မှာ ပိုက်ဆံအိတ်ကြီး လွယ်ထားဆဲဖြစ်သော မစ္စက် ကာမိုဒီက

"နှစ်ယောက်စလုံးကို ဆွဲခေါ်ကြ။ သူ့ကောင်မလည်း ပါတယ်" ဟုအော်ဟစ်ရင်း ခုန်ဆွ ခုန်ဆွ လုပ်လာသည်။

"ကောင်လေးကို ရအောင် ခေါ်။ ဟိုကောင်မကိုရောပဲ။ နှစ်ယောက်စလုံးကို ခေါ်..."

ထိုစဉ် ဒိုင်းခနဲ စူးရှသည့် အသံ တစ်ခု ထွက်လာသည်။ ဆရာ ဝင်လာပြီး အခန်းတံခါးကို ဆောင့်ပိတ်လိုက်သဖြင့် စာသင်ခန်းထဲ ပွက်လောရိုက်နေသော ကလေးများ ငြိမ်ကျသွားသည့်နှယ် အားလုံး တိတ် သွားသည်။ မိုင်ရွှန်နှင့် မစ္စတာ မက္ကဖေးက ခြေဆယ်လှမ်းအကွာလောက်မှာ ရပ်တန့်နေကြသည်။ မိုင်ရွှန်က သားသတ်သမားကြီးအား လည်ပြန်လှည့်ကြည့်သည်။ မစ္စတာ မက္ကဖေးက သူ့ကို ပြန်မကြည့်၊ သူ ရှိနေသည် ကို သိပုံပင် မရ။ သူ့အသွင်ကို ကြည့်ပြီး စိတ်နဲ့ ကိုယ် ကပ်မနေတော့ကြောင်း ပြီးခဲ့သည့် နှစ်ရက်ကတည်းက ကျွန်တော် သဘောပေါက်နေခဲ့သည်။

မိုင်ရွှန်က အိုလီကို မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ကြောက်လန့်တကြား

ကြည့်ရင်း နောက်ဆုတ်ကာ လှည့်ပြေးသည်။ ပစ္စည်းတန်းတစ်ခု၏ ထောင့်သို့ ရောက်သောအခါ သံဘူး တစ်ခုကို တက်နင်းပြီး ချော်လဲသွားသေးသော်လည်း ပြန်ထပြေးလေသည်။

အိုလီက အမန်ဒါ့သေနတ်ကို ကိုင်ကာ ပစ်မှတ်ကို အတိအကျ ချိန်ရွယ်ထားသော သေနတ်သမား တစ်ယောက်လို ရပ်နေသည်။ မစ္စက် ကာမိုဒီက ငွေရှင်းကောင်တာထိပ်မှာ ရပ်နေဆဲဖြစ်သော်လည်း တင်းတိတ်မဲ့ခြောက်များနှင့် လက်နှစ်ဖက်က ဗိုက်ကို အုပ်ထားသည်။ သွေးတို့က သူမလက်ချောင်းများကြားမှ တဆင့် အဝါရောင် ဝတ်စုံပေါ် စီးကျပေကျံ သွားသည်။ သူမ၏ ပါးစပ်က ပိတ်လိုက် ဖွင့်လိုက်ဖြင့် စကားပြောဖို့ ကြိုးစားသည်။ တစ်ကြိမ်၊ နှစ်ကြိမ်၊ နောက်တော့ ပြောလို့ ရသွားသည်။

"နင်တို့ အားလုံး အပြင်မှာ သေကြမှာ"

ပြောပြီးပြီးချင်း သူမသည် ရှေ့သို့ ဖြည်းညင်းစွာ ဟပ်ထိုးလဲသွားသည်။ ပိုက်ဆံအိတ်က ပခုံးပေါ်မှ လျှောကာ ကြမ်းပြင်ပေါ် ဖုတ်ခနဲ ပြုတ်ကျပြီး အထဲမှ ပစ္စည်းများ ထွက်လာသည်။ စက္ကူပတ်ထားသော ဘူးတ စ်ခု လိမ့်ကာ ကျွန်တော့်ရှူးဖိနပ်နှင့် လာတိုက်သည်။ ကျွန်တော် ဘာမှစဉ်းစားမနေတော့ဘဲ ကုန်းကောက် ကြည့်လိုက်တော့ တစ်ဝက်လောက် ကုန်နေသော ရိုးလိပ်ဆေးပြားများ ဖြစ်နေသည်။ သို့နှင့် ကျွန်တော်က ပြန်လွှတ်ချလိုက်သည်။ သူမပိုင် ပစ္စည်းများကို ကိုင်ကြည့်ချင်စိတ် မရှိတော့။

လူအုပ်ကြီးက နောက်ဆုတ်သွားပြီး ဦးတည်ချက်မဲ့ကာ တစ်ကွဲတစ်ပြား ဖြစ်သွားသည်။ လဲကျနေသော အလောင်းအောက်မှ မည်းညစ်ညစ် သွေးများ ပြန့်ကားစီးဆင်းလာသည် ကို ကြည့်ကာ တစ်စုံ တစ်ယောက်က ဒေါသတစ်ဝက် ကြောက်ရွံ့မှုတစ်ဝက်ဖြင့်

"မင်း သူ့ကို သတ်လိုက်တာပဲ" ဟု ထအော်သည်။

ကျွန်တော့်သားကို သတ်ဖို့ ကြံစည်တာကျတော့ ဘယ်သူမှ ထောက်မပြကြ။ အိုလီက သေနတ် ကိုင်ထားသော အနေအထားမှာ တောင့်တောင့်ကြီး ရပ်နေဆဲဖြစ်သော်လည်း နှုတ်ခမ်းက တဆတ်ဆတ် တုန် ယင်လျက် ရှိသည်။ ကျွန်တော်က သူ့ကို ညင်သာစွာတို့ထိကာ "သွားကြစို့ အိုလီရယ်။ ကျေးဇူးတင်ပါတယ်ကွာ" ဟု ပြောလိုက်သည်။ သူက တုန်လှုပ်ချောက်ခြားစွာဖြင့်

"ငါ သူ့ကို သတ်လိုက်မိပြီ။ မသတ်ရင် အကုန် သေမှာ" ဟု ပြောသည်။

“ဟုတ်တယ်လေ။ ဒါကြောင့် မင်းကို ကျေးဇူးတင်တယ် ပြောတာပေါ့။ ကဲ

သွားရအောင်"

ကျွန်တော်တို့ ထပ်လှုပ်ရှား ရပြန်သည်။ အိတ်များ သယ်စရာ မလိုတော့သဖြင့် မစ္စက် ကာမိုဒီကို ကျေးဇူးတင်ရသည်။ ကျွန်တော်က ဘီလီ ကို ချီထားလိုက်သည်။ ဆိုင်တံခါးဝတွင် ခဏလောက် ရပ်နေမိကြစဉ် အိုလီက တိမ်ဝင်နေသော လေသံဖြင့်

"ငါ သူ့ကို ပစ်လိုက်ရတာ တခြားနည်း မရှိတော့လို့ ပါ ဒေးဗစ်ရာ" ဟု ပြောသည်။

"အေးလေ"

"မင်း ယုံတယ် မဟုတ်လား"

"ယုံတာပေါ့ကွ"

"ဒါဆို သွားကြစို့နော်"

ထို့နောက် ကျွန်တော်တို့ ဆိုင်အပြင် ထွက်လာခဲ့လေသည်။

WPS

အခန်း (၁၁)
နိဂုံး

အိုလီက သေနတ်ကို ညာလက်တွင် ကိုင်လျက် ခပ်မြန်မြန် သွားသည်။ တံခါးဝမှ ကျွန်တော်နှင့် ဘီလီတို့ ထွက်လာကြရုံရှိသေး၊ အိုလီက ကျွန်တော့်ကားနား ရောက်နေလေပြီ။ တယ်လည်း လျင်သည့် အိုလီ၊ မသိလျှင် ရုပ်မြင်သံကြား ဇာတ်လမ်းထဲမှ တစ္ဆေတစ်ကောင်လိုလို။ သူက ယာဉ်မောင်းနေရာမှ တံခါးကို ဖွင့်သည်။ ပြီးနောက် နောက်ခန်းတံခါး ကို ဖွင့်ပေးသည်။ ထိုစဉ်မှာပင် မြူထဲမှ တစ်စုံတစ်ရာ ထွက်ချလာပြီး သူ့ကို နှစ်ပိုင်း ပြတ်အောင် ဖြတ်ထည့်လိုက်သည်။

၎င်းမှာ ဘာမှန်း ကျွန်တော် သေချာမတွေ့လိုက်သော်လည်း ချက်ပြုတ်ထားသော ကျောက်ပုဇွန် တစ်ကောင်၏ အရောင်လိုမျိုး အနီရဲရဲ ဖြစ်ဟန်တူပြီး ထက်မြသော ဂဏန်းလက်မများ ရှိလေသည်။ ၎င်းဆီမှ မာန်ဖီသံ ခပ်သဲ့သဲ့ ထွက်ပေါ်လာသည်။ ထိုအသံမှာ နော်တန်တို့ အုပ်စု အပြင်ထွက်စဉ်က ကြားခဲ့ရသော အသံမျိုးနှင့် သိပ်မကွာလှပေ။

အိုလီက သေနတ်နှင့် တစ်ချက် လှမ်းပစ်လိုက်သော်လည်း ၎င်းက သူ၏ ခန္ဓာကိုယ်အား ကတ်ကြေး ကဲ့သို့ ညှပ်ထားသော လက်မကြီးများ ကို ဟပေးလိုက်ဟန် တူသည်။ အိုလီဆီမှ သွေးများ အိုင်ထွန်း လာပြီး အမန်ဒါ့သေနတ်လည်း လက်ထဲမှ ပြုတ်ကျကာ ပလက်ဖောင်းနှင့် ရိုက်ခတ်ပြီး ကျည်တစ်တောင့် ဒိုင်းခနဲ ထွက်သွားသည်။ ၎င်း၏ နှင်းသီးအလုံးကြီးများအရွယ် အရောင်အဆင်း ကင်းမဲ့သော မျက်လုံးနက်ကြီးများနှင့် ကျွန်တော် တခဏ ဆုံမိသည်။ ထို့နောက် ၎င်းက အိုလီ၏ ခန္ဓာကိုယ်ကို လက်မကြီး တစ်ဖက်နှင့် ညှပ်ကာ မြူထဲသို့ ဆွဲယူသွားလေရာ ၎င်း၏ ကင်းမြီးကောက်လို ခန္ဓာကိုယ်ကြီးမှ ရှည်လျားသော အဆစ်အပိုင်းများ တရွတ်တိုက်သွားသံ တရွမ်းရွမ်း ထွက်လာသည်။

ကျွန်တော်သည် ဘီလီကို ချီ၍ ဆိုင်ထဲ ပြန်ပြေးချင်စိတ်က တစ်ဝက်၊ ကားဆီ ပြေးဝင်ချင်စိတ်က တစ်ဝက်ဖြင့် ဝေခွဲမရ ဖြစ်နေသည်။ ထိုစဉ် အမန်ဒါ့ အော်သံ ထွက်လာသည်။ နားကွဲမတတ် အဆက်မပြတ် စူးရှ ကျယ်လောင်စွာ အော်လိုက်သံကြောင့် ဘီလီက ကျွန်တော့်ရင်ထဲ ခေါင်းအပ်ကာ တုန်နေလေသည်။

ပင့်ကူကြီး တစ်ကောင်က မစ္စက် တာမန်းကို ချီသွားသည်။ ၎င်းက သူမကို ပြေးတိုက်သဖြင့် ဒူးထောက်လဲသွားစဉ် အပေါ်မှ ခုန်အုပ်လိုက်သည်။ ထို့နောက် သူမ၏ ပခုံးမှ မ ကာ ပင့်ကူမျှင်များဖြင့် ရစ်ပတ်လေတော့သည်။ မစ္စက် ကာမိုဒီ ပြောတာ မှန်သည် ဟု ထင်သည်။ ကျွန်တော်တို့ အပြင်မှာ တကယ်

သေကြရတော့မည်။ ကျွန်တော်က

"အမန်ဒါ..." ဟု အော်ခေါ်လိုက်သော်လည်း သူမက ဘာမှ မတုန့်ပြန်ချေ။

အမန်ဒါ သတိလွတ်သွားလေပြီ။ ပင့်ကူကြီးက ဘီလီကို ထိန်းပေးတတ်သော၊ အရုပ်ဆက် ကစားနည်း၌ သာမန်လူ လိုက်မမီအောင် တော်လှသော မစ္စက် တာမန်း၏ အလေ့ာင်းကို အာခံတွင်းမှ အက်ဆစ်ရည်ဖြင့် ဖျန်းလိုက်၊ ပင့်ကူမျှင်များ ဖြင့် ရစ်ပတ်လိုက် လုပ်နေသည်။ သူမ၏ ခန္ဓာကိုယ်ထဲ နစ်ဝင်နေသော အဖြူရောင် ပင့်ကူမျှင်များက အနီရောင် သန်းနေလေပြီ။

ကော်နဲလ်က ဆိုင်ဘက်သို့ နှေးကွေးစွာ ပြန်လှည့်ပြေးသည်။ မျက်မှန် နောက်မှ သူ့မျက်လုံးများက ညစာ စားသည့် ပန်းကန်ပြား အရွယ်လောက် ကြီးမားနေရှာမည်။ သူက ဆိုင်တံခါးကို ကုပ်ကတ် တွန်းဖွင့်ကာ အထဲသို့ ပြေးဝင်သည်။ မစ္စက် ရပ်ပလာက ကျွန်တော့်ကို ကျော်တက်ကာ အမန်ဒါ့ ပါးပိတ်ရိုက်လိုက်သည်။ အမန်ဒါ အအော် ရပ်သွားစဉ် ကျွန်တော်က သူမဆီ သွားကာ ကားဘက်သို့ မျက်နှာမူ ပေးလိုက်ပြီး သူ မ၏ မျက်နှာနား ကပ်၍

"သွားတော့..." ဟု အော်ထည့်လိုက်သည်။

ထိုအခါ သူမက ထပြေးသည်။ မစ္စက် ရပ်ပလာလည်း ကျွန်တော့်ကို တွန်းတိုက်ကာ ကျော်ဖြတ်သွားသည်။ သူမက အမန်ဒါ့အား ကားနောက်ခန်းထဲ တွန်းထည့်လိုက်ပြီး သူမပါ ဝင်ထိုင်၍ ကားတံခါးကို ဝုန်းခနဲ ပိတ်ချလိုက်သည်။ ကျွန်တော်က ဘီလီကို ကိုယ်မှ ဆွဲခွာကာ ကားထဲ ပစ်ထည့်လိုက်သည်။ ကားထဲသို့ ကျွန်တော် ဝင်ရန် ပြင်လိုက်စဉ် ပင့်ကူမျှင် တစ်ချောင်းက ခြေသလုံးကို လာပတ်သည်။ ၎င်းမှာ ငါးမျှားချိတ်မှ ငါးမိသကဲ့သို့ ခိုင်မာလှသည်။ ကျွန်တော်က ခြေဖဝါးကို ဆောင့်နင်းလိုက်တော့ ကြိုးပြတ်သွားသည်။ သို့နှင့် ကားနောက်ခန်းထဲ ကျွန်တော် ပစ်ဝင်လိုက်သည်။ အမန်ဒါက

"တံခါး ပိတ်၊ တံခါး ပိတ်၊ ဘုရား ကယ်တော်မူပါ" ဟု အော်ဟစ်နေသည်။

ကျွန်တော် ကားတံခါးကို ပိတ်ပြီးပြီးချင်းမှာ ပင် ပင့်ကူကြီး တစ်ကောင်က ကားကို ညင်သာစွာ လာဝင်ဆောင့်သည်။ ၎င်း၏ နီရဲကာ သွက်သွက်ခါနေသော မျက်လုံးများမှာ ကျွန်တော်နှင့် လက်မ အနည်းငယ်သာ ကွာသည်။ ကျွန်တော့်လက်ကောက်ဝတ်လောက် ရှိမည့် ၎င်း၏ ခြေထောက်များက ရှေ့တိုးနောက်ငင် လှုပ်ရှားနေသဖြင့် အမန်ဒါက မီးသတ်ခေါင်းလောင်းလို မရပ်မနား အော်ဟစ်နေတော့သည်။ မစ္စက် ရပ်ပလာက

"ညည်း ပါးစပ်ကို ပိတ်ထား စမ်းပါဟဲ့" ဟု ပြောသည်။

ပင့်ကူကြီး လက်လျှော့ သွားသည်။ ၎င်းက ကျွန်တော်တို့ ကို အနှံ့ခံလို့ မရနိုင်တော့။ ၎င်းက မြူထဲသို့ တရွေ့ရွေ့ ပြန်ဝင်၍ ပျောက်ကွယ်သွားသည်။ ကျွန်တော်က ပင့်ကူကြီး ထွက်သွား မသွား သေချာအောင် ကားပြတင်းမှ ကြည့်ပြီး တံခါး ဖွင့်သည်။ အမန်ဒါက

"ရှင် ဘာလုပ်မလို့ လဲ" ဟု အော်သည်။

ကျွန်တော် လုပ်နေတာကို ကျွန်တော် သိပါသည် အိုလီရှိလျှင်လည်း ကျွန်တော့်လို လုပ်လိုက်မည် ထင်သည်။ ကျွန်တော် က ကိုယ်တစ်ပိုင်း ထွက်ကာ သေနတ်ကို ကုန်းကောက်လိုက်သည်။ တစ်စုံတစ်ရာက ကျွန်တော့်ဆီ အမြန် ပြေးဝင်လာလျှင် ကျွန်တော် လုံးဝ မြင်မှာ မဟုတ်။ ကျွန်တော်က ကားထဲ ပြန်ဝင်၍ တံခါးကို ဝုန်းခနဲ ဆောင့် ပိတ်လိုက်သည်။ အမန်ဒါကတော့ ရှိုက်ကြီးတငင် စငိုနေသည်။ မစ္စက် ရပ်ပလာက သူမပခုံးကို ဖက်ကာ နှစ်သိမ့်သည်။ ဘီလီက

"သားတို့ အိမ်ပြန်ကြမှာ လား ဖေဖေ" ဟု မေးသည်။

"ပြန်ကြည့်မလို့ လေ"

"ဟုတ်ကဲ့"

ဘီလီ ငြိမ်သွားသည်။ ကျွန်တော်က သေနတ်ကို စစ်ဆေးကြည့်လိုက်ပြီး ကားထိုင်ခုံအိတ်ထဲ ထည့်လိုက်သည်။ ဆေးဆိုင်မှ ပြန်လာပြီးနောက် သေနတ်ကို အိုလီ ကျည်ဖြည့်ထားခဲ့သည်။ ကျန်သော ကျည်ဆ န်များက သူနှင့် အတူ ပါသွားပြီဖြစ်သော်လည်း ကိစ္စမရှိ။ မစ္စက် ကာမိုဒီကို သူ သေနတ်နှင့် ပစ်ခဲ့သည်။ ကင်းမြီးကောက်လိုလို အရာကြီးကိုလည်း တစ်ချက် ပစ်ခဲ့သေးသည်။ သေနတ် မြေကြီးပေါ် ပြုတ်ကျစဉ်က ကျည်တစ်တောင့် ထွက်သွားသည်။ ကားထဲမှာ လူလေးယောက် ရှိသည်။ အကယ်၍ ထိုသတ္တဝါများက ကားနံဘေးကိုသာ လာတိုက်မည်ဆို ပါက တခြားနည်းလမ်း ရှာရမည်။

အရေးထဲ ကားသော့က ရှာမတွေ့သဖြင့် အခက်တွေ့ရသည်။ အိတ်ကပ်အားလုံးကို စစ်ကြည့်တော့လည်း ဘာမှမရှိ။ စိတ်ကို ငြိမ်အောင် ထား၍ နောက်တစ်ခေါက် သေချာအောင် ပြန်စစ်ကြည့်သည်။ ဂျင်း ဘောင်းဘီအိတ်ထဲက အကြွေစေ့များ အောက်မှာ တွေ့သည်။

ကားစက်က အလွယ်တကူ နိုးသွားသည်။ အင်ဂျင်မှ ယုံကြည် စိတ်ချရလောက်သည့် ဝေါခနဲ အသံကြောင့် အမန်ဒါ့ခမျာ မျက်ရည် တလည်လည် ဖြစ်ရပြန်သည်။ အင်ဂျင်စက်သံနှင့် အိတ်ဇောငွေ့ကြောင့် တစ်စုံ တစ်ရာကို ဆွဲဆောင်နေသလိုများ ဖြစ်နေမလား ထိုင်စောင့် ကြည့်နေလိုက်သည်။

ငါးမိနစ်လောက် ကြာသည်အထိ ဘာမှ ထူးမလာချေ။ ထိုငါးမိနစ်က ကျွန်တော့် တစ်သက်မှာ အကြာဆုံးပင်။ နောက်ဆုံးတွင် မစ္စ ကံ ရပ်ပလာက

"ငါတို့ ဒီမှာ ပဲ ထိုင်နေမှာလား၊ သွားမှာလား" ဟု မေးတော့သည်။

"သွားမှာ ..."

ကျွန်တော်က ကားကို နောက်သို့ ဖြည်းဖြည်းချင်း ဆုတ်၍ ထွက်သည်။ ကား၏ ညာဘက် ဘန်ပါနှင့် အမှိုက်ပုံး တိုက်မိသွားသည်။ ဆိုင်နားမှ ပတ်၍ မောင်းလာသောအခါ ချောင်းကြည့်ပေါက်များမှ ကျွန်တော်တို့ကို ငေးကြည့်နေသော ဆိုင်ထဲမှ ဖြူလျော်လျော် မျက်နှာ နှစ်ခု သုံးခုကို တွေ့ရသည်။ အပြင်ဘက်က ကြည့်တော့မှ ခါတ်မြေသြဇာနှင့် အပင်အားဆေးအိတ်များ ထပ်ထားပုံက ဖြစ်ကတတ်ဆန်း ထပ်ထားသည့် ပုံ ပေါက်နေကြောင်း မြင်ရသည်။

ကျွန်တော်က ဘယ်ဘက်သို့ ချိုးကွေ့လိုက်တော့ ကျွန်တော်တို့ နောက်မှာ ကျန်ရစ်ခဲ့သည့် မြူက မြင်ကွင်းကို ပိန်းပိတ်အောင် ကာဆီးသွားသည်။ ကျန်လူတွေ ဘာဖြစ်ဦးမလဲ ကျွန်တော် မသိတော့။ တစ်နာရီ ငါး မိုင်နှုန်းဖြင့် ကန်းဆတ်လမ်းမကြီးဘက် ကျွန်တော် မှန်းဆ၍ မောင်းလာခဲ့သည်။ ကားအပေါ်မီး ထိုးထားသည့် တိုင် အရှေ့ကို ဆယ်ပေထက် ပိုမမြင်ရ။

ကမ္ဘာမြေကြီးသည် ဆိုးရွားသော အခြေအနေ တစ်ခုခုနှင့် ကြုံကာ တွန့်လိမ်ပျက်စီးသွားခဲ့လေပြီ။ မီးလား အထင် မှန်သွားပြီ။ နေရာအတော်များများ ရှိ ချိုင့်ခွက်များက ဆိုးရွားလှသည်။ တချို့မြေနေရာများ ဆိုလျှင် မတ်စောက်လှသည် ထင်ရသည်။ လေးဘီးကားနှင့် မို့သာ တော်တော့သည်။ သည့်အတွက် ဘုရားသခင်ကို ကျေးဇူးတင်ပါသော်လည်း ကားပင် သွားလို့ မရသည့် အခြေအနေမျိုးနှင့် ကြုံမှာ ကြောက် လှသည်။ ခုနှစ်မိုင် ရှစ်မိုင်လောက် ရောက်ဖို့ ကိုပင် မိနစ်လေးဆယ် လောက် မောင်းနေရသည်။

နောက်ဆုံးတွင် လမ်းဟု ထင်ရသော အမှတ်အသားကို မြူထဲမှ ခပ် ဝါးဝါး တွေ့လိုက်ရသည်။ ငါးနာရီ ဆယ့်ငါးမိနစ်လောက်က နိုးကြားနေခဲ့သော ဘီလီမှာ အခုတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေပြီ။ သည် ကားနှင့် ရင်းနှီးနေသဖြင့် သူ့အိမ်လို ခံစားရသောကြောင့် ဖြစ်မည်။ အမန်ဒါက လမ်းကို စိတ်လှုပ်ရှားစွာ ကြည့်ရင်း"အဲဒီအတိုင်း တကယ် သွားမှာ လားဟင်" ဟု မေးသည်။

"သွားကြည့်ရတာပေါ့"

သို့သော် သွားလို့ မရ။ မုန်တိုင်းကြောင့် သစ်ပင်များမှာ ကြာပွတ်နှင့် ရိုက်ထားသလို တွန့်လိမ်၍ နေရာအနှံ့ ပြန့်ကျဲပွထနေသည်။ ပထမဆုံး သစ်ပင်

နှစ်ပင်သာ အတော် သေးငယ်သဖြင့် ကျော်လွှားနိုင်သည်။ ရှေ့ မှာ လဲနေသော ကြီးမားလှသည့် ဝက်သစ်ချပင်အိုကြီးက ရာဇဝတ်သားများ မကျော်လွှားနိုင်အောင် တားဆီးထားသည့်နှယ်။ အိမ်ဆီ ရောက်ဖို့ တစ်မိုင်၏ လေးပုံ သုံးပုံလောက် လိုသေးသည်။ ဘီလီကတော့ ဘေးမှာ အိပ်လျက်သား။ ကျွန်တော် ကားရပ်ကာ မျက်လုံးကို လက်နှင့် သပ်ပြီး ဘာဆက်လုပ်ရမလဲ စဉ်းစားကြည့်သည်။ စိတ်မရှည်တတ်သော မစ္စက် ရပ်ပလာက ဘာများ အငေါ်တူးဦးမလဲ တွေးမိသော်လည်း သူမက ကြင်နာစွာဖြင့် ဘာမှ မပြောဘဲ ကျွန်တော့်ကို စဉ်းစားခွင့် ပေးထားသည်။

ကျွန်တော် အပြင် ထွက်လို့ မရ။ သူတို့ချည်းပဲ မထားခဲ့နိုင်။ ခေါင်းအထက်မှာတော့ မြူထုက အိပ်မက်ဆိုး တစ်ခုလို ပျံ့ဝဲနေသည်။ ကျွန် တော် ကိုယ့်ဘာသာ စကားပြောကြည့်ဖို့ ကြိုးစားသည်။ စတက်ဖီသာ လျှင်ခဲ့လျှင် အိမ်ထဲသို့ ပြေး၍ ပုန်းနေလို့ ရမည်။ အထဲတွင် ဆယ်ရက်စာ၊ နှစ်ပတ်စာလောက် အစာရေစာ လုံလောက်သည်။ သို့သော် ထိုအတွေးက အနည်းငယ်သာ စိတ်သက်သာရာ ရသည်။ သူမကို နောက်ဆုံးတွေ့ ခဲ့စဉ်က နေကာဦးထုပ်ကို ဆောင်းကာ လက်အိတ်များ ဝတ်လျက် သီးပင် စားပင်များကို ပျိုးနေခဲ့သည်ပဲ။ ထိုအချိန်တွင် သူမအနောက်မှ မြူထု က ရေကန်ဆီမှ တဆင့် လိမ့်ဆင်းလာနေခဲ့သည်။

အခုတော့ ဘီလီအတွက်သာ တွေးပူရတော့မည်။ ဘီလီ...၊ ဘီလီ...။ နောက်ဆုံး၌ တစ်ခုတည်းသာ လုပ်စရာ ရှိတော့သည်။ ကျွန်တော်ကကားကို ကန်းဆတ်လမ်းမဘက်သို့ ဂရုတစိုက် ပြန်ကွေ့သည်။ ထို့နောက် ကျွန်တော် ငိုသည်။ အမန်ဒါက ကျွန်တော့်ပခုံးကို ခပ်သာသာ လာ ထိသည်။

"ကျွန်မ စိတ်မကောင်းပါဘူး ဒေးဗစ်ရယ်"

ကျွန်တော်က မျက်ရည် ထပ်မကျအောင် ကြိုးစားရင်း

"အင်း ကျွန်တော်လည်း စိတ်မကောင်းဘူး" ဟု ပြောမိသည်။

ကျွန်တော်က လမ်းကြောင်း ၃၀၂ ဘက် မောင်းကာ ပေါ့တ်လန်းမြို့ ရှိရာ ဘယ်ဘက်သို့ ကွေ့သည်။ သည် လမ်းမှာလည်း အပျက်အဆီးများစွာ ပြည့်နေသည်။ သို့သော် ကန်းဆတ် လမ်းမထက် စာလျှင် ဖြတ်သွားလို့ ရသည်။ ကျွန်တော် စိတ်ပူတာ တံတားတွေကိုပဲ ဖြစ်သည်။ မိန်းပြည်နယ်၏ မျက်နှာစာကို ရေကြောများ ဖြတ်စီးနေသဖြင့် နေရာတိုင်းမှာ တံတားကြီးငယ်များစွာ ရှိသည်။ နေပယ် တာရိုးလမ်းသာ ဘာမှ မဖြစ်လျှင် ပေါ့တ်လန်းမြို့သို့ ရွက်လွှင့်သွား လို့ ရသည်။ မြူကတော့ ထူတုန်းပင်။

တစ်ကြိမ်တွင် သစ်ပင်များ လဲနေသည် ဟု ထင်ကာ ကားရပ်လိုက်သည်။ သို့သော် သစ်ပင်များက တအိအိ လှိုင်းထကာ လှုပ်ရှားလာသော အခါမှ ရေဘဝဲလက်တံများ ဖြစ်ကြောင်း သဘောပေါက်သွားသည်။

သူတို့ ပြန်လှည့်လာသည်ဟု ထင်လျှင် ကျွန်တော် ကားရပ်ထားလိုက်သည်။ တစ်ကြိမ်တွင် ထွင်းဖောက်မြင်နေရသည့် ရှည်လျားသော အတောင်ပံများနှင့် စိမ်းဖန့်ဖန့် အရောင်တောက်နေသော သတ္တဝါကြီး တစ်ကောင် ခေါင်းမိုးပေါ် နားနေသည် ကို တွေ့ရသည်။ ၎င်းသည် ပုံပန်းပျက်ယွင်း နေသည့် ပုစဉ်းကြီးတစ်ကောင်နှင့် တူလှသည်။ ၎င်းသည် ထိုနေရာတွင် တခဏမျှ ရစ်ဝဲကာ ပျံသန်း ပျောက်ကွယ် သွားလေသည်။

ကန်းဆတ်လမ်းမမှ ထွက်လာခဲ့ပြီး နှစ်နာရီလောက် ကြာတော့မှ ဘီလီ နိုး လာပြီး မေမေ့ဆီ မရောက် သေးဘူးလားဟု မေးသည်။ ကျွန် တော်က သစ်ပင်များ လဲနေသဖြင့် သွားလို့ မရကြောင်း ပြန်ပြောလိုက်သည်။

"မေမေ အဆင်ပြေရဲ့ လား ဖေဖေ"

"မသိဘူး ဘီလီရဲ့။ ဒါပေမဲ့ ဖေဖေတို့ ပြန်သွား ကြည့်ကြမှာပါ"

သူ မငိုပါ။ ငိုရမည့် အစား အိပ်ချင်မူးတူး ဖြစ်နေသည်။ ငိုလိုက်လျှင်ပင် သက်သာဦးမည်။ သူ အိပ်လွန်းသည် ကို ကျွန်တော် သဘောမကျ။ ကျွန်တော် ခေါင်းစကိုက်လာသည်။ မြူထဲတွင် တစ်နာရီ ငါးမိုင်မှ ဆယ် မိုင်အတွင်း မောင်းနေရခြင်း ဖြစ်၍ မြူထဲမှ တစ်ခုခု ထွက်လာမည်ကို သိသော်လည်း ဘာထွက်လာမှန်း မသိသည့် စိုးရိမ်စိတ်က ဖိစီးနေသည်။ မြူထဲမှ မြင်ကွင်းက အပျက်အစီး အပိုင်းအစများ၊ အမှိုက်ပုံ၊ ခေါင်း သုံးလုံး နဂါး စသည် ဖြင့် ဘာမဆို ဖြစ်နိုင်သည်။

ဘုရားသိကြား မ လို့ စတက်ဖီ တစ်ယောက် ဘေးမသီ ရန်မခပါစေနှင့် ဟု ဆုတောင်းမိသည်။ ဘီလီကိုလည်း ဒီအဖြစ်ဆိုးမှ လွတ်ရာကျွတ်ရာ ခေါ်သွားနိုင်ပါစေ။ မြူ ရောက်လာစဉ်က ကားကို လမ်းဘေးသို့ ထိုးဆင်းလိုက်ကြတာ တွေ့ရသည်။ နေ့လည်ခင်းလောက်တွင် ဝင်ဒန်မြို့ မြောက်ပိုင်းသို့ ရောက်သွားသည်။ ကျွန်တော်က ရေးဗားလမ်းမသို့ သွားရန် ကြိုးစားသော်လည်း လေးမိုင်လောက် လိုနေသေးသည်။ ရေတသွင်သွင် စီးသံ ကြားနေရသော စမ်းချောင်းလေးရှိသည့် တံတား တစ်စင်းစီ ရောက်လာသည်။ လမ်းကျယ်တစ်ခုကို တွေ့တော့မှ တစ်မိုင်လောက် လွန်လာမှန်း သိသွားပြီး ပြန်လှည့်ရသည်။ ပေါ့တ်လန်းမြို့ကိုတော့ ရောက်လာချေပြီ။

ကျွန်တော်တို့ က ကားတားသည့် မောင်းတံကို ဖြုတ်၍ လမ်းတံတား

ဖြတ်သန်းရာ ဂိတ်ပေါက်ဆီ မောင်းဝင်သည်။ ယာဉ်ဖြတ်သန်းခ တောင်းခံသည့်ရုံက ဟောင်းလောင်းဖြစ်နေသည်။ ဘယ်သူမှ မရှိ။ မှန်သား လျှောတံခါး တစ်ခုတွင် စုတ်ပြတ်နေသည့် မိန်းပြည်နယ်လမ်းတံတား အာဏာပိုင်အဖွဲ့တံဆိပ်ကွက်ပါသော ဂျာကင် တစ်ထည် တွေ့ရသည်။ ထိုဂျာကင်တွင် စွန်းထင်နေသော သွေးကွက်များက ခြောက်သွေ့နေလေပြီ။ ဆိုင်ထဲမှ ထွက်လာကတည်းက သက်ရှိလူသား ဟူ၍ တစ်ယောက်မှ မတွေ့ခဲ့ရချေ။ မစ္စက် ရပ်ပလာက

"ရေဒီယို ဖွင့်ကြည့်ပါလား ဒေးဗစ်" ဟု ပြောသည်။

ကားဆီမှ အက်ဖ်အမ်နှင့် အေအမ် ရေဒီယိုလိုင်းများ ဖမ်းကြည့်လို့ရမှန်း သည်လောက်အချိန် ကြာမြင့်သည် အထိ မေ့လျော့နေမိသည် ကို အံ့အားသင့်စွာ ကိုယ့်နဖူးကိုယ် ရိုက်မိသည်။ မစ္စက် ရပ်ပလာက

"အိုကွယ် ဒီလို မလုပ်ပါနဲ့။ မင်းလည်း အရာရာကို ဘယ်လိုက် စဉ်းစားနိုင်ပါ့မလဲ။ လိုက် စဉ်းစားမိရင်လည်း ရူးရုံအပြင် ဘာမှ သုံးစားလို့ ရမှာ မဟုတ်တော့ဘူး" ဟု ပြောသည်။

ကျွန်တော့်မှာ ပခုံးတွန့်ပြမိရုံက လွဲ၍ ဘာမှမလုပ်တတ်တော့။ အက်ဖ်အမ်နှင့် အေအမ်လိုင်းများကို ဖမ်းကြည့်သော်လည်း ဘာသံမှ ထွက်မလာချေ။ အမန်ဒါက

“လေလှိုင်းက ဘာမှ သုံးမရတော့တာလား" ဟု မေးသည်။

သူမ အတွေးကို ကျွန်တော် သိသည်။ ကျွန်တော်တို့ ကားသည် တောင်ဘက်သို့ အတော် ခရီး ရောက် လာပြီ ဖြစ်၍ ဘော်စတွန်မြို့ရှိ ရေဒီယိုဌာနမှ အားကောင်းသော လိုင်းများ ဖြစ်သည့် ဒဗလျူအာရ်ကေအိ၊ ဒဗလျူဘီဇီ၊ ဒဗလျူအမ်အီးအိတ်စ်စသော လိုင်းများကို မိသင့်သည်။ အကယ်၍ ဘော်စတွန်မြို့သာ မရှိတော့ဘူးဆိုလျှင်...။ ကျွန်တော်က

"ဒါက သေချာတာလည်း မဟုတ်ပါဘူး။ ရေဒီယိုလိုင်းက ရာသီဥတု ကြည်လင်မှ ကောင်းတာပဲ။ မြူက ရေဒီယိုလိုင်းတွေအပေါ်လည်း သက်ရောက်မှု တစ်ခုခု ရှိလို့ ဖြစ်မယ်" ဟု ပြောလိုက်သည်။

"ဟုတ်ရဲ့ လား"

"ဟုတ်ပါတယ်"

ကျွန်တော်က သေချာ မသိသော်လည်း ထိုသို့ပင် ပြောလိုက်သည်။ တောင်ဘက်သို့ ဆက်သွားသောအခါ မိုင်တိုင်များကို လှမ်းတွေ့ရသဖြင့်

လိုက်ရေတွက်ကြည့်တော့ မိုင်လေးဆယ်လောက် ရှိလာသည်။ မိုင်တိုင် တစ်ကို ရောက်သောအခါ နယူးဟန့်ပ်ရှိုင်းယား ပြည်နယ် အစပ်သို့ ရောက်လာမှန်း သိလိုက်သည်။ ဗိုက်ဆာသလိုလို ဖြစ်လာစဉ် ဘီလီက ကျွန် တော့် လက်မောင်းကို ဖျစ်ညှစ်ကာ

"ဟိုမှာ ဘာလဲ မသိဘူး ဖေဖေ" ဟု ပြောသည်။

မြူထဲမှ ရိပ်ခနဲ ဝင်လာသော အမည်းရောင် အရာတစ်ခုကို တွေ့လိုက်ရသည်။ ၎င်းသည် တောင်ကမ်းပါး တစ်ခုလို မြင့်မားလှသည်။ ထို အရာက ကျွန်တော်တို့ တည့်တည့်ဆီ လာနေသောကြောင့် ကျွန်တော် ကားဘရိတ် လှမ်းအုပ်လိုက်သည်။ အိပ်ငိုက်နေသော အမန်ဒါ ခုံရှေ့သို့ စိုက်ကျသွားသည်။ တစ်ခုခု လာနေတာတော့ သေချာသည်။ မြူထုကြောင့် ထိုအရာကို ဘာမှန်း သေချာမသိရ။ သို့သော် ထိုအရာသည် ၎င်းကို သိဖို့ ဦးနှောက်မှ ခွင့်မပြုထားသော တစ်စုံတစ်ရာ မှန်းတော့ သေချာလှသည်။

လောကတွင် ထိတ်လန့် ကြောက်ရွံ့ဖွယ် ကောင်းလှသဖြင့် သိခွင့် မရှိနိုင်သော အရာများ ရှိသလို နုံနဲ့ လှသော လူ့အသိဖြင့် သိမြင်ခံစားနိုင်ခြင်း မရှိသော အလှတရားများ လည်း ရှိကြသည် ဟု ကျွန်တော် ယူဆသည်။ လောလောဆယ် မြင်နေရသည်က အညိုရင့်ရောင် အကွက်ထနေသော အရေပြားနှင့် ခြေထောက်ကြီး ရှစ်ချောင်း။ ထိုအညိုကွက် များကို တွေ့လိုက်ရတော့ မစ္စက် ကာမိုဒီ၏ လက်မှ အစ က်အပြောက်များကိုပင် သွားအမှတ်ရသည်။ ထို ခြေထောက်ကြီးနား တွင် ရစ်ဝဲနေသော ရာနှင့်ချီသည့် ပန်းရောင် ပိုးကောင်များ ရှိသည်။ ထိုသတ္တဝါကြီး ဘယ်လောက်ကြီးလဲ ကျွန်တော် မသိသော်လည်း ၎င်းက ကျွန်တော်တို့ အပေါ်တည့်တည့်မှ ဖြတ်သွားသည်။ ၎င်း၏ ခြေထောက် တစ်ချောင်းက ကားပြတင်းနား ကျလာသည်။ မစ္စက် ရပ်ပလာက လည်ပင်းကျိုးမတတ် မော့ကြည့်သော်လည်း ၎င်း၏ ခန္ဓာကိုယ် အောက်ဘက်ကိုပင် မမြင်ရဟု ပြောသည်။ မြင်ကွင်းက ပျောက်သွားသည့်တိုင် သူမ မြင်လိုက်ရသည် က ကြီးမားထွားကျိုင်းလှသည့် ခြေထောက်ကြီး နှစ်ဖက် မြောက်၍ မြောက်၍ တက်သွားခြင်း ဖြစ်သည်။

ထိုခဏတွင် ကျွန်တော်တွေးမိသည် က ထိုသတ္တဝါကြီး၏ အမြင်တွင် ကျွန်တော်တို့ ကားလေးမှာ ဝေလငါးနှင့် ယှဉ်မိသော ထရောက်ငါးပမာ သေးငယ်လှပေမည်။ တစ်နည်းဆိုရလျှင် ထိုသတ္တဝါကြီးကား စိတ်မှ ပင် မကူးမိလောက်အောင် ကြီးမားလွန်းလှသည်။ ၎င်းထွက်သွားသည်အထိ မြေကြီး သိမ့်သိမ့်တုန်ကာ တအုန်းအုန်း အသံများ ညံနေခဲ့သည်။ ၎င်း နင်းချသွားသည့် အုတ်အင်္ဂတေတို့ မှာ အောက်ခြေကိုပင် မမြင်ရ အောင် နက်ရှိုင်းလွန်းလှသည်။ ၎င်း၏ ခြေရာ တစ်ခုတစ်ခု သည် ကျွန်တော်တို့ ကား ပြုတ်ကျ

ကျုံ့ဝင်သွားလောက်အောင် ကြီးမားလှသည်။ ထို ခဏတွင် မည်သူမျှ စကားမဆိုမိကြ။ ထိုသတ္တဝါကြီး ဖြတ်သန်း သွားသဖြင့် ကျန်ရစ်ခဲ့သော တအုန်းအုန်း အသံ ပျောက်သည်အထိ အသက်ရှူသံမှ လွဲ၍ ဘာသံမှ မထွက်မိကြချေ။ ထို့နောက်တွင် မှ ဘီလီက

"ဖေဖေ အဲဒါ ဒိုင်နိုဆောလားဟင်။ ဆိုင်ထဲကို ဝင်လာတဲ့ ငှက်တွေ လိုမျိုးလေ" ဟု မေးသည်။

"ဖေဖေတော့ အဲဒီလို မထင်ပါဘူးကွယ်။ အဲဒီလောက် ကြီးတဲ့ သတ္တဝါ ရှိမယ်လို့ တောင် မထင်မိဘူး ဘီလီရေ။ အနည်းဆုံး ကမ္ဘာပေါ်မှာ တော့ မရှိလောက်ဘူးပေါ့လေ"

ခေါင်းထဲသို့ မြားခေါင်းပရောဂျက်အကြောင်း အတွေးဝင်လာသော အခါ သည်လို ရှူးနှမ်းသည့် အရာများကို ထိုနေရာမှာ ဘာလုပ်ဖို့ ထားသလဲဟူသည့် မေးခွန်း ပေါ်လာသည်။ အမန်ဒါက မဝံ့မရဲဖြင့်

"ဆက်သွားကြမလား။ အဲဒီ ကောင်ကြီး ပြန်လှည့်လာရင် ဘယ်လို လုပ်မလဲ" ဟု မေးသည်။

ဆက်သွားရမည်။ တစ်နေရာရာတော့ သွားမှဖြစ်မည်။ ကျွန်တော်က ကားကို လမ်းပေါ်ရှိ ခြေရာခွက်များ ကြားမှ ကွေ့ပတ်ကာ ရှောင်မောင်း ရသည်။ သည် အဖြစ်အပျက်များကို မကြာခင် အဆုံးသတ်စေချင်ပြီ။ သို့သော် လှပ သေသပ်သော နိဂုံးကိုတော့ မျှော်လင့်လို့ မရ။

ယခု အဖြစ်အပျက်တွင် 'သူတို့ မြူထဲမှ လွတ်ကာ နေ့သစ်တစ်ခု၏ နေရောင်ခြည်ထဲ ရောက်လာကြသည်" သို့မဟုတ် 'နောက်ဆုံး၌ အိပ်ရာမှ နိုးလာသောအခါ နိုင်ငံ့လုံခြုံရေး အစောင့်အရှောက်များ ရောက်လာ ကြလေသည်" သို့မဟုတ် ဇာတ်သိမ်းနေကျ နည်းဟောင်းကြီးအတိုင်း "ဒီ အဖြစ်အပျက်များ အားလုံး အိပ်မက်သာလျှင် ဖြစ်တော့သည်' ဟူသော စာသား မရှိချေ။ စာဖတ်သူ သို့မဟုတ် ကြည့်ရှုသူ အလိုကျ ဇာတ် သိမ်းပေးနိုင်သည့် အခွင့်အရေး ပေးထားသည်။ ၎င်းကို ကျွန်တော့်အဖေက အဲဖရက်ဟစ်ချ်ကော့ ဇာတ်သိမ်းနည်းဟု မျက်မှောင်ကျုံ့ပြီး ပြောတတ်သည်။ သည်လို ဇာတ်လမ်းမျိုးကို အဖေက 'ဒါ သက်သက်မဲ့ မတရားတာပဲ" ဟု အထင်သေးစွာ ပြောတတ်သည် ကလွဲ၍ ဘာမှတ်ချက်မှ မပေးတတ်ချေ။

နေဝင်ရီတရော အချိန်တွင် ဟောင်းဝဒ်ဂျွန်ဆင် ဟိုတယ်နား ရောက်လာသည်။ မနက်ဖြန်အကြောင်းကို စဉ်းစားကြည့်တော့ မနက်ဖြန်ဆို တာရော ရှိသေးလို့လားဟူသော အဖြေသာ ထွက်လာသည်။ အခု သည်စာကို

ရေးနေစဉ်မှာပင် မနက် တစ်နာရီ ထိုးဖို့ ဆယ့်ငါးမိနစ်သာ လိုတော့သည်။

ဇူလိုင်လ နှစ်ဆယ့် သုံးရက်နေ့။

ဤ အဖြစ်အပျက်များ အားလုံးကို ဖြစ်ပွားစေခဲ့သော မုန်တိုင်းက လွန်ခဲ့သော လေးရက်က စတင်ခဲ့သည်။ ဟိုတယ် လော်ဘီထဲတွင် ဘီလီ က သူ့အတွက် ကျွန်တော် ဆွဲထုတ် လာခဲ့သော မွေ့ရာကြီး တစ်ခုပေါ်မှ အိပ်နေသည်။ အမန်ဒါနှင့် မစ္စက် ရပ်ပလာတို့ က သူ့အနားမှာ ပူးကပ် နေကြသည်။ ကျွန်တော်က ဒယ်လ်ကိုတံဆိပ် ခါတ်မီးကြီး တစ်လက်၏ အလင်းဖြင့် သည်စာကို ရေးနေခြင်း ဖြစ်သည်။ အပြင်ဘက်တွင် ပန်းရောင် ပိုးကောင်များက မှန်နံရံကို တစ်ဒေါက်ဒေါက် လာတိုက်နေကြသည်။ ထိုပိုးကောင်များကို ငှက်တစ်ကောင်ကောင် လာ ထိုးသုတ်ပြီ ဆိုပါက တအုန်းအုန်း ဆူညံ နေတော့သည်။

ကျွန်တော့် ကားက နောက်ထပ် မိုင်ကိုးဆယ်လောက် ထပ်သွားလို့ ရအောင် ဂတ်စ်ကျန်သေးသည်။ အပြင်တွင် အိတ်ဇွန် ခါတ်ဆီဆိုင်လည်း ရှိသေးသည်။ မီးမလာလျှင်တောင် ဆီတိုင်ကီမှ ချူလို့ ရနိုင်သည် ဟု ယုံ သည်။ သို့သော် အပြင်ထွက်လို့ ရမှ ဖြစ်မည်။ ဂတ်စ်ရလျှင် ခရီးဆက်လို့ ရမည်။ ကျွန်တော့်စိတ်ထဲမှာ ပန်းတိုင် တစ်ခု ရှိသည်။ ကျွန်တော်နောက်ဆုံး ပြောချင်တာက ဒါပဲ ဖြစ်သည်။ မိုင်ပေါင်း ဘယ်လောက် ထ ပ်သွားရဦးမလဲ။ ဖြတ်သွားရမည့် တံတား ဘယ်နှစ်စင်း ကျန်သေးလဲ။ ကျွန်တော့်သားလေးကို တစ်စစီ ဆွဲဆုတ် စားသောက်မယ့် အရာတွေ ဘယ်လောက်တောင် ရှိနေသလဲ။ လွတ်မြောက်ဖို့ အခွင့်အရေး ရှိသည် ဆိုလျှင်တောင် စိတ်ကူးယဉ်တာပဲ ဖြစ်မည်။ တခြား သူတွေကိုတော့ အခုထိ ပြောမပြရသေး။

မန်နေဂျာ၏ အခန်းမှာ ခါတ်ခဲ ထည့်ဖွင့်ရသော လိုင်းအစုံ ဖမ်းလို့ ရ သည့် ရေဒီယိုကြီး တစ်လုံး တွေ့ခဲ့သည်။ ရေဒီယိုနောက်မှ အင်တာနာ တိုင်ကို ပြတင်းပေါက်မှ ထုတ်၍ လိုင်းဖမ်းကြည့်သည်။ ဘာမှ ထွက်မ လာ၊ ဘာသံမှ မကြားရ။ ရေဒီယို ဘုလေးကို လှည့်လိုက်တော့ စကားတစ်ခွန်း ကြားလိုက် ရသလိုလို ထင်မိသည်။ ဒါမှမဟုတ် ကြားလိုက် ရသည် ဟု အိပ်မက်မက်တာ ဖြစ်မည်။ သည့်ထက်မပို။ တစ်နာရီလောက် ကြာအောင် နားထောင် ကြည့်သေးသော်လည်း ဘာမှ ထပ် မကြားရ တော့။

စကားလေး တစ်ခွန်းတော့ ပြောခဲ့ချင်သည်။

မစ္စက် ကာမိုဒီ၊ ကျောပိုးအိတ်နှင့် ကောင်လေး နော်မ်၊ အိုလီဝိစ်နှင့် နေကာဦးထုပ်မှ အရိပ်တစ်ဝက် ထိုးကျနေသော စတက်ဖီတို့ ၏ မျက်နှာများသာ ခြောက်လှန့် မနေခဲ့လျှင် ကျွန်တော် အိပ်ပျော်သွားလိမ့်မည်။ အခု လောလောဆယ်တော့ ကျွန်တော်တို့ ဟောင်းဝဒ်ဟိုတယ်ထဲ ရောက်နေသည်။

ကောင်တာပေါ်တွင် သည် စာရွက်များကို ကျွန်တော် ထားပစ်ခဲ့မည်။ ထိုအခါ တစ်နေ့နေ့တွင် တစ်ယောက်ယောက် မြင်ကာ ဖတ်မိကောင်း ဖတ်မိနိုင်သည်။

အကယ်၍ ကျွန်တော်သာ ရေဒီယိုမှ တစ်ခုခုကို အမှန်တကယ် ကြားခဲ့ရသည် ဆိုပါက စကားလေး တစ်ခွန်းတော့ ပြောခဲ့ချင်သည်။

အခုတော့ အိပ်ပါတော့မည်။ ကျွန်တော့်သားကို အနမ်းပေးကာ ဖြစ်လာနိုင်ချေရှိသော အိပ်မက်များကို ဆန့်ကျင်၍ သူ့နားထဲကို စကားလေး နှစ်ခွန်း တိုးတိုးလေး ပြောမည်။ တစ်ခွန်းက ဟတ်ဖို့တ်မြို့သို့ သွားရန် ဖြစ်သည်။

ကျန်တစ်ခွန်းက မျှော်လင့်ချက်ပဲ ဖြစ်လေသည်။

လင်းခန့်

မေလ ၂ ရက်၊ ၂၀၁၈။

W P S

Subscribe Telegram Channel

https://t.me/TheBookR